


သုမောင်

(၁)

"အချစ်" ဟူသော ပထမဆုံး လုံးချင်းဝတ္ထု(၁၉၇၄)။

"စနေချစ်သူ" (၁၉၇၄-ရှုမဝ အတွဲ ၂၇) တို့ ကဲ့သို့သော မဂ္ဂဇင်းဝတ္ထုတိုများ ရေးရာမှ တဟုန်ထိုး အောင်မြင်သော စာရေးဆရာ ဖြစ်လာသူ "သုမောင်" သည် "အချစ်" ဟူသော သူ့ "အချစ်" ဝတ္ထုပြီးသည့်နောက်တွင်

........ သိပ်ချစ်တယ် မဟုတ်လား

........ အချစ်ပွင့်ကလေးများ

........ အချစ်သစ်ပင်

........ အချစ်ငါမသိ

........ အချစ်နှင့် သူ၏ကိုကို

........ အချစ်စက်

စသည်ဖြင့် "အချစ်" ဝတ္ထုများ ရေးလာခဲ့ယင်း ယခုတစ်အုပ် ရေးထုတ် ပြန်လေပြီ။ နာမည်ကို ကြည့်ပါ အုံးတော့..

"ချစ် - ချစ် - ချစ် - ၁ -၂ - ၃" တဲ့လေ။

## သုမောင်

"အချစ်" ၏ "အချစ်" များအကြောင်းကို "အချစ်" ဝတ္ထုရေးသည်ပင် ဖြစ်သော်လည်း သုမောင်သည် ယခုအခါတွင် လုံးချင်းစာအုပ် (၁၃)အုပ် ရေးခဲ့ပြီးလေပြီ။ လူ့သဘော လူ့သဘာဝဆိုင်ရာ ဝတ္ထုတိုများလည်း ပုဒ်ရေ (၄၀) ကျော်ပြီ။ စာရေးသက်လည်း အတန်အသင့် ရင့်ကျက်ခဲ့ပြီ။ စာပေအတွေ့အကြုံလည်း အတိုင်းအတာ တစ်ခုတစ်ရာထိ များခဲ့ပြီ။

သို့ဖြစ်ရာ.........

သူ၏ "ချစ် - ချစ် - ချစ် - ၁ - ၂ - ၃" သည် ပြောပြစရာ များစွာ ရှိလာသော ဝတ္ထုတစ်ပုဒ် ဖြစ်လာပါတော့သည်။

"ကျွန်တော်၏ ဝတ္ထုကို ဖတ်ပြီးသောအခါ ဇာတ်လမ်းက မည်သို့ မည်ပုံ ဖြစ်သွားသည်ဟု သမားရိုးကျ ဖတ်သွားမှာကို ကျွန်တော် စိုးရိမ်ပါသည်။ မည်သို့သော စာရေးသားနည်းဖြင့် ရေးသားထားသည်ကိုလည်း ဂရုစိုက်စေချင်ပါသည်။ အကြောင်းမှာ ဤ ကျွန်တော်၏ ဝတ္ထုတွင် ရေးဟန်ကို အဓိကထားပြီး ရေးသားခြင်းကြောင့် ဖြစ်ပါသည်။ ရေးဟန်ကို အဓိကထားပြီး ရေးသားခြင်းမှာ ကျွန်တော်တို့ မြန်မာဝတ္ထုများ၊ ရေးအစဉ် အဆက်မှ ယခုထက်တိုင်အောင် တဆင့်ပြီး တဆင့် ပြောင်းလွဲ လာကြခြင်းကို ဖော်ညွှန်းလိုသောကြောင့် ဖြစ်ပါသည်။" ဟူ၍လည်း သုမောင်က သူ့ဝတ္ထု၏ အမှာတွင် အလေးအနက် ဖော်ပြပါသည်။ ခေတ်သုံးခေတ်၊ အချစ်ပုံစံ သုံးမျိုးကိုလည်း အနစ်ချုပ်၍ စိုးရိမ်ကြီးစွာ ရှင်းပြပါသေးသည်။

ဤမျှမက သူ့စာဖတ်ပရိသတ်အတွက် ထိုထက်ပို၍ ပြည့်စုံစေရန် ဟူသော စေတနာဖြင့် ကျွန်တော့်အားလည်း ဤအမှာစာကို ရေးရန် ဒုက္ခ ပေးပြန်ပါသည်။

သုမောင်

သို့ဖြစ်လေရာ..........

သုတေသီ တစ်ယောက် မဟုတ်သော၊ စာဖတ်ခြင်း၊ စာရေးခြင်းတို့ကိုသာ ဝါသနာပါသော၊ ကျွန်တော်သည် မရေးမဖြစ် ရေးရတော့မည်၊ ဤအမှာစာ အတွက်.........

(က) ရှေးရှေး စာရေးဆရာကြီးများ၏ စာအုပ်များကို ရှာဖွေမွှေနှောက်ကာ လေးစားစွာ ဖတ်မှတ်နည်းယူခဲ့သည့် အခြေခံများကို အသုံးချ၍ လည်းကောင်း.........

(ခ) စာရေးလိုစိတ် ဖြစ်လာချိန်၊ တကုပ်ကုပ် ကြိုးစားအားထုတ်၍ စုတ့်ပြုနေရချိန် စာရေးဆရာ ဖြစ်နေကြပြီးသော ဆရာများ၏ စာအုပ်များကိုဖတ်ခဲ့၊ အားကျနည်းယူခဲ့သည့် အခြေခံများကို ပြန်လည် အသုံးချ၍ လည်းကောင်း............

(ဂ) မိမိထက် နောက်ကျလှစွာ စာရေးကြကုန်သော အမျိုးကောင်းသား လူငယ် စာရေးဆရာများ အောင်မြင်ထင်ရှား နေသည်များကို အားရဝမ်းမြောက်စွာ ဖတ်ခဲ့ ကျေနပ် ကြည်နူးခဲ့သည့် အခြေခံများကို ပြန်လည် အသုံးချ၍ လည်းကောင်း............

(ဃ) ထို့ပြင်........
သုတေသီတို့ လမ်းညွှန်ပြ၍ တကြိုးတပမ်းရှာဖွေ ဖော်ထုတ်သုတေသန လုပ်ပြခဲ့ကြသည့် ပညာပေးစာတမ်းများကို ဖတ်နာမှတ်သားခဲ့ရသည့် အခြေခံတို့ကို ပြန်လည်အသုံးချ၍ လည်းကောင်း ..............

သုမောင်၏စေတနာကို အချုပ်ဆုံး အနှစ် ချုပ်ကာ သူ့ စာဖတ်ပရိသတ်အတွက် ကြိုးစား ဖြည့်စွက် ရေးသားရခြင်း ဖြစ်ပါတော့၏။

သုမောင်

(၃)

"ချစ် - ချစ် - ချစ် - ၁ -၂ - ၃" ကို အပိုင်းသုံးပိုင်းဖြင့် ခွဲပိုင်းရေးဖွဲ့ရာတွင် ----

အပိုင်း ၁ ၌ အခန်း ၇ ခန်း

အပိုင်း ၂ ၌ အခန်း ၈ ခန်း

အပိုင်း ၃ ၌ အခန်း ၃ ခန်း

အပိုင်း ၁ တွင် မောင်ဇေသန်း (သခင်ဇေသန်း) မောင်မောင်ဘ (မိုက်ကယ်မောင်မောင်ဘ) နှင့် မခင်ညို (သခင်များကိုမုန်းသော ဒီစရိတ်တရားသူကြီး ဦးစံမင်းနှင့် ပိုးကုန်သည် ဒေါ်နှင်းလှိုင် တို့၏ သမီး) တို့၏ အချစ်ဇာတ်လမ်း၊ တနည်းသော် သုမောင် ပြောပြလိုသော "အချစ် - ၁" သို့မဟုတ် တစတစ နက်ရှိုင်း ကျယ်ပြန့်လာသည့် စာပေ ရေစီးကြောင်း အတွင်းမှ "မြန်မာ ကာလပေါ်ဝတ္ထု ခေတ်ဦးပိုင်း" ၏ အချစ်ဝတ္ထု တစ်ပုဒ်။

---

အပိုင်း ၂ တွင်မှ...........

ပါလီမန်အမတ်မင်း ဦးဇေသန်း (အပိုင်း ၁တွင် သူသည် မောင်ဇေသန်း) နှင့် မြူနီစီပယ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညို (အပိုင်း ၁တွင် သူမအား ဦးစံမင်းနှင့် ဒေါ်နှင်းလှိုင်တို့၏ သမီးအဖြစ် သိခဲ့ကြပြီး) တို့၏ သမီး မအေးအေးမေသည် ဇာတ်လိုက်မင်းသမီးဖြစ်လာကာ ကျောင်းသားအရေး၌ စိတ်ဝင်စားလွန်းလှသော မောင်ဇလ၊ စိတ်ပညာဆရာ ကိုနှင်းဆွေ၊ ကိုမောင်မောင်လွင်၊ အဆောင်မှူးဆရာမ တို့ဖြင့် ဇာတ်လမ်း

ဖွဲ့ထားသော သုမောင် ပြောပြလိုသည့် "အချစ် ၂" သို့မဟုတ် မေဝတ္ထု(၁၉၄၁) ၏ နောက်ပိုင်း အချစ်ဝတ္ထု တစ်ပုဒ်။

အပိုင်း ၃တွင် ဖခင်ဗိုလ်မှူး သူရဇလ (အပိုင်း၂တွင် တရုတ်ဖြူ အရေးအခင်း၌ တက်ကြွစွာ လှုပ်ရှားခဲ့သော ကျောင်းသားခေါင်းဆောင် မောင်ဇလ) နှင့် မိခင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမေ (အပိုင်း ၂တွင် ဦးဖေသန်း၊ ဒေါ်ခင်ညိုတို့၏ သမီး) တို့၏ သား၊ ခေတ်၏သားကောင်းလေး ဝေဠုအောင်မြင် က အဓိကဇာတ်လိုက်၊ ပြီးကျတော့ ဇာခြည်စိုးစိုးဝေ၊ မောင်ရွှေသီး တို့နှင့် လုပ်လုပ်ကလေး ဖွဲ့ထားသော အချစ်ဇာတ်လမ်း တနည်းဆိုရသော် သုမောင်ပြောလိုသော "အချစ် ၃" သို့မဟုတ် သုမောင်ခေတ် သုမောင်ဟန်ဖြင့် ဖွဲ့သော သုမောင်၏ အချစ်ဝတ္ထု။

ကျွန်တော် ဤမျှ ဖော်ထုတ်လိုက်သည် ဆိုလျှင်ပင် သုမောင်၏ ဝတ္ထုဇာတ်လမ်းသည် ပြီးလုပြီးခင် ပြီးချင်ချင် ဖြစ်နေပါပြီတည်း။

သို့ပါသော်...........

(၄)

အပိုင်း ၁ အခန်း ၁ ကိုစ၍ ဖတ်လိုက်သည်ဆိုလျှင်ပင် .........

"နမောတဿ၊ ဘဂဝတော၊ အရဟတော သမ္မာ သမ္ဗု ဒ္ဓဿ " ဟူ၍ ဝတ္ထုအစ နိဒါန်းကို တွေ့လိုက်ရ၏။

ဤသည်ပင်လျှင် သုမောင် ဖော်ထုတ်လိုသော အဘိုးအဘွားတို့ခေတ်က ဟန်မျိုးကို ပေါ်လွင်စေလိုခြင်းတည်း။

သုမောင်

ဗုဒ္ဓဝါဒအပေါ်အခြေခံ၍ ကျယ်ပြန့်လာခဲ့ရသည့် မြန်မာစာပေသည် မေ့ကြောင်းကို ဦးစားပေးခဲ့ရသည့် အစဉ်အလာ ရှိခဲ့ပါသည်။

ရှေးရှေးကာလ ပေစာများရေးရာ၌ ကဗျာသို့မဟုတ် စကားပြေ မည်သို့ပင် ရေးရေး ပေရွက်ခေါင်းစည်းတွင် နမောတဿဖြင့် အစချီကြရမြဲ ဖြစ်ပါသည်။

ပေစာခေတ် ပေရွက်များမှာ သာမက ၁၉၂၀ခန့်က ရေးသော အချို့စာရေး ဆရာကြီးများ၏ ဝတ္ထုများထိပင် ဤသို့သော ပဏာမနိဒါန်းမျိုး ရှိပါသေးသည်။

ဥပမာ မော်ဝီဆရာသိန်းကြီး၏ "ဒွန်းစဏ္ဍားနှင့် မင်းသမီးညား ပုံ" (၁၉၂၃) ၏ ပဏာမနိဒါန်းတွင်----

"နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာ သမ္ဗုဒ္ဓဿ... "

ဘုရားတရားသံဃာတော်မြတ်တို့အား ရှိခိုးပူဇော်ပါ၏။ ဂုဏ်ကျေးဇူးကြီးမားသော အမိအဘတို့ကို ရှိခိုး ပူဇော်ပါ၏။ တ-န-ပုံပြင် ဒွန်သင်ဆုံးမသော ကြားဆရာ မြင်ဆရာ တို့ကိုလည်း ရှိခိုးပူဇော်ပါ၏။

ကျွန်ုပ်ရှိခိုးပြီး၍ အမျိုးသား အမျိုးသမီးတို့ ဖတ်ရှုမှတ်သားရန် ဖြစ်သော ဤ "ဒွန်းစဏ္ဍားနှင့် မင်းသမီးညားသော ယျလေးလုံးပုံပြင်စာတမ်းကို စီစဉ်ရေးသား ပေအုံး ခင်မင်နှစ်သက်စွာ ဖတ်ရှု မှတ်သားကြစေ ကုန်သတည်း" ဟူ၍ ညွှန်းဆို နိဒါန်းချီပြီးမှသာ ဝတ္ထုဇာတ်လမ်းကို စပါသည်။

သုမောင်သည်လည်း သို့လျှင်ပင် သူ့ဝတ္ထု အပိုင်း ၁ အစကို "နမောတဿ" လျက် တခန်းလုံးကို ရှေးဆန်သော ရေးဟန်ဖြင့် ဖွဲ့လိုက်ပါသည်။

## သုမောင်

အပိုင်း ၂ ကို စလိုက်ပြန်တော့လည်း သို့လျှင် ခပ်ယဉ်ယဉ်ကလေးပင်။

"လေနအေးသည် တနွဲ့နွဲ့ နောနေဆဲကို" ဟူသော ဝါကျ ဖြင့် ချီပြန်လေ၏။ စင်စစ်၌ ဝါကျသည် သုမောင်၏ မူပိုင်ဝါကျ မဟုတ်ပါ။ ဆရာဇဂနိတာရာ၏ ဓမ(၁၉၄၁) ၏ ဝတ္ထုအဖွင့် ဝါကျ ဖြစ်ပါသည်။ ယင်းကို သုမောင်က လိုလိုချင်ချင် မြတ်နိုးခုံမင်စွာ တမင်လာယူ သုံးလိုက်ခြင်း သာလျှင်တည်း။

"လေနအေး" သာမက "ရွှေအိုရောင်" "ဝစ်လစ်စားလစ် လမ်းမ" "ဝေါဒစ္စနေ အပြော" "အနုပညာ" "ပင်မရေစီး" "မျက်နှာမည်းကြီး ငိုနေသည်" "ပန်းနုရောင်အိုး" စသည်တို့ဖြင့် မြန်မာစာပေတွင် စကားလုံး အသစ်အဆန်းများ ဖြစ်ပေါ်ထွန်းကားလာအောင်၊ စူးစူးရဲရဲ တီထွင်နိုင်ခဲ့သော ဆရာဇဂနိတာရာသည် ထိုကာလများ၏ အစပိုင်းတွင် အစဉ်အလာကို ထိုးဖောက်ရသည်ဖြစ်ရကား သူပြောငါပြော အပြောအဝေဖန် သာမက၊ ရှုံ့ချသည်အထိ ခံခဲ့ရ၏။ သို့သော် ယင်းတို့ကို အလေးမမူ အရေးမထားပဲ မိမိကိုယ်မိမိ ယုံကြည်နိုင်ခဲ့ခြင်းကြောင့် "တာရာခေတ်" ဟူ၍ ဖြစ်ခဲ့သည်ကို ........

သုမောင်သည် သူ့ဝတ္ထု အပိုင်း ၂ အစဖြင့် အမှတ်ထင်ထင် ဂုဏ်ပြု ပူဇော်လိုက်သည် ဟု ကျွန်တော် မြင်ပါသည်။

---

အပိုင်း ၃ ကျတော့ "သိတယ်မှတ်လား" ကာလ၊ "အချစ်က လှတယ်၊ သိတယ်မှတ်လား၊ ကျွန်တော်က ချစ်လို့ အချစ်လို့ခေါ်တဲ့ အချစ်အကြောင်းကိုပြောတာ၊ သူ့နံမည်က အချစ်တဲ့၊ သိတယ် မှတ်လား"

ဤကား သုမောင် ပထမဆုံးရေးသော အချစ်(၁၉၇၄) ဝတ္ထုမှ ကောက်နုတ်ဖော်ပြသည့် အစ ကလေး တစ။

သုမောင်

ယခု ဝတ္ထုတိုများ၏ တတိယပိုင်းတွင် အကြောင်းအရာကို လိုက်ကာ ဤထက်ပို၍ ဖျက်ဖျက်လူးသော၊ ဆတ်ဆတ်လူးသော ဟန်ဖြင့်၊ ခေတ်အလိုက်၊ ခေတ်အကြိုက်၊ ခပ်မိုက်မိုက်ကလေး..........

(၇)

သုမောင်သည် ဝတ္ထုတိုပါ အကြောင်းအရာ နည်းနည်းလေးကို မြန်မာစာပေ ရေးစီးကြောင်းအတွင်း အမျိုးမျိုး ဖြစ်ပေါ်ထွန်းသစ်ခဲ့သည့် စာပေအသွင်သဏ္ဌာန်၊ ဝါကျ အသွင်သဏ္ဌာန်၊ ဝေါဟာရအသွင်သဏ္ဌာန် ပြီးတော့ကျတော့ တစ်ယောက်နှင့်တစ်ယောက် မတူကွဲပြားကြသည့် "ဟန်"။

ယင်းတို့ကို သုမောင်က တကွဲစီပင် ကွဲနေသော်ငြား ပုလဲသီး၍ ဖြစ်အောင် ဝတ္ထုကြောင်း ကျောရိုးခံ၍ ဟန်မျိုးစုံဖြင့် တန်ဆာဆင်ကာ ဤ ချစ် ချစ် ချစ် ကို ရေးသီဖွဲ့ခြင်း ဖြစ်ပါသည်။

ဤတွင် သုမောင်လိုလားသော၊ သူထင်ရှားစေလိုသည့် "ဟန်" မျိုးစုံကိစ္စကို အရိပ်အမြွက်မျှ ထုတ်ပြတန်လေပြီထင့်။

(၆)

ဝတ္ထုကောင်းတပုဒ်တွင် အကြောင်းအရာ၏ ကောင်းခြင်း၊ ဦးတည်ချက် မှန်ကန်ခြင်း၊ အရေးအသား ပြေပြစ်ခြင်းတို့သည် လွန်စွာအရေးပါသော အင်္ဂါရပ်များ ဖြစ်ကြောင်း၊ ပညာရှင်များ မိန့်ဆို ကြပါသည်။

သုမောင်

မိမိပြောလိုသော အကြောင်းအရာနှင့် ဦးတည်ချက်ကို အရေးအသားဖြင့် ဖွင့်ဆိုရသည်ဖြစ်ရာ၊ "အရေးအသား" သည် ဖတ်သူ၏ အာရုံကို ဆွဲဆောင်နိုင်ရေး၊ ဖမ်းချုပ်နိုင်ရေး၊ ညှို့ယူနိုင်ရေး၊ စည်းရုံးနိုင်ရေးတွင် ပို၍ အရေးပါကြောင်းကိုလည်း ပညာရှင်များ နားလည်ကြပါသည်။

သို့ဖြင့်.........

အရေးအသား (ဟန်) မျိုးစုံဖြင့် ရေးသားသော စာမျိုးစုံကို အလေးထားကာ ဖတ်လာကြရခြင်း ဖြစ်ပါသည်။

အတွေးနှင့်အရေးသည် ဆက်စပ်မှုရှိပါသည်။ လူတစ်ယောက်၏ အရေးအသားသည် သူ့အတွေးမှ ဆင်းသက် ကျယ်ပြန့်လာပါသည်။ ထို့ကြောင့် သူတပါး၏ ဟန်ကို တုခြင်းဖြင့် ဖဝါးခြေထပ် မတူတတ်ကြောင်းကိုလည်း စာရေးသူ အဆက်ဆက်၏ စာအဆက်ဆက်က သက်သေထူပါသည်။

သို့သော်...........

ဩဇာကြီးသော စာရေးဆရာကြီးတို့၏ စာဟန်များကမှ နောက်လူ၊ နောင်းလူတို့ကို စိုးမိုးနိုင်ခဲ့သည် သာတည်း။

နောက်လူတို့ကလည်း မိမိတို့ လေးစားချစ်ကြည်ညိုသော စာရေးဆရာတို့၏ စာဟန်များကို တမင်ဂလာ တုပကာ အစိုးမိုးခံတတ်ကြသည် သာတည်း။

သို့ဆိုလျှင်.........

**သုမောင်**

ဩဇာကြီးခဲ့သည်ဆိုသော စာရေးဆရာတို့သည် မည်သူတို့နည်း မည်သည့်ခေတ်က ပေါ်ခဲ့၊ လှုပ်ရှားခဲ့ကြသနည်း။ သူတို့၏ စာများကား မည်သည်တို့နည်း.......။

(၇)

ရာဇကုမာကျောက်စာ (ခရစ်နှစ်- ၁၁၁၂) မှ စ၍ မြန်မာစာ အရေးအသားကို ကြိုးစားရေးခဲ့သော မြန်မာတို့သည် အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၏ ပါရာယန (၁၅၁၀) ဟူသော ဗုဒ္ဓဝါဒ အခြေခံသည့် အစောဆုံးမြန်မာ ဝတ္ထုရှည်ကြီးကို ဖန်တီးနိုင်ခဲ့ပါသည်။

ထို့နောက်သော် ရွှေတောင် သီဟသူ၏ ရတနာ့ ကြေးမုံ (၁၈ ရာစုဦး)၊ မြဝတီ မင်းကြီးဦးစ၏ ဣန္ဒာဝုဓ (၁၉ ရာစုဦး)၊ လှိုင်ထိပ်ခေါင်တင်၏ ဣန္ဒာဝံသ (၁၈၅၃ ခန့်) တို့ ကဲ့သို့သော နန်းတွင်း ဇာတ်လမ်းဝတ္ထုတော်ကြီးများကိုပါ ဖန်တီးရေးဖွဲ့နိုင်ခဲ့ပါသည်။

သို့ပါသော်........

ဖော်ပြပါ ဝတ္ထုတို့နှင့် ထိုခေတ် အကြောင်းအရာများသည် ဤအမှာတွင် ဖွင့်ဆိုလိုသော မြန်မာကာလပေါ် ဝတ္ထုရေးဟန် သဘောနှင့် များစွာ အလှမ်းကွာရကား..........

မြန်မာကာလပေါ်ဝတ္ထုများ၏ အဦးအစ ဟု ပညာရှင်တို့၏ သဘောတူမှု ဆုံးဖြတ်ခဲ့ကြသည့် ဂျိမ်းစ်လှကျော်၏ မောင်ရင်မောင် မမယ်မ (၁၉၀၄) ဝတ္ထုနောက်ပိုင်း ကြီးကျယ်ထင်ရှားခဲ့သည့် အချို့သော စာရေးသူများနှင့် ၎င်းတို့၏ အားထုတ်ဟန်များကိုသာ လက်လှမ်းမီသမျှ သုံးသပ်ကြည့်ပါတော့အံ့။

သုမောင်

ဂျိမ်းစ်လှကျော်၏ မောင်ရင်မောင် မမယ်မ ဝတ္ထုသည် အလက်ဇန္ဒားဒူးမား (Alexandre Dumar) ၏ မွန်တီခရစ္စတိုနယ်စားကြီး (The Caunt of Monte Cristo) ကိုမှီး၍ ရေးသားသည်ဟု ဆိုကြပါသည်။

အနောက်တိုင်း ဝတ္ထုများကို ပွန်းတီး ကျွမ်းကျင်စွာ ဖတ်နိုင်သည့်အပြင်၊ မြန်မာစာပေ အခြေခံကောင်းပြီး မြန်မာဝတ္ထုအသွင်လည်း ဖန်တီးနိုင်စွမ်းသော ဂျိမ်းစ်လှကျော်၏ ထိုဝတ္ထုရေးဟန်တွင် ...........

ရေးရေးဝတ္ထုများသဏ္ဌာန် ကာရန်နဘောများ ညှပ်ခြားသည့် အရေးအဖွဲ့မျိုး မဟုတ်၊ ဒွေးရိုးသဖြန့်၊ ဘောထပ်စသည်တို့ ကြားခဲ့ကာ လက်ာစကားပြေ နစ်ထွေရောသည့် ဟန်မျိုးလည်း မဟုတ်ပဲ၊ အနောက်တိုင်း ဝတ္ထုဖွဲ့ဆိုပုံမျိုးကို မြန်မာစကားပြေ ရိုးရိုးဖြင့် ရှင်းရှင်းပြေပြေ ထိထိမိမိ၊ တိတိကျကျ၊ ကျစ်လျစ်သိပ်သည်းစွာ ရေးခဲ့သော စံတင်ထားရသည့် စာရေးဟန် ဖြစ်ပါသည်။

မောင်ရင်မောင် မမယ်မ ဝတ္ထုနှင့် တနှစ်တည်း မရှေးမနှောင်းတွင် ဝန်စာရေးဦးကြီး၏ ချုဉ်ပေါင်ရွက်သည် မောင်မှိုင်း (၁၉၀၄) ထွက်ပါသည်။ သို့သော် ဂျိမ်းစ်လှကျော်၏ ရေးဟန်နှင့် ကျောချင်းကပ်လျက် ဝေးဝေးခြားကွာ နေပြန်ပါတော့သည်။

သုတေသန ဆန်လွန်းလှစွာသော ဤအကြောင်းများကို ကျွန်တော့် အမှာတွင် အစချီနေရခြင်းမှာ အကြောင်းရှိပါသည်။ သုမောင်၏ ချစ် ချစ် ချစ် ၁-၂-၃ သည် ဤဝတ္ထုနှစ်ပုဒ်မှ စကာ - ဤဝတ္ထုနှစ်ပုဒ်တွင်ပါသော အကြောင်းအရာအချို့၊ ရေးဟန် အချို့၊ တွေးဟန်အချို့၊ ဇာတ်လမ်းဆင်ပုံအချို့၊ အပါအဝင် ခေတ်အဆက်ဆက် ယနေ့ခေတ်ထက်တိုင်အောင်သော စာရေးသူအချို့၏ စာအချို့မှ -------

(က) ခပ်ဆင်ဆင်

(ခ) တလုံးစ နှစ်လုံးစ

သုမောင်

(ဂ) ထပ်တူထပ်မျှ (စကားလုံးအစ ဝါကျအဆုံး)
(ဃ) စကားပြေ ညှပ်ရေးပုံ၊ ပုဒ်ထီး(၊)၊ ပုဒ်မ(။)များ ထပ်ကာထပ်ကာ လှိုင်ဘောလည်စွာ သုံးပုံတို့မှ အစ မကွဲပြားစေပဲ.... လိုအပ်သလို တမင်လာ ယူသုံးထားခြင်းများ ရှိသော ကြောင့်ပါတည်း...

ထို့နောက်သော် အခြားသော ဩဇာကြီးသူတို့၏ စာအုပ်များ ဆက်ကာ ဆက်လျက် ထွက်လာခဲ့ပါသည်။ (ထိုစာရေးသူတို့နှင့် စာအုပ်များအကြောင်းကိုလည်း အကျယ်မပြမူ၍ စာရင်းထိုးရုံမျှ ဖော်ပြနိုင်ပါအံ့)

ထိုဝတ္ထုများတွင် မောင်ဘသင်၏ မောင်တာနော(၁၉၁၂)။ ဦးလတ်၏ စပယ်ပင်(၁၉၁၂)။ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ခင်မြင့်ကြီး(၁၉၁၄)။ ဦးလတ်၏ ရွှေပြည်စိုး(၁၉၁၄)။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံ(၁၉၁၆)။ ဆရာကြီး ရွှေဥဒေါင်း၏ ရန်ကြီးအောင်(၁၉၁၇)။ ဆရာကြီး ပီမိုးနင်း၏ ပွဲစားကြီး သားအဖနှင့် မြမြ (၁၉၁၉)။

*(ဓ)*

၁၉၂၀ခုနှစ် တက္ကသိုလ် သပိတ်အရေးအခင်းသည် မြန်မာနိုင်ငံအမျိုးသား လွတ်မြောက်ရေးတိုက်ပွဲ ကဏ္ဍကို တခန်း ဖွင့်လိုက်ပါသည်။ ထိုအချိန် အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲ၏ လက်နက်တစ်ခုဖြစ်သော စာပေ၏ အခန်းကဏ္ဍများသည် လည်း နက်ရှိုင်းကျယ်ပြန့် လာပါသည်။ သို့ဖြင့် (၁၉၂၀) နောက်ပိုင်း မြန်မာကာလပေါ် ဝတ္ထုများ၏ ပုံသဏ္ဌာန်သည် သိသာစွာ ပြောင်းလာပါသည်၊ စကားပြေကိုပို၍ အားကောင်းလာပြီး စကားပြေ ရေးဟန်သစ်များပါ ထွန်းကားလာပါတော့သည်။

## သုမောင်

ထိုဝတ္ထုများတွင် ဗိုမှိုးနင်း၏ နေရိုရီ(၁၉၂၀)မှ စ၍ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ဗညားနွဲ့(၁၉၂၃) တပင်ရွှေထီး(၁၉၂၅) တို့ဖြင့် မြန်မာတို့၏ မြန်မာဟူသော သဘာဝကိုပါ ဖော်ပြနိုင်ခဲ့ခြင်းဖြင့် ဝတ္ထုရေးဟန်တို့ ပြောင်းလာသည်သာမက ထိုဆရာတို့ရွေးသော အကြောင်းအရာများပါ ရှေးအစဉ်အလာမှ ဗီလာခဲ့ပါတော့၏။

---

သုမောင်က သူ့အမှာတွင် သူ့စာဖတ်ပရိတ်သတ်ထဲမှ အချို့ (အထူးသဖြင့်၊ ကျောင်းသားအရွယ်၊ ငယ်နသော စာဖတ်သူများ၊ စာဖတ်သက်နည်းသေးသော ပရိသတ်) တို့အား မြန်မာဝတ္ထု၏ သဘာဝ၊ မြန်မာဝတ္ထုများ ပြောင်းလဲလာသော အစဉ်အလာ ထိုဝတ္ထုထဲမှ အချို့ကို မိတ်ဆက်ခြင်းဖြင့် သူ့ပရိသတ်ငယ်များကို ထိုစာများနှင့် ရင်းနှီးကျွမ်းဝင် နားလည်စေချင်သော စေတနာလည်း ရှိပြန်လေရာ . .

စာရေးသူ ဆိုခဲ့ပြီးသော အစဉ်အလာကြီးခဲ့သည့် စာရေးဆရာများ၊ ထိုဆရာတို့၏ စာအုပ်များအနက် ...

မြန်မာနိုင်ငံ၏ အမျိုးသားရေး ကြိုးပမ်းမှုကဏ္ဍများစွာတွင် အလျဉ်းသင့်ရာ နေရာများစွာမှ တက်ကြွစွာ ပါဝင်ခဲ့သော လူတန်းစား အလွှာအသီးသီး၏ ဘဝသရုပ်ဖော်မှု ဆိုင်ရာ ဝတ္ထုများ။ တနည်းဆိုရသော် ဝတ္ထုကို အပျော်ဖတ်ရုံသာမက ပညာရပ်တစ်ခုသဖွယ် လေ့လာရန်လိုသော လူငယ်များ၊ ရှာဖွေ ဖတ်ရှုသင့်သည့် ဝတ္ထုများထဲမှ လက်လှမ်းမီသမျှ စာရင်းထိုးပြပါဦးအံ့။

(၁၉၃၀ မှ စ၍ ၁၉၇၀ အထိ အလျဉ်းသင့်ရာ ဖော်ပြရသည်ဖြစ်ရာ စာဖတ်သူ လူငယ်တို့က ထိုထက်ပို၍ ပြည့်စုံအောင် ကြိုးစားရှာဖွေလိုစိတ် ဖြစ်လာသည် အထိ ဆန္ဒပြင်းလာသည်ဟူပါက စာရေးသူ၏ ဝမ်းသာမှုသည် အတိုင်းအဆ များလွန်းပါဦးအံ့။)

## သုမောင်


ဦးသိမ်းမောင် ၏ ရွဲမြန်မာ ..................... ၁၉၃၁
ရွှေစကြာ၏ နားခံတော် ........................ ၁၉၃၂
ဒဂုန်ခင်ခင်လေး၏ ရွှေစွန်ညို ................. ၁၉၃၃
ဇဝန၏ ကောလိပ်ကျောင်းသား ............... ၁၉၃၅
မဟာဆွေ၏ တို့မေမေ ......................... ၁၉၃၅
မဟာဆွေ၏ သူပုန်ကြီး ........................ ၁၉၃၆
သခင်ဘသောင်း၏ ပန်းသာမစာဥ ............ ၁၉၃၆
သိန်းဖေမြင့်၏ တက်ဘုန်းကြီး ................. ၁၉၃၇
သိန်းဖေမြင့်၏ သပိတ်မှောက်ကျောင်းသား ... ၁၉၃၈
ရန်အောင်၏ အညာသားလေး ................. ၁၉၃၈
မဟာဆွေ၏ စစ်ထွက်သူ ..................... ၁၉၃၉
ဂျာနယ်ကျော်ဦးချစ်မောင်၏ သူမ .............. ၁၉၄၀
ဒဂုန်တာရာ၏ မေ ............................. ၁၉၄၁
မင်းဆွေ၏ ဓား ................................ ၁၉၄၃
ဂျာနယ်ကျော်မမလေး၏ သူ................. ၁၉၄၄
ဘုန်းကြွယ်၏ ပြောက်ကျားတပ်သား .......... ၁၉၄၅
ဂျာနယ်ကျော်မမလေး၏ သူလိုလူ ............ ၁၉၄၇
ပန်းမော်တင်အောင်၏ ဘုန်းမောင်တစ်ယောက်ထဲရယ်.. ၁၉၄၇
မောင်ထင်၏ ငဘ ............................. ၁၉၄၇
မင်းအောင်၏ မိုးအောက်မြေပြင် .............. ၁၉၄၈
သိန်းဖေမြင့်၏ လမ်းစ , ပေါ်ပြီ ................. ၁၉၄၉
တက္ကသိုလ်နန္ဒမိတ်၏ နန္ဒပုလဲ .................. ၁၉၅၀
တက်တိုး၏ မင်းမှုထမ်း ........................ ၁၉၅၀
တင်မိုး၏ သစ္စာမဏ္ဍိုင် .......................... ၁၉၅၁
ဒဂုန်ခင်ခင်လေး၏ တဆိုတော် ................. ၁၉၅၁

## သုမောင်


| | |
|---|---|
| သာရ၏ တပ်ထဲကမြဝတ်ကိုကို .................. | ၁၉၅၁ |
| နန္ဒ၏ သံနဲ့ချွေး ................................ | ၁၉၅၁ |
| တင့်တယ်၏ ကမ္ဘဗလ ......................... | ၁၉၅၁ |
| ပန်းမော်တင်အောင်၏ သူပုန်ကြီး .............. | ၁၉၅၂ |
| ကိုကို၏ လင်းလုပါပြီ .......................... | ၁၉၅၂ |
| ဂျာနယ်ကျော်မမလေး၏ ကမ္ဘာခြေဝယ် ........ | ၁၉၅၂ |
| သခင်မြသန်း၏ မိုးစွေ ........................ | ၁၉၅၂ |
| ငွေလင်း၏ ဤယမုန် ........................... | ၁၉၅၃ |
| လင်းယုန်သစ်လွင်၏ ဘုံကျွန် .................. | ၁၉၅၄ |
| စိန်စိန်၏ သားလိမ္မာ ............................ | ၁၉၅၄ |
| သာရ၏ အတာ ................................. | ၁၉၅၅ |
| ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ ............ | ၁၉၅၅ |
| မောင်သိမ်၏ သိကြား စေ ...................... | ၁၉၅၅ |
| လင်းယုန်သစ်လွင်၏ ဆိုက်ကားသမား .......... | ၁၉၅၆ |
| နတ်နွယ်၏ အပြော ............................ | ၁၉၅၆ |
| မွဝ်၏ ဂွမ်းပုံ ...................................... | ၁၉၅၇ |
| အောင်လင်း၏ ပစ်တိုင်းထောင် .................. | ၁၉၅၈ |
| ပန်းမော်တင်အောင်၏ မြိုင် ...................... | ၁၉၅၈ |
| သိန်းဖေမြင့်၏ အရှေ့ကနေဝန်း ထွက်သည့်ပမာ ... | ၁၉၅၈ |
| ခင်နှင်းယု၏ မျှော်လင့်လို့ဖြင့် မဆုံးနိုင်အောင် ... | ၁၉၅၈ |
| တက္ကသိုလ်ဘုန်းနိုင်၏ သူကျွန်မခံပြီ ........... | ၁၉၅၉ |
| ခင်နှင်းယု၏ မွေး ................................. | ၁၉၅၉ |
| အောင်နှင်း၏ အရိုင်းစပယ် ...................... | ၁၉၆၀ |
| ခင်ဆွေဦး၏ တို့တိုင်းရွာနီ ......................... | ၁၉၆၀ |
| လှထုဦးလှ၏ အားလုံးကောင်းကြရဲ့လား .......... | ၁၉၆၀ |

## သုမောင်


စောဦး၏ တမိုးသောက်ပြီ ........................ ၁၉၆၁
ဒေါက်တာထွန်းရွှေ၏ သက်ဝေမကြော့ .......... ၁၉၆၁
ဝန်းမော်တင်အောင်၏ ဖြေ ...................... ၁၉၆၁
ရောင်နီ၏ ဆောင်း ................................ ၁၉၆၂
တင့်ဆန်း၏ ဖိုးရိုပ်မှ ဖိုးရိုပ်သို့ ................. ၁၉၆၂
လင်းယုန်သစ်လွင်၏ သီတာသောင်ခြေဦး ........ ၁၉၆၂
ခင်နှင်းယု၏ မဟာသာဂီ ........................ ၁၉၆၂
နတ်နွယ်၏ တကွေ့တောတွေ့ကြဦးမည် .......... ၁၉၆၂
မြသန်းတင့်၏ လိုက်ခဲ့တော့မြနန္ဒာ .............. ၁၉၆၃
ဝန်းမော်တင်အောင်၏ ရိုးမတိုက်ပွဲ .............. ၁၉၆၃
ဒဂုန်တာရာ၏ ကြာပန်းရေစင် .................... ၁၉၆၃
သိန်းသန်းထွန်း၏ အချစ်ရှူးလေးရဲ့ အချစ်ဦး ..... ၁၉၆၃
နာဂတောင်တန်းမောင်ကြည်ဇင်၏ တောင်ပေါ်မြေမှ မြေပြန့်ပန်း .......... ၁၉၆၄
ရွှေမောင်၏ အရေးတော်ပုံ ........................ ၁၉၆၄
မောင်မောင်မြူ၏ မရဏာမောင်းလော၊ အောင်စည်လော ............ ၁၉၆၄
မြဝီ၏ ခွေးရောင်းကာလျှံ ........................ ၁၉၆၄
မင်းကျော်၏ ပုဂံသား ............................ ၁၉၆၄
မင်းကျော်၏ လှိုင် ................................ ၁၉၆၄
လင်းယုန်သစ်လွင်၏ သေမင်းတမန်လာမပေါ်ဝယ် ... ၁၉၆၄
ရွှေမောင်၏ တိုက်ပွဲခေါ်သံ ........................ ၁၉၆၅
ငွေလင်း၏ ပင်မြို့သူ ............................ ၁၉၆၅
မောင်ထွန်းယ၏ ခါးပိုက်နှိုက် ....................... ၁၉၆၅
နတ်နွယ်၏ မြန်မာပြည်မြောက်ပိုင်း ................ ၁၉၆၆
စိန်စိန်၏ ရိုးမတောင်ကြီးသာ ဖြူလိုက်ရင်တော့.... ၁၉၆၆
မင်းကျော်၏ မောင်ကျော်အောဟာခေါ်သည် .......... ၁၉၆၆

## သုမောင်

ကြည်အေး၏ ကောစွဲသီဆို ........................... ၁၉၆၆
မောင်မောင်မြူ၏ နေ့ဦးကာလမြူထသောအခါ ........ ၁၉၆၇
မင်းကျော်၏ ငါတို့ခေတ်နှင့်အမြိုင် ................... ၁၉၆၇
နန္ဒ၏ မိုးယံသို့ရှိ ........................................ ၁၉၆၇
မောင်နေဝင်၏ ရေရှိုင်းမြေရှိုင်း ......................... ၁၉၆၈
နန္ဒ၏ ငါ့ခါး ငါ့သွေး ငါ့ဓရာဝတီ ...................... ၁၉၆၈
မောင်သိန်းဆိုင်၏ ရေနံသာခင်ခင်ကြီး ................ ၁၉၆၉
မောင်သာရ၏ မတ်တတ်ရပ်လို့ လမ်းမှာငို ............. ၁၉၆၉
ဆင်ဖြူကျွန်းအောင်သိန်း၏ နီရဲသောဇိုလ်ဥဇ္ဈာမ ...... ၁၉၇၀
ကျော်အောင်၏ အရေးကြီးပြီ သွေးစည်းကြစို့ ......... ၁၉၇၀
လင်းယုန်သစ်လွင်၏ မေ့ဗီလာသ........................... ၁၉၇၁
နိုင်ဝင်းဆွေ၏ မသိန်းရှင်ဆီပို့ပေးပါ ...................... ၁၉၇၁

(၉)

ပြောစမှတ်တွင်ခဲ့သော၊ တလေးတစား အမှတ်ထားခဲ့ကြရသော၊ ရေးဟန်တီထွင်ခဲ့သူ ကာလပေါ် စာရေးဆရာများတွင် ပီမိုးနင်း၊ ရွှေဥဒေါင်း၊ ဇေယျတို့သည် ထိပ်တန်းမှ နေရာယူခဲ့ကြသည်မှာ အထင်အရှားပင်။

တိုတိုရှင်းရှင်းဖြင့် အားရှိသော ဝါကျများဖန်တီးနိုင်ခဲ့သော ပီမိုးနင်း။ ဝါကျရှည်ကြီးများပင် ဖြစ်သော်လည်း မထောင့်မအောင့်၊ အထစ်၊ အထုံးမရှိ သဒ္ဒါ မှန်ကန်စွာ ပြေပြစ်ချောမောသော ရွှေဥဒေါင်း၏ စာ၊ မြန်မာဆန်သော မြန်မာ့ဟန် စာရေးဟန်ဖြင့် ထင်ရှားစေသည့် ဇေယျ၏အရေးအဖွဲ့ စသည်ဖြင့် စောစီးစွာကပင် အသိအမှတ် ပြုခဲ့ကြသည်။

သုမောင်

ထို့နောက်သော်...........

အရှိန်အဝါလွှမ်းမိုးခဲ့သည့် မြမိုးလွင်၊ တက်ထွန်း တို့၏ "ဝိဘက်" များကို လုလုပပကစား၍ ရေးသော ရေးဟန်များ။ မဟာဆွေ သိပ္ပံမောင်ဝ တို့၏ ဒိုးကန် ဒေါက်ကန်၊ ရှင်းကန်၊ ကွင်းကန်၊ လင်းကန်၊ လက်ကန်၊ ရေးဟန်များ။

သို့ပါသော် ထိုကာလများထိတိုင်...............

"ဒေါင်းမင်းကြော သူ့ရိုးယာအရှင် နေမင်းကြီးသည် အရှေ့ပြုပ္ပာအရပ်ဒီသာမှ ထွက်ပြူလာပြီ ဖြစ်ရကား" စသည့်အစဉ်အလာ ပါကျမျိုးတို့ကို ရှင်သန်စေဆဲ ရှိပြန်သေးရာ ...............

ဒဂုန်တာရာ၏ မေ (၁၉၄၁) ၊ ထွက်လာသည်၌ စာရေးဟန်ကိစ္စနှင့် ပတ်သက်သော အရေးတကြီး အကြောင်းအရာများသည် ပြောစရာ၊ နားထောင်စရာ၊ ရှုပ်ထွေးကျယ်ပြန့်လာပါတော့၏။

"မေ" ဝတ္ထုကို ဖတ်ရသည်မှာ ရှမ်ပိန်အရက်ကို သောက်လိုက်ရသည်နှင့် တူလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့အရသာမှာ အခြားအရသာများလို "ဒါချည်း ... ဒါချည်းမဟုတ်ပဲ ထူးထူးကဲကဲ ရှိမ်းကနဲ ဗိန်းကနဲ" ဟူ၍ ဒဂုန်တာရာ၏ "မေ" အမှာကို ရေးသူသခင်ဇဟိန်းက မှတ်ချက် ချခဲ့သည်ကို ကြည့်ပါလေတော့။ "မေ" ၏ ဂယက် ဒဂုန်တာရာ၏ စာရေးဟန်ဂယက် စကားလုံးဂယက်များ ပွက်ပွက်ညံဆဲ၊ အသံမစဲသေးမီပင် ဇန်းမော်တင်အောင်၏ ဘုန်းမောင်တစ်ယောက်ထဲရယ် (၁၉၄၇) ထွက်လာပါသည်။

ဇန်းမော်တင်အောင်၏ အရေးအသားတွင် "တော့ကာသာဘဲရယ်နဲ့" ဟူသော စကားပြေမျိုး။ စားခြင်းပြု၏။ ရေးလိုက်ခြင်းပဲ ဖြစ်၏။ ဟူသော ခြင်းပြု ခြင်းဖြစ်များ လိုင် လိုင်သုံးခြင်းမျိုးတို့သည် ထိုခေတ်စာပေလောကများတွင် များစွာ အောင်နိုင်စိုးမိုးနိုင်၏။

သုမောင်

ဘုန်းမောင်တစ်ယောက်ထဲရယ် ဝတ္ထုတွင် "ဘဲ" အလုံးပေါင်းတစ်ထောင်ကျော် ပါသည်ဟူသော ဝေဖန်ချက်သည် ထိုခေတ်က ပြောစမှတ်ပြုခဲ့သော ဝေဖန်ချက် ဖြစ်ပါသည်။

ဒဂုန်တာရာ၊ ဝန်းမော်တင်အောင် တို့သည် သို့ဖြင့် စာရေးဟန်နှင့် စပ်သော မှတ်တိုင်များကို အမှတ်ထင်ထင် စိုက်ထူနိုင်ခဲ့သူများဟု နောင်းလူတို့က သတ်မှတ် နိုင်ခဲ့ပါသည်။

သို့ပါသော်.........

"ဒဂုန်တာရာနှင့် အပေါင်းပါတစုသည် စာပေသစ်၊ ပြည်သူ့စာပေ စသော ဆောင်ပုဒ်များကို ကြွေးကြော်ကာ ရေးနည်း သားနည်းအသစ်လုပ်ခြင်း စကားလုံးထွင်ခြင်း များကို အဓိက လုပ်နေကြ၏။ (ဝါ) ဖက်ရှင်လုပ်၍ လျှပ်ပေါ်လော်လီ နေကြသည်" ဟူ၍ သိန်းဖေမြင့်က ဝေဖန်ခဲ့ဖူးပါသည်။ မည်သို့ရှိစေ သူတို့ဩဇာကား နှစ်ပေါင်းရှည်ကြာ ညောင်းခဲ့သည်သာတည်း။

သူတို့နှင့် တတန်းတည်းတွင် ထည့်ရမည့် စာရေးသူနောက်တဦးမှာ ကြည်အေး ဖြစ်ပါသည်။

ကြည်အေး၏ရေးဟန်သည် ထူးခြားဆန်းကျယ်သောဟန် ဖြစ်ခဲ့ပြန်ပါသည်။ ရင်ထဲတွင်ရှိသော ခံစားချက်ကို ဖော်ထုတ်တင်ပြရာတွင် တပါးသူအား အထုံကူးစေရာ၌ လွန်စွာ ထိလွယ်ငြိလွယ် စေသောဟန် ဖြစ်ပါသည်။ သို့သော် ....... ခံစားမှုကို ပုံဖော်တတ်လွန်းသော ထိုသို့ ပုံဖော်သည့် အရေးအဖွဲ့ကို ကျွမ်းကျင်ပိုင်နိုင် လွန်းသောကြောင့် ........... သူ့အား မြန်မာစာပေတွင် အစောဆုံးနှင့် အထင်ရှားဆုံးသော အိတ်ဇစ်စတင်ရှယ်လစ် ..... (EXISTENTIALIST) ဟု ဆိုခဲ့ကြပါသည်။

သုမောင်

သုဝဏ္ဏတာပုဒ်၏ အစဆုံးသော ဝါကျ အစကို ကြည့်ပါဦး .........

"မောလိုက်တာ"

ဤကား နွမ်းလျအိမ်ပြန် (၁၉၅၄)၏ ထိပ်ဆုံးဝါကျ။

အခြားစံပြုရမည့် သူတဦးမှာ
တင့်တယ်..........။

တင့်တယ်သည် သူခေတ်သူ့အခါတွင် အတွင်ကျယ်ဆုံး ပရိသတ်အများဆုံး စာရေးဆရာဖြစ်၏။ အထူးသဖြင့် လူငယ်စာဖတ်သူများနှင့် အမျိုးသမီးစာဖတ်ပရိသတ် အကြားတွင် ရေပန်းအစားဆုံးဟု ကျော်ကြားခဲ့သည်။

နွတ်ခမ်းနီလေးတို့၏ အသည်းစွဲ စာရေးဆရာဟု ဒဂုန်တာရာကပင် ကင်ပွန်းတပ်ခဲ့ဘူးပါသည်။

သူ၏ ကျော်ကြားလှသော စကားပြေမှာ အလွန်သိမ်မွေ့ နူးညံ့သောစကားပရိယာယ် အလှအပများကို နှစ်သက်စွဲလန်းဖွယ် ဖြစ်အောင် ဝါကျကြီးသီ နိုင်ခြင်းပင် ဖြစ်ပါသည်။

တင့်တယ်နှင့် မရှေးမနှောင်း၊ မြန်မာဝတ္ထုလောကတွင် ထင်ရှားလာသူ နောက်တဦးမှာ သာဓု ဖြစ်ပါသည်။
အိမ်ထောင်ရေး၊ ဘဝသရုပ်ဖော် ဝတ္ထုများ မြူပြင်ရေးဝတ္ထုများကို ရှင်းရှင်းပြတ်ပြတ် တဲ့တိုး တိုက်ရိုက်ရေး၍ လူကြိုက်များခဲ့သော ဟန်တမျိုးဖြစ်ပါသည်။
နောက်တဦးမှာ ..... သော်တာဆွေ။

## သုမောင်

အုံ့ညြှိုဖွယ်ကောင်းလောက်အောင် စကားပြေအရေးအသား၌ ထင်ရှားသူဖြစ်ပါသည်။ မည်သူ၏ဟန်နှင့်မျှ ခပ်ဆင်ဆင်ကလေးပင်မတူသော သီးခြားဟန်ရှင်ဖြစ်ပါသည်။ သူပြောပြလိုသော သူ့ရင်ထဲရှိသမျှ စကား၊ စာ၊ အတွေးဟူသမျှအားလုံးကို သူရေးချင်သလို ဖန်တီးရေးချလိုက်သောအခါ လွန်စွာ အားကောင်းသော စကားပြေရေးဟန်အသစ်ကို ဖြစ်လာစေသော စာရေးဆရာ ဖြစ်ပါသည်။

ရေးဟန်အကြောင်းပြောလျှင် မည်သို့မျှ ချန်ခံ၍ မရသူ နောက်တဦးမှာ အောင်လင်း။

တင့်တယ်ကဲ့သို့ပင် နှုတ်ခမ်းနီကြိုက် စာရေးဆရာဖြစ်ရုံမက တက်ကြွထက်သန်သော လှုပ်ရှားမှုများက လွန်စွာ အားထားသော စာရေးဆရာဖြစ်ပါသည်။ သူ့ဝတ္ထု အရိုင်းစပယ်(၁၉၆၂) သည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် အကြိမ်ကြိမ်ရိုက်ရ ကြိုက်ကြသည်က သက်သေဖြစ်ပါသည်။

အောင်လင်း၏ စာဟန်မှာ စကားပြောခန်းများဖြင့် ပရိသတ်ကို ညှို့ယူရာတွင် စာဖတ်ပရိသတ် ဘဝင်နိုက်စေမည့် အတွေးအခေါ်များ၊ အယူအဆထူးများ၊ ဆန်းကြယ်သော အဘိဓမ္မာများကို စကားပြေရိုးရိုးဖြင့် ပြေပြစ်စွာ တင်ပြသော ဟန်သာ ဖြစ်ပါသည်။

ဇန်းမော်တင်အောင်၏ "ဘုန်းမောင်တစ်ယောက်ထဲရယ်" ဝတ္ထုမှ ဇာတ်ကောင် "ဘုန်းနိုင်" ဟူသောအမည်ကို ကလောင်အမည်ယူကာ ဇန်းမော်တင်အောင်၏ ဩဇာကို ခံယူ၍ စာပေစင်မြင့်သို့တက်လာသူ ..... တက္ကသိုလ်ဘုန်းနိုင်မှာ နောင်းလူတို့အဖို့ လေးစားရသည့်စာရေးဆရာကြီး ဖြစ်လာပါသည်။ စောစောပိုင်းတွင် ဇန်းမော်တင်အောင်၏ စာဟန်ကို တု၍ ရေးခဲ့သော်လည်း နောင်သော်... စိတ္တဇဝေ၊ လျှို့ဝှက်သည်းဖိုနှင့် အချစ်သဘာဝ ဝတ္ထုများကို ကိုယ်ပိုင်ဟန် ဖန်တီးကာ ဆရာကြီးတဆူ ဖြစ်လာခဲ့ပါသည်။

ထိုဆရာကြီးများနယ်ပင် ခင်နှင်းယု၊ မြသန်းတင့်၊ မောင်သာရ၊ မင်းကျော်၊ နတ်နွယ်၊ သိန်းသန်းထွန်း............. စသည် တို့သည်လည်း စာပေလောကတွင် စာဟန်နှင့် ပတ်သက်၍ ပြောစမှတ်ပြုကြရသူများ ဖြစ်ပါသည်။

*(၁၀)*

သုမောင်၏ ချစ် ချစ် ချစ် ၁ - ၂ - ၃ တွင် "ရောင်ခြည်တထောင် အလင်းဆောင်သော" ဟူသော ရေးခေတ်ရေးဟန်မျိုးမှ စလိုက်သည်ကို စာဖတ်သူတို့ သတိပြုမိကြပါလိမ့်မည်။

သို့သော် ....

အတွင်းခန်းများတွင် အလျှဉ်းသင့်သလို အပြောက်ဆင်ရာ၌ ...
"ဝရံတာ ကြက်ခြေခတ်ရယ်နဲ့
အင်းလျားသူ နေတဲ့ရပ်ကို
ကန့်သတ်လို့ လွမ်း"

(စာမျက်နှာ - ၂၃၉) ဟူသော အသုံးအနှုန်းမျိုးကို ဇဝန၏ "ကောလိပ်ကျောင်းသား" မှ တိုက်ရိုက်ယူသုံးထားပါသည်။ "မဟုတ်သေးဘူး မခင်ညို မင်းပြောတာ ဟုတ်ကို မဟုတ်သေးဘူး" (စာမျက်နှာ - ၁၁၀) ဟူသော အသုံးကိုမူ သာခု၏ ချစ်စံနမူမှ မသင်းထုံ ဟူသောအမည်ကိုသာ ပြောင်း၍ တိုက်ရိုက်သုံးလိုက်ပါသည်။

"လေနုအေးသည် တနွဲ့နွဲ့ နော့နေဆဲကို" (စာမျက်နှာ - ၁၁၀) ဟူသော အသုံးသည်လည်း ဒဂုန်တာရာ၏ "မေ" ဝတ္ထု၏အစ၊

## သုမောင်

"ပုလဲရည် မိုးပေါက်တို့ လောက မြေပြင်ကို ချိုးမြှောက်သည့် ပျိုးပေါက်သစ်ပင်၊ မြသစ်လွင်ရာ၊ နယုန်ကြေးမှုး ဝါဆိုဦးတွင် မုတ်သုံလေရှူးနှင့် အတူ" (စာမျက်နှာ - ၁၇၉) စသည့်ဝါကျကိုမူ တက္ကသိုလ်ဘုန်းနိုင်၏ နာမည်ကျော် ညီမလေးရယ် စိုးရိမ်မိတယ် ဝတ္ထုအဖွင့် ...

မောင်ဖလ ဟု ခေါ်သည်

သူတောက တက်လာသည်

တက္ကသိုလ်မှာ ပညာရှာသည်

သူ့ ကျောကိုထုသည် (စာမျက်နှာ - ၁၂၃) ကို သုံးရာတွင် မင်းကျော်၏ မောင်ကျော်ဇောမှ ယူသုံးခြင်း။

ကျောင်းသားပွဲတော် အခန်းများ။

ကျောင်းသားလှုပ်ရှားမှု တေးများနှင့် အပိုင်း ၂ ဇာတ်သိမ်းပိုင်းကိုမူ သိန်းသန်းထွန်း၏ အချစ်ရှူးလေး၏ အချစ်ဦး မှ ........

ထို့ပြင်...

နေရာများစွာ စာမျက်နှာများစွာတွင် စကားပြောများ စာများ ရောညှပ်လျက် သော်တာဆွေ၏ ဟန် "စကားပြောစကားပြေ" အရေးအဖွဲ့များ၊ ဇန်းမော်တင်အောင်၏ တော့ကာသာဘဲရယ်များ။ မင်းကျော် ဆိုလေ့ရှိသည့် ကြည့် မောင်သာရ၏ "ပသို့ဆိုစေ" နှင့် သိန်းသန်းထွန်း၏ "ကွယ့်" တွေ "ရယ်" တွေ "တယ် " တွေ ... အပြင် ..........။

သုမောင်

(၁၁)

သုမောင်သည် ချစ် ချစ် ချစ် ကို ဇာတ်လမ်းဆင်ရာ၌.........

ပထမပိုင်း ဇာတ်လမ်းဆင်ပုံ အရေးအဖွဲ့ကို ပုဒ်ထီး(၊)၊ ပုဒ်မ(။) သုံးပုံမှအစ၊ ဝါကျတည်ဆောက်ပုံ၊ ဝါကျအတွင်းမှာပင် မျက်တောင် အဖွင့်အပိတ် ("....... ") မခံပဲ စကားပြေများ ညှပ်သုံးပုံ၊ ဇာတ်လိုက်နှင့် လူကြမ်းကို သဘာဝထက်လွန်စွာ ဆန့်ကျင်ဘက် စရိုက်များဖြင့် ဖွဲ့ပုံ၊ ပါဠိပါတ်သား ရဟန်းတရားများနှင့်တကွ ပညာပေး ဆုံးမစာများပါထည့် သုံးထားပုံတို့မှာ ...

မြန်မျိုးလွင်တို့ခေတ် ဝတ္ထုတပုဒ် ဖတ်နေရဘိသို့ ရှိပါ၏။

ဒုတိယပိုင်းတွင်မူ ဒဂုံတာရာ၏ စာဟန်ကို မိတ်ဆက် ကြားခံလိုက်သော်လည်း ဒုတိယပိုင်း၏ ဇာတ်လမ်းပါ အဓိကဇာတ်ကောင် နှစ်ဦးတွင်.........

တဦးသည် ဇန်းမော်တင်အောင်၏ ဇာတ်လိုက် နောက်တဦးက တက္ကသိုလ် ဘုန်းနိုင်၏ ဇာတ်လိုက်.....

သူတို့နှစ်ဦး အားပြိုင်လျက်။

ထို့ပြင် ဇာတ်လမ်းအရ လူတန်းစားပဋိပက္ခများ၊ ကျောင်းသားရေးရာများ၊ သိမ်မွေ့လွန်းလှသော လူမှုရေးကိစ္စများ၊ အလှအပရာသီဘွဲ့များ၊ အရှေ့အနောက် အတွေးအခေါ်ရှင်တို့၏ အဆိုအမိန့်များဖြင့် ကာလပေါ် ခေတ်ဝတ္ထုကောင်းတပုဒ် ဖြစ်စေခဲ့ပြီး သိန်းသန်းထွန်း၏ အရေးအဖွဲ့ဖြင့် အဆုံးသတ်လိုက်၏။

**သုမောင်**

အပိုင်း ၃ အထိ ဖတ်ပြီးသည်တွင် သူ့ဝတ္ထုအပိုင်းတိုင်း၏ အဆုံးတိုင်းတွင် ဇာတ်ပေါင်းခန်းကို အဘယ်သို့လျှင် ကွေ့ရှောင်ကွေ့ရှောင် ရှေး၍ ရှောင်သနည်း။

ပသို့ဆိုစေ

သုမောင်သည် နှစ်ရှည်လများစွာ တွေးလာ စုဆောင်း ဖတ်မှတ်လာပြီး အားရပါးရ စိမ်ပြေနပြေ ရေးယူလာခဲ့သော ဤ ချစ် - ချစ် - ချစ် - ၁ -၂ -၃ ဝတ္ထုကြီးကို ...........

ကျွန်တော်သည် နာရီအနည်းငယ်၊ ရက်အနည်းငယ်အတွင်း တက်သုတ်ရိုက် ဖတ်ပြီးတော့တာ ဤအမှာဖြင့် သုမောင်၏ စေတနာကို ဗိုင်းကူ ပံ့ပိုးရသည်ဖြစ်ရာ သူ့ဝတ္ထုအတွက် ကျွန်တော့်အမှာရှည်ကြီးက အနှောင့်အယှက် ဖြစ်ခြားအံ့၊

ကျွန်တော်ကတော့ ဘာများ တက်နိုင်ပါဦးမည်နည်း၊ ကြည့်လေ ........

ဟုတ်တယ် မှတ်လား၊ စေတနာထားပြီး ကျားကုပ်ကျားခဲ ရေးရတာကို သုမောင် မင်း သိတယ်မှတ်လား။

"သုခိအတ္တာနံ ပရိဟာရန္တု" ဟူ၍

**အောင်မြင့်**

သုမောင်

**အောက်ပါ စာကြောင်းများကို ကျေးဇူးပြု၍ ဖတ်စေချင်ပါသည်။**

အကယ်၍သာ အကြင်သူသည် စာဖတ်သက်ရင့်ပြီးသူ သို့တည်းမဟုတ် စာဖတ်သက် နုသေးသော်လည်း ပဲ့ိုး ရှေးယခင်က မြန်မာဝတ္ထုများမှသည် ယခုခေတ်ပေါ် မြန်မာဝတ္ထုများ အဝဝိတလေ့တလာ ဖတ်ရှုတတ်သူဖြစ်ပါမူ ကျွန်တော်ဆက်လက် ရေးသားတော့မည့် ဤအမှာစာကလေးကို ဖတ်ရှုရန် မလိုအပ်တော့ပါ။ သို့တည်းမဟုတ် ကျွန်တော်၏ ဝတ္ထုနှင့် ကျွန်တော် ယခုဆက်ရေးမည့် အမှာစာပါ ဆိုလိုယင်းတို့ ကိုက်ညီမှုရှိ မရှိကို ချိန်ဆ လေ့လာလိုပါလျှင်လည်း သဘောအတိုင်း ဆက်လက် ဖတ်ရှုတော်မူကြပါ။

ဤအမှာစာကို ရေးသားရခြင်းနှင့် ဖတ်ရှုစေချင်ခြင်း အကြောင်းမှာ ယနေ့ကျကာမှ စာပေဝတ္ထု (မြန်မာဝတ္ထုများ) ကို စတင်ဖတ်ရှုကြကုန်သော လူငယ်မောင်မယ်လေးများ ကာတွန်းရုပ်ပြစသည်ကို ဖတ်ရှုရာမှ မြန်မာဝတ္ထုဘက်သို့ ခြေလှမ်းပြင်စ လုလင်ပျို လုံမပျိုများနှင့် ဝတ္ထုကိုအပျော်ဖတ်ရုံမကပဲ မြန်မာဝတ္ထု၏သဘာဝကို လေ့လာဆည်းပူးယင်း ပညာရပ်တခုသဖွယ် သဘောထား ဖတ်ရှုနေကြကုန်သော တိုးတက်စ လူငယ်များအတွက် လည်းကောင်း၊ ရည်ရွယ်ထားသည်ကို သိသာစေချင်၍ ဖြစ်ပါသည်။

ကျွန်တော်၏ ဝတ္ထုကို ဖတ်ပြီးသောအခါ ဇာတ်လမ်းက မည်သို့မည်ပုံ ဖြစ်သွားသည်ဟု သမားရိုးကျ ဖတ်သွားမှာကို ကျွန်တော်စိုးရိမ်ပါသည်။

မည်သို့သော စာရေးသားနည်းဖြင့် ရေးသားထားသည်ကိုလည်း ဂရုစိုက်စေ ချင်ပါသည်။ အကြောင်းမှာ ဤ ကျွန်တော်၏ ဝတ္ထုတွင် ရေးဟန်ကို အဓိကထားပြီး ရေးထားသောကြောင့် ဖြစ်ပါသည်။ ရေးဟန်ကို အဓိကထားပြီး ရေးသားရခြင်းမှာ ကျွန်တော်တို့ မြန်မာဝတ္ထုများ ရေးအစဉ်အဆက်မှ ယခုထက်တိုင်အောင် တဆင့်ပြီးတဆင့် ပြောင်းလွဲလာကြခြင်းကို ဖော်ညွှန်းလိုသောကြောင့် ဖြစ်ပါသည်။

သုမောင်

ပြောင်းလွဲလာရာ၌ ဝတ္ထုရေးသားပုံ(ပုံစံ) ဝတ္ထုဇာတ်လမ်း ဖွဲ့စည်းတည်ဆောက်ပုံစသဖြင့် တရွေ့ရွေ့ ကွာခြားလာခြင်းဟူ၍ နှစ်မျိုးရှိပါသည်။

ကျွန်တော်သည် ဤဝတ္ထုတွင် ခေတ်သုံးခေတ် ပိုင်း၍ရေးပါသည်။ အဘိုးအဘွားခေတ်၊ သားသမီးခေတ်နှင့် မြေးခေတ် ဟူ၍ အကြမ်းဖျဉ်း သတ်မှတ်နိုင်ပါသည်။

အထက်၌ ပြောခဲ့သလို အဓိကအားဖြင့် ထို သုံးခေတ်တွင် ရေးပုံရေးနည်းသုံးမျိုး ဇာတ်လမ်းဖွဲ့ပုံမျိုး သုံးမျိုးကို ကျွန်တော်နားလည် မှတ်သားဖူးသလောက် ကျကျနန ကျွန်တော့်ဝတ္ထုတွင် ရေးသားထားပါသည်။

ထိုသဘာဝများနှင့် ပတ်သက်၍ ကျွန်တော့်ထက် များစွာပို၍ ကျွမ်းကျင်သော ဆရာအောင်ပြည့်က ရေးသားဖော်ပြထားပါသည်။

ကျွန်တော်ပြောရန်ရှိသည်မှာ ထိုကဲ့သို့ ခေတ်သုံးခေတ် အချစ်ပုံစံ သုံးမျိုးကို ဝတ္ထုဖြင့် ဖွဲ့ဆိုသောအခါ၌ ပထမခေတ်တွင် ဂျိမ်းစ်လှကျော်၊ ဦးကြီး၊ ဦးလတ်၊ ပီမိုးနင်း၊ ရွှေစကြာ၊ မြမျိုးလွင်၊ ရွှေဥဒေါင်း စသော ကျွန်တော်တို့ မြန်မာဝတ္ထုခေတ်ဦး၏ ဆရာကြီးများ ရေးသားပုံ ရေးသားနည်းများဖြင့် ကျွန်တော်ရေးပါသည်။ တခါတရံသူတို့၏ အသုံးအနှုန်းများကို တိုက်ရိုက်ကူးယူဖော်ပြပါသည်။ သို့ရာတွင် ဆရာကြီးများ ကိုယ်တိုင်က တဦးနှင့်တဦး ရေးနည်း ဇာတ်ဖွဲ့နည်း ကွဲပြားနေကြသဖြင့် အားလုံးကို ခြုံငုံမိစေရန် ကျွန်တော့်ဝတ္ထုတွင်လည်း ရေးပုံဇာတ်ဖွဲ့ပုံကို ခြုံငုံ၍သာ တင်ပြနိုင်ပါသည်။ မည်သို့ပင်ရှိစေ ထိုခေတ် အငွေ့အသက်ကို ရှူရှိုက်မိသည်ဆိုလျှင် ကျေနပ်ပါပြီ။ ဒုတိယခေတ်တွင်လည်း ထိုနည်းပင်နှင်နှင် ကျွန်တော်ကြိုးစားထားပါသည်။

ကျွန်တော့်အဖေ သာခုအပါအဝင် ဒဂုန်တာရာ၊ သော်တာဆွေ၊ ဇန်းမော်တင်အောင်၊ တင့်တယ်၊ မြသန်းတင့်၊ အစရှိသော ဆရာကြီးများနှင့် သူတို့နှင့်

**သုမောင်**

ခေတ်ပြိုင်ဟု ဆို၍ ရနိုင်သော တက္ကသိုလ်ဘုန်းနိုင်၊ အောင်လင်း၊ မောင်ကိုယု၊ မင်းကျော်၊ သိန်းသန်းထွန်း၊ မောင်သာရ စသည့်ဆရာများနှင့် ကပ်လျက် ပေါ်ပေါက်သော အောင်ပြည့်၊ ငြိမ်းကျော် စသည့် ဆရာများ၏ ရေးပုံရေးလက်တို့ကို လည်းကောင်း၊ ဇာတ်အိမ်ဖွဲ့စည်းပုံ တို့ကိုလည်းကောင်း၊ ကျွန်တော်သည် အတုယူပြီး ထိုခေတ်သရုပ်ကို ဖွဲ့ဆိုပါသည်။ ထိုနေရာတွင်လည်း သူတို့ ဆရာချင်းပင် ဇာတ်အိမ်ဖွဲ့ပုံ ရေးသားပုံချင်းကွာခြားနေပြန်ရာ ကျွန်တော်သည် ထိုဆရာများ ခေတ်အလျောက်ပေါ်ထွန်းသော ဝတ္ထုများ၏ အငွေ့အသက် မျှကိုပင် ဖမ်းယူပြီး ရေးခဲ့ပါသည်။ တတကြောင်းမှာ တယောက်နှင့် တူနေသော်လည်း နောက်တကြောင်းမှာ နောက်တယောက်နှင့် တူနေပါလိမ့်မည်။

ထိုခေတ်တွင် မြန်မာဝတ္ထုများပို၍ ခေတ်စားလာသည်နှင့်အညီ ဆရာများ၏ ရေးဟန် ဇာတ်ဖွဲ့ပုံ အယူအဆစ်ယူချက် ဩဝါဒတို့ ပို၍ များပြားနေသည်ကို တွေ့ရသဖြင့် ကျွန်တော်က တတ်နိုင်သမျှ ကြားချ၍ ရေးရပါသည်။

ထိုအခါ မရှည်သင့်တန် ရှည်သွားပြီး၊ မတိုသင့်သည်များ တိုသွားသော အားနည်းချက်များကို တွေ့ရပါလိမ့်မည်။

မည်ရှိဆိုပါစေ....... ထိုခေတ်၏ အငွေ့အသက်ကို ခံစားရပါလျှင် ကျွန်တော် ဝမ်းမြောက်ရပါမည်။ လိုအပ်နေသေးသည်ဆိုလျှင်လည်း ကျွန်တော့် အပြစ်ဆိုကြပါရန် တောင်းပန်ပါသည်။

---

တတိယအပိုင်းအနေနှင့်တော့ကား အထူးဆိုဖွယ် မရှိပါချေ။ ယနေ့မျက်မှောက် ကာလဖြစ်သောကြောင့် လူကြီးမင်း သတိပြုမိပြီးသားပင် ဖြစ်ပါလိမ့်မည်။

သုမောင်

**ကျေးဇူးတင်ခြင်း**

ဤဝတ္ထုဖြစ်မြောက်ရေးအတွက် သည်လိုဝတ္ထုမျိုး ရေးစမ်းပါဟု ပထမဆုံး အကြံဉာဏ်ပေးသူ ဒါရိုက်တာမောင်ဝဏ္ဏ၊ သည်ဝတ္ထုလိုမျိုးရေးလျှင် ဘာမဆို အကူအညီပေးမည်ဟု ကတိပေးကြသော စာအုပ်စာတမ်းများ ရှာဖွေပေးကြသော ဒေါင်ပြည့်၊ ငြိမ်းကျော်၊ မင်းလူ၊ လိုအပ်သော ရှားပါး စာအုပ်များ ထုပ်ပေးသည့် ရန်ကုန် ဝ-သ တက္ကသိုလ် ဗဟိုစာကြည့်တိုက်မှ မှုထမ်းရာထမ်းများ၊ ကျွန်တော် မသိမမီလိုက်သော ခေတ်အခြေအနေကို ရှင်းပြပေးသော ဆရာမောင်ကိုယုနှင့် ဤစာအုပ်ဖြစ်မြောက်အောင် သည်းညည်းခံ စောင့်ဆိုင်းပြီး ကြိုးပမ်းပေးသော ဆောင်းသဇင်စာပေနှင့် ရွှေဥဒေါင်း ပုံနှိပ်တိုက် အပါအဝင် ကာယဉာဏလုပ်သားများ။ စသည်တို့ကိုလည်း ကျေးဇူးတင်ကြောင်း မှတ်သားအပ်ပါသည်။ မချွန်းမချန် ပြောရမည့် အချက်မှာ..........

ကျွန်တော့် အဖေနှင့်အတူ ပဒေသာမဂ္ဂဇင်းကို ပိုင်းဝန်း လုပ်ဆောင်စဉ်က (မွေးကင်းစ) ကျွန်တော့်အား ထမ်းပိုး ထိန်းကျောင်းခဲ့ရှာသော လွန်ခဲ့သော တနှစ်ကျော်က ဆုံးပါးသွားရှာသော ဆရာဝန်းမော်တင်အောင်သည် သူဆုံးပါးခါနီး ကျွန်တော်နှင့် ဆုံတွေ့သောအခါ တသက်လုံး စာရေးသည့်အလုပ်ကို တစိုက်မတ်မတ် လုပ်စေချင်သည့် အကြောင်း ပြောယင်းက ..... ကျွန်တော်ကလည်း ယခု "ချစ် ချစ် ချစ် ၁ -၂ -၃ " ဝတ္ထုကို ရေးရန် စိတ်ကူးရှိကြောင်း ပြောပြမိပါသည်။ ထိုအခါ ဆရာဝန်းမော်တင်အောင်က

"အင်း.... ငါမသေခင် အဲ့ဒီဝတ္ထု ထွက်သွားစေချင်လိုက်တာ....." ဟူ၍ အားတက်သရော ပြောရှာပါသည်။

ဤဝတ္ထုသည် ဆရာဝန်းမော်တင်အောင်အား ရည်ညွှန်းချက် မဖော်ပြပါလျှင် ကျွန်တော်ကတော ဘာကောင်များ မို့လို့ပါနည်း။

လေးစားလျက်

သုမောင်

သုမောင်

(အခန်း တစ်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရောင်ခြည်တထောင် အလင်းဆောင်သော သူရိယ ဒေါင်းဖန်ဝါ ရှင်နေမင်းသည်၊ အရှေ့ပြမှာစွန်းမှ နေ၍၊ တရွေ့ရွေ့ မြင့်တက်လာပြီးနောက်၊ အနောက်ဘက်သို့တဖန် တရွေ့ရွေ့ နိမ့်ဆင်းသွားပြီး သကာလ၊ ဂေါရောကျွန်းဆီသို့ ဦးတည်လျက် ဝါရွှေနီမောင်း ရောင်ခြောက်ဆယ်ပြောင်းသည့်၊ တိမ်ရှက်ကွန်များအကြားသို့ ရောက်ရှိလာသော အခါ။ ဤကမ္ဘာလောကကြီး အလုံးအား ဂူတ်ဒဘိုင်ဟု၍ အင်္ဂလိပ်လို နှုတ်ခွန်းဆက်နေဘိ သကဲ့သို့၊ ရှိလေတော့သည်။

နေရာသည်ကားဟု ဆိုလျှင်။ ရန်ကုန်မြို့ ကျားကူး ကွက်သစ်အနီး။ ဂျူဗလီဟောလ်ခေါ် ရတုသဘင်များ ဆင်ယင်ကျင်းပမြဲ နေရာ။ အဆောင်အဦးကြီး အနီးတဝိုက်တွင် ဖြစ်လေသည်။

သူသူငါငါ မိုျမိုျရွယ်ရွယ် ငယ်ငယ်လတ်လတ်တို့သည် မိမိတို့နှင့် ထိုက်တန်ရာ အဆင့်အတန်းအလိုက် အဖိုးတန်သော ဝတ်ကောင်း စားလှများကို ဝတ်ဆင်လျက်။ ဂျူဗလီဟော(လ်) အနီးတဝိုက်တွင် ပျားပန်းခတ်မျှ သွားလာနေကြလေသည်။

ဂျူဗလီဟော(လ်)အတွင်းပိုင်း၌ကား။ မည်သို့ဖြစ်ပျက်နေကြသည်ကို မဆိုပါနှင့်။ ထိုဝင်းခြံကြီးအတွင်း၌ပင်လျှင် ဖြူဝါ နီပြာ ရောင်စုံဖြာသော လူအုပ်ကြီးကား တိုးမပေါက် လောက်အောင် စည်ကားနေလေတော့သည်။

ရွှေတိဂုံဘုရားလမ်းပေါ်ရှိ ဆန်းကာဖေး ဘက်မှ နေ၍ ခေါင်းကလေး တမော့မော့ လည်ကလေး တယမ်းယမ်းဖြင့် တသုတ်သုတ် လျှောက်လာသော လုလင်တဦးသည်၊

သုမောင်

ဂျူပလီဟော(လ်)ဘက်သို့ မျှော်ကြည့်ယင်း အင်း . . . သည်ကနေ့တော့ဖြင့် ညီကလေးတယောက် သည်ပွဲကို ရောက်မယ်လို့ ဝိုင်းဖုံးစာကလေး ရေးပို့ပေးခဲ့တာ ကပဲ၊ နောက်ပြီး. . . ညီကလေးဟာဖြင့်ယင် မသေချာပဲ ဘာကမှ လုပ်တတ်တဲ့သူ မဟုတ်ရှာဘူး၊ ဟု မိမိ စိတ်ကူးပေါက်ရာကို တွေးတောယင်း ဂျူပလီဟော(လ်) ရှေ့သို့ ရောက်လာသည်တွင်။ ဟဲလို၊ မစ္စတာဖေသန်းဟု နှုတ်ဆက်သံကို ရုတ်တရက် ကြားလိုက်ရလေသည်။

လှလင်သည်လည်း အသံကြားရာဘက်သို့ ကသုတ်ကရက်ကြည့်လိုက်သည်တွင်၊ ငယ်ငယ်ကတည်းက ကျောင်းနေဘက်ဖြစ်သော၊ မောင်မောင်ဘကို တွေ့ရလေတော့သည်။

မောင်မောင်ဘသည်။ ကောလိပ်ကျောင်းသားဖြစ်ပြီး ငယ်နာမည်မှာ မောင်မောင်ဘမှ နေ၍ အင်္ဂလိပ်စကူးကျောင်းတွင် နေလာခဲ့ရာမှာ၊ မိုက်ကယ် မောင်မောင်ဘ ဟူ၍ အမည် ပညတ်ထားခဲ့သူဖြစ်လေရာ။ အင်္ဂလိပ်ထုံးစံအတိုင်း ဟဲလို၊ ဟု နှုတ်ဆက်ခြင်း ဖြစ်လေ၏။

မောင်ဖေသန်းသည် မောင်မောင်ဘကို အနည်းငယ်မျှပင် စိတ်၌ ခံတွင်းမတွေ့သည် မှန်သော်လည်း မြန်မာလူမျိုးတို့၏၊ ဂုဏ်သိက္ခာကို စောင့်ထိန်းတတ်သော၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ၊ အပယီက အပေါ်ယံ သဘောဖြင့် ပြုံးပြ နှုတ်ဆက်ရလေတော့သည်။

အိုင်ဆေး မစ္စတာဖေသန်း ပွဲကြည့်ရအောင် လာတာပဲလား ဟု မောင်မောင်ဘက မေးမြန်းလေရာ မောင်ဖေသန်းလည်း မဟုတ်ပေါင်ဗျာ။ ကျွန်တော့မှာ ဝံသာနုရက္ခိတ အသင်းကိစ္စများ။ အလယ်ပိုင်း တို့ဗမာအစည်းအရုံးအမှုများနဲ့ ကျွန်တော့်အိမ်အတွင်း ကိစ္စများနဲ့ အလုပ်ရှုပ်နေလို့၊ ပွဲလမ်းသဘင်များလည်း မကြည့်အားပေါင်ဗျာ။ ယခုက မိတ်ဆွေတဦးကို တွေ့ရန်အကြောင်းရှိလို့ပါ ပြောလေလျှင် မိုက်ကယ်မောင်မောင်ဘက အင်း။ ခင်ဗျားတို့သခင် ပေါက်စတွေမလည်း (ဘာပြောတယ်ဗျ) အော် ဆောရီး ဆောရီး။

ဟဲ . . .ဟဲ ခင်ဗျားတို့ သခင်တွေမလည်း ဒီဝိသာနုကိစ္စ၊ တို့ဗမာအစည်းအရုံး ကိစ္စနဲ့ပဲ အချိန်ကုန်လူပန်း ဖြစ်နေကြတာလား။ မိမိကိုယ်ကျိုးစီးပွား အတွက်များလည်း စဉ်းစားသင့်ပါတယ် ဟု ပြောလေ၏။

မောင်ဖေသန်းလည်း မိုက်ကယ်မောင်မောင်ဘနှင့် စကားဆက်ပြောနေ၍၊ အကျိုးမထူးလှသည်ကို သိသည်နှင့်၊ အိုင်ဆေး ကိုမောင်မောင်မိုက်ကယ်ဘ ကျွန်တော့်ကို ခွင့်ပြုပါဦး ဟု နှုတ်ဆက်လေလျှင် သူ့အမည်ကို ကပြောင်းကပြန် ခေါ်လိုက်သော မောင်ဖေသန်းကို မကျေမနပ်ဖြစ်လျက်၊ မရှိသွားဖြဲ ပြုံးပြပြီး ခြေလှမ်းကျဲကြီးဖြင့် ထွက်ခွာသွားလေတော့၏။

အင်း။ သူ့ပထွေးမျက်နှာဖြူကို အထင်ကြီးပြီး ကိုယ့်လူမျိုးကိုအထင်သေး။ ယူနီဗာစတီကောလိပ်မှာ မိဘအရှိန်အဝါနဲ့ ကျောင်းနေပြီး။ ကျောင်းက ဘီအေဘွဲ့ရယင် မြို့အုပ် အင်စပက်တော် ဖြစ်ချင်စိတ်လောက်သာ သင်းမှာရည်ရွယ်ချက် ရှိတာကပဲ၊ ယယ်ယယ်တုန်းဆီက မတော်တဆသူငယ်ချင်းဖြစ်ရတာတောင် ငါ့အဖို့ နစ်နာလေခြင်း ဟူ၍၊ မောင်ဖေသန်းသည် တကိုယ်တည်း တွေးတောယင်း ဂျူဗလီဟော(လ်) ဝင်းအတွင်းသို့ တလှမ်းချင်း ဝင်လာခဲ့လေရာ .. .. ..

ထိုနံရောအခါ၌ အမယ် သခင်ဖေသန်းတစ်ယောက် မကြို့စဘူး၊ မကြားစဘူး ပွဲလမ်းသဘင်တွေ ဘာတွေ လာတက်နေကမင့်ကိုး၊ ဟူသော ဖော်ရွေစွာ နှုတ်ဆက်လိုက်သောအသံကို သခင်ဖေသန်း ကြားလိုက်ရလေသည်။

ထိုအခါ မောင်ဖေသန်းသည်၊ မိမိကို နှုတ်ဆက်ဖော်ရွေသူ မည်သူပါမလဲ ဟူ၍၊ လှည့်ကြည့်လိုက်ရာတွင် မိမိနှင့် လုပ်ဖော်ကိုင်ဘက်၊ အရှေ့ပိုင်း တို့ဗမာအစည်းအရုံးမှ တက်တက်ကြွကြွရှိသူ လူငယ်သခင်ပေါက်စ မောင်အောင်မောင်း ဖြစ်နေသည်ကို တွေ့ရလေလျှင်၊

သုမောင်

မဟုတ်ရပေါင်ပါ၊ မစ္စတာမောင်အောင်မောင်းရယ် ဟူ၍ အစချီလိုက်လျှင်ပင်၊ နှစ်ယောက်သား အားရပါးရ၊ ရယ်မောကြလေသတည်း။ အကြောင်းမှာ - ထိုအခါက မစ္စတာဟု သုံးနှုန်းလျှင်၊ မြန်မာစစ်စစ် မျိုးစစ်ရိုးစစ်တို့အဖို့ရာ အလွန်မခံချိ မခံသာဘွယ် ဖြစ်လေသောကြောင့် ဖြစ်လေသည်။

ထိုအခါဝယ်၊ ဝန်စာရေးဦးကြီး ရေးသားစီရင်အပ်သော ‘ချည်ပေါင်ရွက်သည့် မောင်မှိုင်း’ ဝတ္ထုသည် လူသိများလှပေသည်။

ဝန်စာရေး ဦးကြီးသည်၊ ၎င်းဝတ္ထုကို ရေးသားရာ၌၊ မိမိဝတ္ထုတွင် ဇာတ်လိုက် အမည်ကို မောင်မှိုင်းဟူ၍ ရွေးချယ်သည်ကား။ အကြောင်းမဲ့ မဟုတ်ချေ၊ ဘိုးတော်ဘုရား လက်ထက်တွင် ပညာရှိ ပိဋကတ်တော်အုပ် ဆရာကြီး ဦးပညာ၏သား မောင်မှိုင်းဆိုသူ သည်၊ ဖခင်၏ကျေးဇူးကြောင့် ဖခင်ကွယ်လွန်သောအခါ ဘိုးတော်ဘုရား၏ သူကောင်းပြုခြင်းကို ခံယူရလေရာ၊ ဘုရင်၏ မြှောက်စားမှုကို အခွင့်ကောင်းယူ၍ ဗရမ်းဗတာ ပြုမူပြောဆို လိမ်လည် ပွေနောက်ခဲ့ဘူးလေသည်။ မှူးမတ်အပေါင်းတို့မှာ မင်းတရားကြီး သူကောင်းပြု မြှောက်စားတော်မူသောသူ ဖြစ်ခြင်းကြောင့် အရေးမယူဝံ့ပဲ သည်းခံမျိုသိပ်၍ နေခဲ့ကြရလေသည်။ ထိုမောင်မှိုင်း အကြောင်းများကို ရှေးအခါကပင် ချဲ့ထွင်ပြောဆိုခဲ့ကြသဖြင့် မောင်မှိုင်းမှာ လူရှုပ်လူပွေတဦး အဖြစ်ဖြင့် ထီးထဲနန်းထဲတွင် စကားစဉ် ရှိခဲ့ဘူးလေသည်။ ထို့ကြောင့်၊ ဦးကြီးသည် မိမိရေးသားမည့် ဝတ္ထုတွင်၊ ဇာတ်လိုက်ဖြစ်သူအား သဘာဝနှင့် လျော်ကန်အောင် မောင်မှိုင်းဟု အမည်ပေးလိုက်ခြင်း ဖြစ်ဟန်ရှိသည်။ (ဘိုးတော်ဘုရားလက်ထက် မောင်မှိုင်းအကြောင်းကို၊ မော်ပီဆရာသိန်း၏ ပါးစပ်ရာဇဝင်တွင် အတော်အတန် ဖော်ပြထားလေသည်။)

ထို့ကြောင့်ပင် ရှေးအခါက၊ လူယုတ်မာ၊ အကြံသမား၊ ကြာကူရီခေါ် သူတပါး သားမယားကို ပြစ်မှားသူတို့အား ‘မောင်မှိုင်း’ ဟူ၍ တင်စား ခေါ်ဝေါ် ရှုတ်ချမြဲ ရှိခဲ့လေသည်။

သုမောင်

## ဆရာလွန်း မစ္စတာမောင်မှိုင်း အမည်ခံယူပုံ

ချည်ပေါင်ရွက်သည် မောင်မှိုင်း ဝတ္ထုပေါ်ပေါက်လာသော ကာလတွင်၊ လူသူစပင်းတို့သည် မောင်မှိုင်းကို အလွန်မုန်းတီး ကြလေတော့သည်။ မောင်မှိုင်းဟူသော အမည်သည် တပါးသူ၏ သားပျိုသမီးပျိုတို့အား လိမ်လည်သူ၊ လူညှိဖျား ဖျက်စီးသူ ကြာသမား ဟူ၍ စွဲမှတ်ကြလေကုန်သည်။

အချင်းချင်း ပုတ်ခတ်ဆဲရေး ကြသောအခါများ၌လည်း `မောင်မှိုင်း´ ဟူ၍ ပညတ်ပမှည်း တပ်လိုက်ရုံဖြင့် ဆတ်ဆတ်ခါအောင် နာတတ်ကြလေရာ `မောင်မှိုင်း´ အမည်ကို တတိုင်းတပြည်လုံးက နလုံးနာလျက် ရှိကုန်၏။

တနေ့သောအခါ ကျီးသဲလေးထပ်ဆရာတော်၏ တပည့်ရင်း မြန်မာပညာရှိ ဦးလွန်းသည်၊ ဆောင်းပါးတစောင်ရေးရာ၌၊ အမည်ဝှက်ဖြင့် ရေးလေရာ၊ မြန်မာအမျိုးသားဖြစ်ပါလျက်၊ အမည်၏ အရှေ့တွင် ဦး၊ ကို၊ မောင်၊ ဟူသော ဝေါဟာရအစား ဗြိတိသျှ အင်္ဂလိပ်တို့၏ အမည်ရှေ့တွင် မစ္စတာတပ်လျက်၊ မစ္စတာမည်သူမည်ဝါ ဟူ၍ သုံးစွဲသော အလေ့ရှိသူတို့အား သရော်ချင်သဖြင့် မိမိ၏ ကလောင်အမည်ဝှက်ကို "မစ္စတာမောင်မှိုင်း" ဟူ၍ တမင်တကာ သုံးလိုက်လေတော့သည်။

ထိုအခါ၊ မစ္စတာကို အလေးအမြတ်ထားကြကုန်သော အင်္ဂလိပ်ရူး မြန်မာများ အကြီးအကျယ် အထိနာလျက်၊ ဒေါသူပုန်ကြွကာ `မစ္စတာ´ ကို ရစရာမရှိအောင် ပြုရက်လေခြင်းဟု သတင်းစာတိုက်ကို လာရောက်ဆဲရေးကြိမ်းမောင်းသည် အထိ ဖြစ်ခဲ့ဘူးလေသည်။

သို့ရာတွင်၊ ဆရာကြီး၏ ဂုဏ်ကျေးဇူးကြောင့် အချို့ပုဂ္ဂိုလ်များမှာ၊ မစ္စတာဘဝမှ ဦးဘဝသို့ပြောင်းလွဲ သွားခဲ့ကြလေသည်။

သုမောင်

ဆရာကြီးဦးလွန်းသည် ဤသို့အားဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း အမည် တွင်လာလေသတည်း။ ဘွိုင်းကောက်ဋီကာ၊ ဒေါင်းဋီကာ၊ ပိုလ်ဋီကာ၊ စသည်တို့ကို မစ္စတာမောင်မှိုင်းအမည်ဖြင့် ဆရာကြီးက ရေးသားခဲ့လေသည်။

ဤသည်ကို အကြောင်းပြုပြီးလျှင်၊ သခင်ဖေသန်းက သခင်အောင်မောင်းကို မစ္စတာအောင်မောင်းဟူ၍ ကျီစယ်လိုက်ခြင်း ဖြစ်လေသည်။ သခင်များ လောက၌၊ တယောက်နှင့် တယောက် မကျေမချမ်းရှိလာလျှင်၊ မစ္စတာတပ်၍ခေါ်တတ်လေရာ ဆတ်ဆတ်ခါ နာတတ်ကြသည်နှင့် ကျီစယ်စရာရှိလျှင်လည်း ဤသို့ပင်၊ မစ္စတာတပ်၍ ကျီစယ်တတ်ကြသည်ကို သခင်အောင်မောင်းရော၊ သခင်ဖေသန်းပါ နားလည်ကြလေရာ၊ တဦးသဘောကို တဦးသိထားကြသူများပီပီ ရယ်မောမိကြခြင်းဖြစ်လေသည်။

သခင်ပေါက်စ နှစ်ယောက်လည်း ရယ်ကာ မောကာဖြင့် ဂျူဗလီဟော(လ်) ဝင်းအတွင်းသို့ ဝင်လာခဲ့ကြလေရာ၊ မောင်အောင်မောင်းက စကားဆက်ပြန်သည်မှာ ဘယ်လိုအကြောင်းများ ထူးလို့ သည်လို ရောက်လာရသတုန်းဗျ ဟု မေးလေလျှင် မောင်ဖေသန်းလည်း ရှက်ပြုံးတချက်ပြုံးပြီး မိတ်ဆွေတယောက်များ တွေ့လိုတွေ့ငြား ဆိုပါတော့ သခင်အောင်မောင်းရယ် ဟု ဆိုလေ၏။

အောင်မယ်လေးဗျာ၊ သခင်အရှင်းရှင်း သည်လိုဖြင့် လှည့်ဖြားမနေပါနှင့်၊ မခင်ညိုကလေးကို ရှာရအောင် လာခဲ့တာ မဟုတ်လား။ ဟု သခင်အောင်မောင်းက မေးပြန်လျှင် သခင်ဖေသန်းလည်း မတတ်သာတော့သည့်အဆုံး၊ ပြုံးပြုံးကြီးနေလျက်၊ လုပ်ကရော့မယ် သခင်အောင်မောင်းကတော့ဖြင့် ဟု ဝရုန်းသုံးကား ပြောမိလေတော့သည်။

မိတ်ဆွေနှစ်ဦးတို့လည်း စကားတပြောပြောဖြင့်၊ တဦးကိုတဦး နောက်ပြောင် ယင်းက၊ ဂျူဗလီဟောအတွင်းသို့ ရောက်လာခဲ့ကြရာ၊ မောင်ဖေသန်းက၊ မောင်အောင်မောင်းကို မေးလိုက်သည်မှာ၊ အိုင်ဆေး၊ ဘာကိစ္စနဲ့ ခင်ဗျားကကော

သုမောင်

သည်နေရာကို ရောက်နေရသတုန်းဗျ။ ဤတွင် မောင်အောင်မောင်းလည်း။ အနီးအပါး ပတ်ဝန်းကျင်ကို အကဲခတ်လျက်။ မျက်စိမျက်နှာ အမူအရာကိုတတ်နိုင်သမျှ ချုပ်တီးပြီး။ အိုင်ဆေး သခင်ဖေသန်း။ ဗွာနချုပ်က သခင်ကြီးတွေက။ သည်ပွဲမှာ တတ်နိုင်သမျှ ပါဝင်ကူညီယင်း သတိဝီရိယရှိဖို့ရာ မှာလိုက်သောကြောင့်ဟု ဖြေလျှင်။ သခင်ဖေသန်း လည်း အင်း ဒီအချိန်မျိုးမှာ ကျွန်တော်လည်း တာဝန်တခုခုမယူနိုင်တာ နာသဗျာ ဟု တိုးတိုးပြန်ပြောလေ၏။

ဒါကတော့ဗျာ။ ခင်ဗျားလည်း သိမ်ကြီးဈေး သန့်ရှင်းရေးလုပ်ယင်း။ ဈေးသူဈေးသားတွေကို စည်းရုံးနေရတဲ့ တာဝန်ကြီးက ရှိသမို့လား။ အတူတူပဗျာ။

တိုင်းပြည်ကိစ္စ ဘာပဲလုပ်လုပ် အကျိုးချည်းပဲပေါ့ ဟု သခင်အောင်မောင်းက ပြန်ပြောရာ။ သခင်ဖေသန်းကလည်း။ ဒါပေမယ်လို့ဗျာ။ ခုလိုအရေးကြီးတဲ့ ပွဲလမ်းမျိုးမှာ ကျွန်တော် တဒေါင့်ဒေါင့်က မပါနိုင်တာ နာလှတယ်။ သည့်ထက်ဆိုးတာက ကျွန်တော် ယခုလာခဲ့ရာမှာ ချစ်တဲ့သူ မခင်ညိုလေးကြောင့်မို့လို့ စိတ်ထဲကဖြင့် မလုံမလဲ ရှိလှသဗျာ ပြောလေ၏။

ဤတွင် မောင်အောင်မောင်းကလည်း။ အိုင်ဆေး သခင်ဖေသန်း။ ခင်ဗျားရဲ့ တတ်ကြွလှတဲ့ စိတ်ဓါတ်ကို ကျွန်တော်တို့ သခင်လောကမှ သိပြီးသားပါ။ တခါတရံတော့ လည်း မိမိရဲ့အမှုကိစ္စကိုလုပ်ဆောင်ဖို့ရာ ဓမ္မတာပေပဲ။ မြတ်စွာဘုရားတောင်မှ တခါတရံ မိမိအမှုကိစ္စအတွက် ဆောင်ရွက်တော်မူရသေးတာ ကလား။ ခင်ဗျားကိစ္စကဖြင့် လောကသားတွေအဖို့ရာ။ မပြုမဖြစ်တဲ့ မေတ္တာအချစ်ကိစ္စပဲလေ။ ပြီးတော့ကာ။ အမြဲတမ်း သည်ကိစ္စကိုပဲ ဆောင်ရွက်နေရသူမို့ ဘယ်သူကမျှား ခုလို တခါတရံ မိမိအကျိုးကို လုပ်တာမှာ ပြောဝံ့ပါ့မလဲ။ ဟု ထောက်ခံစကား ပြောကြားလေ၏။

သူမောင်

မောင်ဖေသန်းကလည်း။ အေးဗျာ။ ကျွန်တော့်မှာလည်း အလယ်ပိုင်းတို့ဗမာအစည်းအရုံးမှာ လုံးလုံးလျားလျားဆိုသလို တာဝန်ယူနေရပါတယ်။ ကျွန်တော်တို့ဥက္ကဋ္ဌဆိုတာကလည်း။ နာမည်သာ အခံရှိတယ်။ ဘုန်းကြီးလူထွက်ပီပီ ဘာတခုမှ လုပ်တတ် ကိုင်တတ်တာ မဟုတ်ပေဘူး။ အစစ၊ ကျွန်တော့်တာဝန် ချည်းပဲ၊ သူကတော့ လက်မှတ်ထိုးရုံလောက်သာ သိတဲ့လူကိုးဗျ။ ဘာပဲဖြစ်ဖြစ်။ ကျုပ်တော့ ကုန်စျေးတန်းပိုင်းမှာ။ ဓနရှင်။ အရင်းရှင်ကြီးတွေရဲ့ထောက်ခံမှုကို ရအောင်လို့သာ။ သူ့ကိုဥက္ကဋ္ဌခန့်ထားရတာကိုး။ ဟု ပြောလေလျှင်။ သခင်အောင်မောင်းလည်း တိုးတိုးဗျ။ သည်နေရာမယ် ဗြိတိသျှ အလိုတော်ရိတွေကလည်း ခြေရှုပ်ပါဘိသနဲ့၊ တော်ကြာနေ ဘာမဟုတ်တာနဲ့ အထင်ခံရပေအုံးမယ် ဟု ပြောပြီးလျှင်။ သခင်နှစ်ယောက်လည်း ပြောလက်စ စကားကို ဖြတ်လိုက်ကြလေ၏။

ခေတ္တမျှ ကြာသောအခါ။ သခင်နှစ်ယောက်လည်း မိမိတို့ သွားလိုရာသို့ လမ်းခွဲကြသည်တွင်။ သခင်ဖေသန်းသည်၊ မိမိနှင့် အချိန်းအချက်ရှိရာ။ အထူးတန်းဘက်သို့ ခပ်သွက်သွက် ထွက်လာခဲ့လေတော့သည်။

မခင်ညိုသည်၊ လည်တဆန့်ဆန့်ဖြင့် မောင်ဖေသန်းကို မျှော်နေလေ၏။ သူ၏ အချစ်ဦးသူသည် ယခုတိုင် ပေါ်မလာနိုင်သေးပါကလား ဟူ၍။ မိန်းမပျိုတို့၏ ချစ်ဒေါသကလေးလည်း ထွက်နေရှာလေသည်။

အမှန်တော့မူ မခင်ညိုအဖို့ မောင်ဖေသန်းကို ကျဲနေရာသို့ ချိန်းဆိုရသည်မှာ။ အလွန်တရာမှ အန္တရာယ်ကြီးမားလှပေသည်။ မိမိဖခင် ဒီစရိတ်တရားသူကြီး ဦးစံမင်းသာ သိရှိသွားပါလျှင် ဒုက္ခလှလှကြီး ရောက်နိုင်ပေသည်။

သုမောင်

အင်္ဂလိပ်၏အလိုတော်ကျ ရာထူးကြီးရရှိထားသူ ဦးစံမင်းသည်၊ အင်္ဂလိပ်ဘုရင်ခံနှင့် ရာထူးရာခံများကို များစွာမှ လိုလားသူဖြစ်လေရာ၊ သခင်တည်းဟူသော မျိုးချစ်များကို လွန်စွာမှ မုန်းတီးသူ ဖြစ်လေသည်။

ဤကဲ့သို့လျှင် ကြေးနှင့်သံကို ဂဟေဆက်၍ မရနိုင်ဘိသကဲ့သို့၊ သခင်ပေါက်စမောင်ဖေသန်းနှင့် ဒိစရိတ်တရားသူကြီး ဦးစံမင်း၏သမီး မခင်ညိုတို့သည် အဆက်အစပ်ကွာဟလျက် ရှိလေသည် မှန်သော်လည်း မေတ္တာခါတ်သည် အရာရာကိုဆက်သွယ်ပေးကြောင်း။ ရှေးသူဟောင်းတို့၏ အဆိုအမိန့်အတိုင်း။ တဦးမေတ္တာတဦး ဆက်သွယ်မိကြလေသည်တွင်၊ ယခုကဲ့သို့ နိုးဝှက်တွေ့ဆုံရသော အဖြစ်သို့ ရောက်နေကြရရှာလေသတည်း။

သခင်ပေါက်စမောင်ဖေသန်းနှင့် ဒိစရိတ်တရားသူကြီးသမီး မခင်ညိုတို့၊ တွေ့ဆုံဖူးစာဘက်ကြသည်ကို ဇာတ်ကြောင်း ပြန်ရမည်ဆိုလျှင်......

တနေ့သ၌၊ ရန်ကုန်မြို့၊ ပုဇွန်တောင်ရပ်၊ အိုးဘိုလမ်းနေ၊ ဒိစရိတ်တရားသူကြီး ဦးစံမင်းနှင့်ဇနီး ဝိုးကုန်သည် ဒေါ်နှင်းလှိုင်တို့၏ တဦးတည်းသော သမီး မခင်ညိုသည် ဟိုက်စကူးဗိုင်နယ် ခေါ် အထက်တန်း နောက်ဆုံးနှစ် ကျောင်း စာမေးပွဲတွင်၊ ဗုဒ္ဓဘာသာဘာသာ၌ ဒုတိယဆု ကို ရရှိလေသည်။ တနိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပသော ဗုဒ္ဓဘာသာ စာမေးပွဲဖြစ်လေရာ၊ ပထမဆု ရသူမှာ အခြားမဟုတ်၊ စင်ထရယ် ကျောင်းမှ ဟိုက်စကူးဗိုင်နယ် ကျောင်းသားမောင်ဖေသန်း ဆိုသူပင် ဖြစ်လေ၏။ ထိုမောင်ဖေသန်းကား၊ နောင်အခါ ကျွန်ပညာ အလိုမရှိဟု ကြွေးကြော်ယင်း သခင်အသင်းသို့ ဝင်ရောက်ပြီး တိုင်းပြည်လွတ်လပ်ရေးအတွက် တက်ကြွစွာ ပါဝင်လှုပ်ရှားလာမည့် သခင်ဖေသန်းပင် ဖြစ်ပါတော့သည်။

သုမောင်

ငှင်းတို့ နှစ်ဦးသည်၊ ပညာရည်ချွန်ဆုပေးပွဲတွင် စတင် တွေ့ဆုံရာမှ တဦးမေတ္တာ တဦးမှာ ဆိုဘိသကဲ့သို့ စိတ်ခါတ်ချင်း ဆက်သွယ်မိရာတွင်။ ချစ်ချင်းအစ, မျက်စိက ဆိုသည့်အတိုင်း။ တဦး၏ မနောခါတ်ကို တဦးက အကဲခတ်မိကြလေတော့သည်၊

ဤအတတ်သွားကို အကျဉ်းချုပ်ရပါမူ။ ထိုနေ့မှ အစပြု၍၊ မောင်ဖေသန်းနှင့် မခင်ညိုတို့သည် တဦးကိုတဦး မေတ္တာသက်ဝင် ချစ်ခင်စုံမက်မိကြသည်ဟူလို၊

ငှင်းနောက်။ တဦးနှင့် တဦး စာအားဖြင့်လည်းကောင်း။ တဆင့်ခံ လူအားဖြင့် လည်းကောင်း။ ဆက်သွယ်လာကြလေသည်မှာ၊ တကြိမ်မျှပင် နှစ်ဦးချင်းတွေ့ဆုံဘူးသည် မရှိချေ။

ယခုတကြိမ်တွင်လည်း လူချင်းတွေ့ဆုံကြရန် အကြောင်းမဟုတ်ပဲ၊ မျိုးရိုးဂုဏ်ရှိန်မြင့်သော အမျိုးကောင်းသမီး ပီသသူမခင်ညိုမှာ၊ မောင်ဖေသန်းကို မျက်နှာမြင်သာရုံတွေ့ဆုံလိုသော သဘောမျိုးဖြင့် ချိန်းဆိုခြင်းမျှသာ ဖြစ်ပေသည်၊

ဤသို့အားဖြင့် မောင်ဖေသန်းသည် အထူးတန်းပွဲကြည့်စင်နံဘေး။ လူသွားစင်္ကြံ ပေါ်တွင် ခေါက်တုန့်ခေါက်ပြန် လမ်းသလား၍ နေလေတော့သည်။ သူ၏ မျက်လုံးတို့သည် ကားဟုဆိုလျှင်။ မခင်ညိုကလေး ရှိရာအရပ်ကို၊ ဘယ်ခုံနံပါတ်မှာများရှိပါလိမ့် မလဲဟူ၍ ကျိုးကြည့် ကြောင်ကြည့် ကြည့်နေလေ၏။

သို့ရာတွင်၊ ကပွဲဇာတ်ပွဲတို့ ထုံးစံမှာ၊ ပွဲကြည့်ပရိတ်သတ်၏ ဗိုလ်ပုံအလည်၌ ဓာတ်မီးဆီမီး ထွန်းညှိထားရိုး ထုံးစံမရှိသည့်အတိုင်း။ မောင်ဖေသန်းသည် မခင်ညိုလေး ဘယ်နေရာရှိမည်ကို ယော်ရမ်း၍ သာလျှင်၊ ကြည့်နေရပေသည်၊

သုမောင်

ထိုနည်းလည်းကောင်းအတိုင်းပင်။ မခင်ညိုလေးမှာလည်း။ ရွှေလည်တိုင်ဖော့ရိုး ကျိုးလှမတတ်။ ဆိုရလောက်အောင် မောင်ဖေသန်း ဘယ်အချိန်များ ရောက်လာပါမလဲ ဟူသော သဘောမျိုးဖြင့် လှသွားစကြံ ဘက်သို့ တငေးငေး တမျှော်မျှော် မျက်နှာကလေး မော်လျက်။ အရိပ်တကြည့်ကြည့် ရှိနေလေရာ။ နံဘေး၌ ထိုင်လျက် ပွဲသဘင်သို့ စိတ်ဝင်စားနေသူ မိခင် ဒေါ်နှင်းလှိုင်က သမီး၏ အရိပ်အခြေကို ဂရုပြုမိသည်နှင့်။ ဟဲ့ ... သမီး ပွဲကြည့်ရအောင် လာမင့်ဟာ။ ဘာကိုများ ဒါလောက် ငေးနေရသတုန်း ဟု မေးလေလျှင် မခင်ညိုလေးကမှာလည်း အိပ်ရာမှ နိုးသူပမာ ပြူးပြူးပျာပျာ ဖြစ်လျက်။ အော် .. အဲ .. အင်း၊ ဘာရယ်မဟုတ်ပါဘူး မေမေရယ် ဟု ဖြေလေ၏။

ဒေါ်နှင်းလှိုင်လည်း။ ညည်းဖြင့်အေ ပွဲသွားမည်ဆိုတုန်းကလည်း ညည်းပဲ တပူစာစာ လုပ်နေပြီးပွဲခင်း ရောက်တော့လည်း ဟိုငေး သည်ငေးနှင့်၊ တယ်ခက်သကိုး ဟု ဆိုပြီးလျှင်။ ဇာတ်စင်ဘက်သို့ ပြန်၍ လှည့်လေ၏။

ကပြနေသော အစီအစဉ်တရပ်မှာကား။ "ဂျပ်ကောင်ယိမ်း" ဟု ကာလသားများ က၊ ကျီစယ်စကားဖြင့် အမည်သညာပေးကြသော။ "ယပ်တောင်ယိမ်း" ဖြစ်လေသည်။

ယပ်တောင်ယိမ်းဆိုသည်မှာ၊ ကိုးနှစ်၊ ဆယ်နှစ်အရွယ်။ ကျောင်းသူကလေးများက ယပ်တောင်ကလေးတွေ ကိုယ်စီဖြင့် မညီမညာ ယိမ်းကပြခြင်း ဖြစ်လေသည်။ ထိုကျောင်းသူ ကလေးများမှာ။ ရန်ကုန်မြို့ ပုဇွန်တောင် မြူနီစီပယ်ကျောင်းမှလာတန်းမှ ကျောင်းသူကလေးများ ဖြစ်ကြပြီး။ သူတို့၏ ကျောင်းအုပ်ဆရာကြီးကား အမျိုးသားရေးစိတ် အလွန်ထက်သန်သော ဆရာကြီးဦးရွှေဘုန်းရင် ဖြစ်ပေကြောင်း။

ဤအကြောင်းချင်းရာနှင့် ပတ်သက်၍။ ရှင်းလင်း တင်ပြရမည်ဆိုလျှင်။ ယခုကာလဝယ် ရန်ကုန်မြို့တော်၌ ဗြိတိသျှလူမျိုးအင်္ဂလိပ်မင်းများ စိုးမိုးနေကြသည်ဖြစ်ရာ

သူမောင်

အရပ်ရပ်တွင် ခရစ်ယာန် မစ်ရှင်စကူးများသာ မှိုလိုပေါက်၍ နေသည့်အတိုင်း။ မြန်မာအမျိုးသားကျောင်းများ မျက်နှာငယ်လျက် ရှိပေသည်။

အဆောင်အအုံ ကြီးမားခန့်ထည်သည်ဟူ၍။ အင်္ဂလိပ်မစ်ရှင်ကျောင်းများသာ ရှိကြပေရာ။ တိုးတက်ဖွံ့ဖြိုးသော မြန်မာအမျိုးသားများမှာ။ အင်္ဂလိပ်မစ်ရှင်စကူးဖြစ်သော။ စိတ်ပေါ့၊ စိန်ဂွန်း တို့ကဲ့သို့သော။ ထည်ဝါခန့်ညားသော မြန်မာ အမျိုးသား ကျောင်းကြီး တစ်ဆောင် ဆောက်လုပ်လှူတန်းရန်။ စိတ်ကူး တည့်လာကြသည်နှင့်၊ မြို့မကျောင်းကြီး ကို၊ အမျိုးသားရေး စိတ်ဓါတ်ပြင်းပြသူများက၊ တည်ဆောက်ရန် စတင်စီမံကြလေ တော့သည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရလည်း။ အများဗိုလ်ပုံလူထု၏ ဆန္ဒကို မလွန်ဆန်သာသည် နှင့်။ မြို့မကျောင်း ရန်ပုံငွေကပွဲကို ယခုကဲ့သို့ ပြုလုပ်ရာ၌။ မတတ်သာပဲ လက်ပိုက် ကြည့်နေရလေတော့သည်။ သို့ရာတွင် အထက်၌ ဆိုခဲ့ပြီး သကဲ့သို့၊ မိမိတို့၏ အလိုတော်ရိများ။ စပ်ပုလိပ်များကိုကား တင်းကျပ်စွာခန့်ထားယင်း။ သခင်များ၊ ဝံသာနုများ၊ အမျိုးသားရေး စိတ်ပြင်းပြသူများကို အထူးဂရုပြုနေကြလေသည်။

မည်ကဲ့သို့သော အကြောင်းတရားမျိုးပင် ရှိနေစေကာမူ၊ မြို့မကျောင်းကြီး ဆောင်လုပ်ရေး ရန်ပုံငွေပွဲတော်တွင် ရန်ကုန်မြို့တော်ရှိ၊ မူလတန်းကျောင်းကလေးများမှ အစ၊ ယူနီဗာစီတီ ကောလိပ်ကျောင်းကြီးအထိ၊ ရှိရှိသမျှ ဝံသာနုစိတ် ပြင်းပြသူ ကျောင်းသူကျောင်းသား ဆရာဆရာမများကား စေတနာ ထက်သန်စွာ ပါဝင်ကူညီ ကြသည့် အလျောက်၊ တိုင်းသူပြည်သား လူထုကြီးမှာလည်း၊ တိုးမပေါက်အောင် အားပေးကူညီ နေကြလေတော့သည်။

တခေတ်ဆို တစ်ယောက်ထွန်းပေါက်ခဲလှသော၊ အမ်အေခေါ် မဟာဝိဇ္ဇာတန်း ကျောင်းသူ အမ်အေမအုန်း ကိုယ်တိုင်ပင်ပါဝင် ကူညီကပြမည့်အကြောင်း။ မိုးဒေဝါပတ်ပျို့

သုမောင်

သီချင်းတပုဒ်တည်းဖြင့်၊ တဟုန်ထိုး ဟိုးဟိုးကျော်နေသော အဆိုတော် မလှရွှေကလည်း။ ကိန္နရာသီချင်းဖြင့် ဖျော်ဖြေမည့်အကြောင်း။ အခြားသော နိုင်ငံကျော် အဆိုတော် ပြဇာတ်ဆရာများလည်း ကူညီကြမည့်အကြောင်း။ ကြေငြာချက်များလည်း ထွက်ပေါ်နေပေရာ၊ အမျိုးသားရေးစိတ် ပြင်းပြနေသော ဗမာလူထုကြီးမှာ၊ အားပေးမဆုံး တပြုံးပြုံး ရှိနေပေတော့သည်။

ဤအချိန်ကာလမျိုးဝယ် သခင်ပေါက်စ မောင်ဖေသန်းသည်၊ မိမိ၏ချစ်သူ မခင်ညိုကလေးထံ မေတ္တာခါတ်သဘောဖြင့် ဒရောသောပါး ရောက်ရှိလာရသည်ဖြစ်ရာ၊ မိမိစိတ်ကို မိမိ မလုံမလဲ ဖြစ်နေရသည် မှန်သော်လည်း။ လူသည်တခါတရံ မိမိ၏ အတွင်းခါတ်ခံကို မိမိဘာသာ၊ ပြုလုပ်ဆောင်ရွက်ခွင့် ရှိသည့် မှော်တာအတိုင်း။ ရုက်စိတ်ကို အတတ်နိုင်ဆုံး ဖုံးဖိကာ၊ အထူးတန်းစကြံ တလျှောက် ခေါက်တုန့် ခေါက်ပြန် လမ်းသလား၍ အချစ်ဇော‌ဖြင့် ဒရောသောပါး ဖြစ်နေလေတော့သတည်း။

ခေတ္တမျှ ကြာသောကာလတွင် မောင်ဖေသန်းလည်း မခင်ညိုကိုဖွေရသည်မှာ အကျိုးထူးတော့မည် မဟုတ်ဟူ၍ သဘောပေါက်ပြီးလျှင်၊ မိမိကြိုတင် ဝယ်ယူထားသော အထူးတန်း လက်မှတ်ခုံနံပါတ်အတိုင်း ရှာကြံ၍ ပရိတ်သတ်အတွင်းသို့ ဝင်ရောက်ခဲ့လေသည်။

မိမိထိုင်ခုံ အမှတ်နေရာသို့ ရှာဖွေရောက်ရှိလေလျှင်၊ “ဟင်” ဟူ၍ အာမေဍိတ် ပြုမိသည်အထိ အံ့ဩမိသည်မှာ မိမိရရှိထားသော ခုံအမှတ်သည် မခင်ညိုလေးတို့ မိသားစုတို့ ထိုင်ခုံနေရာနှင့် ကပ်လျက် ကျရောက်နေသောကြောင့် ဖြစ်ပေသည်။

တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခြင်းသည်လည်း တကြောင်း။ ကံကောင်း ထောက်မ၍ ဤနေရာကိုမှ ရလေသည်လည်း တကြောင်းကြောင့်၊ မောင်ဖေသန်း ခမျာမှာ ဝမ်းခေါင်းတွင်းရှိ ကလီဇာများ ကပြောင်းကပြန် ဖြစ်လျက်၊ အင်း ငါလိုတိုင်းပြည်

ကောင်းကျိုးအတွက် ဆောင်ရွက်သူများအဖို့ နတ်ကောင်း၊ နတ်မြတ်များက မစ လေပြီဟူ၍ အောင့်မေ့မိလေတော့သည်။

တဖန်၊ မောင်ဖေသန်း ရောက်ရှိလာသည်ကို မြင်လေလျှင်၊ မခင်ညိုလေးမှာ လည်း ရင်တုန်ပန်းတုန် ဖြစ်ရလျက်။ အင်း၊ ရတနာသုံးပါးကို ညစဉ်နေ့စဉ် ဆည်းကပ်တဲ့ အကျိုးကျေးဇူးကြောင့် ယခုကဲ့သို့ သူနှင့် ကြုံဖန်ပြီး ဆုံဆည်းရပေတာပဲ ဟု ကြည်နူးပျော်ရွှင် ရင်ကလေး တဖိုဖို ဖြစ်နေလေတော့သည်။

မောင်ဖေသန်းရရှိသော ထိုင်ခုံနေရာသည်၊ မခင်ညိုကလေးနှင့် အကြားတွင် နစ်ယောက်ခြားလျက် ရှိနေသည်မှာ၊ မောင်ဖေသန်းနှင့် ကပ်လျက်နေရာကား။ ဒိစရိတ်တရားသူကြီးဦးစံမင်း။ ဦးစံမင်းနှင့် ကပ်လျက်ကား ပိုးကုန်သည်ကြီး ဒေါ်နင်းလှိုင်၊ ၎င်းနှင့်ကပ်လျက်ကား မခင်ညိုနှင့် မခင်ညို၏နံဘေးတွင် အထိန်တော်ကြီး ဒေါ်စောမြခက် ဖြစ်နေလေသည်။

ပွဲသဘင်တို့မည်သည်မှာ၊ လူသူလေးပါး စုံလင်ရာ အရပ်ဖြစ်သည်ကြောင့်၊ အမျိုးကောင်း သားသမီးတို့သည်၊ မိဘမောင်ဘွား အခြွေအရံများ ခြံရံလျက် အလယ်ခေါင် နေရာမှာသာ ထိုင်ရရိုးထုံးစံ ဖြစ်သောကြောင့်၊ မောင်ဖေသန်းနှင့် မခင်ညိုတို့မှာ တစ်ယောက်နှင့် တယောက် လူနှစ်ယောက်ခြား၍ နေရာရနေခြင်း ဖြစ်ပေသည်။

ထိုကာလတွင်၊ ဂျပ်တောင်ယိမ်းဟု ကာလသားတို့က အမည်သညာ ပေးကြသော ယပ်တောင်ယိမ်းအဖွဲ့ ကပြဖျော်ဖြေ ပြီးစီးသွားရာ၊ လူထုပရိသတ်အကြားတွင် အထူးထင်ရှား ကျော်ကြားနေသော၊ တခေတ်တယောက်ဆိုသလို ထွန်းပေါက်အောင်မြင် နေသည့်၊ အမ်အေတန်းကျောင်းသူ မအုန်း၏ ကပြဖျော်ဖြေမှုအလှည့်ကို ရောက်ရှိလာပြန် လေသည်။

သုမောင်

မောင်ဖေသန်းလည်း၊ နေရာ၌ အတည်တကျ ထိုင်မိလေလျှင် မခင်ညိုကလေးဘက်သို့၊ တချက်တချက် ကွက်ကြည့် ကွက်ကြည့် လုပ်နေမိသည်တွင်၊ မခင်ညိုကလေးကလည်း မိန်းမတို့ ဇာခြေ့ သိက္ခာ မပျက်စီး စေစိမ့်သောငှာ၊ မောင်ဖေသန်းဘက်သို့ ငုံ့ခါငုံ့ခါ မျက်လွှာကလေး မပွင့်တပွင့်နှင့်၊ အသင့်အတင့်ကြည့်နေ မိလေတော့သည်။

ခေတ္တမျှ ကြာသောအခါ၊ ကပွဲသဘင်ကို ပြန်လည် စတင်လေရာ၊ ယခုတကြိမ် အလှည့်ကျသူမှာ ပရိသတ်လူထုနှင့် ကျောင်းသူကျောင်းသား လောကတွင် အများမျှော်လင့်တောင့်တ နေကြသော မဟာဝိဇ္ဇာတန်းကျောင်းသူ အမ်အေမအုန်း၏ ဖျော်ဖြေခန်း ဖြစ်ပေသည်။

အမ်အေ မအုန်းလည်း၊ ရိုးရာထုံးတမ်းအစဉ် မပျက်သော အဝတ်တန်ဆာကို ဆင်လျက်၊ ပရိသတ်ရှေ့မှောက်သို့ ထွက်ပေါ်လာရာ လက်ခုပ်သြဘာမစဲ ရှိနေလေတော့သည်တွင်၊ အင်း၊ ကျောင်းသူလောကမှာတော့ ဖြင့်ယင်၊ သည်လိုအမ်အေတန်းထိအောင် တက်ရောက်နိုင်သူ ရှားပေတာပဲ၊ တို့သမီးလေးလည်း အမ်အေတန်း ရောက်အောင် ကြိုးစားမှကွယ်၊ ကြားလား ချင်းညို၊ ဟူ၍ ဦးစံမင်းက မခင်ညိုဘက်သို့ လှည့်၍ စကားဆိုလိုက်လေသည်။

ဤတွင် မောင်ဖေသန်းလည်း၊ အော်၊ လက်စသတ်တော့ မခင်ညိုလေးရဲ့ အိမ်ခေါ်နံမည်က ချင်းညို ဆိုပါလား၊ ငါတော့ မခင်ညိုကလေးကို ချစ်စနိုးခေါ်ဖို့ရာ နာမည်သစ်တလုံးတော့ဖြင့် ရပြီဟူ၍ တယောက်တည်း ကျေကျေနပ်နပ်ကြီး ပြုံးမိလေသည်။

ထိုနည်းရောအခါ အမ်အေမအုန်းလည်း လိုက်ကာ ပုဏ္ဏားကွယ်ကြားမှ ထွက်လာပြီး သကာလ၊ ပရိသတ်မင်းအစုံတို့အား ဂါရဝပြု ဆုတောင်းပြီးလျှင် အလှည့်ကျလျှင်

မန္တလေးကြိုးစာအမ်း ဆိုသော သဘင်သည်တို့၏ စကားအစဉ်အတိုင်း။ မိမိတတ်စွမ်းသမျှကို အင်တိုက်အားတိုက် သီဆို ဖျော်ဖြေလေသည်မှာ။

"ရတနာပုံ မန်းရွှေမြို့သူ သဘောကောင်းလို့ စေတနာဖြူ၊ တစ်တီနာမည် ယူ ကျောင်းကြီး ကောလိပ်သူ"

ဤသို့ သံကုန်ဟစ်၍ ချစ်စဖွယ် သီဆိုလေရာ။ ကောလိပ်ကျောင်းသား ကာလသားများမှာ လက်ခုပ်သြဘာသံ တဖျောင်းဖျောင်းဖြင့် နစ်ထောင်းအားရရှိလှသည့် နည်းတူ။ ပရိသတ်ကြီးမှာလည်း ဟာပ်ထိုးလဲကျမတတ် အားပေးကြလေရာ။ ထိုအထည်းတွင် ဒီစရိတ်တရားသူကြီး ဦးစံမင်းလည်း အပါအဝင်ဖြစ်လေ၏။

ဦးစံမင်းလည်း။ ဇနီးသည်ဒေါ်နှင်းလှိုင်ဘက်သို့ လှည့်၍ အင်း ဒါကြောင့်လည်း အမ်အေမအုန်း ဆိုပြီး နာမည်သတင်းကြီးပေတာကိုး။ ဟု ပြောလျှင် ဒေါ်နှင်းလှိုင်က အသားကလေးကလည်း မဖြူမညို၊ အရပ်ကလေးကလည်း၊ မနိမ့်မမြင့်၊ ရုပ်ရည်ကလည်း ရှိ ပညာကလည်း အမ်အေတန်းအထိ တတ်သည့်ကြားကပင် အဆိုအက အနုပညာဗီဇ ကလေးကလည်း ပါနေပြန်တော့ သည်လောက် သတင်းကြီးရတာ ဘယ်ဆန်းပေမလဲ ကိုစံမင်းရဲ့ ပြန်ပြောလေလျှင်။ ဦးစံမင်းလည်း ခေါင်းတဆတ်ဆတ်ညိတ်ယင်း ပြုံးပြုံးကြီး ပြန်ပြောလိုက်သည်မှာ တို့သမီးချင်းညိုကိုလည်း အမ်အေတန်းအထိ ပညာရောက်အောင် ကြိုးစားပေးရမှာပဲ၊ သို့ပေတဲ့ ဒီလို သဘင်အလုပ်မျိုးမှာဖြင့် ဝါသနာမထုံစေချင်ဘူး။

ဤသို့ ဦးစံမင်းနှင့် ဒေါ်နှင်းလှိုင်တို့ အချီအချ စကားပြောနေကျစဉ်၌။ နံဘေးတွင်ကပ်လျက် ထိုင်နေသော မောင်ဖေသန်းလည်း။ အင်း အင်္ဂလိပ်လက်အောက်ခံ အရာရှိပီပီ ပညာရေးကိစ္စကိုတော့ တော်တော်စိတ်ထက်သန်တဲ့ လူကြီးပဲ။ သို့ပေတဲ့ အနုပညာကိစ္စကို အထင်အမြင်သေးတာကတော့ ရှေးဆန်လွန်းအားကြီးတယ် ဟု တွေးယင်းကပင်။ ဦးစံမင်းတို့ကို ကျော်ပြီး မခင်ညိုကလေးဘက်သို့ တချက်

သုမောင်

မျက်လုံးဝေ့လိုက်သည်တွင်။ မခင်ညိုကလေးကလည်း သူ့ကိုကြည့်နေခြင်းနှင့် အခိုက်ကြုံလေ၏။

အကြည့်ချင်းဆုံမိသဖြင့် ရင်တွေပန်းတွေတုန် သွားလေရာ။ မခင်ညိုကလေးခမျာမှာ။ ရှက်ကိုးရှက်ကန်းဖြစ်လျက် ဇာတ်စင်ဘက်သို့ တဖန် ပြန်လှည့်နေလိုက်၏။

မိန်းမတို့၌ သဘာဝတရားတခု ရှိနေသည်မှာ။ ရှက်စွံ့စရာတစ်ခုခုကို ပြုမိပြီးပြီဆိုလျှင်။ ထိုအပြုအမူကို တပါးသူကလည်း ရိပ်မိသွားပြီဆိုလျှင်။ မနေတတ် မထိုင်တတ်ဖြစ်လျက်။ အနေခက်ပြီး။ ရောက်တတ်ရာရာ စကားတခွန်းခွန်းကို အရှက်ပြေသဘောမျိုး ပြောလိုက်မိတတ်ကြလေသည်။

ဤမှတ်အတိုင်းပင် မခင်ညိုကလေးမှာလည်း။ မောင်ဖေသန်းကို တိတ်တခိုး ကြည့်လိုက်မိသည့် မိမိ၏ ကာယကံမြောက်လျှော့ပါးသွားရခြင်းကို အရှက်ပြေသဘော ဖုံးဖိနိုင်စေခြင်းငှာ အို - မေမေရို့ ဖေဖေရို့ ယခု အမ်အေမအုန်း သီဆိုနေတဲ့သီချင်းကလေး ဟာဖြင့် မရဲ့နားထဲမှာ စွဲစွဲမြဲမြဲ ကြားဘူးသလို ရှိပါတယ်ဟု လှမ်း၍ ပြောလေ၏။

ထိုအခါ ဦးစံမင်းနှင့် ဒေါ်နှင်းလှိုင်လည်း အင်း ဟုတ်ပေသားကပဲ သီချင်းစာသားက အသစ်အဆန်း ဖြစ်ပေတယ်လို့ တေးသံကိုတော့ ကြားဘူးနားဝ ရှိသလိုလိုပဲကွဲ့ ဟု ဦးစံမင်း က ပြန်ပြောလေ၏။

ဤကဲ့သို့ သားအမိသားအဖ သုံးယောက် အပြန်အလှန် ပြောနေကြသည်တွင်။ ဦးစံမင်းနံဘေးမှာ ထိုင်လျက်က။ အစစအရာရာ ဂရုစိုက်နားထောင်နေသူ မောင်ဖေသန်းလည်း။ အကွက်ဆိုက်လာသည်နှင့် အချက်ပိုင်ပြီဟု ဤသို့ စကားချီ၍ စပါးရောဖွဲရောဝင်ပြောလေတော့သည်မှာ။ တဆိတ်ကျေးဇူးပြုပြီး နာဆင်ပါလား ဦးမင်းခင်ဗျား။ ကျွန်တော်ဟာ ယခု အမ်အေမအုန်း သီဆိုသွားတဲ့ သီချင်းနှင့် ပတ်သက်၍ ရာဇဝင်ကို

အတန်အသင့် သိထားသူမို့ ဦးမင်း စိတ်ဝင်စားမှုရှိတယ် ဆိုလျှင် ပြောပြချင်ပါတယ်။

ဤကာလ၌ မခင်ညိုကလေးက တွေးမိသည်မှာ၊ အင်း စကားပြောကဖြင့် ရဲတင်းလိုက်ပါဘိတယ်။ ဘယ်အချက်မှာ ဘယ်တက်နဲ့ လော့ရမယ်ဆိုတာလည်း သူမို့လို့ သိပေတယ်။ လူပုံကဖြင့် တကယ်တည်း ပညာရှိကြီး ကျနေတာပဲ ဟူ၍ ချစ်စနိုး ဖြစ်လေသည်။ ထို့နောက် မိမိနှင့်မောင်ဖေသန်းတို့ မေတ္တာသက်ဝင်နေကြသည်ကို မသိရှာသော ဖခင်ဖျော လူငယ်တယောက် မိမိအပါးသို့ အရောတဝင် ချဉ်းကပ်လာခြင်းမှာ၊ ယောကျ္ာမလောင်းကြီးနှင့် ရင်းနှီးလိုသောကြောင့် ဟူသော အချက်ကိုလည်း သိမည်မဟုတ်ဟု တွေးမိပြီး။ တယောက်တည်း ကြိတ်၍ ပြုံးမိပြန်လေသည်။

ဦးစံမင်းလည်း လူငယ်၏ ရုပ်ရည် သန့်သန့်ပြန့်ပြန့်ရှိပုံ၊ ဗဟုသုတပြည့်စုံမည့်ပုံနှင့် ဉာဏ်ကောင်းတတ်သူ တို့၌ ရှိအပ်သော ချွန်ထွက်နေသည့် နောက်စိတို့ကို အကဲခတ်ပြီး သကာလ၊ သည် သူငယ်နှင့် စကားပြောရလျှင် အပျင်းလည်း ပြေနိုင်ပေတယ် ဗဟုသုတ တစ်ခုခုလည်း တိုးနိုင်ပေတယ်။ ပြီးတော့ ယခုလို အထက်တန်းနေရာမှာ လာကြည့်ပုံထောက်တော့၊ ငါတို့လို ပညာတတ် အထက်တန်းလွှာထဲက ဖြစ်ရမှာပဲဟု တွေးမိယင်း။ ကိုင်း ဆိုစမ်းပါအုံး မောင်ရင်ရဲ့ဟု စကားကြောင်းပေးလိုက်လေလျှင်။ မောင်ဖေသန်းလည်း အင်း အကွက်တော့ ဆိုက်ပြီဟု မှတ်ယူပြီးသော ကာလ၊ ဦးစံမင်းနှင့် မောင်ဖေသန်းလည်း အောက်ပါအတိုင်း စကားအရှိအရှ ပြောနေကြလေတော့သည်။

ဖေ ။ ။ ကျွန်တော့်နံမည်က မောင်ဖေသန်း ခေါ်ပါတယ်ခင်ဗျ။

စံ ။ ။ ဟေ (ရုတ်တရက် နားမရှင်းဟန် မျက်မှောင် ကုတ်သွားသည်။)

ဖေ ။ ။ ဒီလိုပါခင်ဗျာ။ ကျွန်တော်က ကျွန်တော့်ကိုယ် ကျွန်တော် ပထမဆုံး မိတ်ဖွဲ့တဲ့ သဘောပါ။

သူမောင်

စံ ။ ။ ကိုင်း ဒီလိုဖြင့် လိုရင်းကိုဆက်ပါအုံး မောင်ရင်ရယ်။

ဖေ ။ ။ ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်ဟာ ငယ်ငယ်ကတည်းက အငြိမ့်ပွဲဇာတ်ပွဲကို ဝါသနာပါလှပါတယ်၊ အထူးအားဖြင့်ကတော့ လူရွှင်တော်တွေကိုပေါ့ခင်ဗျာ၊ ဒံပေါက်ညှပ်ကြီးတို့ အတွဲဆိုယင် ဘယ်ပွဲဖြစ်ဖြစ် ကျွန်တော် လိုက်ကြည့်တော့တာပါပဲ၊

စံ ။ ။ နေစမ်းပါဦးကွဲ မောင်ရင် ယခု ပြောနေတာတွေနဲ့ အပ်အေမအုန်း ယခု သီဆိုနေတဲ့ သီချင်းနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ။

ဖေ ။ ။ ဟုတ်ကဲ့ ကျွန်တော် ပြောပြနေယင်းနဲ့ပဲ ရှင်းလင်းသွားပါလိမ့်မယ် ခင်ဗျာ။

စံ ။ ။ ဒီလိုဖြင့်လည်း ဆက်ပါအုံးလေ။ (စကားကို ကွေ့ကာ ဝိုက်ကာဖြင့် ဘယ့်နှဲ့ သွယ်ပါလိမ့်ဟူသော သဘောမျိုးဖြင့် ကြည့်လေသည်။)

ဖေ ။ ။ သည်လိုနှင့်ပဲ အဲ့သည့်လူရွှင်တော်ကြီးတွေနဲ့ ကျွန်တော်ဟာ ရင်းနှီးခွင့် ရခဲ့ပါတယ်ခင်ဗျာ။ အထူးသဖြင့် ကတော့ ဦးလေး ဦးကျင်ခဲပါပဲ။

စံ ။ ။ ဘယ်ဦးကျင်ခဲလဲ၊ တယောက်တည်းနဲ့ ခွေးသံ၊ သာလိကာသံ၊ အမယ်ကြီးအိုသံ၊ ဘိုသံ၊ တရုတ်သံ စုံနေအောင်လုပ်တတ်တဲ့ လူပြက်ဟာလား။

ဖေ ။ ။ မှန်ပါတယ်ခင်ဗျာ၊ ဦးခါတ်ဆီ ဦးခါတ်ဆံတို့နဲ့တွဲတဲ့ ဦးကျင်ခဲပါပဲ။ သူက ကျွန်တော်နှင့် တလမ်းတည်းနေသူဖြစ်ပြီ၊ အိမ်ချင်းကလည်း မျက်နှာချင်းဆိုင်မို့ တူလို သားလို ရင်းနှီးခဲ့ရပါတယ်။

သုမောင်

စံ ။ ။ နို့နေစမ်းပါဦးကွယ့်၊ ဒီမအုန်းဆိုတဲ့ သီချင်းက ဦးကျင်ခဲ စပ်တာလား။ (သိသာရန်။ ဦးကျင်ခဲသည် သီချင်းရေးဆရာလည်း ဖြစ်ကြောင်း။)

ဖေ ။ ။ ဦးကျင်ခဲစပ်တာတော့ မဟုတ်ပေါင်ခင်ဗျာ၊ သူ့သား စပ်တာသာ ဖြစ်ပါတယ်။

စံ ။ ။ သူ့သားက ဘယ်သူမို့တုန်းကွယ့်။

ဖေ ။ ။ တခြား ဟုတ်ရိုးပါလားခင်ဗျာ၊ နိုင်ငံကျော် စာရေးဆရာ သီးချင်းရေးဆရာ ရွှေတိုင်ညွန့် ပဲပေါ့။

ဦးစံမင်းလည်း၊ ဤအချက်ကို မိမိမသိလေခြင်းဟု အနည်းငယ်မျှ ရှက်မိသော်လည်း မောင်ဖေသန်းကိုမူ ကြိတ်၍ ချီးကျူးမိလေသည်၊ မောင်ဖေသန်း ကလည်း၊ သခင်ပေါက်စ နိုင်ငံရေးသမားပီပီ သည်အကွက်ကို နင်းမိရန်အတွက်၊ တမင်တကာ စကားကို ကွေ့ဝိုက်ပြောနေခြင်းဖြစ်ရာ၊ ပွဲကြည့်စင်ဘက်သို့ ကြည့်နေသော်လည်း၊ မနောဓာတ်က မောင်ဖေသန်းထံမှာသာ ရစ်ဝဲနေသော၊ မခင်ညိုကလေးမှာလည်း ချစ်သူမောင်ဖေသန်း အပေါ် ပို၍ အထင်ရောက်မိ နေလေတော့သည်။

ဖေ ။ ။ ကျွန်တော်ကလည်း တေးဂီတ ဝါသနာကြီးသူ ဖြစ်တာမို့ အချိန်အား ရတာနှင့် ဆရာရွှေတိုင်ညွန့် အိမ်းမှာသာ သွားနေတာတ်ပြီး၊ ပတ္တလားကလေး တီးပြီး သီချင်းစပ်နေတဲ့အခါမျိုးမှာ၊ ကျွန်တော်က အနားမှာ စည်းဝါးလိုက်ပြီး နေတာတ်ပါတယ် ခင်ဗျာ။

ထိုအချိန်တွင်ပင် အမ်ဒေဝမအုန်း၏ သီဆိုခြင်း အခန်းကဏ္ဍပြီးဆုံးခြင်းသို့

ရောက်လေရော၊ နောက်ထပ်အစီအစဉ်မှာ၊ မိုးဒေဝါသီချင်းဖြင့် နာမည်ကျော်ကြားနေသော မလှရွှေက စန္ဒကိန္နရီ သီချင်းဖြင့် တေးသရုပ်ဖော်ရန် အစီအစဉ်ဖြစ်လေသည်။ ဤတွင် ပရိသတ်လည်း လက်ခုပ်ဩဘာသံမစဲ ချီးကျူးထောပနာ ပြုကြလေရာ၊ ဦးစံမင်းနှင့် မောင်ဖေသန်းတို့လည်း၊ ဇာတ်စင်ရှိရာဘက်သို့ ကသုတ်ကရက် ကြည့်လိုက်ကြလေသည်။ ဤတွင် မောင်ဖေသန်းလည်း ငါတော့ နောက်ထပ် အကွက်တကွက်ဖြင့် ဆိုက်ပြန်ပါပြီကောဟု၊ မနော်ခွေသွားကြပြန်လေသည်။

အကြောင်းကား ဤသို့ဖြစ်လေ၏..။

စံ ။ ။ အင်း . . . မလှရွှေဟာလည်း ပါရမီပါတ်ခံအတော်ထူးသူ ပါပဲ၊ မိုးဒေဝါနဲ့ သည် စန္ဒကိန္နရီသီချင်း နစ်ပုဒ်တည်းနှင့် နိုင်ငံကျော်သွားတာ နည်းနည်းနောနော ထူးခြားမှု မဟုတ်ပေဘူး။

ဖေ ။ ။ မှန်ပါပေတယ်ခင်ဗျာ၊ ဝိုပြီး ထူးခြားတာက မိုးဒေဝါသီချင်းကို သီဆိုရာမှာ စန္ဒယားတလက်တည်းဖြင့် ဆိုသူရော တီးသူရော တဦးချင်း လက်စွမ်း ပြသသွားနိုင်တာ ပါပဲ။

ဦးစံမင်းသည် ဒုတိယအကြိမ် ရှက်ရွံ့မိပြန်သည်မှာ၊ မိုးဒေဝါ သီချင်းသည်၊ စန္ဒယားတလက်၊ ဆိုသူတယောက်တည်းနှင့် ပရိသတ်တို့၏ ဟဒယနှလုံးကို သိမ်းကြုံးယူနိုင်ခြင်းအား သူသတိမထားမိခဲ့ခြင်းပင် ဖြစ်ပေသည်။

ဖေ ။ ။ ပြီးတော့ သည်မိုးဒေဝါသီချင်းကို စန္ဒယားတီးပေးတဲ့ လူကလည်း တခြားမဟုတ်ပါရိုးလား ခင်ဗျာ။

စံ ။ ။ ဘယ်ဆရာကြီးများပါလိမ့် မောင်ရင်ရယ်။

သုမောင်

ဖေ ။ ။ (အနည်းငယ်ရယ်မောလျက်) နာမည်ကျော် စန္ဒယားဆရာများ မဟုတ်ရပေါင် ဦးမင်းရယ်၊ မသန်းမြင့်ဆိုတဲ့၊ မလှရွှေရဲ့ အစ်မ အရင်းပေါ့။ သူတို့ညီအစ်မ နှစ်ယောက်ထဲ ဆိုကြတီးကြယင်းနဲ့ နာမည်ကျော်သွားရတာပါပဲ ခင်ဗျာ။

စံ ။ ။ အင်း . . . . ပါရမီ ခေါ်ရ ပေမှာပဲ။

ဖေ ။ ။ သို့ပေတယ်လို့ ဦးမင်းရယ်၊ သီဆိုသူကိုသာ ပရိသတ်က အာရုံစိုက်ကြတာ ကလား။ တကယ်တန်း သီဆိုသူကို ပို့ပြီး နောက်က စန္ဒယားတီး လက်စွမ်းပြနေတဲ့ မသန်းမြင့်ကိုတော့ လူမသိကြရှာဘူး။

စံ ။ ။ ဟုတ်ပေသားကပဲ။

ထိုအခါ မသိမသာ နားထောင်နေသော၊ မခင်ညိုကလေး မှာလည်း၊ မောင်ဖေသန်း၏ ဗဟုသုတ ကြွယ်ဝပုံကို အံ့သြနေမိလေသည်။

စံ ။ ။ နို့ မောင်က သည်အကြောင်းကို ဘယ်လိုဘယ်ပုံများ သိလိုက်တာလဲကွယ့်။

ဖေ ။ ။ ကျွန်တော်နှင့်အတူ အမျိုးသားရေးကိစ္စများကို ဆောင်ရွက်နေတဲ့ မိတ်ဆွေ မြင်းခြံသား မောင်စိန်လှိုင်ဆိုတာ အဲသည် မသန်းမြင့်နဲ့က မိတ်ဆွေ ရင်းချာတွေ ကိုးခင်ဗျ။

မလှဆွေ၏ အခန်းကဏ္ဍ စတင်၍ မကြာခင်မှာပင်၊ ဦးစံမင်းနှင့် မောင်ဖေသန်း လည်း၊ ပထမ စကားကို ပြန်ဆက် ကြပြန်လေသည်။

သူမောင်

စံ ။ ။ မောင် စောစောကပြောတဲ့ စာရေးဆရာရွှေတိုင်ညွန့် အကြောင်းများလည်း ပြန်ဆက်ပါအုံးကွယ်။

ဇေ ။ ။ ဟုတ်ကဲ့ခင်ဗျာ သည်လိုပါ၊ ခုနင်က ကျွန်တော်ပြောသလို ဆရာရွှေတိုင်ညွန့်အိမ်မယ်၊ ကျွန်တော် ဂီတာလိုက်စားနေယင်းက တနေ့မှာ . . လူငယ်တချို့ ရောက်လာကြပါတယ်။ သူတို့ကတော့ တခြားမဟုတ်ပါဘူး။ ယခု ကျင်းပနေတဲ့ မြို့မကျောင်း ရန်ပုံငွေမှာ ကာလသားများ အသည်းခိုက်နေတဲ့ အမ်ဒေအမအုန်း သီဆိုရန် အတွက် သီချင်းရေးခိုင်းဖို့ပါပဲ။

စံ ။ ။ နို့ စောစောက သီဆိုသွားတဲ့ သီချင်းပဲ မဟုတ်လား။

ဇေ ။ ။ မှန်ပါတယ်ခင်ဗျား၊ သို့သော် အခက်အခဲရှိနေတာက သူတို့ကလည်း သီချင်းစာသားကို တရက်တည်းနှင့်အပြီး လိုချင်နေလေတော့ ရွှေတိုင်ညွန့်ကလည်း သီချင်းအပုဒ်ကို တရက်နှင့်အပြီး ရေးရသည်မှာ မကောင်းတာ လှပေတဲ့၊ သံစဉ်ရှာရန် ခက်ခဲတဲ့အကြောင်း ပြန်ပြောတော့၊ ရောက်လာတဲ့ လူငယ်များက (ဆရာရယ် နာမည်ကြီးသီချင်းတပုဒ် ပုဒ်ရဲ့ အလိုက်ကိုပဲ ယူပြီး သီစပ်ရေးဖွဲ့ပေးပါ) လို့ တောင်းပန်ကြပါတယ်။ သည်တော့ ဆရာက (သည်အလုပ်မျိုး သိပ်တော့ မလုပ်ချင် လှပါဘူးကွယ်၊ သို့ပေတဲ့ အမျိုးသားရေး ကိစ္စလည်းဖြစ်၊ သီချင်းရေးချိန်ကလည်း မရ ပြီးတော့ ပရိသတ်နဲ့ နားထဲမှာလည်း ချက်ချင်းစွဲသွားတာ တနည်းကောင်းတာမို့ ရေးစပ်ပေးရမှာပေ့ါ ကိုင်း ကိုင်း ညနေ လာယူ) လို့ ပြောလိုက်ပါတယ်ခင်ဗျား။

စံ ။ ။ အော် အော် ခု နင်က မအုန်းဆိုတာဟာ အဲသည်သီချင်းပေ့ါ ဟုတ်လား၊ နို့ သည်သီချင်းရဲ့ တေးသွားကို ဦးတို့ မိသားစုက ကြားဘူးသလိုလို မှတ်တယ်၊ မောင်ရင်ကလည်း ရွှေတိုင်ညွန့်ကိုယ်တိုင် သည်သီချင်း ရေးရာမှာ နာမည်ကျော်သီချင်း တပုဒ်ကို မှီငြမ်းတယ် ဆိုတော့ကာ ( ဦးစံမင်း စကားကိုဖြတ်၍ ပြောလိုက်သည်မှာ . . . )

သူမောင်

ဖေ ။ ။ ဟုတ်ပါတယ်ခင်ဗျာ၊ စောစောက ကျွန်တော်ပြောသလို သီချင်းလာအပ်တဲ့လူတွေ ညနေပိုင်းမှာ ရောက်လာတဲ့ အခါ ဆရာရွှေတိုင်ညွန့်ဟာ သီချင်းစပ်လို့ ပြီးနေပါပြီ။ သည်သီချင်းရဲ့ တေးသွားကို သူ တော်တော်ကြာကြာ စဉ်းစားပြီးမှ အနားမှာ ရှိနေတဲ့ ကျွန်တော့်ကို သည်လို ပြောပါတယ် (သည်လိုရှိတယ် မောင်ဖေသန်းရဲ့၊ တို့အနုပညာသည် ဆိုတာက အောင်မြင်မှုတစုခုပေါ်မှာ အမြဲတမ်း သာယာမနေရဘူးကွယ့်၊ သို့ပေတဲ့ တခါတရံ အရေးတကြီးဖြစ်တဲ့ လူထုပရိသတ် ကိစ္စပေါ်လာယင် အသစ်ကို ဖန်ဆင်းပြတာထက် လူသိရှင်ကြားဖြစ်ပြီးတဲ့ အဟောင်းကိုပြန်ပြီး အသုံးချရတယ်၊ တာမချက်ဆို နားကွက် မီးတောက်ဆိုသလို အသုံးတည့်တတ်တယ်၊ တာကြောင့် ခုနင်က သူငယ်တွေတွက် အမ်အေမအုန်းဆိုဖို့ သီချင်းကို ငါ့ရဲ့နံမည်ကြီး သီချင်းတွေထည်းက တပုဒ်ပုဒ်ရဲ့ တေးသွားကို ယူစပ်မလားလို့ စိတ်ကူးတယ်။ ) ကျွန်တော်ကလည်း ဘုမသိ ဘမသိ နဲ့ ဟုတ်ကဲ့ ကောင်းသားပဲ ဆရာလို့ ပြောလိုက်တော့ ဆရာက (အေး . . သတိရပြီဟေ့ ကဖေ့ ကာလသားတွေ ပါးစပ်ဖျား ရေပန်းစားနေတဲ့ ငါရေးစပ်ခဲ့တဲ့ ကိုကိုအိုက်တင် သီချင်း အသံအလိုက်ကို ယူစပ်မှ ကပဲ) လို့ ပြောပြီး တကုတ်ကုတ် ရေးလိုက်တာ ဆယ်မိနစ်လောက်အတွင်း စောစောက အမ်အေမအုန်း ဆိုခဲ့တဲ့ သီချင်းပြီးပါလေရောခင်ဗျာ။

ဤတွင် မောင်ဖေသန်းလည်း စကားကို ခေတ္တဖြတ်လျက်။ ပိုလိုစီးကရက်တလိပ် ထုတ်၍ သောက်ပြီး၊ ဦးစံမင်းအားလည်း စီးကရက်တည်လေလျှင် သောက်ပါမောင်၊ ဦးကဆေးတံသမားပါဟု ပြန်ပြောပြီး မိမိ၏ အင်္ဂလန်မိတ်ဒန်းဟီး ဆေးတံကြီးကို ထုတ်လေ၏။ မောင်ဖေသန်းလည်း မခင်ညိုကလေး ဘက်သို့ တချက်မျှကြည့်ပြီး၊ မိမိ၏ အာဝဇ္ဇန်းကို ဆက်ပြန်လေ၏။

ဖေ ။ ။ အဲသည် ဆရာရွှေတိုင်ညွန့် ရေးခဲ့တဲ့ ကိုကိုအိုက်တင် သီချင်းဟာ ခွေးတံဆိပ် ဓါတ်ပြားကုမ္ပဏီက ထုတ်လုပ်ပြီး ယခုတလော အလွန်နံမည်ရ ကာလသားကြိုက် သီချင်းကိုးခင်ဗျ၊ သီဆိုသူကလည်း နာမည်ကျော်အဆိုတော်

သူမောင်

မကြည်အောင်ဆိုတော့ကော (ထိုအခါ မောင်ဖေသန်း၏ စကားကိုဖြတ်၍ မခင်ညိုကလေးသည်၊ လုံမငယ်ပီပီ မိမိချစ်သူ၏ ဗဟုသုတ ကြွယ်ဝပုံကို၊ အားရဝမ်းသာဖြစ်လျက်၊ အတွင်းသဘောကို ဖုံးဖိထားရန်မေ့လျော့ပြီး၊ ဟုတ်တာပေါ့ ဟုတ်တာပေါ့ ဟု အယောင်ယောင် အမှားမှားထောက်ခံ ပြောလိုက်လေလျှင်၊ ဒေါ်နှင်းလှိုင်ကလည်း အိုမိန်းကလေးနှယ် သည်မျှ စကားသွက်ရန်ကော ဟူသော မျက်နှာဖြင့် ကြည့်လျက်၊ မခင်ညို၏ပေါင်ကို လှမ်းကုတ်လိုက်လေ၏။)

ဖေ ။ ။ အဲသည် သီချင်းစာသားကိုတော့ ဦးမင်းလည်း ကြားဘူးမှာပေါ့ ခင်ဗျာ၊ သည်လိုဖြစ်ပါတယ် (အိုက်တင်တွေ များပါဘိတယ်၊ ရှိုးရှိုးနဲ့မတူပါတယ် ဟုကြည့်အောင်မြင်ယင်တကယ် ဘူမျက်လုံးကလည်း)

စံ ။ ။ ဟုတ်ပါရဲ့၊ သည်သီချင်းကို ဦးတို့ လမ်းထဲမှာ ညတိုင်းကာလသားတွေ ဆိုဆိုနေတာကို ဘုရားဝတ်ပြုယင်း ကြားမိသလိုပဲ၊

ဖေ ။ ။ တာတွင်မကသေးပါဘူးခင်ဗျာ၊ အဲသည်သီချင်းကို စပ်တဲ့နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် အဖြစ်အပျက်တစ်ခု ထပ်တိုးပါသေးရော၊

စံ ။ ။ ဘာများပါလိမ့်ကွယ်၊

ဖေ ။ ။ အခြားဟုတ်ပါရိုးကလား ခင်ဗျာ၊ စောစောက ပြောတဲ့ အမ်အေမအုန်း အတွက် သီချင်း စပ်နေတုန်းပဲ နောက်ထပ်လူငယ်တစု ထပ်ရောက်လာကြပြီ၊ (ဆရာရယ် .. ကျွန်တော်တို့က အပျော်တမ်း တီးဝိုင်းတခုကပါ အဲ့တာ လာမယ့် ရွှေတိဂုံဘုရား ဈောင်ရေသွန်းပွဲမှာ အခြားအဖွဲ့တွေနဲ့ အပြိုင်ကြရမှာမို့ ဆရာ့ရဲ့ သီချင်းတပုဒ်လောက် မ စ ပါဆရာ၊ နက်ဖန်ခါကိုပဲ လိုချင်ပါတယ်။) လို့ နားပူနားဆာ လုပ်ကြပြန်ပါတယ် ခင်ဗျား

စံ ။ ။ ရွှေတိုင်ညွန့်က ရေးစပ်ပေးလိုက်ရောလားကွယ့်။

ဖေ ။ ။ ကနဦးမှာတော့ ငြင်းပါသေးတယ် ခင်ဗျာ၊ နောက်တော့ လူငယ်တွေကလည်း မရမက ပူစာတာနဲ့ (အင်း၊ သာသနာရေးကိစ္စကလည်း ဖြစ်နေတော့ ကူရတော့မပေါ့လေ၊ သို့ပေတဲ့ သီချင်းစာသားတော့ အသစ်ရမယ် တေးသွားကတော့ နာမည်ကြီး သီချင်းတေးသွားပဲ ရမယ်ကွယ့်၊ ဆရာ့မှာ တေးသွားအသစ်ရှာဖို့ရာ မောင်တို့ပေးတဲ့အချိန်နဲ့ မကိုက်ညီနိုင်ဘူး။) လို့ ပြောတဲ့အခါ ရောက်လာကြတဲ့ လူငယ်တွေလည်း ဝမ်းသာအားရ ရှိကြပြီး လိုအပ်တဲ့ အချက်အလက်တွေကို ပေးပြီး ပြန်သွားကြပါတယ်။

စံ ။ ။ နို့ အဲ့သည်သီချင်းကျတော့ ဘယ်သီချင်းအလိုက်ကို ယူပြီး ရေးသတုန်းကွဲ့။

ဖေ ။ ။ (ရယ်မောလျက်) စောစောက ပြောတဲ့ ကိုကိုအိုက်တင် သီချင်းရဲ့ တေးသွားအလိုက်ပဲပေါ့ ခင်ဗျာ။

စံ ။ ။ (ရယ်မောလျက်) တယ်လည်း တတ်နိုင်တဲ့ ပညာရှိပဲ ကိုး . . . . ။

ဖေ ။ ။ အဲ့သည် ရွှေတိဂုံဘုရား ညောင်ရေသွန်းပွဲအတွက် ဆရာစပ်ပေးလိုက်ပုံကတော့ သည့်လိုပါခင်ဗျာ (ကြည့်ညိုဘွယ်ကောင်းပါဘိတယ်၊ မိုးညှင်းကဆရာတော်ရယ်၊ ဒေသနာသေချာအောင် ဟောပြောဆုံးမတယ် တရားနာစဉ်ခါကကွယ် အနားမှာပင် မြင်ရတယ်။ သူ့အမည်ကလေးကို မေးလိုက်ချင်တော့တယ်. . ..)

ဤတွင် ဦးစံမင်းသာမက ဒေါ်နှင်းလှိုင်ကပါ မောင်ဖေသန်းကို ဖွင့်ဟချီးကျူးရလေတော့လေရာ။ မခင်ညိုကလေးမှာလည်း အတွင်းစိတ်၌ ကျိတ်၍၊ ကြည်နူးကျေနပ်နေလေတော့သည်။

သုမောင်

ပျော်ပျော်ပါးပါး ပွဲသဘင်ကြည့်ရှုသူတို့အချင်းချင်း မိတ်ဆွေသင်္ဂဟ ဖြစ်မိကြလျှင်၊ တွေ့လာကောလာ စကားများကို ရောက်တတ်ရာရာ ပြောဆိုနေကြသည့်အလျောက်၊ ဦးစံမင်းနှင့် မောင်ဖေသန်းလည်း ပွဲကြည့်ရင်း စကားကောင်းနေလေ၏။ မောင်ဖေသန်းမှာ မိမိချစ်သူ မခင်ညိုနှင့် ပူးပူးကပ်ကပ် မထိုင်ရသည့်တိုင်အောင်၊ အနီးအပါး၌ သူ့ဖခင်ဖြစ်သူနှင့် ယခုလို တရင်းတနှီး ဆက်ဆံနေရသည်ကို၊ အထူးဝမ်းသာသည့် အလျောက်၊ မခင်ညိုကလေးကလည်း မောင်ဖေသန်းကဲ့သို့ပင်၊ စိတ်၌ ရွှင်မြူး နေလေတော့သည်။

အားလပ်ချိန်ပြီး၍ ပွဲပြန်စသောအခါ၊ မောင်ဖေသန်းဝယ်လာသော မုန့်ပဲသွားရေစာများကို အားနာစရာကွယ် ဒုက္ခရှာလို့ ဟူ၍ ပြောဆိုပြီးနောက် ပျော်ပျော်ပါးပါး စားကြ သောက်ကြယင်း စကားဝိုင်းဖွဲ့ နေကြသည်တွင် .. ဦးစံမင်းလည်း တစုံတရာကို သတိရလေဟန်ဖြင့်၊

အိုင်ဆေး မောင်ဖေသန်း။ မောင့်ရဲ့အမည်နာမကိုသာ သိရသေးတယ်၊ မောင့်ရဲ့ အလုပ်အကိုင်ကို ဦးမသိရသေးပါလားကွဲ့၊ ဘာများကော လုပ်သလဲ၊ မင်းမှုထမ်းပဲလား၊ ကုန်သည်ပွဲစားလားကွဲ့ ဟု မေးလေလျှင်၊ မောင်ဖေသန်းက လတ်တလောမှာတော့ ကျဖမ်းဆိုပါတော့ခင်ဗျား၊ ဒေါက်တိုမြူ ဆေးတိုက်မှာ ကြော်ငြာတာဝန်ခံ လုပ်ပါတယ်။ သို့ပေတယ်လို့ အဓိက အားစိုက်နေရတဲ့ လုပ်ငန်းကတော့ တိုင်းရေးပြည်ရေးဆိုပါတော့ ခမျာ ဟု ပြန်ပြောလေ၏။

စံ ။ ။ ဘာကွဲ့ တိုင်းရေးပြည်ရေး ဟုတ်လားကွဲ့။

ဖေ ။ ။ မှန်ပါတယ်ခင်ဗျား။

စံ ။ ။ မောင်က ဘာတွေများ လုပ်လို့တုန်း။

သူမောင်

ဖေ ။ ။ ကျွန်တော်က အလယ်ပိုင်း တိုင်းမှာအစည်းအရုံးမှာ အတွင်းရေးမှူး တာဝန်ကို ယူရပါတယ်။

စံ ။ ။ (မျက်နှာ ပျက်ပျက်ဖြင့်) ဟော ။ ဒါဖြင့် မောင်က သခင်ပေါ့ . . . ။

ဖေ ။ ။ သိမ်ကြီးဈေးမှာ တပတ်တကြိမ်အခမဲ့ သန့်ရှင်းရေး လုပ်ငန်းတွေ လုပ်ပေးနေတဲ့ ဝံသာနုလူငယ်တွေဟာ ကျွန်တော်တို့ လူတွေချည်းပါပဲ ခင်ဗျာ။

ဤတွင် ဦးစံမင်းလည်း နောက်ထပ် တစုံတရာ ဆက်မပြောတော့ပဲ၊ အင်္ဂလိပ်မင်း၏ မင်းမှုထမ်းကောင်း ဘွဲ့တံဆိပ်တော်ရ ဒိစတြိတ်တရားသူကြီးမင်း ဖြစ်ပါလျက် သခင်ပေါက်စတယောက်နှင့် စကားလက်ဆုံကျနေရခြင်းကို၊ ရှက်ကလည်း ရှက် ဒေါသလည်းထွက်ပြီး၊ ပွဲကြည့်စင်ဘက်သို့သာ၊ မထိတ်သာမလန့်သာ ကြည့်နေလိုက်သည်မှာ၊ ဇာတ်ပွဲဆုံးခန်းတိုင်သည် အထိပင် ဖြစ်ပေတော့သည်။

ဇာတ်ပွဲပြီး၍၊ ပရိသတ်များပြန်ကြလေလျှင်၊ မောင်ဖေသန်းလည်း ဦးစံမင်းကို ရည်မွန်စွာနှုတ်ဆက်ရာ၊ ဦးစံမင်းက ဟန်မပျက်ပင် နှုတ်ဆက်ရှောသ်လည်း၊ စိတ်ထဲက မကြည်မလင်ရှိနေလေ၏။

ထိုအချက်ကို မသိရှာသော မောင်ဖေသန်းမှာ၊ ဝမ်းသာအားမြူးစွာဖြင့် ငါတော့ ယောက္ခမလောင်းကြီးနှင့် အတော်ပင်နီးစပ်နေလေပြီဟု တွေးပြီး၊ အထူးတန်းထွက်ပေါက်သို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားတော့သည်တွင်၊ ဖခင်၏ စိတ်ထားကို သိနင့်နေသော မခင်ညိုကလေးမှာ ကိုဖေသန်းနှယ် စကားကို မဆင်ခြင်ရန်ကောဟု ကရုဏာဒေါသော ဖြစ်လျက်၊ မောင်ဖေသန်းထွက်သွားရာဘက်သို့ ဝမ်းနည်း အားငယ်စွာ ကြည့်နေလေတော့သတည်း။

**သုမောင်**

*(အခန်း နှစ်)*

(စလေဆရာ ဦးပုညရေး)
ဇမ္ဗူတွင် ကုန်ဆန်းလို့ ဘုံခန်းထွက်ဖြစ်ကြောင်း
(အယဉ် တေးထပ်)

ကျက်သရေ‌စုံပို့တဲ ပဒုံ ကိုယ့်ကန္တီဂုဏ်မချို့လျှံ ညီးတယ်။ မဒီတို့ မှုဆုံး ဆံကေသွဲ့ မြသျှောင်မှာ တ မရောင် . . . ကျန်းဘွဲ့ တဘုန်း ငွေသွားညှန့် စီရရိုငယ် ဝဇီရာတန္နန်း အဠနာရောင်ပြုံးတဲ့ မျက်လုံးတော် နှစ်ဆူ ရွှေမြင့်မိုရ် မြောက်စူးက သောက်ရှူးကြယ် ထွန်းလာတဲ့သူ ငါးကြိုသန့် စံအမှုငယ် ဇမ္ဗူတွင် ကုန်ဆန်းလို့ ဘုံခန်းထွက်မဟာဆွေ ကြောလောက်တဲ့မေ လောကဓာတ် သည် လူ့ပြေမှာ အမျိုးတော . . တဲ့သူမို့လား။ ။

ဤလောက၌ လူတို့သည်။ မျက်စိအရသာ၊ နားအရသာ၊ လျှာအရသာ၊ မနောစိတ်အရသာ စသဖြင့် အရသာအပါးပါးကို ခံစားကြရာ၌၊ တကြိမ်တခါမျှ မထိတွေ့ဘူးလျှင် အရသာထူးကို ခံတွင်းတွေ့တတ်ကြမြဲ ဖြစ်လေသည်။ တဖန်၊ အရသာထူးကို တကြိမ်ကြုံတွေ့ဘူးပြီး ပြန်လျှင်လည်း၊ ထိုအရသာကို နောက်တကြိမ် ထပ်မံခံစားထိတွေ့လိုစိတ်များ ပေါ်ပေါက်လာတတ်ပြန်လေသည်။ အထူးသဖြင့်ကား၊ တဏှာပေမနှင့် ဆက်နွယ်သော အရစ်ခါတ်မေတ္တာခါတ်များနှင့် ပတ်သက်လာလျှင်ကား၊ ဆားငန်ရည်ကို သောက်ရသူကဲ့သို့၊ အငတ်မပြေ ဖြစ်တတ်ကြလေတော့သည်။

ရှေ့အထက်၌ ပြဆိုသကဲ့သို့ပင်၊ မောင်ဖေသန်းသည် မခင်ညိုကလေး၏ အလှအပကို ဗုဒ္ဓဘာသာစာမေးပွဲ၌ စတင်ထိတွေ့ ခံစားခဲ့ရပြီးနောက်၊ စာ အဆက်အသွယ် အားဖြင့် ချစ်တင်းနှီးနှောခဲ့ရာမှ ဒုတိယအကြိမ်အဖြစ် မြို့မကျောင်းရန်ပုံငွေပွဲတွင်

သုမောင်

တွေ့ဆုံရပြန်လေရာ၊ ဒုတိယအကြိမ်အဖြစ် ထပ်မံတွေ့ဆုံရန်သော စိတ်၌ ဆန္ဒပြင်းပြနေလေတော့သည်။

ကာမရာဂ၊ ဝဏ္ဏာပေမ စိတ်ဆန္ဒ၌ အရင်းခံသော တစ်ထောင့်ငါးရာ အချစ်ဓါတ်ဖြင့်ပဲ ကြည့်ကြည့်၊ မွေ့မျိုးညီအစ်ကို မောင်နှမစိတ်၌ အရင်းခံသော ငါးရာနှစ်ဆယ့် ရှစ်သွယ် မေတ္တာဓါတ်ဖြင့်ပဲ ကြည့်ကြည့်၊ မရိုးနိုင်အောင် လှနေသော မခင်ညိုကလေးကို ဘယ်လိုတွေ့ရပါလိမ့်ဟု တွေးယင်းက တနေ့သ၌၊ ပုဇွန်တောင်ဈေး အနီးတွင် နေထိုင်သော၊ သူငယ်ချင်း သခင်မောင်သန်းစိုးနှင့် ဆုံမိကြရာ၊ စကားစပ်မိသည်နှင့် အကြံကောင်း ဉာဏ်ကောင်း တစ်ခုကိုရလေသည်။

၎င်းကားအခြားမဟုတ်၊ ယခုတလောတွင် မခင်ညိုကလေးသည်၊ မိဘများကို ကူညီခြင်းအလုပ်ကို လုပ်နေလျက်ရှိပြီ၊ လတ်တလောတွင် မိခင်ဖြစ်သူ၏ ပိုးဖဲကတ္တီပါ ရောင်းသော ဆိုင်တွင် ဝိုင်းဝန်းကူညီ နေလေသည်ဟူ၏။

၎င်းသို့ဖြင့်၊ မောင်ဖေသန်းလည်း၊ တို့ဗမာ အစည်းအရုံးကိစ္စများ အားလပ်သော နေ့တနေ့တွင်၊ အယ်(လ်)ပတ်ကား တိုက်ပုံ၊ ပါရှင်းလုံချည် ပန်းရောင်ကလေးကို ဝတ်ဆင်လျက် ပုဇွန်တောင် ဈေးဘက်သို့ လန်ချားတစ်စီးဖြင့် ရောက်လာခဲ့လေသည်၊

ပုဇွန်တောင်ဈေးသို့ ရောက်လျှင် မောင်ဖေသန်းလည်း လန်ချားကုလားအား အကြွေပဲစေ့တစ်စေ့ကို ထုတ်ပေးလေရာ၊ ကုလားလည်း လန်ချားခ သုံးပြားကျသည်နှင့်၊ တပြားပြန်အမ်းလေ၏။

စိတ်ဓာတ်ကြည်လင်မှုရှိနေလျှင်၊ စေတနာသဒ္ဓါတရား ပိုမိုထက်သန်တတ်သော သဘာဝသည် လူတို့တွင် ရှိတတ်ကြသည့် အတိုင်း၊ မောင်ဖေသန်းလည်း၊ နေပါစေကွယ် သွားတော့ သွားတော့ဟူ၍ ကုလားလို နိမ်း ရှောင်းရှောင်းဟု ပြောလိုက်လျှင်၊

ကုလားလည်း ဝမ်းသာအားရဖြင့်၊ ဆလံပေး၍ သူ့လန်ချားကို အပြေးကလေး ဆွဲထွက်သွားလေတော့သည်။

မောင်ဖေသန်းလည်း ဈေးတန်းတည်းသို့ ရောက်လျှင်၊ ပိုးထည်တန်း ဘယ်နားမှာပါလိမ့် ခင်ဗျားဟု တွေ့ရာလူတစ်ယောက်ကို မေးပြီး၊ ပိုးထည်တန်းဘက်သို့ ထွက်လာခဲ့လေသည်။

ပိုးထည်တန်းသို့ ရောက်သောအခါ၊ ဦးဝဖိုး ဒေါ်စိန်တို့၏မြေး၊ ဦးမောင်မောင် ဒေါ်ဖွားမြင့်တို့၏သမီး မနှင်းလှိုင် ပိုးထည်ဆိုင်ကြီး။ (မှုလလက်ဟောင်း) ဟူသော ဆိုင်းဘုတ်ကြီး ကိုမြင်လေ၏။ ဆိုင်းဘုတ်ကို မြင်သော်လည်း၊ မောင်ဖေသန်းသည် ချက်ချင်းလက်ငင်း အနီးအပါးသို့ မသွားသေးဘဲ၊ ခပ်လှမ်းလှမ်းမှနေ၍ အခြေအနေ အရိပ်အကဲကို ဖမ်းယင်း၊ စောင့်ကြည့်နေလေရာ၊ အလွန်တရာမှ အံ့သြထိတ်လန့်ဖွယ် ကောင်းလှစွာသော မြင်ကွင်းတစ်ခုကို၊ မောင်ဖေသန်း မြင်လိုက်ရလေတော့သည်၊ ယင်းသည်ကား အခြားမဟုတ်၊ မောင်ဖေသန်း အလွန်မုန်းသော၊ မိုက်ကယ်မောင်မောင်ဘ သည်၊ မခင်ညိုကလေးတို့ ပိုးထည်ဆိုင်ရှေ့တွင် ကုလားထိုင်တလုံးပေါ် ထိုင်လျက်၊ ဆိုင်အတွင်းဘက် ကပြင်ပေါ်တွင် ပိုးထည်များ တိုင်းထွာနေသော မခင်ညိုကလေးနှင့် ရယ်ကာ မောကာ စကားပြောဆိုနေခြင်းပင် ဖြစ်လေသည်၊

မောင်ဖေသန်းလည်း အတန်ကြာရပ်လျက် ကြည့်နေပြီးမှ၊ အင်း စဉ်းစား မရအောင် ပါပဲလား။ သည်ငနဲကဖြင့် လူလည် အလွန်ကျပေတယ်၊ ဟိုတလော ဂျူဝလီဟောရှေ့မှာ ဆုံတုန်းကလည်း ပြောပေါက်ဆိုပေါက်က မနိပ်လှဘူး၊ နောက်ပြီး ယခုလည်း မခင်ညိုကလေးကို ဘာတွေများ ကူလီကူမာ ပြောနေသလဲမသိဘူး၊ ဟု တွေးပြီးလျှင်၊ မခင်ညိုတို့ ဆိုင်ရှေ့သို့ လျှောက်လာခဲ့လေ၏။

သုမောင်

မခင်ညိုလည်း မောင်ဖေသန်းကို မြင်လျှင် ရှက်ကိုးရှက်ကန်းဖြစ်လျက်၊ အော် ကိုဖေသန်းပါလား ဘယ်ကလှည့်လာသလဲ ထိုင်ပါရှင် ဟု၊ ခရီးဦးကြိုပြုလေ၏။

မခင်ညိုညွှန်ပြသော ကုလားထိုင်တွင် မောင်ဖေသန်း ဝင်ထိုင်လိုက်သည်တွင် မျက်နှာချင်းဆိုင်၌ ထိုင်နေသော မောင်မောင်ဘက ဟဲလို သခင်ကြီးပါလားဗျ၊ ဘာကိစ္စများ အကြောင်းထူးလို့ သည်နေရာကို ရောက်လာတာပါလိမ့်၊ ဝံသာနုရက္ခိတအသင်း၊ တို့ဗမာအစည်းအရုံး အသင်းကိစ္စများအတွက်ပဲလားဟု သာသာနှင့် နာနာနက်လေတော့၏။

ထိုအခါ၊ မောင်ဖေသန်းကလည်း အော် မစ္စတာမောင်မောင်ဘကောဗျာ သည်နေရာကို ပိုးကုန်သည်လုပ်ငန်း ဖါသနာပါလို့ ရောက်နေတာ ထင်ပါ့ ဟု ပြန်၍ နက်လေ၏။ ခုကာလတွင် စောင်းမောင်ဘသန်းသီဆိုသော ပိုးကုန်သည် သီချင်းသည် အလွန်ခေတ်စားလျက် ရှိနေပေရာ မောင်မောင်ဘလည်း အထိနာသွားလေတော့၏။ ပိုးကုန်သည်ဆိုသည်မှာ ပိုးထည်ရောင်းဝယ်သူကို ဆိုသည်မဟုတ်၊ ပိုးကြေးပန်းကြေး ပေးရလွန်း၍ ရတာအကုန်ပြောင်ရသည်ကို နောက်ပြောင်ထားသော သီချင်းပင် ဖြစ်ပေ၏။

မောင်ဖေသန်းနက်လိုက်ပုံကို မခင်ညိုကလည်း သဘောကျသွားသဖြင့် ရယ်လိုက်ရာ၊ မခင်ညိုအနီးတွင် ထိုင်လျက် ပိုးထည်များ သိမ်းဆည်းနေသော အထိန်းတော်ကြီး ဒေါ်စောမြခက်က၊ လက်တို့၍ ဟန့်တားရလေသည်၊ ဤတွင် မောင်မောင်ဘလည်း ရောရောင်ရယ်မောလျက် ပြောသည်မှာ၊

ဘ ။ ။ အိုင်ဆေး သခင်ဖေသန်း၊ ကျွန်တော်တို့လို အင်တာလက်ပညာတတ်တွေ အဖို့ ပိုးကုန်သည်အလုပ်ကို လုပ်တာဟာ ပညာမဲ့တွေထက် ပိုပြီး ဟုန်မကျနိုင်ပေဘူးလား။

ဖေ ။ ။ မစ္စတာမောင်မောင်ဘ ပြောတာ နေရာမကျလှဘူးဗျ။ အင်တာလက် ပညာတတ်တွေ အနေနဲ့ ပိုးကုန်သည်အလုပ်ထက် အင်္ဂလိပ်လက်အောက်ခံ အစေအပါး

အလုပ် မြို့အုပ်လောက်သာ လုပ်သင့်ပါပေတယ်ဗျာ။

ဤတွင် မခင်ညိုနှင့် ဒေါ်စောမြခက်လည်း တယောက်မျက်နှာတစ်ယောက် ကြည့်လျက်၊ အရှည်အရှည်တော့ဖြင့် ဖြစ်ကုန်ကြအုံးတော့မှာပဲဟု တွက်နေကြလေ၏။ အမှန်အားဖြင့်မူ မောင်ဖေသန်းနှင့် မခင်ညိုတို့ မေတ္တာမျှနေကြသည့် အကြောင်းကို ဒေါ်စောမြခက် ကိုယ်တိုင်ကလည်း သိထားပြီးဖြစ်လေရာ၊ အင်္ဂလိပ်လို ဒွတ်ဒက် ရွတ်ရက်နှင့် စကားကြီး စကားကျယ် ပြောတတ်သော၊ မောင်မောင်ဘကို မျက်မုန်းကျိုး လျက်ရှိလေ၏။ အထိန်းတော်ကြီး ဒေါ်စောမြခက်မှာ၊ သီပေါမင်းလက်ထက်က နန်းတွင်းသူ အပျိုတော်တဦး၏။ မြေးတော်စပ်သူဖြစ်လေရာ၊ ဝံသာနုကိစ္စ အမျိုးသားရေးကိစ္စများကိုသာ အပတ်တကုတ်ကြိုးပမ်းနေသူ မောင်ဖေသန်းကို၊ သဘောကျသည်နှင့်၊ မခင်ညိုကလေးနှင့် စာအဆက်အသွယ်လုပ်ရာတွင် သူကပင်ကြားမှ အောင်သွယ်သဘောမျိုး ကူညီ ပေးခဲ့လေသည်။

ထိုအချိန်၌၊ မောင်မောင်ဘနှင့်မောင်ဖေသန်းတို့လည်း၊ တဦးနှင့်တဦး အချီအချ ပြောဆိုနေကြလေရာ၊ စကားအရာ၌ အထက်စီးမှသာ ပြောပြီး ဟုတ်တိပတ္တိ မပြောတတ်သော မိုက်ကယ်မောင်မောင်ဘမှာ၊ အထိနာလျက် ရှိလေတော့သည် တွင်၊ ဒေါ်စောမြခက်က သည်အကောင် မောင်မောင်ဘ အမြန်ပြန်မှ အေးတော့မှာပဲဟု တွေးပြီးလျှင်၊ တစ်ခုတော့ရှိတယ် မောင်မိုက်ကယ်ရဲ့၊ ပိုးကုန်သည် အလုပ်ဆိုတာက ရှိသေးတယ်၊ အလာကောင်းပေမယ့် အခါနှောင်းပြီဆိုတဲ့ စကားလို၊ အချိန်အခါမပေးယင် လုပ်နေလို့လည်း အလကားပဲကွယ့် ဟု တွယ်လိုက်လေ၏။

ဤတွင် မောင်မောင်ဘသည် မိမိအလာကောင်းပေမယ့်၊ အချိန်အခါကတော့ မောင်ဖေသန်းအဖို့ ကောင်းနေလေပြီဟု နည်းလည်သွားပြီးလျှင် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ထွက်နှင့်၊ တစ်ခုတော့ရှိပါတယ်လေ၊ အချိန်အခါဆိုတာက လူကဖန်ဆင်းရတာပါ၊ ပြီးတော့ မိဘမျိုးရိုး ဆိုတာတွေကလည်း သည်အတိုင်း

ကြည့်နေကြမယ် မဟုတ်ပါဘူးဟု မခင်ညိုကလေး၏ မိဘနှင့် သူ့မိဘရင်းနှီးမှုကို ရည်ညွှန်းလျက် မထီတရီပြောဆိုပြီးလျှင်၊ ကိုင်း ခုတော့ ပြန်လိုက်ပါအုံးမယ်၊ နောင် တွေ့ကြသေးတာပေါ့၊ သခင်ဖေသန်းဟု ပြောယင်း ထပြန်သွားတော့၏။

နောင် တွေ့ကြသေးတာပေါ့ ဆိုသည်မှာ ရိုးရိုးသားသား နှုတ်ဆက်ခြင်းမဟုတ်ပဲ၊ တစုံတရာကို ကြိမ်းဝါးသွားသည့် သဘောမျိုး ဖြစ်ကြောင်းကို မောင်ဖေသန်းကလည်း သိလိုက်သည်နှင့်၊ အင်း . . မောင်မောင်ဘဆိုတဲ့ လူကိုတော့ သတိကျပ်ကျပ်ထားပေမှပဲ တွေးနေစဉ်၊ အထိန်းတော်ကြီး ဒေါ်စောမြခက်က အလိုက်သိစွာဖြင့်၊ ကိုင်း . . မောင်ဖေသန်းရေ ဟော ဟိုဘက်တန်းက ကိုစရဲ မစ်ရှင်ဆိုတဲ့ မယ်ကြေးမြီကလေးရှိတာ သွားတောင်းရေအုံးမယ်ကွယ့်၊ မောင့်နမနှင့်စကားများ ပြောယင်း လက်ဖက်များလည်း စားပါအုံးကွယ် ဟု ပြောဆိုပြီးလျှင် ဆိုင်ပေါ်မှ ဆင်းသွားလေတော့သည်။

သည်တော့မှ မောင်ဖေသန်းနှင့် မခင်ညိုတို့ စကားစမြည်များ ပြောဆိုကြသည်မှာ

ညို ။ ။ လက်ဖက်ရည်ကြမ်းများလည်း သုံးဆောင်ပါအုံး။

ဖေ ။ ။ လက်ဖက်ရည်ကြမ်းထက် ခါးသက်တဲ့ စကားတွေ မောင်မောင်ဘထံမှ ကြားရပြီးပါပကော။

ညို ။ ။ သည်လူ့အကြောင်းကဖြင့် ပြောလို့လည်း ထူးမယ် မဟုတ်ပါဘူးရှင့်။

ဖေ ။ ။ သို့ပေတယ်လို့၊ သည်လူ့ကို ကြည့်ရတာဖြင့် တော်တော်ကလေးပဲ အထက်စီးက ပြောချင်ဆိုချင်ပုံ ရနေမှတ်တယ်။ နို့ပြီး၊ သူ့ရဲ့ပုံပမ်းကလည်း မခင်ညိုလေးရဲ့ မိဘများနဲ့ အတော်ကလေး ရင်းနှီးကျွမ်းဝင်နေပုံပဲ။

သုမောင်

ညို ။ ။ တာတော့ဖြင့် အမှန်ပါပဲ။ သည်လူ့မိဘများနဲ့ ကျွန်မရဲ့မိဘများက အလွန်ရင်းနှီးခင်မင်ကြပါတယ်။ သူ့ဖခင်နဲ့ ကျွန်မဖခင်ကလည်း တရုံးတည်း အလုပ်ဘက်ပါ၊ သူ့မိခင်ကလည်း ပိုးထည် ကုန်သည်ပါပဲ။

ဖေ ။ ။ တာကြောင့်လည်း မောင့်မှာ ဘဝင်လေးနေတာပေါ့။

(အဆက် အသွယ် ရှိစဉ်ကတည်းက မောင်ဖေသန်းက သူ့ကိုယ်သူ မောင် ဟူ၍ သုံးနှုန်းခဲ့ကြောင်း။ )

ညို ။ ။ ဘာအတွက်များ ရင်လေးရပါသလဲ ရှင့်။

ဖေ ။ ။ အော် . . မိဘချင်းကလည်း ရင်းနှီးနေလေတော့ နှစ်ဘက်မိဘ သဘောနဲ့များ စီစဉ်လိုက်ယင် မောင့်ရှေ့ရင် ကျိုးရချည်ရဲ့။

ညို ။ ။ (ရှက်သွေးဖျမ်းသော အမူအရာကလေးဖြင့် ) အို . . ပြောရော့မယ်၊ ဒီကဖြင့် သည်လိုစိတ်မျိုးတွေ မရှိသေးပါဘူး။ အပျိုစင်ဘဝနဲ့ နေချင်ပါသေးတယ်။

ဖေ ။ ။ နို့ဖြင့် မောင့်အနေနဲ့ကော ဘယ်ကာလအထိ စောင့်ရအုံးမှာလဲ။

ညို ။ ။ (ခေါင်းကိုငုံ့လျက်၊ ပိုးထည်များကို တိုင်းထွာနေယင်းက) ဖြည်းဖြည်းပရှင်။

ထိုအချိန်မှာပင် အပေါ်ဟုပ်ပေါ်ဟု ခပ်လှမ်းလှမ်းမှ ချောင်းဟန့်သံပေးပြီး ဒေါ်စောမြစ်က် ပြန်လာသည်နှင့် မောင်ဖေသန်းလည်း လိုရင်းစကားကို မေးလိုက်လေ၏။

ဖေ ။ ။ နေ့စဉ်နဲ့အမျှ သည်အချိန်ဆိုယင်၊ မခင်ညိုလေးရဲ့ မိခင် ဆိုင်မှာမရှိဘူး မှတ်တယ်။

ညို ။ ။ မှန်ပါတယ်၊ မေမေက သည်အချိန်ဆိုယင် အိမ်ပြန်ပြီး တရေးတမော အိပ်တတ်ပါတယ်။

ဖေ ။ ။ မောင် မကြာခဏ လာမယ်နော်။ ဟု ပြောပြီးလျှင်၊
အနီးသို့ရောက်လာသော ဒေါ်စောမြခက်ကိုပါ နှုတ်ဆက်၍ ဈေးထည်းမှ ထွက်လာခဲ့လေတော့သည်။

မောင်ဖေသန်း ဈေးအပြင်ရောက်လျှင် အစမှ အဆုံးတစ်နေရာ ချောင်ထည်းမှ ချောင်းကြည့်နေသော မောင်မောင်ဘလည်း။ တနေ့နေ့တော့ တွေ့ကြသေးတာပေါ့ကွယ် ဟု ကြိမ်းဝါးလိုက်လေသတည်း။

(အခန်း ၃)

နေ၏အရောင် အဝါကို မည်းစေတတ်သော အကြောင်းကား၊ လေးပါးရှိ၏။ လေးပါးသည်ကား။ ရာဟု အသူရိန်တပါး၊ မြူမှုန်တပါး၊ မိုးတိမ်တပါး၊ အခိုးတပါး၊ ဤသို့လေးပါးရှိရာတွင် မိုးတိမ်တည်းဟူသော ရန်ကြောင့်၊ နေ့နာရီသုံးချက်တီးအချိန်၊ နေဝင်သကဲ့သို့၊ အလင်းရောင်ခြည် ရီဝေဝေရှိနေသော ကာလဝယ် . .. ။ ရန်ကုန်မြို့ ပုဇွန်တောင် အိုးဘိုရပ်ရှိ ရေနံများဝလင်စွာ သုတ်ထားသော ကျွန်းသားနှစ်ထပ် ပျဉ်ထောင်အိမ်ကြီး၏ ဖတ်(စ်)ဖလိုးခေါ် ပထမထပ် လသာဆောင်၌ ဒိစရိတ်တရားသူကြီး ဦးစံမင်းနှင့်၊ ပိုးကုန်သည် ဒေါ်နှင်းလှိုင်တို့သည် အောက်ပါအတိုင်း စကားအချီအချ ပြောနေကြသည်မှာ . . .

သုမောင်

စံ ။ ။ မယ်နှင်းလှိုင်ကို ကျုပ်ပြောစရာ အခင်းတခုရှိနေတယ်။

နှင်း ။ ။ ဘာများပါလိမ့် ကိုစံမင်းရဲ့၊ မထိတ်သာ မလန့်သာ ရှိလှပါတယ်။

စံ ။ ။ တခြားဟုတ်ပါရိုးလား၊ ကျုပ်တခါကပြောဘူးခဲ့သားပဲ၊ သမီးမခင်ညိုရဲ့ အကြောင်းပဗျာ။

နှင်း ။ ။ ခက်တော့တာကလား ကိုစံမင်းရယ်၊ ကျွန်မကလည်း ပြောခဲ့ပြီးပါပကော သမီးကို ပညာဆက်သင်ပေးဖို့၊ ကောလိပ်ပို့ဖို့ဆိုတာကဟာ ကျွန်မတို့ ကိုစံမင်းတို့လို နေဥစ္စာပြည့်ဝပြီး သူတွေအဖို့ ဘာများ အခက်အခဲရှိမှာတဲ့တုန်း။ သို့ပေတယ်လို့ သမီးမိန်းခလေး မွေးထားတဲ့အဖြစ်ကို ရောက်နေမှတော့ သည်ပညာတွေ တတ်ထားတော့ကော ဘာများ အကျိုးထူးမှာတဲ့လဲရှင့်။

စံ ။ ။ အိုကွယ် ဟိုးတလောဆီက ဂျူဗလီဟောမှာ တွေ့ခဲ့ရတဲ့ အမ်ဒေအမအုန်းလို တို့သမီးကို ဖြစ်စေချင်လို့ပေါ့ကွယ်။

နှင်း ။ ။ အောင်မယ်လေး ကိုစံမင်းနယ်ရှင်၊ သမီးရှိ သားမက်ရ၊ သမီးမွေးတော့ ကိုယ့်ဘို့ချည်းသာပ ဆိုတဲ့ စကားလည်း အရှိသားပဲ၊ ရှင်ကဘွဲ့ထူး ဂုဏ်ထူးလိုချင်ယင် ဘွဲ့ထူး၊ ဂုဏ်ထူးရှိတဲ့ သားမက်ကိုရှာပေါ့၊ စီးပွားဥစ္စာလိုချင်သပဆိုလည်း၊ ကုန်သည်ပွဲစား ရှာရုံရှိပါတယ်။

စံ ။ ။ အင်း။ မင်းတို့မိန်းမ များကလည်း တယ်ပြီး ရှေ့ရှိုးဆန်ပေတာကိုးကွယ့်၊ အေးလေ ဘာပဲဖြစ်ဖြစ် မင်းစိတ်ကူးတည့်ရာကိုသာ ကြံစည်ပေတော့ပေါ့။

သုမောင်

နှင်း ။ ။ ကျွန်မအနေကတော့ သမီးကိုခုလိုပဲ ဆိုင်မှာထိုင်နိုင်းပြီး အရောင်းအဝယ်လေး တတ်အောင် သင်ချင်တယ်။ အချက်အပြုတ် အလုပ်အကိုင် ဆိုတာကတော့ သမီးက ကျွမ်းကျင်ပြီးသားပဲ။ နို့ပြီး မိန်းမတွေအဖို့ မရှိမဖြစ် လိုအပ်တဲ့ အရည်အချင်းဖြစ်တဲ့ အလှအပကတော့ ပြောစရာမရှိ ပေဘူး။ မဟုတ်လား ကိုစံမင်းရဲ့။

စံ ။ ။ တာကတော့ ရပ်သိရွာသိ ကိစ္စပေပဲလေ၊ သည်အိုးဘိုရပ်မှာ ရှင်ပြုပွဲ မှန်သမျှ သမီးက ရှေ့ဆုံးတန်းက ကွမ်းတောင် ပန်းတောင် ကိုင် မဟုတ်လားကွယ့်။ နို့ပြီး ရွှေဘုန်းပွင့်စေတီတော်မှာ အလှူပွဲများ ကျင်းပတိုင်းလည်း တို့သမီးကိုသာ အရာထား နေကြရတာကလား။

နှင်း ။ ။ တာနှင့် ပြောရအုံးမယ် ကိုစံမင်းရဲ့။

စံ ။ ။ (ဆေးတံမီးညှိလျက်) ဆိုစမ်းပါအုံးဗျာ။

နှင်း ။ ။ တလောဆီက သည်အရပ်တည်း ပြဿနာတခုဖြစ်တယ်။ ကျွန်မတို့ သမီးလေး ခေါင်းလျှော်တတ်တဲ့ တနင်္ဂနွေနေ့တိုင်း ကျွန်မတို့ အိမ်ရှေ့ပေတာစ်ရာ လမ်းပေါ်မှာ ကာလသားတသိုက် ရှန်းစု ရှန်းစု လုပ်တတ်ကြသတဲ့။

စံ ။ ။ (ဆေးတံကို ရုတ်တရက် ပြွတ်တနဲ ရှုတ်လျက်) ဟေ။ ဘာဖြစ်လို့များ လည်းကွယ့်။

နှင်း ။ ။ အောင် ကိုစံမင်းနယ် နားဝေးရန်ကော၊ သမီးအကြောင်းလည်း ရှင်အသိသားပဲ မဟုတ်လား၊ ကလေးမက ခေါင်းလျှော်ပြီးယင် ဟော့သည့် လသာဆောင်ထွက်ပြီး မနက်နေရောင်ခြည် အောက်မှာ ဆံပင်ကို၊ မစောမြခက် ကိုယ်တိုင် ဖွးစောင်နဲ့ အကျအနသုတ်ပေးမှ ကြိုက်တက် သ မဟုတ်လား။

သုမောင်

စံ ။ ။ တာနှင့်၊ ကာလသားတွေက ရှန်းစု ရှန်းစု ဖြစ်ကြတာက ဘယ်လိုအခင်း ကြောင့်များလည်းကွယ့်။

နှင်း ။ ။ သမီးရဲ့ဆံပင်က ဖြန့်ထားလိုက်ယင် ကြမ်းခင်းပေါ်မှာ တစ်ထွာလောက် ခွေကျနေသေး မဟုတ်လားရှင့်။

စံ ။ ။ အော် ... တာကို ပဲ ကာလသားတွေက လာငေးကြတယ် ဆိုပါတော့ကွယ်။

ဤသို့ ပြောဆိုနေကြစဉ် ဒေါ်စောမြခက်လည်း။ ဦးစံမင်း ဒေါ်နှင်းလှိုင်တို့အနီးသို့ ရောက်လာပြီး။ လက်ဖက်ရည် အုပ်၊ ရေနွေးကြမ်းနှင့် မဲဇလီဖူးသုပ် ပန်းကန်များ ချပေးပြီး မလှမ်းမကမ်း၌ ထိုင်နေလေရာ။ ဒေါ်နှင်းလှိုင်က ဟဲ့ မမြခက်ရေ သမီးကော မမြင်ပါလားဟု ပြောရာ၊ တဘက်အိမ်က မယ်စိန်ရဲ့အိမ်မှာ နက်ဖြန်ခါ အလှူရှိတာမို့ သွားကူနေပါတယ် ဟု ပြန်ဖြေလျှင်၊ ဦးစံမင်းက ကိုင်း မစောမြခက်လည်း သမီးဆီလိုက်ပြီး ကူပါအုံးတော့လား ဟု ပြောလေ၏။

ထိုအခါ ဒေါ်စောမြခက်လည်း မခင်ညိုကလေး၏ အကြောင်းနှင့်ပတ်သက်၍ မိမိမသိစေ့ချင်သော စကားကိုပြောကြတော့မည်ဟု သဘောပေါက်သဖြင့်၊ သူတို့အနီးမှ အသာထလာပြီး နောက်။ လသာဆောင်နှင့် ကပ်လျက် အခန်း တစ်ခန်းထည်းမှ နေ၍ ချောင်းမြောင်း နားထောင်သည့်တွင် အောက်ပါအတိုင်း ဆက်လက်ကြားလိုက်ရလေ၏။

စံ ။ ။ သည်လိုဖြင့်လည်း သမီးနဲ့ ပတ်သက်လို့ ကျုပ်တော့သည်လို အကြံရ ပေတယ်။

နှင်း ။ ။ ဘယ်လိုများပါလိမ့်။

စံ ။ ။ သည်လိုကွယ့်၊ မနှင်းလှိုင်ပြောသလို သမီးကို ကောလိပ်ကျောင်း မပို့တော့ပဲ အိမ်မှုကိစ္စ တာဟီရနဲ့ ကုန်ရောင်းကုန်ဝယ် အမှုသာ ပြုနိုင်းမယ်ဆိုယင်၊ ကျုပ်တို့ မိဘဝတ္တရားရှိသည့်အတိုင်း လင်ကောင်းသားကောင်းများလည်း ရှာကြံပေးရပေမပေါ့။

နှင်း ။ ။ ကျွန်မလည်း တာကိုပဲ ပြောနေတာပဲရှင့်။

စံ ။ ။ သည်တော့ယင်၊ ဘယ်သူနဲ့များ သင့်တော်ပါမလည်း ကွယ့်။

နှင်း ။ ။ သမီးအတွက် ခေါင်းခေါက်ပြီးရွေးနိုင်ဖို့ တဖြည်းဖြည်းတော့ စဉ်းစားကြသေးတာပေါ့။ ဟောတော့ ပြောယင်းဆိုယင်း ဟိုမှာ လန်းချားပေါ်က ဆင်းလာနေတာ မောင် မိုက်ကယ်ဘ မဟုတ်လား ကိုစံမင်း။

စံ ။ ။ အင်း စကားအရာနဲ့များ တိုက်တိုက်ဆိုင်ဆိုင်ကွယ်။

ဤသို့ ပြောသံကြားလျှင်၊ ဒေါ်စောမြခက်လည်း နီးရာပြတင်းပေါက်မှ လမ်းမဘက်သို့ ကြည့်လိုက်ရာ၊ ရှုရတီလုံချည်ချော၊ ဖိနပ်သားရေပြောင်၊ နှစ်ထပ်ဦးထုပ်တို့ဖြင့် စတိုင်ကျကျ လျှောက်လာနေသော မိုက်ကယ် မောင်မောင်ဘကို တွေ့ရသည်၌ ဤသို့ အကြံအစည် ဖြစ်လေ၏။

အင်း စောစောကသူတို့ ပြောနေကြတဲ့ စကားအရ၊ မခင်ညိုကိုတော့ အိမ်ထောင်ပြုပေးဖို့ မကြာခင် စီစဉ်တော့မှာပဲ။ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် မောင်မောင်ဘ ဆိုတဲ့အကောင်ကလည်း ရောက်လာတယ်ဆိုတော့၊ မခင်ညိုအတွက် နိမိတ်တော့ ဆိုးပြီထင်ပါရဲ့ ဟု တွေးပြီးလျှင်၊ ဆက်လက်၍ ချောင်းမြောင်း နားထောင်နေပြန်လေ၏။

သုမောင်

မောင်မောင်ဘလည်း၊ အိမ်ပေါ်ထပ်သို့ရောက်လျှင် လသာဆောင်သို့ ထွက်လာပြီး၊ အလွန်ရှိသေ လေးစားသော အမှုအရာမျိုးကိုပြုလျက် မိန်းမများ ပုဆစ်တုပ်ထိုင်သလို ထိုင်လိုက်သည်တွင်၊ ဦးစံမင်းက ဘယ့်နှယ့်လည်းကွယ့် ယခုတလော ပျောက်ချက်သား ကောင်းလှချည်လား၊ အလုပ်အကိုင်များကော အခြေကျရဲ့လားဟု မေးလေ၏။

မောင်မောင်ဘလည်း အလွန်ကြွားဝါလိုသော မျက်နှာထားကိုပြုလျက်၊ ကျွန်တော့် အလုပ်ကတော့ ဟန်မကျသေးပါဘူးခင်ဗျာ၊ မြို့အုပ်အဖြစ် နယ်ကို ပြောင်းရမှာမို့ ကျွန်တော်ကလည်း ရန်ကုန်ကို အဆင်မဖြတ်နိုင်သေး၊ မိဘတွေကလည်း ကျွန်တော့်ကို တယောက်တည်း ခွဲမထားချင်ကြသေးမို့၊ ရန်ကုန်မှာပဲ အရေးပိုင်ရာထူးအတွက် ကြိုးပမ်းနေပါတယ် ခင်ဗျာ။ ပျောက်ချက်သားကောင်းနေရတာတော့ ကျွန်တော့်မေမေရဲ့ ပိုးထည်လုပ်ငန်းအတွက် မန္တလေး အမရပူရဘက်ကို ခရီးထွက်နေရလို့ပါပဲဟု၊ ပြောပြီးလျှင် မခင်ညိုကလေးကို တွေ့လို တွေ့ငြား သဘောမျိုးဖြင့် အိမ်တွင်းဘက်ဆီသို့ မသိမသာ အကဲခတ်လိုက်လေ၏။ သည်အချက်ကို ရိပ်စားမိကြသော ဦးစံမင်းနှင့် ဒေါ်နှင်းလှိုင်တို့ လည်း၊ သည်သူငယ် ဘယ့်နှယ်နေမလဲ ဟူသော သဘောမျိုးဖြင့် တယောက်မျက်နှာ တယောက် ကြည့်လိုက်ပြီးလျှင်၊ ဒေါ်နှင်းလှိုင်က စတင်၍ စကားလမ်းကြောင်း စ လိုက်သည်မှာ . . ။

နင်း ။ ။ မောင်မောင်ဘလည်း တကိုယ်ရေတကာယသမားပဲ ဟာကွယ်၊ မြို့အုပ်မင်းအဖြစ်နဲ့ နယ်ကို သွားနေသင့်တာပေါ့။

ဘ ။ ။ တာကဖြင့် သည်လိုရှိပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့် သဘောတစ်ခု တည်းဖြင့်မပြီးပါဘူး။ သားသမီးကောင်းတို့ ဝတ္တရားရှိသည့်အတိုင်း မိဘရဲ့သဘောထား ကိုသာ အလျှင်နာခံ စဉ်းစားရန် ရှိပါတယ်။

**သုမောင်**

စံ ။ ။ မောင့်မိဘများက သည်မြို့အုပ်အလုပ်ကို သဘောမတွေ့ကြပေဘူးလား။

ဘ ။ ။ ဖေဖေကဖြင့် သဘောတွေ့ပါတယ်ခင်ဗျား။ မေမေကသာ ကျွန်တော်နဲ့ မခွဲနိုင်ဘူး။ ဖြစ်နေတာပါ။ နို့ပြီး မိဘနှစ်ပါးလုံးက ကျွန်တော့်ကို အိမ်ထောင်မချပေးရသေးခင်၊ သူတို့နဲ့သာ အုပ်ထိန်းမှုမပျက် နေစေချင်တာခင်ဗျ။

ဤတွင် ဦးစံမင်း၊ ဒေါ်နှင်းလှိုင်တို့လည်း၊ မိမိတို့ရေလာမြောင်းပေး စကားနောက်သို့ မောင်မောင်ဘ လိုက်ပါလာပြီကို သိလိုက်ကြသည်နှင့် ရှေ့သို့စကားဆက်ပြန်လေ၏။

နှင်း ။ ။ မောင့်မိဘများကတော့ မောင့်အတွက် ရည်ရွယ်ထားသူ မရှိပေဘူးလား။

ဘ ။ ။ ရှိနေပုံတော့ရပါရဲ့ ဒေါ်ဒေါ်ရယ်။ သို့ပေတည့် ကျွန်တော်က မေတ္တာရှိနိုင်မဲ့ မိန်းခလေးမျိုး ဖြစ်မလာယင်တော့ ကံဆိုးရပေတော့မှာပေါ့ ခင်ဗျား။

စံ ။ ။ နို့၊ မောင့်မှာကတော့ ချစ်သူရည်းစား ရှိနှင့်ထားလို့လား . . ။

ဘ ။ ။ (ထိတ်ထိတ်ပျာပျာဖြင့်) မရှိရသေးပေါင်ပါ ဦးရယ်။ ကျွန်တော့်မှာ ကောလိပ်တုန်းကလည်း ကျောင်းစာနဲ့ပဲ အချိန်ကုန်ရပြီး၊ ယခုလည်း အိမ်ကတာဝန်တွေနဲ့သာ နပန်းသတ်နေရတာမို့ တကျာပေမနဲ့ ဆက်စပ်တဲ့ မေတ္တာစိတ်မျိုးဖြင့် တခါဘူးမျှ တောင် စိတ်မကူးမိသေးပါ။ သို့သော်လည်း သန့်စင်တဲ့ မေတ္တာတော့ အမြဲတမ်းရှိပါတယ် ခင်ဗျား။

နှင်း ။ ။ နို့ ယခုလာယင်းအကြောင်းလည်း ပြောပါအုံး။ လက်ဖက်များလည်း စားပါအုံး။ သမီးလည်း တော်ကြာနေယင် ပြန်ရောက်ပါတော့မယ်။

သုမောင်

ဤတွင်မောင်မောင်ဘလည်း ပြောသင့်မပြောသင့်ကို ချင့်ချိန်၍နေပြီးမှ ယခုလာရသည့် အကြောင်းမှာလည်း မခင်ညိုကလေးနှင့် ပတ်သက်လို့ ပါပဲ၊ တပါးသူရဲ့ အတွင်းရေးကို ဝင်စွက်တယ်လည်း မထင်ကြပါနှင့် ခင်ဗျာ။ နို့ပြီး မခင်ညိုဆိုတာ ကျွန်တော့်ရဲ့ နမကာလေးဆိုလည်း မမှားပါဘူး။ တာကြောင့် နားနှင့်မနာ ဖဝါးနှင့်သာ နာတော်မူပါလို့ ပထမဆုံးတောင်းပန်ပါတယ်ဟု အစချီလိုက်လျှင် ဒေါ်နှင်းလှိုင်နှင့် ဦးစံမင်းတို့မှာ စိုးရိမ်တကြီးဖြစ်လျက်။ ပြောမှာသာ ပြောပါကွယ့် တို့များမှာ ရင်တွေပူပါဘိ ဟု အလန့်တကြား ပြန်ပြောလေလျှင် မောင်မောင်ဘလည်း အကွက်တော့ ဆိုက်ကပြီဟူး ဝမ်းမြောက်လျက် ပြောသည်မှာ . .

ဘ ။ ။ ဦးမင်းတို့ကပိုပြီး သဘောပေါက်မှာပါခင်ဗျာ၊ စောစောက ကျွန်တော် ပြောသလို ကျွန်တော်လို ယောကျ်ားတယောက်တောင်မှ မိဘအုပ်ထိန်းမှု အောက်မှာ ဆင်ခြင်နေထိုင်ရသေးတာ မခင်ညိုလို မိန်းကလေးမျိုးအဖို့ ပိုလို့ သတိထား ရပါလိမ့်မယ်။

စံ ။ ။ ဘယ်လိုများ အကြောင်းထူးလို့လဲ ကွယ့်။

ဘ ။ ။ အခြား ဟုတ်ပါရိုးလားခင်ဗျာ၊ ကျွန်တော်မန္တလေးဘက် ခရီးမထွက်ခင် လွန်ခဲ့တဲ့ နှစ်လ၊ သုံးလလောက်က ကျွန်တော်လည်း မေမေ့ပိုးထည်များကိစ္စနဲ့ ပုစွန်တောင် ဈေးထဲကို ရောက်ခဲ့ပါတယ်။ နမလေး မခင်ညိုထံကိုလည်း အလည်အပတ် ရောက်ပါတယ်။ ကျွန်တော်ရောက်ပြီး မကြာခင်မှာပဲ လူတယောက်ရောက်လာပြီး မခင်ညိုနှင့် စကား ဝင်ပြောပါတော့တယ်။ မခင်ညို့က ကျွန်တော့်ထက် အဲသည့်လူကို ပိုအရေးစိုက်တာကို တွေ့တာနဲ့ ကျွန်တော်လည်း မသက်ာတာနဲ့ မခင်ညိုကို နှုတ်ဆက်ပြီး ထပြန်ခဲ့ပါတယ်။

နှင်း ။ ။ နို့ သည်သူငယ်ကို မောင် မသိလိုက်ဘူးလား။

သုမောင်

ဘ ။ ။ သိပ်သိတာပေါ့ ခင်ဗျာ၊ သူဟာ ကျွန်တော် စင်ထရယ်ဟိုက်စကူးမှာ ကျောင်းနေဘက်ပါပဲ၊ ဟိုက်စကူးဗိုင်နယ် ဖြေနေယင်းက ယူနီဗစတီကျောင်းသားကြီးတွေနဲ့ ပေါင်းမိပြီး ကျွန်ပညာ အလိုမရှိဆိုတဲ့ စကားကိုသာတွင်တွင် သုံးနေရာက နောက်ဆုံးကျောင်းထွက်ပြီး သခင်ယောင်ယောင် ဝံသာနုယောင်ယောင် လုပ်နေတဲ့လူပဲ၊

စံ ။ ။ သူ့နာမည်ကကော။

ဘ ။ ။ မောင်ဖေသန်း လို့ ခေါ်ပါတယ်။

ဤတွင် ဦးစံမင်းသည် သည်အမည်ကို ကြားဘူးပါတယ် ဟု တွေးလိုက်ရာ၊ တချိန်က မြို့မကျောင်း ဆောက်လုပ်ရေးရန်ပုံငွေ ကပွဲမှာ ဆုံဘူးသည်ကို သတိရလေ၏။

နင်း ။ ။ ကဲ . . ဆက်စမ်းပါအုံး မောင်ရင်ရယ်။

ဘ ။ ။ တာနဲ့ ကျွန်တော်လည်း အခြေအနေမှန်ကို သိချင်တာနဲ့ ကျောချင်းကပ်ဆိုင်ကနေ အသာနားထောင်နေလိုက်တော့ ချစ်စကား ကြိုက်စကားတွေ နားမခံသာအောင် ပြောနေတော့တာပဲခင်ဗျာ။

စံ ။ ။ တယ်မိုက်တဲ့ သမီးပဲ။

ဤတွင် မောင်မောင်ဘလည်း မိမိစကားလွန်သွားသည်ကို သတိရပြီး၊ ငါ့စကားကြောင့် မခင်ညိုငါ့အပေါ် မျက်မှာ ကြောက်ရသေးတယ်ဟု တွေးမိသဖြင့်၊ ဒါပေမယ့် ဟိုလူကသာ တတွတ်တွတ် ပြောနေတာပါ၊ မခင်ညိုကလေးကတော့ ရှက်ရှာလွန်းလို့ ခေါင်းကြီးငုံ့လို့ နေရှာပါတယ် ဟု စကားကို ပြင်လေ၏။

သုမောင်

ထို့နောက် မောင်ဖေသန်း၏ အကြောင်းများကို မဟုတ်မဟတ် လုပ်ဇာတ်ခင်း၍ နေသည်တွင်၊ တဘက်ခန်းမှ ချောင်းနားထောင်နေသော ဒေါ်စောမြခက်လည်း၊ အင်း . . . တခါဖြင့် ခက်ပြီဟု မခင်ညိုကလေးအတွက် ရတက်မအေး ဖြစ်ခါ၊ မခင်ညိုသွားရောက် ကူညီနေသော မယ်စိန်တို့ အလှူအိမ်သို့ သုတ်ခြေတင် ပြေးခဲ့လေသည်။

ရောက်သောကာလ၊ မခင်ညိုလေးကို တနေရာခေါ်လျက်၊ ဦးစံမင်း ဒေါ်နှင်းလှိုင်တို့ပြောကြားနေသော ကနဦးစကားများမှအစ၊ မောင်မောင်ဘ ရောက်လာပြီး၊ ကတုန်းကတိုက် လုပ်သည်များကိုပါ ပြောပြလေလျှင်၊ မခင်ညိုကမှာ ရှက်ကလည်း ရှက် ဒေါသလည်း ထွက်လာပြီး၊ ကိုင်း လာ ခက်ခက်၊ ဒင်းကိုတော့ ကောင်းကောင်းကြီး ဆုံးမရတော့မှာပဲ ဟု ဒေါ်စောမြခက်၏ လက်ကို ဆွဲလျက် အိမ်ဘက်သို့ ခပ်သွက်သွက် ထွက်လာခဲ့လေသည်။

အိမ်သို့ရောက်လျှင် မျက်နှာကို အတက်နိုင်ဆုံး ချိုသာစွာ ထား၏။ လသာဆောင်သို့ ဝင်ကာ မိခင်၏အနီး၌ ကျို့ကျို့ထိုင်ယင်း၊ အစ်ကိုမောင်မောင်ဘ ဘယ်တုန်းကများ ရောက်နေပါသလဲ၊ ကျွန်မလည်း ဟိုဘက်အိမ်အလှူမှာ သွားကူနေရလို့ မသိလိုက်ဘူးဟု ပြောလျှင် မောင်မောင်ဘက သာခုဗျာ သာခု သာခု အကိုလည်း ခုဏကတွင်ပဲ ရောက်လာပါတယ် ဟု ဖြေလေ၏။

တဖန်၊ မခင်ညိုက လက်ဖက်အုပ်ပွဲနှင့် မဲဇလီဖူးသုပ်ပန်းကန်တို့ကို လှမ်းယူပြီး မောင်မောင်ဘအနီးသို့ ကမ်းပေးယင်း၊ လက်ဖက်များလည်း သုံးဆောင်ပါဦးရှင်၊ အော် . . . တာထက် မေမေကလည်း အစ်ကို့ကို ကော်ဖီကလေးမှ မတိုက်ရန်ကောဟု မျက်စောင်းကလေးချိုကာ ပြောလေလျှင်၊ ဒေါ်နှင်းလှိုင်ကလည်း ဟုတ်ပ သမီးရယ်၊ မေမေတို့လည်း စကားကောင်းနေတာနဲ့ မေ့နေမိပါရဲ့ ကိုင်း . . . မစောမြခက်က ကော်ဖီဖျော်ချေပါကွယ် ဟု နိုင်းလေ၏။

သုမောင်

ထိုအခါ မခင်ညိုက ပျာပျာသလဲ ဝင်၍ တားလိုက်ပြီး၊ အို . . မေမေ့နယ် အစ်ကိုမောင်မောင်ဘကို သမီးကိုယ်တိုင် ဖျော်ပေးပါမှပေါ့။ ကဲ . . ကဲ ခက်ခက်ရေ လာ ကော်ဖီသွားဖျော်ချိရအောင် ဟု ထိုင်ရာမှ ထလေလျှင်၊ မောင်မောင်ဘလည်း မခင်ညို၏ ကိုယ်လုံးကလေးကို သိမ်းကျုံးကြည့်လျက် စားတော့ ဝါးတော့မည် ကဲ့သို့ ပါးစပ်ကြီး တဖြဲဖြဲနှင့် တဟဲဟဲ လုပ်နေလေ၏။

အိမ်နောက်ဖေးမီးဖိုဆောင်သို့ ရောက်လေလျှင်၊ ဒေါ်စောမြခက်က တအံ့တသြ အမူအရာဖြင့်၊ ဟဲ့ . . ညိုလေးရဲ့ ဘယ့်နှယ့်ကြောင့် သည်အကောင်ကို ခုလောက်အရေးပေး ဆက်ဆံနေရတာတုန်းအေ၊ ခက်ခက်ဖြင့် ဖိနပ်နဲ့သာ ငယ်ထိပ်ကို ခေါက်ချင်လှသတော် ဟု ပြောလေလျှင်၊ အို . . . ခက်ခက်နယ် သည်လို တကျာရှူးကို မှယာနဲ့ ဖျားပြီးမှ ကောင်းကောင်းကြီး နှိပ်စက်ချင်လို့ မီးဖိုဆောင်ကို ကိုယ်တိုင် ဝင်ခဲ့တာပေါ့၊ သည်မှာကြည့်ပါလား ဟု ကြောင်အိမ်အပေါ်ထပ်ရှိ ဆေးပုလင်းတလုံးကို ထုတ်ပြလေ၏။

ဒေါ်စောမြခက် ဆေးပုလင်းကို အသေအချာကြည့်ပြီး ဟဲ့ ချောကလက် ဝမ်းနှုတ်ဆေးပါလား၊ ဘယ်လိုကြံစည်မလို့လဲကွယ့် ဟု ပြောလျှင်၊ မခင်ညိုက အသာနေ ညိုလေး ပြပုံမယ်ဟု ပြောပြီး၊ ကော်ဖီတခွက်ကို သကြားနို့ဆီများများဖြင့် ဖျော်လေ၏။

ပြီးလျှင် ချောကလက် ဝမ်းနှုတ်ဆေးခဲ ဆယ်ခဲကို ကော်ဖီပန်းကန်ထဲ ထည့်ပြီး ဖျော်လေမှ မခင်ညို၏ အကြံအစည်ကို ဒေါ်စောမြခက်လည်း သဘောပေါက်ပြီး တခစ်ခစ် ရယ်မောလေရာ၊ မခင်ညိုက ပါးစပ်ကို လှမ်းပိတ်၍ တိုးတိုး ဟိုသေနာကောင် ကြားပါ့မယ် ဟု ပြောယင်း နှစ်ယောက်သား ကျိတ်၍ ရယ်လေတော့၏။

အတန်ကြာလျှင် မီးဖိုဆောင်မှ ထွက်လာကြယင်း မခင်ညိုက ကဲ . . ခက်ခက် ခုဏက လှေကား ဖိနပ်ချွတ်မှာ မောင်မောင်ဘရဲ့ သားရေဖိနပ် ချွတ်ထားတာ တွေ့တယ်

မဟုတ်လား၊ အဲ့သည့်ဖိနပ်ကိုယူပြီး နောက်ဖေးအိမ်သာထဲကိုသာ သွားပစ်ချထားလိုက်တော့။ ကျွန်မ ကော်ဖီသွားပို့ ချေအုံးမယ် ဟု ပြောလိုက်၏။

လသာဆောင်သို့ရောက်သောအခါ၊ ကော်ဖီပန်းကန်ကို မောင်မောင်ဘအနီး၌ ချပေးပြီး၊ ကျွန်မကိုယ်တိုင် ဖျော်ထားတဲ့ ကော်ဖီများလည်း သောက်ပါအုံး အစ်ကို ဟု၊ မချိုမချဉ် ပြောလိုက်ရာ မောင်မောင်ဘလည်း ချက်ချင်းပင် ကော်ဖီကို ယူ၍ သောက်လေ၏။

ဤသို့အားဖြင့် နာရီဝက် သာသာခန့်အကြာ အလွှာပ သလွှာပ စကားများ ပြောဆိုနေကြသည်တွင်၊ မောင်မောင်ဘ၏ မျက်နှာမှာ တဖြည်းဖြည်း ပျက်ပြီး၊ နွားအိုကြီး ခဲမှန်သလို ဖြစ်လေတော့၏။ သည်အချက်ကို အကွက်ကျကျ သိထားသော မခင်ညိုလည်း ခဏနေအုံးဟု ပြုံးစစနဲ့ဆိုယင်း၊ အိမ်နောက်ဖေးသို့ ဝင်လျက်၊ မိမိ၏ အဝတ်သေတ္တာ သော့ဖြင့် အိမ်သာတံခါးကို ခတ်ထား လိုက်လေတော့၏။

ခဏကြာလျှင် မောင်မောင်ဘလည်း မအောင့်အည်းနိုင်တော့သဖြင့် မျက်နှာကို ရှုံ့မဲ့လျက်၊ ဦးတို့ ဒေါ်ဒေါ်တို့ ခဏ ခွင့်ပြုပါအုံး၊ နောက်ဖေးခန်းဝင်ချင်လို့ပါ ပြောပြီး အိမ်သာရှိရာသို့ ခြေဖျားထောက်၍ ပြေးလေရာ၊ အိမ်သာတံခါးသော့ခတ်ထားသည်ကို တွေ့သည်နှင့်၊ တဖန်ပြန်ထွက်လာပြီး အိမ်သာက သော့ခတ်ထားတယ် ခမျ ဟု ပြောလေလျှင်၊ ဦးစံမင်းက ကြုံကြီးစည်ရာကွယ် ထုံးစံမှ မဟုတ်တာဟု ပြောရာ၊ မခင်ညိုက သည်လိုပါ ဖေဖေ ကျွန်မကြောင်ကလေး အိမ်သာထည်းဝင် ဝင်အိပ်တတ်တာမို့ အိမ်သာကို သော့နဲ့ ခတ်ထားရာက သော့တွဲပါ ပျောက်နေလို့ ဟု ပြော၏။

ဤတွင် မောင်မောင်ဘလည်း၊ မည်သို့မျှ မနေနိုင်တော့သည်နှင့်၊ ကျွန်တော့်ကို ခွင့်ပြုပါအုံးခင်ဗျာဟု ဒရောသောပါးပြောဆိုပြီး လှေကားအတိုင်း ဆင်းလေရာ၊ မိမိဖိနပ် လည်း မရှိတော့သည်ကို တွေ့ရသည်နှင့်၊ မတတ်သာသည့်အဆုံး သည်အတိုင်းပင်

ပေတစ်ရာလမ်းပေါ်၌ မြေဖျားထောက်လျက် မြောက်ကြွမြောက်ကြွ သွားရလေတော့သည်။

ထိုအချင်းအရာကိုကြည့်လျက်၊ ဒေါ်စေမြခက်နှင့်မခင်ညိုတို့လည်း ကျိတ်၍ ရယ်မောနေယင်း၊ မောင်မောင်ဘသည် အဆင်သင့်တွေ့ရာ လန်ချားတစ်စီးကို တား၍ ခပ်သွက်သွက် လှမ်းတက်လိုက်သည်တွင်၊ အလုံးအရင်းနှင့် ပြည့်ဖြိုးနေသော မစင်များလည်း ခပ်ကားကား လှမ်းတက်လိုက်သော မြေအစုံကြားမှ ဘွားကနဲ ဘွမ်းကနဲ ထွက်ကျကုန်တော့၏။

လန်ချားကုလားလည်း၊ မနက်စောစောကတည်းက သေသေချာချာ ရေဆေးသန့်စင်ထားသော၊ မိမိ၏လန်ချားကို သည်မျှ ယုတ်တီယုတ်ကန်း ပြုရပါမည်လားဟု၊ ဒေါသတကြီး ဖြစ်လျက်၊ ကုလားလိုဆဲရေးတိုင်းထွာရာ မောင်မောင်ဘလည်း ရှက်လွန်းသဖြင့် ကုလားနှင့် နပမ်းဖက်လုံးလေတော့ရာ၊ နှစ်ဦးသားစလုံး မစင်တွေ ပေကျံလျက်ရှိလေတော့သတည်း။

*(အခန်း လေး )*

ဤသို့အားဖြင့် မခင်ညိုကလေးခမျာ၊ မိဘများ၏ အချုပ်အချယ်ကို ခံနေရသည့်မှာ၊ ရက်ပေါင်းအတော်ကြာသွားသည်၌၊ မောင်ဖေသန်းလည်း တနေ့တွေ့ရန်းဖြင့်၊ ပုစွန်တောင်ဈေးသို့ ရက်ဆက်နေ့စဉ် လာရောက်ရှာဖွေရာ လုံးဝမတွေ့ရပဲ ရှိနေတော့သည်။

ကနဦးကာလ မိုက်ကယ်မောင်မောင်ဘကို ကော်ဖီထည်း ချောကလက် ဝမ်းနုတ်ဆေး ထည့်ပေးလိုက်သည့်နေ့ကသာ၊ မခင်ညိုထံမှ စာတစောင်ကို ဒေါ်စောမြခက် လာပေးသဖြင့် ရခဲ့လေသည်၊ ထိုစာမှာ မိုက်ကယ်မောင်မောင်ဘက အကောက်ကြံပုံ၊

သုမောင်

အိမ်က မိဘများကလည်း မောင်မောင်ဘ၏ စကားကို နားဝင်နေကြပုံများ ပါရှိလေရာ၊ မောင်ဖေသန်းလည်း အလွန်စိတ်ပူပန် နေလေ၏။ ယင်းကာလ အတွင်းမှာပင် ဌာနချုပ် တို့ဗမာအစည်းအရုံးမှ သခင်ကြီးများကလည်း တာဝန်ကြီးများကို ချမှတ်ပေးနေလေရာ မောင်ဖေသန်းမှာ၊ တပူပေါ်နစ်ပူဆင့် ဆိုသလို စိတ်မအား လူမအားဖြင့်၊ ဗျာပါဒ သောကတွေ များချင်တိုင်း များနေတော့၏။

ထိုနည်းတူစွာပင် မခင်ညိုကလေးမှာလည်း။ စားမဝင် အိပ်မပျော် ချစ်သူကို မျှော်ရသော ဝေဒနာကြောင့်။ အသေအချာ ကြည့်လျှင် နဂိုအရှိထက် ပိန်လိုသွားသည်ဟု၊ တရှသူအပေါင်း သိကောင်းပြီးပါ။

ဦးစံမင်းနှင့် ဒေါ်နှင်းလှိုင်တို့ကလည်း။ သမီး၏ စိတ္တဇကို သိသဖြင့် စိတ်မကောင်း ခြင်းကြီးစွာ ဖြစ်ရသော်လည်း။ သားမက်တော်လောင်း မောင်မောင်ဘ၏ စကားကို နားရည်ဝနေသဖြင့်၊ ဘာမျှမကြံတတ်သလို ဖြစ်သောကြောင့်၊ အမှောင့်ပရောဂ ဆရာများဖြင့် တဖုံ၊ ဘုံအဆင့်ဆင့်က ဒေဝတာများထံ ဆုပန်ခြင်းတနည်း။ လောကီ လောကုတ် အသီးသီးသော ပုံသဏ္ဍာန်ဖြင့် ကြံကြပါသော်လည်း။ အချစ်တည်းဟူသော မနောဝေဒနာကို မကာကွယ်နိုင် ရှိနေလေတော့၏။

ရှုလို့မှ မညီးသော ချစ်သမီး တဦးတည်းမို့၊ အလိုလည်း လိုက်ချင်ပါလျက်နှင့် အခက်ကြုံနေရသောအခါ၊ မတတ်သာသည့်အဆုံး၊ လက်ကတုံးတောင်ဝှေးလည်းဖြစ်၊ သမီး၏ အချစ်တော်လည်း ဖြစ်သော ဒေါ်စောမြခက်ကို တိုင်ပင်ရန် အကြံဖြစ်လေသည်၊

ထိုအခါ ဒေါ်စောမြခက်လည်း ဤသို့ အကြံဖြစ်လေ၏။ အင်း ငါ့လက်ပေါ်ကြီးပြီး ငါ့သမီးရင်းနှင့်မခြား ဖြစ်နေတဲ့ မခင်ညိုကလေးရဲ့ စိတ်ဝေဒနာကို ငါလည်း မကြည့်ရက် တော့ဘူး၊ သည်တော့ ယခုကိစ္စမှာ ငါဝင်ပြီးပါမှ ဖြစ်တော့မှာပဲ၊ ဟုတ်ကပြီ၊ သူတို့စကားကို အသာနားထောင်နေပြီးမှ တနည်း လှည့်ကြံရအုံးတော့မှာပဲ၊ တနေ့သ၌ ဦးစံမင်း

ဒေါ်နှင်းလှိုင်တို့လည်း ဒေါ်စောမြခက်ကို ခေါ်ယူပြီး၊ သမီးနှင့်ပတ်သက်၍ အကြံညာဏ် တောင်းကြလေရာ၊ ဒေါ်စောမြခက်လည်း မိမိတွက်ကိန်းနှဲဖြင့် အကွက်ဆိုက်ပြီဟု တွေးပြီး ဝမ်းသာအားရ စကားဆိုသည်မှာ၊

ခက် ။ ။ ကျွန်မအမြင်မှာတော့ဖြင့် သမီးဟာ မောင်ဖေသန်းအပေါ် စွဲလမ်း နေတာပဲ၊ သို့ပေတည့် မောင်ဖေသန်းရဲ့ မကောင်းသတင်းကိုလွှင့်တဲ့ မောင်မောင်ဘ ကလည်း လွန်တယ်လို့ ထင်တယ်၊

စံ ။ ။ ဘယ်လိုများတုန်း မမြခက်ရဲ့၊

ခက် ။ ။ သည်လိုပ၊ မောင်မောင်ဘဟာ မောင်ဖေသန်းအကြောင်းကို လိုသည်ထက် ပိုပြောတာပဲလို့ ကျွန်မထင်တယ်၊

နှင်း ။ ။ ကျွန်မလည်း သည်လိုမြင်မိပါရဲ့၊

ခက် ။ ။ သည်တော့ မောင်ဖေသန်းအပေါ်မှာ ညိုလေး စိတ်ကုန်သွားအောင် ပြုဖို့ကတော့ ကျွန်မတာဝန်ယူပါ့မယ်၊ တခုရှိတာက မောင်မောင်ဘကို သည်အိမ်အလည် ရောက်သည့်နိုက် စကားကို ပေါက်လွှတ်ပဲစား မပြောမိဖို့သာ အစ်ကိုကြီးတို့က သတိပေးထားပါ၊ ညိုလေးက စကားများများပြောတဲ့ ယောကျ်ားဆိုယင် မကြိုက်ဘူး၊

ထိုသဘောတရားကို ဦးစံမင်းတို့ကလည်း ကောင်းစွာသိလေ၏၊

ထိုသဘောသည်ကား၊ ခေါ်ကား ပြောလာ၊ ရောလား ဝင်လာနှင့် အတွင်းသား စကားရှင်၍၊ နှုတ်မလေးလျှာသွက် ပြက်လုံးရယ်လုံး၊ မသာလုံး၊ ထုတ်တတ်သော ယောကျ်ားများကို၊ သမားရိုးကျ လုံးမငယ်တို့ နှစ်သက်ခြင်းမင် ဖြစ်လေရာ၊ ဣန္ဒြေနှင့်

နေသော ယောက်ျားများမှာ ရောဝင်မိဖို့ ခက်လှကပ်။ နှုတ်သွယ်သူတို့မှာ အမြန်နီးစပ်ခါ။ ကြိုစည်ခြင်း၌ လွယ်ကူစွာ အထမြောက်၍သွားခြင်း ဖြစ်သည့်အတွက် ဇာနေ့နှင့် နေသူတို့ထက် နှုတ်သွက်လျှာသွက် ခေါ်ရဲပြောရဲ လက်ရဲဇက်ရဲ ရှိသူတို့က၊ မယားရစော၍ ရုပ်ချောနှင့်တွေ့ခြင်း ဖြစ်ကြလေသည်။

ဤသဘောတရားကို လက်ကိုင်ပြု၍ မောင်မောင်ဘက ကြိုးစားသည် မှန်သော်လည်း၊ မခင်ညိုကလေးမှာ ဇာနေ့အလွန်ကြီးသော အမျိုးကောင်းသမီး ဖြစ်သည်နှင့် အညီ၊ မောင်မောင်ဘကို စက်ဆုတ်ရွံရှာနေမှန်း နားလည်သွားကြလေရာ။ ဦးစံမင်းက၊ အန္တိုဖြင့် မောင်မောင်ဘကို မည်သို့ မည်ပုံ ကြံရမလည်းဟု မေးရာ၊ ဒေါ်စောမြခက်က ကျွန်မလည်း မောင်ဖေသန်းထက်စာလျှင် မောင်မောင်ဘကို ပိုပြီး သဘောကျမိပါရဲ့, သည်တော့ မောင်မောင်ဘကို သည်အိမ် ရောက်သည့်အခါ လုံးလုံးလျားလျား စကားမပြောပဲ နှုတ်ဆက်နေဖို့သာ တာဝန်ယူပါတော့။ မောင်ဖေသန်း အပေါ် စိတ်ကုန်ပြီး၊ ညိုကလေး ပျော်ပျော်ရွှင်ရွှင် ဖြစ်လာစေဖို့က ကျွန်မတာဝန်သာမှတ်ပါ။ ဟု ပြောလေလျှင်၊ ဒေါ်စောမြခက်အပေါ် စိတ်ချယုံကြည့်ပြီး ဖြစ်သည့်အတိုင်း၊ ဒေါ်နှင်းလှိုင်တို့လည်း ဝမ်းသာကြသော ဟူ၏။

ထိုအခါ၊ ဒေါ်စောမြခက်လည်း သူ၏အကြံအစည်ကို မခင်ညိုအား ဝမ်းသာအားရ ပြောပြသည်မှာ၊

ခက် ။ ။ သည်တော့ယင် ညိုကလေးလည်း မောင်ဖေသန်းအပေါ် စိတ်နာချင်ယောင်ဆောင်နေ၊ နို့ပြီး မောင်မောင်ဘအပေါ် ဖော်ရွေပျူငှာ နေပြ၊ အိမ်မှာလည်း ယခုလို မျက်နှာ သုန်သုန်မှုန်မှုန် မနေပဲ ပြုံးပြုံးပျော်ပျော် နေမှဖြစ်မယ် ဟုတ်လား။

ညို ။ ။ ကျွန်မဖြင့် ခက်ခက်ရဲ့ အစီအမံကို နားမလည်နိုင်အောင် ပါပဲ။

ခက် ။ ။ ငါပြောတာလုပ်ပါ အေးရယ်၊ တာမှ ညည်းနဲ့ မောင်ဖေသန်း တွေ့ဖို့အရေးက အခွင့်သာလိမ့်မယ်။ လူကြီးတွေကို အယုံသွင်းတဲ့ သဘော အေးရယ်။

ညို ။ ။ သည်လိုဖြင့်လည်း ခက်ခက်သဘောသာပ၊ သို့ပေတည့် ဟိုမသာကောင်နှင့် ပရောပရီ လုပ်ရမှာဖြင့် စိတ်ကုန်လိုက်ပါဘိ ခက်ခက်ရဲ့။

ခက် ။ ။ လတ်တလောမှာဖြင့် သည်းခံလိုက်ပါကွယ်။ တာမှ အကြံအောင်မှာပေါ့။

ဤသို့အားဖြင့် ရက်အတန်ကြာသော ကာလရောက်လေလျှင်၊ မခင်ညိုလည်း။ ဒေါ်စောမြခက် မှာထားသည့်အတိုင်း ပျော်ရွှင်သောမျက်နှာဖြင့် နေလေရာ၊ တနေ့သ၌ ဒေါ်နှင်းလှိုင်က သမီးလေး ယခုလို ပျော်ပျော်ရွှင်ရွှင်နေတာ တွေ့ရလို့ ဖေဖေမေမေတို့ ဝမ်းသာနေပါတယ်ကွယ်။ တာနဲ့ သမီး စိတ်ထည်းမှာ မောင်ဖေသန်းနဲ့ ပတ်သက်ပြီး ဘယ်လိုများ ခံစားရသေးလဲကွယ် ဟု မေးလေလျှင် မခင်ညိုက အို မေမေရယ် သည်လို ကလိန်ဉာဏ်ရှိတဲ့ ကောင်မျိုးများ သမီးစိတ်ပျက်လှပါပြီ။ နို့ ပြီး သူ့မှာ မယားကြီး ငုတ်တုတ်နဲ့ဟာ သမီးကိုမှ ကြံရက်လေခြင်းလို့ စိတ်နာမိပါရဲ့ တော်ပါပြီ မေမေရယ် သည်အကောင့် အကြောင်းဖြင့် မပြောပါနဲ့တော့ ဟု ပြန်ပြောလေ၏။ ထိုအခါ ဒေါ်နှင်းလှိုင်လည်း သမီးဖြစ်သူအပေါ်၌ ပို၍ ယုံကြည်လာပြီးလျှင်။ ဦးစံမင်းအားလည်း သမီးသည် ယခုအခါ မောင်ဖေသန်းအပေါ် စိတ်နာလေပြီဟု ပြောလေ၏။ မိဘနှစ်ပါးက ပိုမို၍ ယုံကြည်လာလေလေ၊ မခင်ညိုနှင့် ဒေါ်စောမြခက်လည်း မိမိတို့အကြံဉာဏ်ကို ပိုမိုပီပြင်အောင် ကြိုးစားနေရလေရာ။ မိုက်ကယ်မောင်မောင်ဘ အိမ်အလည်ရောက်သည့် အခါမျိုး၌ အထူးတလည် ဂရုစိုက်သည်တွင်။ မောင်မောင်ဘလည်း ယခင်အခါကလို ဝမ်းနတ်ဆေး မိမည်ဟု အစပထမ စိုးရိမ်သော်လည်း နောက်ပိုင်း စိတ်ချ လက်ချ နေနိုင်ခဲ့လေတော့သည်။ သို့ရာတွင် ဒေါ်စောမြခက်၏ အကြံအတိုင်း။ ဒေါ်နှင်းလှိုင်က သတိပေးထားလေရာ၊ မခင်ညို၏ ရှေ့သို့ရောက်လျှင် လုံးဝ စကားမပြောပဲ ပါးစပ်ကြီး ပိတ်လျက် နေရသည်ကို၊ မခင်ညိုနှင့် ဒေါ်စောမြခက်တို့က အိမ်အတွင်းခန်း၌ ကိုန်၍

ရယ်မောကြသော ဟူ၏။

တနေ့သ၌ မခင်ညိုက ဒေါ်စောမြခက်ကို ခက်ခက်ရယ် သည်အကောင် ဘိုရှုးနှင့် ဆက်ဆံနေရရုံနှင့်ပင် ပြီးပါရော့လား။ ကိုဖေသန်းနှင့် ဘယ်နေ့တွေ့ရမှာလည်းဟု မေးရာ၊ အသာနေပါအေ။ ငါကြည့်စီစဉ်ပါ့မယ်ဟု ပြောပြီး။ နောက်တနေ့တွင် ဒေါ်နှင်းလှိုင်အား ဒေါ်စောမြခက်ကပြောသည်မှာ . . .

ခက် ။ ။ မမရဲ့။ သမီးကလေးဟာ မောင်ဖေသန်း အပေါ်မှာ စိတ်ကုန်နေတာ တော့ သေချာနေပါပြီ။ သို့ပေတဲ့ မနေ့တုန်းက မခင်ညိုရဲ့ အိပ်ခန်းတည့်တည့်က အုန်းပင်ခြေရင်းမှာ အင်းပြားတပြား မြှုပ်ထားတာ ကျွန်မတွေ့ရတယ်။

နှင်း ။ ။ ဟင်။ ဟုတ်လား။ အဲ့သည့်အင်းပြားရော။

ခက် ။ ။ ကျွန်မလည်း ကြောက်တာနဲ့ ရွှေတိဂုံဘုရား နှစ်ပြားတန်ဆောင်း ဘက်က ကျွန်မဦးကြီး ဘုန်းကြီးထံမှာ အပ်ထားလိုက်ပါပြီ။

နှင်း ။ ။ ဘယ်လိုများဖြစ်တာတုန်း။ ဖောင်ဖေသန်းလက်ချက်များ ထင်ခဲ့ကွယ်။

ခက် ။ ။ တာပေါ့။ တာကြောင့်မို့ လာမယ့် တနင်္ဂနွေမှာ ဆရာတော်နဲ့ တွေ့ဖို့ရာတောင် ကျွန်မ ချိန်းဆိုခဲ့သေးတယ်လေ။ ညိုလေးကိုပါ တပါတည်း ခေါ်ခဲ့ရမယ်တဲ့။

နှင်း ။ ။ ကောင်းတယ် ကောင်းတယ်။ တို့ပါ လိုက်ခဲ့မှာပေါ့။

ခက် ။ ။ အို လိုက်လို့ မဖြစ်ဘူး။ ဆရာတော်က မှာထားတယ်။ သည်ကိစ္စ အောင်မြင်ဖို့အတွက် စနေနဲ့ အင်္ဂါနံရှောင်ရမယ်တဲ့ အစ်မနဲ့ အစ်ကိုကြီး လုံးဝလိုက်လို့

မရဘူး။

နင်း ။ ။ ဒါဖြင့်လည်း ညည်းဘာသာ ကြည့်ရှင်းပေတော့အေး၊ ငါနယ် ရင်များ ထိတ်ပါဘိသနဲ့။

ဤသို့အားဖြင့် တစုသော တနင်္ဂနွေနေ့တွင် မောင်ဖေသန်းနှင့် မခင်ညိုတို့ ရွှေတိဂုံဘုရား၌ တွေ့ဆုံရန်အကြောင်း ဖန်လာတော့သတည်း။

ယင်းမတိုင်ခင်ကပင်လျှင်၊ ဒေါ်စောမြခက်က မောင်ဖေသန်းထံ အကြောင်းကြားသည်ဖြစ်ရာ၊ မောင်ဖေသန်းလည်း ဝမ်းသာရလေ၏။

တွေ့ကြလေသောကာလ၊ နှစ်ဦးသား အတူဝပ်ပြုကြလျက် ဘဝဆက်တိုင်း ပေါင်းရစေသား။ နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတို နှင့်အတူတကွ ရောက်ကြရပါလို၏ ဟူ၍ ဆုတောင်းကြပြီးလျှင် ဒေါ်စောမြခက်နှင့်အတူ ဘုရားပေါ်မှ ဆင်းခဲ့သည်တွင်၊ ဒေါ်စောမြခက်က ကျီစယ်လိုသော သဘောမျိုးဖြင့်၊ ဒီမှာကွယ့် မောင်ဖေသန်းရဲ့ မင်းတို့ရဲ့ ကိစ္စအတွက် အဒေါ်ဖြင့် ကြိုးပမ်းလိုက်ရတာ မင်းကမျှားကွယ်၊ အဒေါ်အတွက်များ လက်ဆောင်လေးတောင် မပါပေဘူး ဟု ပြောလေ၏။

မောင်ဖေသန်းလည်း ရယ်မောလျက် ဘယ်နဲ့မပါရှိပဲမလဲ ခင်ဗျာ၊ အဒေါ်တို့လို အပျိုကြီးတွေနဲ့ အလွန်ထိုက်ထန်တဲ့ လက်ဆောင် ကျွန်တော်ဝယ်ခဲ့ပါပကောဟု၊ ပြောရာ ဒေါ်စောမြခက်က ဘာများလဲကွယ့် ဟု မေးလျှင်၊ ချစ်မပြေပေ့ါ ခင်ဗျာ ဟု ဖြေလေ၏။ ဒေါ်စောမြခက်လည်း အို ပေါက်ပေါက်ရှာရှာကွယ်၊ မင့်စကားဖြင့် ကြည့်များလည်း ပြောပါအုံးဟု ရက်ရက်နှင့် ပြောယင်း လေ့ခါးထစ်ကို တထစ်ကျော်ဆင်းမိရာ
ထိုင်လျက်သား လဲကျလေတော့၏။

သုမောင်

မောင်ဖေသန်းနှင့်မခင်ညိုတို့က ကျွတ်ကျွတ်ဟု စုတ်သံပြုလျက် ပိုင်းဝန်း ထုမကြပြီးလျှင် မောင်ဖေသန်းက၊ အဒေါ်ကလည်း ရှက်တက်ရန်ကောဗျာ၊ ကျွန်တော်ပြောတဲ့ချစ်မပြေက မဂိုလ်လမ်းထိပ်က ချစ်မပြေရေမွှေးကို ပြောတာပါဟု ပြောလေလျှင် ဒေါ်စောမြခက်က ရှက်ရှက်ဖြင့်၊ အိုကွယ် အဒေါ်တို့အရွယ်များ ရေမွှေးမလိုပါဘူး။ မောင့်နမညိုလေးကိုသာ ပေးလိုက်ပါ ဟု ပြန်နက်လိုက်ရာ၊ မောင်ဖေသန်းက အို အဒေါ်ကလည်း အဒေါ့်ကို ပေးရာမှာ ဘုရားမှာ ရေမွှေးဖျမ်းရုံသာပဗျာ၊ လိမ်းဖို့ရာ မဟုတ်ပါဘူး။ အခုအချိန်မှာ ရေမွှေးလိမ်းလည်း ထူးတော့ပါဘူးဗျာဟု ပြောလျက်၊ သုံးဦးသား ရယ်မောယင်း ဘုရားမှ ဆင်းခဲ့သည်တွင် ကန်တော်မင် ပန်းခြံအနီးသို့ ရောက်လာ၏။

ထိုအခါ ဒေါ်စောမြခက်လည်း၊ ကိုင်း နေကလည်း ပြင်းပါဘိသနဲ့ ညိုလေးရယ်၊ ဟောဟိုနားက သစ်ပင်ရိပ်မှာသာ ခဏထိုင်ပြီး မောင်နမနှစ်ယောက် စကားပြောနေကြပေရော့။ ဒေါ်ဒေါ်ဖြင့် ဟိုသည် လမ်းလျှောက်ချင်သေးတယ်ဟု ပြောရာ ချက်ဆို နားခွက်က မီးတောက်သော မောင်ဖေသန်းက ဝမ်းသာသွားပြီး မခင်ညိုကမူ ရှက်ပြုံးလေးဖြင့် မျက်စောင်းထိုးလေ၏။

ကုက္ကိုလ်ပင်တပင်၏ အရိပ်၌ ထိုင်မိကြလေလျှင် မောင်ဖေသန်းလည်း၊ အနှစ်နှစ်အလလ ကွဲကွာနေရသော ကိန္နရီမောင်နှံ ပြန်လည်ဆုံတွေ့ရဘိသည့် အလား၊ ကာလကြာမြင့်စွာ စောင့်ဆိုင်းမျှော်လင့်နေရသော အခြေအနေသို့ ရောက်သဖိုက်၊ မည်သို့မျှ စိတ်မထိန်းနိုင်ဖြစ်ခါ၊ မခင်ညို၏ လက်ကလေးကို ယောင်ရမ်း ကိုင်လိုက်မိလေတော့သည်။

မြွေမိသော ဖား၊ ကျားမိသော သမင်ကဲ့သို့ မခင်ညို အထိတ်တလန့်ဖြစ်ပြီးလျှင်၊ မောင်ဖေသန်းကို ကြည့်လျက် ဘယ်နဲ့ဟာလည်း မောင် . . သည်ဟာ၊ ချစ်လို့ ကိုင်တာပေါ့၊ ကိုင်လို့ မချစ်တာပေါ့၊ မချစ်ပဲကိုင်ပါ့မလား၊ ချစ်ယင် မကိုင်ရဘူး၊ ဘာလို့၊ လွှတ်ပြောမယ်၊ ပြော လွှတ်မယ်၊ မလွှတ်ယင် မပြောဘူး၊ လွှတ် လွှတ်၊ မပြောယင်မလွှတ်ဘူး၊ ပြော ပြော၊

သုမောင်

ဤသို့ တအောင့်မျှ ကလူကျီစယ်ပြီးမှ မခင်ညိုလေး၏ မျက်နှာမှာ ပြိုတော့မည့် မိုးလို ညိုလာသဖြင့် မောင်ဖေသန်းလည်း ကဲ ကဲ လွှတ်ပါပြီ ချင်းညိုရယ်၊ စိတ်ရှိတော်မမူပါနဲ့ ဟု ပြောပြီး လက်ကိုလွှတ်လေမှ မခင်ညိုလည်း သောမနဿ မျက်စောင်းကလေး ချီလိုက်လေ၏။

ဤတွင် မောင်ဖေသန်းက ပြောပြန်သည်မှာ၊ ညိုညိုမှာ ဆေးဆရာနှင့် တူလှပါတယ်။ သူနာဆိုသည်မှာလည်း ရောဂါ ပျောက်ကင်းလိုသော ဆန္ဒရှိပါတယ်။ ဆေးဆရာ ဆိုသည်မှာလည်း သူနာ၏ ရောဂါကို ပျောက်ကင်းလိုသော ဆန္ဒရှိပါမည်။ ဆေးဆရာတို့မည်သည် ခေါင်းကိုက်သော သူနာကို ခေါင်းကိုက်ပျောက်စေတတ်သော ဆေးကိုပေး၍ ဝမ်းနာသော သူနာကို ဝမ်းနာပျောက်စေတတ်သော ဆေးကိုပေး၍၊ ယခုလည်း ညိုညိုကို အမှီပြု၍ ဖြစ်သော ညိုညိုရောဂါမို့၊ ၎င်းညိုညို ရောဂါကို ပျောက်စေတတ်သော ဆေးနဲ့ တဆိတ်လောက် . . ဆေးဆရာမကြီးရယ် သည်က ညိုညိုရောဂါ ဖိစီးနေသူ ဒုက္ခိတသည်တဦး၏ အသက်ကို ကယ်ဆယ်တော်မူပါအုံးဟု သမားကို ပါးရှဲ့နားရှဲ့ ပြသည်သို့ အားမနွဲ့တနွဲ့ နှင့် စကားမရဲ့တရဲ့ ပြောလိုက်ပြန်လေ၏။

တေမိမင်းသားသည် အပါးက ပြောဆိုမေးမြန်းလျက်ရှိနေသော မယ်တော်၏ စကားကို၊ မယ်တော်ကို သနားသဖြင့် တုန့်လည် ပြောဆိုလိုသော ဆန္ဒရှိ၍ ပြောဆိုမည် ပြုလုပ်သောအခါ၊ ထီးချက်စောင့် နတ်သမီးက တားဆီး၍ မပြောနိုင်သည့် ဥပမာကဲ့သို့ မောင်ဖေသန်း မေးမြန်းသော စကားအရပ်ရပ်ကို၊ မောင်ဖေသန်းကို သနားသဖြင့် တုံ့လှန် ပြောဆိုမည်ပြုမိ၏။ မခင်ညို၏ အမြဲစောင့်ရှောက်၍ လာခဲ့သော ဣန္ဒြေစောင့်နတ်သမီးက တားဆီး၍ ပြောမည်ကို မပြောမိနိုင်ဘဲ၊ တုကျိုးသောနှင့်သာလျှင် ရင်ထဲ၌ တလှိုက်လှိုက်နှင့် လက်ညှိုးကိုကိုက်လျက် တစိုက်စိုက် အောက်ကိုကြည့်၍နေလေရာ ဟောဟိုမှာ စီးကရက်ကလေး လုံချည်ပေါ်ကျနေပြီ ဆို၍ လက်ညှိုးညွှန်ပြပြီးလျှင် ငုံ့မြင့်၍နေလေ၏။ သူနာသည် ရောဂါတက်၍ မိန်းမောနေသောအခါ လက်ဖျားခြေဖျား နှုတ်ဖျားအစရှိသည်တို့ လှုပ်သည်ကိုမြင်လျှင်၊ သူနာစောင့်တို့သည် အားရှိသည့် ဥပမာကဲ့သို့၊ မတုန်မလှုပ်

သုမောင်

မိန်းမောနေသော မခင်ညို့သည် ခြေဖျား၊ လက်ဖျား၊ နှုတ်ဖျားတို့ လှုပ်၍ လာသည်ကို မြင်လျှင် သုနာစောင့် မောင်ဖေသန်းသည် အလွန်အားရှိ၍၊ သုနာ၏အနီးသို့ တိုးပြီးလျှင်၊ ညိုညို . . . ပါဏာတိပါတ ကံဆိုတာ ကိုယ်တိုင်မိမိလက်နှင့် သတ်ပါမှ ပါဏာတိပါတကံ မြောက်သည်ဟု ထင်တတ်ကြတယ်။ မိမိလက်ဖြင့်မပါပဲ၊ မိမိနှုတ်ဖြင့်မပါပဲ၊ မိမိအမူအရာဖြင့် မပြပဲ။ ပါဏာတိပါတကံ မြောက်သည်များကို ကြားဖူးပါရဲ့လား ညိုညို။ သည်မလေ တခုကြည့်စမ်း။ သဲကန္တာရတွင် ရေငတ်သူ တဦးတယောက်ကို ရေရှိသူ တဦးတယောက်က ရေမပေးပဲနေသောကြောင့် ရေငတ်၍ သေခဲ့လျှင် ရေရှိသူမှာ လက်ဖြင့်မပါပဲ၊ နှုတ်ဖြင့်မပါပဲ အမူအရာဖြင့် မပါပဲနှင့် ပါဏာတိပါတကံကို မြောက်ပါလိမ့်မည် ညိုညိုရယ်။ ညိုညိုဟာ ငါးပါးသီလကို အလွန်စောင့်ထိန်းသူ တဦးတယောက်ပါ။ အသက်ကို စွန့်သော်စွန့်မည်။ သီလကို စွန့်မည်မဟုတ်ဟု မောင်ယုံကြည့်ပါတယ်။ ယခု ညိုညိုတို့ မောင်မှာ သဲကန္တာရတွင် ရေငတ်၍ နေသူနှင့်တူပါတယ်။ ညိုညိုမှာ ရေရှိသူနဲ့ တူပါတယ်၊ ရေငတ်သူကို ရေပေး၍ အသက်ကို ရှင်စေသကဲ့သို့ ညိုညိုရယ် ညိုညို့မှာသီလကို အလွန်ချစ်ခင်သူ မှန်ပါတယ်။ တဘက်သားများကိုလည်း အလွန်သနားတတ်သူမှန်ပါတယ်။ သို့ဖြစ်ပါ၍ ရေငတ်တဲ့ ငဖေသန်းကို ရေကြည်တော်နှင့် သည်အသက်ကို ဆက်၍ပေးတော်မူပါဟု တအားနွဲ့သူက စကားကိုမရွဲ့ပဲ တရားနှင့်လှည့်၍ ပြောပြန်လေ၏။

မဆွတ်မီကပင် ညွတ်ချင်ရက်ရှိသော်လည်း၊ မကာမ်းမီကပင် လှမ်းချင်ရက် ရှိသော်လည်း၊ ဣန္ဒြေစောင့်နတ်သမီးက တန့်ဆီးသည့်အတွက် ဣန္ဒြေပျက်မခံဝံ့ရှာသော မခင်ညိုက မော်၍မျှ မကြည့်ဘဲ။ ကာလကျမ်းပေစာများကို အာမဘန္ဒေပါ ဘုရားလို့ လွယ်ကာဖြင့် ဝန်မခံလိုသောကြောင့် ငုံ့လျက်က ပြောလိုက်သည်မှာ . .

သုများဘာသာ သုများနေရာမှာ အလကားလာပြီး အပြစ်ရှာနေတယ်။

အပြစ်ရှာတာ မဟုတ်ပါဘူး ညိုညိုရယ်။ ချစ်တာမို့ မေတ္တာနဲ့ ပြောတာပါ။

မခင်ညိုလည်း၊ ပိုတတ်ရန်ကောဟူသော မျက်နှာထားဖြင့် ပြုံးတုံ့ပြုံးရောင်ပြုလျက် ပြောသည်မှာ . . .

ညို ။ ။ တာကအရေးမဟုတ်ဘူး မောင်။ ဟိုသေနာကျ မိုက်ကယ်ဘာ ကိစ္စကို ဘယ်လိုရှင်းမှာလဲ။

ဖေ ။ ။ အမျိုးဖျက်တဲ့ သည်လိုကောင်ကိုတော့ စကားထဲထည့် ပြောမနေပါနဲ့ ညိုရယ်။ မောင်တို့ကိစ္စ အမြန်အဆင်ပြေအောင်သာ ဆောင်ကျဉ်းပါတော့။

ဟု မိမိတို့နောင်ရေးကို အရေးအတင် ဆွေးနွေး၍ သာ နေလေ၏။

ထိုအချိန်တွင်၊ မခင်ညိုနှင့် မောင်ဖေသန်းတို့ ဘုရားပေါ်ရောက်ချိန်မှ ယခုကာလအထိ၊ နောက်က တကောက်ကောက်လိုက်၍ ချောင်းမြောင်းနေသူ တဦးသည်၊ နှစ်ထပ်ဦးထုပ်ကို ဆောင်းလျက်၊ နေပူကျဲကျဲကြီးမှာ သက္ကလပ်ကွတ်အင်္ကျီကို ကော်လာထောင်ပြီး၊ တက်တချက်ခေါက်ယင်း သစ်ပင်တပင်၏ နောက်ကွယ်မှ ခြေလှမ်းကျဲဖြင့် တရှူးရှူးတရှဲရှဲ ဖြင့် ထွက်ခွာသွားသည်ကို၊ ချစ်သူနှစ်ဦးမှာ မသိလိုက်ကြရှာချေ။

*(အခန်း ၎း )*

အထက်ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ဦးစံမင်းလည်း အကြီးအကျယ် ဒေါသူပုန်ထကာ၊ မခင်ညိုကလေးအား ယခင်ကထက်ပို၍ တင်းကျပ်စွာ ချုပ်နှောင်ထားရာ ၌၊ သည်တချိန်တွင် ကြံရာပါဖြစ်သူ ဒေါ်စောမြခက်လည်း အိမ်ပြင်မထွက်ရပဲရှိသဖြင့်၊ မောင်ဖေသန်းနှင့်လည်း စာအဆက်အသွယ်ပင် မရရှာပဲ ရှိလေတော့သည်။

သုမောင်

သည်ကိစ္စသတင်းပေးသူ မောင်မောင်ဘမှကား အိမ်သို့ ဝင်မြဲ ထွက်မြဲပင် ရှိလျက်က၊ သူ့မိဘများကို နားပူနာဆာ လုပ်သည့်တကြောင်း၊ ဦးစံမင်းတို့ကလည်း သမီးကိစ္စကို အမြန်စိတ်အေးချင်နေသည့် တကြောင်းကြောင့်၊ မောင်မောင်ဘနှင့် မခင်ညိုတို့ကို အလျင်အမြန် စေ့စပ်ပေးရန် သဘောတူညီမှု ရရှိထားလေတော့သည်။

ထိုကာလဝယ်၊ ယူနီဗာစတီကျောင်းသားကြီးများကလည်း နယ်ချဲ့သမားကို တပူပူလုပ်လျက်ရှိရာ၊ သခင်ပေါက်စ မောင်ဖေသန်းလည်း နိုင်ငံရေးကိစ္စဖြင့် အလုပ်ရှုပ်လျက်ရှိ၏။

အလယ်ပိုင်း တို့ဗမာအစည်းအရုံး၏ ကိစ္စများကို အကောင်အထည်ပြုဆိုရာ၌၊ အစည်းအဝေး ဆုံးဖြတ်ချက်များကို ပြင်းပြင်းထန်ထန် ရေးသားပြီး၊ သတင်းစာများမှ ခေါင်းကြီးပိုင်းဖြင့် ဖော်ပြနေပေရာ၊ သည်အချက်ကို အကွက်ယူ၍ မောင်မောင်ဘ က တဖန် အကောက်ကြံပြန်လေ၏။

တနေ့သ၌၊ မောင်မောင်ဘနှင့် ဦးစံမင်းတို့သည် ဆန်း ကဖီးတွင် တွေ့ဆုံကြယင်း ပြောဆိုကြသည်မှာ၊

ဘ ။ ။ အိုင်ဆေး၊ အန်ကယ်၊ သည်ကောင့်ပရောဂကတော့ ပြီးမယ် မထင်မိဘူး၊ ယခုတလေလည်း ညီလေးကို ကားတင်နိုးပြေးဖို့အထိ ကြံစည်နေတယ် သတင်းကြားရ ပါတယ်။

စံ ။ ။ သည်အတိုင်းဆိုယင်တော့ ဒုက္ခပဲ၊ ဘယ့်နှယ့်လုပ်ယင် ကောင်းမလဲ ကွယ်ရို့၊

ဘ ။ ။ အို . . အန်ကယ်ကလည်း ဒီစရိတ်တရားသူကြီး တယောက်လုံး လုပ်နေပြီးဗျာ၊ ကျွန်တော့် သဘောကတော့ သည်ကောင့်ကို ဖမ်းချုပ်ရုံပေါ့၊

စံ ။ ။ သည်အတိုင်းဖမ်းဖို့ဆိုတာ ဥပဒေ မှာ မရှိဘူးကွဲ့။

ဘ ။ ။ အို ၊ တို့ဗမာအစည်းအရုံး လှုပ်ရှားမှုနဲ့ ဖမ်းရုံပေါ့ခင်ဗျာ။

စံ ။ ။ သည့်လို မရဘူးကွဲ့။ ဘုရင်ခံ ဆာရယ်ဂျင်နယ်ဟာရ(ချ်) ဒေါ်မန်စမစ် ကိုယ်တိုင်က သည်သခင်တွေနဲ့ ပတ်သက်လာယင် အင်တင်တင်ရယ်။ အခြားမကြည့်နဲ့။ သခင်တွေ ကိုးကွယ်နေကြတဲ့ သုံးရောင်ခြယ်အလံရဲ့သီချင်းတောင်မှ ခါတ်ပြားထုတ်ခွင့် ပြုထားတာသာ ကြည့်ပေရော့။

မောင်မောင်ဘလည်း အခြားသော အကြံအစည်ကို ထုတ်ယင်း။ အသင့် ရောက်နေသော နက်(စ်)ကော်ဖီကို ပန်းကန်ပြားတွင် ထည့်၍ သောက်နေစဉ်၊ ရုတ်တရက် အကြံတခုရသည်နှင့် ဝမ်းသာအားရ ဖြစ်လျက်။ ဟာ ရပြီ အကြံရပြီဟု အော်လိုက်သဖြင့် ကော်ဖီများသည်းပြီး အဟွတ်အဟွတ် ဟု ချောင်းဆိုးလေ၏။

ကိုင်း ကိုင်း အကြံအစည်များ ရလျှင်လည်း ဖြည်းဖြည်းသက်သာ သာ ပြောပါကွယ်။ မင်းမလည်း။ ဟု ပြောမှ မောင်မောင်ဘလည်း။ ဦးစံမင်း အနီးသို့ မိမိကုလားထိုင်ကို ရွှေ့ပြီး၊ နံဘေးနဘီဆီသို့ တချက်မှ ဝေ့ကြည့်လျက် မည်သူမျှ မကြားရအောင် တိုးတိုးတိတ်တိတ် ကျိတ်၍ ပြောလေ၏။

မောင်မောင်ဘ၏ အစီအစဉ်ကို ကြားရလေလျှင် ဦးစံမင်းက၊ ယက်(စ်) ယက်(စ်) ကောင်းတယ် ကောင်းတယ်။ မောင့်အကြံဉာဏ်ဟာ အနက်ကယ့်လက်အောက်က ပုလိပ်တွေ လိုပဲ ထက်မြက်လှပါပေတယ်။ ဗွတ်ဒဘိုင် စီးယူဟု နှုတ်ဆက်ပြီး လမ်းခွဲကြလေ၏။

အိမ်ရောက်သောကာလ၊ ဦးစံမင်းလည်း ဝမ်းသာအားရ ဖြစ်လျက်၊ ဒေါ်နှင်းလှိုင်အား မောင်မောင်ဘပေးသည့် အကြံဉာဏ်ကို ပြောလေရာ၊ ဒေါ်နှင်းလှိုင်က

လည်း သဘောတူသည်နှင့်၊ လာမည့် လပြည့်နေ့ညကို အစီအမံဖြစ်အောင် ခဏနေလျှင် မမြခက်ကိုခေါ်ပြီး အစီအစဉ် စပေရော့၊ မျက်နှာထားကိုလည်း မပျက်စေနှင့်၊ စကားအသွား အလာကိုလည်း မမှားစေနှင့်၊ အတတ်နိုင်ဆုံး မမြခက် မရိပ်မိဖို့က အရေးကြီးတယ် ဟု ပြောပြီးလျှင် အသီးအသီး မိမိလုပ်စရာရှိသည်ကို ဟန်မပျက် လုပ်နေကြလေ၏။

ညနေစောင်းရောက်လျှင် ဒေါ်နှင်းလှိုင် လည်း ဒေါ်စောမြခက်ကိုခေါ်၍ တိုးတိုးတိတ်တိတ် ဟန်အမူအရာနှင့် ပြောသည်မှာ . . ။

နှင်း ။ ။ ဒီမယ် မမြခက်၊ သမီးလေးနေကောင်းရဲ့လား။

ခက် ။ ။ လူကတော့ နေကောင်းပါရဲ့ စိတ်ကနေမကောင်းတာကြောင့် စိတ်ထောင်းလို့ ကိုယ်ကျေ ဆိုတာလို ဝိန်းချူန်း ကျသွားတာ မှတ်မိဖို့တောင် ခက်ပါရဲ့၊ (ငိုမဲ့မဲ့ပြောလေလျှင်)

နှင်း ။ ။ ခက်ပါရဲ့အေ . . အစကတော့ မမအနေကလည်း အဲသည် မောင်ဖေသန်းဆိုတဲ့ သူငယ်ကို စိတ်က တော်တော် ခံတွင်းမတွေ့ခဲ့ပေဘူး၊ သို့သော်လည်း ယခု ဒီသူငယ် အကြောင်းကို တီးခေါက်လိုက်တော့ လူတော်လူကောင်း တယောက်မှန်း သိရတော့သကွယ်၊ နို့ပြီး သမီးကလည်း သူမှသူ ဖြစ်နေလေတော့ . . အင်း . ခက်ပါရဲ့ကွယ် . . ဟု ညည်းတွားလေရာ။

ခက် ။ ။ ခက်မနေနဲ့ မမရဲ့ . . .သည်လိုပုံနှင့်ဆိုယင် မခင်ညိုကလေး အသက် အန္တရာယ်တောင် စိုးရိမ်ရတယ်၊ ကြာယင် ပိုဆိုးမယ်။

နှင်း ။ ။ အနို့ဖြင့် ဘယ်နယ့်လုပ်ရပါ့အေ။

ခက် ။ ။ ဘယ်နှယ့်မှ လုပ်မနေနဲ့ ပေးစားပေါ့ မမရဲ့။

နှင်း ။ ။ အင်း . . . ခက်တာက ညည်းအစ်ကို ကိုစံမင်းအကြောင်းလည်း ညည်းအသိ မဟုတ်လား။ ဖူးဆိုယင် ဖရုံသီးတဲ့လူစားမျိုး မဟုတ်ဘူး။

ခက် ။ ။ မမကလဲ နားချပေါ့။ နို့ပြီး ဟိုကောင် မောင်မောင်ဘရဲ့ စကားတွေက လည်း ပလီစီချောက်ချက်နဲ့ နားဝင်နေ မဟုတ်လား။

နှင်း ။ ။ အင်း . . မမဖြင့် မကြံတတ်အောင်ပဲကွယ်။ သမီးအတွက် မမသာ သောချင်ပါရဲ့။ ကိုင်း ကြံစမ်းပါအုံး မမြခက်ရဲ့ ဟု မှုရာမာယာဖြင့် ငိုမလိုရယ်မလို ပြောလေလျှင်။

ခက် ။ ။ ကောင်းပြီ။ မမအနေနှင့် တကယ်ပဲ သမီးနဲ့ မောင်ဖေသန်းကို သဘောတူတယ်ဆိုယင် (တူပါရဲ့အရေယ်) သူတို့ချင်းတွေ့ခွင့်ကို မကြာမကြာပေးပေါ့။ သည်အတွင်း မောင်မောင်ဘရဲ့ ရန်အေးအောင် ကျွန်မကြည့်စီစဉ်မယ်။ မမကလည်း အစ်ကိုကြီးကို နားဝင်အောင် ပြောဖို့ပဲပေါ့။

နှင်း ။ ။ (သက်မကြီးချက်လျက်) မမအနေကတော့ ကိုစံမင်းကို ပြောဖို့ရာ မလွယ်လှဘူးထင်တာပဲ။ ဒီအတိုင်းထက်စာလျှင် အကောင်းဆုံးနည်းကတော့ ချင်းညိုကို မောင်ဖေသန်းနှင့် အမြန်ဆုံး နီးစပ်အောင် တခြားနည်း စဉ်းစားကြအုံးစို့ ကွယ်ရို့။

ခက် ။ ။ သည်လိုဖြင့်လည်း မောင်ဖေသန်းကို မောင်မောင်ဘ နည်းတူ အိမ်အဝင်အထွက်လုပ်ဖို့ မမတို့က ခွင့်ပြုပေါ့။ သည်အခါ ဘယ်သူက အရည်အချင်း ပြည့်ဝတဲ့ လူဆိုတာ ပေါ်လာခွင့် ရမှာပေါ့။

နင်း ။ ။ သည်လိုလည်း မဖြစ်သေးဘူးအေ့။ ညည်းအစ်ကိုက ခွင့်ပြုမယ် မဟုတ်ပေဘူး။ (တအောင့်စဉ်းစားပြီး) အကြံရပြီအေ့၊ သည်လိုလုပ်ချေရအောင်။ ညည်းအစ်ကိုလည်း မရိပ်မိနိုင်ပဲ၊ သမီးသည် အိမ်မှာပဲမြဲနေအောင် တညတညမှာ ညည်းက တာဝန်ယူပြီး မောင်ဖေသန်းကို တို့ခြံစည်းရိုး အပြင်နားက စောင့်နိုင်း၊ သမီးက အတွင်းက နေပေ့စေ၊ သည်လိုသာ မှန်မှန်တွေ့ရယင် သမီးလေးရဲ့ စိတ္တဇရောဂါ ပျောက်ရော မဟုတ်လား။

(ဝမ်းသာအားရ) သိပ်ပျောက်တာပေါ့ရှင်၊ မမကကော တကယ်ပဲ ခွင့်ပြုမှာနော် ဟု မေးလျှင်၊ တကယ်ပေါ့ အေရယ်၊ သမီးရဲ့ကျန်းမာရေးက အရေးကြီးတာပဲ။ သည်တော့ လာမယ့် လပြည့်နေ့ညာ၊ ညည်းအစ်ကို တရားပွဲ သွားစရာရှိတာကြောင့် အဲသည့်ရက်ကိုသာ စီစဉ်ပေတော့။ ယခုလည်း ကိုစံမင်း အပြင်သွားလေရဲ့။ ညည်းလည်း မောင်ဖေသန်းထံ သွားပြီး စီစဉ်ပေတော့။ မမက သမီးကို ချော့မော့အုန်းမယ် ဟု ပြောလေရာ၊ ဒေါ်စောမြခက်မှာ ဝမ်းသာအားရဖြင့် အကျီလဲလျက် မောင်ဖေသန်း ရှိတတ်သော ရွှေပသာ်နို့အေးဆိုင်ဘက်သို့ ထွက်သွားလေတော့သတည်း။

တအောင့်ကြာ ဦးစံမင်း ပြန်ရောက်လေလျှင်၊ ဒေါ်နှင်းလှိုင်က မမြခက်တော့ ကျွန်မပြောသည်ကို နားယောင်လေပြီ၊ ယုံကြည်လေပြီ၊ သည်တော့ ကိုစံမင်းကလည်း လာမည့် လပြည့်ညကို အစီအစဉ်အတိုင်း မောင်မောင်ဘကို ချိန်းဆိုပေတော့ဟု ပြောရာ၊ ဦးစံမင်းလည်း ဝမ်းသာအားရ ရှိလှသောကြောင့် တာမှ ငါ့မိန်းမဟု ပြောပြီး ဒေါ်နှင်းလှိုင်၏ ပါးကို လိမ်ဆွဲလိုက်သည်တွင်၊ ဒေါ်နှင်းလှိုင်က အို . . အသက်ကြီးမှ ကလေးကလားရှင် ဟု ပြောပြီး ဦးစံမင်း၏ နားခေါင်းကို လိမ်ဆွဲလေ၏။

ထို့နောက် နှစ်ဦးသား ကော်ဖီနှင့်မုန့်များ စားသောက်ကြကာ၊ ညနေ ရွှေတိဂုံဘုရား သွားရန် တိုင်ပင်လျက် အေးအေးဆေးဆေး စကားစမြည် ပြောနေကြလေသတည်း။

သုမောင်

(အခန်း ခြောက်)

ဒေါ်စောမြစက် ချိန်းဆိုသည့် လပြည့်နေ့ညတွင်၊ မောင်ဖေသန်းသည် လူသူမကွဲ မည်းမှောင်၍နေသော ခြစည်းရိုးထောင့် သစ်ပင်ရိပ်သို့ရောက်လေ၏။

ခဏကြာလျှင် အိမ်နောက်ဖေး၊ တံခါးပေါက်ပွင့်လျက်၊ မခင်ညိုထွက်လာသည်ကို မြင်လေ၏။ လရောင်အောက်တွင် တွေ့လိုက်ရပြီး၊ မကြာမီ တဖြည်းဖြည်း အမှောင်ရိပ်ဆီသို့ တိုးလာပြီး၊ မည်းသော သစ်ပင်ရိပ်ဆီသို့ ဝင်ရောက်လေရာ၊ အတန်ကြာသည်အထိ ဘာသံမျှ မကြားရပဲ တိတ်ဆိတ်ငြိမ်သက်၍ နေကြလေ၏။

ထိုအချိန်တွင် အကြံအစည်ဖြင့် နေကြသော ဦးစံမင်း ဒေါ်နှင်းလှိုင်တို့သည် မိမိတို့၏ အိပ်ခန်းများကို မီးမှောင် ချလျက်၊ အိပ်ချင်ဟန်ပြုကြပြီး၊ ခားလျှိုလုပ်သူ မောင်မောင်ဘကား အနီးအနားသစ်ပင်ကွယ်မှ ခြင်အကိုက်ခံယင်း အကွက်ကောင်းကို ချောင်းမြောင်း နေလေသည်။

မောင်ဖေသန်းနှင့်မခင်ညိုတို့လည်း နောင်ရေးကိစ္စများကို ခြစည်းရိုးခြားလျက် တိုင်ပင်နေကြလေရာ၊ မတွေ့ရကြာပြီဖြစ်သော ချစ်သူနှစ်ဦးမှာ၊ မှောင်ရိပ်မို့လျက် တယောက်မျက်နှာ တယောက်မမြင်ရဘဲ စကားမြည် ပြောနေရသည်ကို သည်းညည်းမခံနိုင်တော့သည့်အဆုံး၊ မောင်ဖေသန်းလည်း ခြစည်းရိုးအောက်ခြေရှိ ခွေးတိုးပေါက်မှ၊ ကုန်း၍ ဝင်ရာ မခင်ညိုအနီးသို့ ရောက်လေ၏။

အတန်ကလေးကြာမှ၊ အို . .အို .. ဟု မာန်မဲလျက်၊ ထုလား၊ ဆိတ်လား၊ ဆွဲလား၊ လိမ်လားလုပ်သလို၊ မငြိမ်သက်သော ချိုးချိုးချွတ်ချွတ် အသံကြားရပြီးလျှင်၊ တိတ်ဆိတ်ချင်သည့်အခါတွင်လည်း၊ တိတ်ဆိတ်သွားပြန်သည်ကို တွေ့ရလေ၏။ အနည်းငယ်ကြာပြန်သောအခါ တိုးတိုး၊ တိုးတိုး ပြောကြသည်ကို ကြားရသဖြင့်၊ နားစိုက်၍

သုမောင်

ထောင်လိုက်ရာ။ တိုးတိုးစကား ဖြစ်သဖြင့် မကြွဲပြားပဲ၊ နားမလည်လောက်သော လေသံဖြင့် ပြောခြင်းကြောင့်၊ ဘာမျှ မသိရပဲ ရှိလေ၏။ ပြတ်ပြတ်သားသား ထင်ထင်ရှားရှား၊ ခွဲခြား၍ သိနိုင်သည်မှာကား။ အ . . ဟို . ဟို . ဟို .. ဟု ရယ်မောသော မခင်ညို၏ အသံနှင့်၊ အဟဲ .. ဟဲ ဟဲ.. ဟဲ ဟု ရယ်သော မောင်ဖေသန်း၏ အသံမှတပါး၊ ဘာမှ မသိရပဲ ရှိလေသတည်း။

မည်းမည်း မည်းမည်း အရိပ်နှစ်ခုသည် တစ္ဆေချောက်သလို လှုပ်ရှား၍ တွေ့ရသည်၌၊ သဏ္ဍာန်ကို အကဲခတ်ရသည်မှာ၊ တယောက်က သွားလိုရာတွင်၊ တယောက်က မသွားရန် ဖွတ်အတင်းလက်ကို ဆွဲထားဟန် လက္ခဏာပင် ဖြစ်လေရာ။ ခါတ်မသိသူသာ မြင်ရပါက၊ ဧကန္တ တစ္ဆေကြီးပါဟု အော်၍ ပြေးရလောက်အောင် ကြောက်စရာ လန့်စရာ လှုပ်ရှားနေကြရမှ တဖြည်းဖြည်း အရိပ်နှစ်ခုလည်း ပြန်၍ ငြိမ်သက်သွားပြန်လေ၏။

စနေထောင့်မှ တက်လာသော၊ ဖျာတကွက်မျှသော မိုးသားသည်၊ လမင်းကို မျက်စောင်းထိုးကာ၊ ကိုယ်စောင်းဝင်တိုက် လိုသော ဟန်ဖြင့် ခပ်မြန်မြန် ရွေ့၍ လာလေ၏။ လှမိုက်ကို အားပေးလေ့ရှိသော လေနတ်သားသည်ကား။ မိုးသားကို လက်တို့၍ မြှောက်ပင်ပေးလျက်၊ တောင်ဘက်တခွင်မှ၊ ခပ်လျှင်လျှင် တိုက်လိုက်သောကြောင့်၊ အားပေးရှိလျှင် ပို၍ မိုက်ချင်သော မိုးနတ်သားသည်၊ တအားပြေးလာကာ လမင်းကို ကိုယ်စောင်းဝင်တိုက်လိုက်ရာ။ သည်းခံခြင်းနှင့် ပြည့်စုံသော လမင်းမှာ၊ မျက်နှာကို အသာငုံ့စင်းခံခြင်းကြောင့်၊ အနိုင်ရသူ မိုးသားဘက်မှ၊ အားတက်သရော ခေါင်လံ တင်လိုက်သောကြောင့်၊ စကြာဝဠာတခွင် မည်းမိုက်ကာ၊ ခဏာ၌၊ မှောင်ကျသွားလေ၏။ ပြန်၍ လင်းလာမှ၊ အရိပ်နှစ်ခုလည်း လှုပ်လှုပ်ရှားရှား ဖြစ်ကာ၊ လေသံလောက် ပြောနေရာက၊ စကားလုံးကွဲလာ သဖြင့် စိုက်၍ နားထောင် လိုက်သောအခါ၌၊

"စေတနာမဲ့ ပေါက်ဖော်ကြီး ပေါက်စီပေးမှားတာလို ဖြစ်တာပါပဲ" ဟု ပြောသော မောင်ဖေသန်း၏ သဲ့သဲ့မျှ ပြောလိုက်သည်ကို ကြားရလေ၏။

"ဘာမှားတာလဲ ဒါမျိုး စေတနာ မခေါ်နိုင်ပေါင်" မခင်ညို၏ ခံပြင်းသံနှင့် ပြောသံကို ကြားကို ကြားရမှ၊ စေတနာမှ စေတနာ။ မိုးကြိုးကြီး ပစ်ရပါစေရဲ့ စေတနာ။ ဒီ .. မိုးကြိုးကမှ ကြာပါသေးတယ်။ ယခု ချင်းညိုဆီကအပြန် မော်တော်ကား နင်းလို့ သေရပါစေရဲ့။ ကဲ . .ချစ်လို့ပါ .. အဟဲ . .ဟဲ ဟု ရယ်၍ ပြောသည်ကို ကြားရသောအခါ လက်ဝါးနှင့်ရိုက်သံ နက်သံကို ကြားရသည့်ထဲ ဘုရားစူးစီရဲ့ ဘုရားမှ ကောင်းမှုဘုရားကြီး စူးရပါစီရဲ့ ချင်းညိုရယ်။ ထုချင်လည်း ထုပါတော့။ ဒီလိုပါ တောသားတယောက် မြို့တက်လာတဲ့အခါ ပေါက်စီရောင်းတဲ့ တရုတ်ကြီးတွေ့တာနဲ့ သည်မုန့်ဖြင့် ကောင်းမှာပဲ ထင်ပြီး အဲသည်ဟာ အရသာရှိမှာ ပေးလကွယ်လို့ ပေါက်စီကို မခေါ်တတ်လို့ ပြောပြီး ဝယ်စားတယ်တဲ့။

တောသားက ပေါက်စီကို စားမလို့ အားရပါးရ ဖွဲ့လိုက်တော့ အတွင်းက ပဲတွေကို မြင်တာနဲ့ (ဟေ့ တရုတ် မင်းဟာက အပုပ်ကြီး ငါ့ တောသားမှတ်လို့ နပ်ရမယ် ထင်သလား) ပြောတော့ တရုတ်ကီးက (ဟေ့ သောက်စီကားမိများနဲ့ စားကိ မကောင်းယင် နင့်ဝိုက်ဆံ ပြန်ပေးမယ်) ပြောတော့မှ တောသားလည်း မရဲတရဲစားကြည့်တော့ အရသာတွေ့လာလို့ ခေါင်းညိတ်ပြီး (အဟီး ဖန့် သငန့်ငန့် မှတ်တယ် အကောင်းသလကွယ့်) ဆိုတာလို အရသာရှိလို့ ကြွေးတာ အပုပ်များ ထင်ရသလား။ အဟီး ဟီး ဟု ပြောသော်လည်း မခင်ညို၏ အသံမှာ တိတ်မြဲ တိတ်ဆိတ်နေရာမှ ရှိုက်သံသဲ့သဲ့ ကြားရလေသတည်း။

ထို့နောက် ခဏမျှ ငြိမ်သက်သွားကြလေပြီး ဆက်၍ ပြောကြသည်မှာ ..

သန်း ။ ။ မင်း မင်း အပြစ်ဆိုလဲ ခံရရုံပေါ့။ သို့ပေတဲ့ ဒီကတော့ တကယ့်မေတ္တာ နှင့်ပါ။ နို့ပြီး မောင်တို့ ရှေ့ရေးကလည်း ရှိတယ်မို့လား။ ဟိုအကောင် မောင်မောင်ဘ

ရန်ကလည်း တယ်ပြီးမအေးလှဘူး။

ညို ။ ။ သည်သေချင်းဆိုး သေနာပေါ်ကောင် အကြောင်းတော့ မပြောပါနှင့်တော့၊ ကောက်ကျစ်တာမှ မြေခွေးထက် ကောက်ကျစ်သေးတယ်။ ကျည်တောက်စွပ်လို့ မရနိုင်တဲ့ ခွေးမြီးကောက်လိုပါပဲ မောင်ရယ်။

ဤအချိန်တွင် ခပ်လှမ်းလှမ်းမှ အကြံဖြင့် ချောင်းနေသော မောင်မောင်ဘမှာ ဒေါသတကြီးဖြစ်လျက်၊ မောင်ဖေသန်းတို့နှင့် အနီးဆုံး သစ်ပင်ရိပ်သို့ တဖန်တိုး၍ ကပ်လာပြန်လေ၏။ မခင်ညိုတို့လည်း ပြောစရာရှိသည်ကို ဆက်ပြောပြန်သည်မှာ။

ညို ။ ။ အနို့ဖြင့် မောင့်သဘောက ဘယ်လိုရှိသလဲ၊ ဒီကဖြင့် သင်းရန်ကို ဘယ်လိုတွန်းလှန်ရမယ် မသိတော့ဘူး။

သန်း ။ ။ တာဖြင့် မောင်တခုမေးမယ် မောင့်ကို အမှန်တကယ် မေတ္တာရှိရိုးမှန်သလား။

ညို ။ ။ အို မောင့်နှယ် မေးမှ မေးရက်ပလေတယ်။ (ဝမ်းနည်းသံဖြင့် ပြောလေ၏။)

သန်း ။ ။ သည်လိုဆို ယခုပင် မောင်နှင့် လိုက်ခဲ့ပါတော့လား။

ညို ။ ။ အို သည်လောက်မြန်မြန်ကြီး ဆုံးဖြတ်ဖို့က မလွယ်ပေဘူး မောင်။

သန်း ။ ။ အင်း သည်ထက်ကြာသွားလျှင်လည်း ခက်ရချည်ရဲ့ ချင်းညို၊ သည်လိုပုံဖြင့် မောင်မောင်ဘက ကျားစေဦးလဲ ပါးစပ်ထည်း ညို့ကို ကွက်ရတော့မဲ့ ပုံမေပဲ၊

ဟင် (အလွန်မရှိတင်ကဲ ပြောလေ၏)

ညို ။ ။ သည်လောက်လည်း မပူပန်ပါနဲ့လေ သည်ပေါ်ရှာရှာ ဘိုရှုး မောင်မောင်ဘလောက်တော့ ကျွန်မ ခေါင်းက ကိုင်လှည့်ယင် လည်နေမှာပါ။ သူက တကျာရှုး။

သန်း ။ ။ အို မောင့်သဘောကတော့ သည်အရှုးကို အဖက်လုပ် စဉ်းစားမနေပဲ မောင်တို့လုပ်စရာရှိသာ လုပ်ဖို့ပဲ၊ ယခုသာ မောင်နှင့် တပါတည်း လိုက်ခဲ့ပါတော့။

ဤသို့ပြောပြီးလျှင် မောင်ဖေသန်းလည်း မခင်ညို၏ခါးကို ဇွတ်ကနဲ ပွေ့ဆွဲပြီး ကိုယ်လုံးချင်း ကပ်လိုက်ရာ၌၊ ရှုတ်ကနဲ မွှေးကြူလိုက်သည်ကို အသံကြားရရုံဖြင့် မခံချိမခံသာ ဖြစ်နေသော မောင်မောင်ဘ ခမျာ ယခုတခါ နိုးရာလိုက်ကြဖို့အထိ စီစဉ်နေခြင်းအပြင်၊ ရှုတ်ကနဲ မွှေးကြူလိုက်သံကိုပါ ကြားလိုက်ရသည့်၌ အလွန် စိတ်ဆိုးလာပြီး သကာလ၊ မူလ အစီအစဉ် ဖြစ်သော မောင်ဖေသန်းကို အမိဖမ်းရန် အကြံအစည်ကို မေ့လျော့လျက်၊ တကျာဇောကပ်ညီကာ စိတ်မထိန်းနိုင်သည့်အဆုံး၊ ပုန်းကွယ်နေရာမှ ဝုန်းကနဲ ထွက်လာပြီး၊ ဟေ့ ခွေးသား တာက ဘာသဘောတုန်းကွ ဟု ပြောမိပြောရာ ပြောလေ၏။

ထိုအခါ မောင်ဖေသန်းနှင့် မခင်ညိုလည်း ပူးကပ်နေရာမှ အလန့်တကြား ခွာလိုက်ကြပြီး၊ မောင်ဖေသန်းက အိုင်ဖြေး ဟို .. ဟို .. လမ်းကြုံတာနဲ့ ဝင်လာတာပါဗျ ဟု ပြန်ပြောရာ၊ မင်းဘကြီးအိမ်မှတ်လို့ ဒီအချိန်လမ်းကြုံဝင်ရသလား ဆိုပြီး၊ မောင်ဖေသန်း၏ ဆံပင်ကို ဝင်ဆွဲလေ၏။

သို့ရာတွင် မောင်ဖေသန်း၏ ဆံပင်မှာ ဗိုလ်ချုပ်အောင်ဆန်း ဆံတောက်ခေါ် ကတုံးဆံတောက် ဖြစ်နေသဖြင့်၊ ဖမ်းမမိပဲရှိရာ၌၊ မောင်ဖေသန်းက တဖန်ပြန်၍

ဆွဲသည်တွင်။ ဘိုကေခေါ် ဗလင်တီနို ပုံသဏ္ဍာန်စမက်ကျကျ ဖီးထားသော မောင်မောင်ဘ၏ ဆံပင်ကို မိလေ၏။

ထိတ်လန့်တကြားဖြစ်နေသော မခင်ညိုမှာလည်း ထိုနစ်ယောက်အား ဝင်ဆွဲရကောင်းနိုး အော်ဟစ် အကူအညီတောင်းရကောင်းနိုး ဖြစ်နေသခိုက်၊ ချစ်တဏှာဇောဖြင့် ဒေါသကြီးနေကြသူနှစ်ဦးမှာ မိရာဖမ်းဆွဲလျက် နပမ်းဖက်၍ လုံးနေကြလေသတည်း။

ခွေးသား .. ခွေးမသား ဟု ဆဲဆိုလုံးထွေးနေကြသော အသံများကို ကြားလေလျှင် အိမ်ပေါ်ထပ်မှ ခြောင်းမြောင်းနေသော ဦးစံမင်းနှင့် ဒေါ်နှင်းလှိုင်လည်း ပြေးဆင်းလာလေ၏။ ထိုအခါကျမှ မှုလအစီအစဉ်ကို သတိရလာသော မိုက်ကယ် မောင်မောင်ဘသည် သူခိုးဖျိုး. . သူခိုး .. သူခိုး ဟောသည်မှာ အရပ်ကရို့ဟု အော်လေလျှင်၊ မခင်ညိုမှာလည်း မောင်မောင်ဘ၏ ရှိုင်းစိုင်းသော အကြံအစည်ကို ရိပ်မိသည်နှင့် မောင် ပြေးပေရော့ . . ပြေးပေရော့ ဟု မောင်ဖေသန်း၏ လက်ကိုဆွဲပြီး အော်လေမှ မောင်ဖေသန်းလည်း၊ မှုလဝင်လာရာ ခွေးတိုးပေါက်မှ ကုန်းကုန်းကွကွဖြင့် ရုန်းထွက်လေ၏။

ဖွဲ့နဘဲကြီးကြီးဖြင့် မောင်ဖေသန်း၏ ခါးကိုဖက်၍ လုံးနေသော မောင်မောင်ဘမှာလည်း မလွှတ်တန်းဆွဲထားလေရာ၊ ကြောက်လန့်ဇောဖြင့် ပြေးသော မောင်ဖေသန်း၏နောက်သို့ ကုန်းကုန်းကွကွဖြင့်ပင်၊ တရွတ်တိုက်ပါနေသဖြင့်၊ ကတ္တရာလမ်းမပေါ်ရောက်ကြသည်တွင်လည်း၊ လုံးလားထွေးလား လုပ်လျက် နေလေတော့၏။

တဖန် မောင်မောင်ဘက ဒီမယ် .. ဒီမယ်၊ သူခိုး ဒီမယ် .. ဟု ဆက်၍ အော်လေလျှင်၊ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် သူခိုး လိုက်ကြသော၊ အရပ်လေးမျက်နှာမှ လူများနှင့် ပတ္တရောင်ပုလိပ်များရောက်လာပြီး . .ခွေးမျိုး ချလဟာနက်လဟာ ဟု ကြိမ်းပေး လိုက်သည်တွင် မောင်ဖေသန်းလည်း ကြံရာမရသည်နှင့်၊ သူလည်း အတူတူပါခင်ဗျာ၊

မိမှာစိုးလို့ ကျွန်တော့်ကို လက်ညှိုးထိုးတာပါ။ သူလည်း သူနိုးပါပဲ ပြောရာ၊ ဟုတ်မှာပဲ ဒီကောင် ဘာညာတာလဲ ဟုပြောပြီး နှစ်ယောက်စလုံးကို ဂတ်တဲသို့ ပို့ကြလေသည်။

ရာသီကား ဆောင်း။ အချိန်ကား ညဥ့်သန်းခေါင်ကျော် ဖြစ်သောကြောင့် မြောက်ဘက်မှ ဝှေ့တိုက်လာသောလေပြေသည် နှင်းပေါက်များကို အဖော်ခေါ်လျက်၊ တထွာသာသာစွာ၍ သံတိုင်ကာထားသော အချုပ်ခန်းအတွင်းသို့၊ ခပ်ကြမ်းကြမ်း ချင်းနင်း ဝင်ရောက်လာသည့်အတွက်၊ မောင်ဖေသန်းနှင့် မောင်မောင်ဘမှာ အရိုးထိချမ်း သောကြောင့် အဟီး.. ဟီး.. ဟု ညည်းယင်း မောင်ဖေသန်းက ငါ့ကို သူနိုးအော်တော့ မင်းလည်း အချုပ်ခန်းထဲရောက်ရော မဟုတ်လား။ ကြိုကြိုးစည်ရာ မောင်မောင်ဘရယ်ဟု ပြောလျှင် မောင်မောင်ဘက ငါ့ကို စကားလာမပြောနဲ့ ဟု မာန်မဲသဖြင့် မထူးဘူးငါလူ.. ငါတနှစ်ကျယင် မင်းလည်း သေချာပေါက် မြောက်လပဲဟု လေအေးအေးနှင့် ပြောပြီးလျှင် တဘက်သို့လှည့်၍ ဘိုးစိန်သံ ပါပါဖြင့် စိမ့်ကြီး မြိုင်ကြီး အစချီ ဦးတိုးရေး.. ရကန်ကို တဖြည်းဖြည်း စ၍ ဆိုလေ၏။

မြို့တော်ဝန် စာမိန့်မပါပဲ .. ဟဲ အဲ.. ဟာအဲ.. ကွယ်ရာရေးပြင်အော်ရောင်းတာများ မြင်ခဲ့လျှင် သေချင်သေ ရှင်ချင်ရှင်.. အင်မတိ အင်မတန် ရာဇဝတ်တော်ခံရသည် .. ပန်းများဘုရင်.. ရွှေသဇင်လေး.. ဟု သံကုန်တင်လိုက်ရာ အိပ်ပျော်နေသော ဂါတ်သားတို့ လန့်နိုးကြသည့်အတွက် တယ်ရှုပ်တဲ့ ကောင်တွေကွာ တာဂိုကျတဲ့လူက ဆူဆေး ပေးလိုက်လကွယ်ဟု ပြောသည်နှင့် တပြိုင်နက် အစောင့်ကျ ပုလိပ်တယောက်တက်လာပြီး ဟေ့ကောင်တွေ ငြိမ်ငြိမ်နေတာမဟုတ်ဖူး ဟု မာန်လျှင် မောင်ဖေသန်းက အဟီး.. ဟု ရယ်ကာ သူပါခင်ဗျာ .. သူပါ။ မဆိုနဲ့တားတာ မရပါဘူး ဟု ပြောရာ၊ မောင်မောင်ဘက စိတ်ဆိုးမာန်ဆိုးဖြင့် ဘာလုလှည့်ချ ပြန်တာလဲ ဟု ပြောလေ၏။

ပုလိပ်လည်း ကောင်းကောင်းနေကြဟု ပြောသဖြင့် မောင်ဖေသန်းက ချမ်းလွန်းလို့ပါခင်ဗျာ .. နား နားရင်းလေးပူအောင် အော်ပေးရပါတယ်။ အေးအေးအိပ်ချင်

သုမောင်

ကျွန်တော့် ဓောင်လေးတထည်လောက် မ စ ပါ၊ ပြောရာ ပုလိပ်က စိတ်ဆိုးလျက် တလာဒီဖူးဟု မာန်ယင်း သံတိုင်ကို ခြေနင့်ကန်သည်တွင် မောင်ဖေသန်းက ရယ်မောပြီး လုပ်ချင်းလုပ် တဆိတ်လက်သီးနဲ့ ထိုးစမ်းပါခင်ဗျာ ဘွတ်ဖိနပ်နဲ့ ကန်တော့ ဘယ်နာပါ့မလဲ စိတ်ဆိုးယင်လည်း ဆိုးတာနဲ့တူအောင် ဆိုးပါမှပေါ့ ဟု ပြောလျက်ရယ်ပြန်လေ၏။

ထိုအခိုက် ရာဇဝတ်အုပ် ဝင်လာသည်ကို မြင်သောကြောင့် ပုလိပ်လည်း အသာရှို့တာ ဖြစ်ကြောင်းကို တိုင်တည်သည်၌၊ ရာဇဝတ်အုပ်က ဟာ .. သခင်ဖေသန်း၊ ဘာမှုနဲ့ ရောက်နေတာလဲ ဟု မေးရာ ပြောချင်ပါဘူး၊ ရာဇဝတ်အုပ်မင်းရာ .. ဇရက်ရိုးထင် တဲ့ အမှုပါပဲ .. ဟု ရယ်ရွှန်းပါတ်ရွှန်း ဖြေလေ၏။

အုပ် ။ ။ ဒါနှင့် ဟိုအကောင်ကကော။

သန်း ။ ။ သူ့ကြောင့် ဖြစ်ရတာပေါ့။ သူမသိပါပိုး၊ ခွေးမျိုးလေ။

ထိုအချိန်တွင် မောင်မောင်ဘလည်း ကွေးနေရာမှ ထလာပြီး ဟော့ကောင် မဟုတ်တာတွေ လိမ်မပြောနေနဲ့၊ ဟု ပြောပြီး သံတိုင်အနီးသို့ တိုင်ရန်တောရန် ထ အလာ ရာဇဝတ်အုပ်မင်း မျက်နှာကိုမြင်လျှင် ကွက်ကနဲ မျက်နှာပျက်၍၊ နောက်သို့ ပြန်ဆုတ်လေသဖြင့် ရာဇဝတ်အုပ်မင်းက အောင်မယ်.. ဟော့ကောင် မင်းဟာ တရုတ်တန်းက ကာကူးတို့နဲ့ တတွဲတွဲ လုပ်နေတဲ့ အကောင်မဟုတ်လား။ မင်းအကောင် တွေတော့ ခုလောက်ဆို ထောင်ထဲမှာ ထိပ်ပေါက် ခေါင်းကွဲ ဖြစ်နေရောပေါ့ဟု ပြောလေ၏။ မောင်မောင်ဘလည်း အလွန်ရှက်ရွံ့သော မျက်နှာဖြင့် အမှောင်ရိပ်သို့ ပြန်သွားပြီး ကွေးအိပ်လေ၏။

ရာဇဝတ်အုပ်မင်းက ကွာတာဂေ့ါကျ ပုလိပ်ကို ခေါ်၍ အချုပ်တံခါးကို ဖွင့်စေပြီး ကိုင်း .. သခင်ဖေသန်း ခင်ဗျားကို ကျူပ်နည်းနည်းစစ်ဆေးရမယ်၊ လာခဲ့ဟု ခေါ်လေရာ

မောင်မောင်ဘကလည်း ခေါက်နဲ့ ထလိုက်လေ၏။ ထိုအခါ ရာဇဝတ်အုပ်မင်းက ဟော့ ခွေးမသား ကိုယ့်နေရာကိုယ် နေစမ်း။ တယောက်တလှည့် စစ်ရမယ်ဟု ပြောပြီး သံတံခါးကို ပြန်ပိတ်စေ၏။

ရုံခန်းအတွင်းသို့ ရောက်သောအခါ ကိုင်း .. သခင်ဖေသန်းရေ .. ဖြစ်ပုံလည်း ပြောပါအုံး။ ဟောသည်မှာ လစ်(ပ်)တန်တီးလည်း သုံးဆောင်အုံးဗျ။ ဆာလှရောပေါ့ ဟု ပြောလေလျှင် မောင်ဖေသန်းလည်း ဇာတ်ကြောင်းကို အစ အဆုံး လှန်၏။

ဤရာဇဝတ်အုပ်မင်းသည်ကား၊ အခြားမဟုတ်၊ ဗြိတိသျှလက်အောက်ခံ မင်းမှုထမ်းဖြစ်သော်လည်း နယ်ချဲ့စနစ်ကို အလွန်မုန်းတီးသော ဗမာလွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြသော သခင်များကို ယုံကြည်အားထားသူ ဖြစ်လေ၏။

အလယ်ပိုင်းတို့ဗမာ အစည်းအရုံးက သခင်ဖေသန်း၏ လှုပ်ရှားမှုများကိုလည်း များစွာ ယုံကြည်သူ ဖြစ်သဖြင့် ယခုကဲ့သို့ မိမိရုံခန်းအတွင်း ခေါ်ယူဆွေးနွေးခြင်း ဖြစ်ပေသည်။

မောင်ဖေသန်း၏ စကားဆုံးလျှင် အင်း .. ပြောရမှာတော့ မကောင်းဘူးဗျ။ စောစောကအကောင် မောင်မောင်ဘဆိုတာ သူ့အဖေရဲ့ အရှိန်အဝါသုံးပြီး၊ မဟုတ်တရုပ် လုပ်နေတဲ့၊ လူရှုပ်လူပွေ ပဲ။ အခု ထောင်ထဲရောက်နေတဲ့ ကာကူးဆိုတဲ့ တရုပ်နဲ့ပေါင်းပြီး အရက်ပုန်းချနေတာ ကျုပ်တို့ သိတာပေါ့။ သို့ပေတဲ့ သူ့အဖေနဲ့ကလည်း မကင်းရာ မကင်းကြောင်း ဖြစ်နေပြီး လက်ပူးလက်ကြပ်ကလည်း မမိလေတော့ သည်အတိုင်းပဲ ကြည့်နေရပါတယ်၊ ဟု ပြောပြီး လက်ဖက်ရည်သောက်ကြ၍ ခဏကြာလျှင် ကိုင်း သခင်ဖေသန်းရေ သည်ကိစ္စ ကျုပ်ကြည့်ရှင်းမယ်၊ တစ်ရက် နှစ်ရက်တော့ အချုပ်ခန်းမှာပဲ သည်းညည်းခံ နေလိုက်ပါအုံးပေါ့ဗျာ။ ဟု ပုလိပ်တစ်ယောက်နှင့် အတူ အချုပ်ခန်းသို့ ပြန်ပို့လေ၏။

သုမောင်

(အခန်း ၈နှစ်)

ယင်းသည်နောက်နှစ်ရက် လွန်မြောက်သော်၊ မောင်ဖေသန်းအား အချုပ်မှ လွှတ်လေ၏၊ အကြောင်းကား ဤသို့ ဖြစ်သတည်း။

မောင်ဖေသန်းနှင့် ရာဇဝတ်အုပ်မင်းတို့ တွေ့ဆုံကြပြီး၊ နောက်နေ့ နံနက်တွင် ရာဇဝတ်အုပ်မင်းသည်၊ ဦးစံမင်း၊ ဒေါ်နှင်းလှိုင်တို့ထံ သွားရောက်ပြီး စကားစမြည် ပြောဆိုသည့် အကြောင်းမှာ၊ ရာဇဝတ်အုပ်မင်းနှင့် ဦးစံမင်းမှာ၊ ငယ်စဉ်ကတည်းက ရင်းနှီးခဲ့သည်ကတကြောင်း၊ အစိုးရမင်းမှုထမ်းချင်း အတူတူမို့၊ အလုပ်သဘောအရ ဆက်ဆံပတ်သက်သည် တကြောင်းကြောင့် ဖြစ်လေ၏။

ယင်းတို့နှစ်ဦး ယမန်နေ့က ပြောဆိုကြသည်ကို အကျဉ်းချုပ်၍၊ ပြန်လည် ရှင်းလင်းရပါမူ၊ အောက်ဖော်ပြပါအတိုင်း ဖြစ်သတည်း။

ဦးစံမင်း ။ ။ ဟဲလို.. ဟဲလို ။ မစ္စတာဦးဝဏ္ဏ ပါကလား။ ဘယ်လိုက ဘယ်လို မျက်စိလည်လာသတုန်းဗျ။

ရာဇဝတ်အုပ်မင်း ဦးဝဏ္ဏ ။ ။ သည်ကိုပဲတမင်လာရပါပကော တရားသူကြီးမင်း ဦးစံမင်းရဲ့။

မင်း ။ ။ အလာတော် ထူးသမို့ အကြောင်းများတော့ ထူးပါသလား။

ဏ ။ ။ ထူးဆို ကျွန်တော့်ပိုင်နက် နယ်မြေအတွင်းမှာ ခိုးမှုနဲ့ အချုပ်ကျနေတဲ့ သူငယ်နှစ်ယောက် ကိစ္စပါပဲဗျာ။

မင်း ။ ။ (ရယ်မောလျက်) အင်း .. အင်း .. သည်ကိစ္စ ဖြစ်လိမ့်မယ်တော့ ထင်သားပဲ။ သည်သူငယ် နှစ်ယောက်အနက်က တစ်ယောက်မှာ အပြစ်ရှိနေတာကို ရာဇဝတ်အုပ်မင်းလည်း သဘောပေါက်တန်ကောင်းပါရဲ့။

ဏ ။ ။ ပေါက်ပါတယ် ပေါက်ပါတယ်။ သည်ကိစ္စနဲ့ပါတ်သက်လို့ ဦးစံမင်းမှာ ဖရက်ချိုးထင် နေတာကလား။

မင်း ။ ။ ဟား.. ဟား.. ဟား.. ဟား သမက်သူခိုး ထင်နေတာ မဟုတ်ဘူးဗျို့၊ သူခိုးသေခဲ့ညီလို့ ကျုပ်သမက်လောင်း ဒုက္ခရောက်ရပါပကော။

ဏ ။ ။ ဘယ်သူက သူခိုး ဘယ်သူက သမက်ဆိုတာကိုလည်း ရှင်းပါအုံးလေ။

မင်း ။ ။ ရှင်းပါပြီကောဗျာ၊ သခင်ပေါက်စ ကလေကခြေ ဖေသန်းဆိုတဲ့ အကောင်က ကျုပ်သမက်လောင်း မောင်မောင်ဘကို မတရားဆွဲထည့်လို့ သူခိုးတယောက်က နှစ်ယောက်ဖြစ်ရတဲ့ ဇာတ်လမ်းကလားဗျာ။

ဏ ။ ။ (အားရပါးရ ရယ်မောလျက်) ဖရက်ချိုးထင် သမက်သူခိုးထင် ဆိုတာ ဘယ်သူများမှတ်တယ် လက်စသတ်တော့ ဦးစံမင်းကိုးဗျ။

မင်း ။ ။ (အံ့အားသင့်လျက်) ဘယ်လိုပြောလိုက်တယ် ဦးဝဏ္ဏရဲ့။

ဏ ။ ။ အိုင်ဆေး ရှင်းရှင်းကလေးပါဗျာ၊ တကယ်တန်းကျတော့ မောင်မောင်ဘ ကသာ သူခိုးအစစ်ပါ။ ကျွန်တော်တို့ရန်ကုန် အလယ်ပိုင်းတလျှောက်မှာ အရက်ပုန်း ဒိုင်ဖွင့်နေတဲ့ ကာကူးဆိုတာ အခြားဟုတ်ရိုးလား၊ မောင်မောင်ဘရဲ့ လက်ရုန်းလှုမိုက်၊ တလောကအဖမ်းခံရတဲ့ ရာဇဝင် လူဆိုးပေါ့ဗျ။

မင်း ။ ။ ကျွန်တော်ဖြင့် နားရှုပ်ပါပြီ ရာဇဝတ်အုပ်မင်းရယ်၊ အဲသည် မောင်မောင်ဘ ဖခင်ဟာ ရာဇဝတ်အုပ်မင်း သိတဲ့အတိုင်း ကျွန်တော်နဲ့အတူ လုပ်ဖော်ကိုင်ဘက်ကပဲ မဟုတ်လား။

ဏ ။ ။ ဟား .. ဟား.. ရှင်ဘုရင့်သား ရှင်ဘုရင် ဖြစ်ရမယ်လို့ ထုံးတမ်းရှိပေမယ့် လူမိုက်ဟာ တိုင်းပြည်မအုပ်စိုးနိုင်ပါဘူး။ တကယ်တန်းကျတော့ မောင်မောင်ဘဟာ သူ့ဖခင်ရဲ့ အရှိန်အဝါနဲ့ ဆိုးသွမ်းနေတဲ့ သူငယ်ပေကာပဲ။ သူ့ဖခင် အရှိန်အဝါကိုယူပြီး တရုပ်တန်းက လူဆိုးကာကျူးနဲ့ ပေါင်းပြီး အရက်ပုန်းချနေတော သိရက်ကနဲ့ လက်ပူးလက်ကြပ် မမိတာကြောင့် ကျုပ်တို့မလည်း သည်အတိုင်း ကြည့်နေရတာပါ ကလား။ ခုတော့ ဖမ်းမိလက်စနဲ့ မထူးဘူးဆိုပြီး ချုပ်ထားလိုက်တယ်ဗျ။

ဤတွင် ကွမ်းအစ်လက်ဖက်များဖြင့် တည်ခင်းဧည့်ခံနေသော ဒေါ်နှင်းလှိုင်လည်း ပြောနေကြသော စကားကိုအံ့အားသင့်လျက် အောင်မလေး သည်လိုဖြင့် ကျွန်မသမီးလေး ရေတိမ်နစ်တော့မယ့်ဆဲဆဲ ကံကောင်းပေသပေ့၊ အနို့ နေစမ်းပါအုန်း ရာဇဝတ်အုပ်မင်းရယ် ဖရက်ချိုးထင် သမက် သူခိုးထင် စကားပုံကို သုံးနှုန်းရသည့် အကြောင်းများလည်း လင်းစမ်းပါအုံး၊ ဟု မေးရာ၊ ရာဇဝတ်အုပ်မင်းက တဟဲ ဟဲ ရယ်လျက် အခြားဟုတ်ပါ ရိုးလားဗျာ၊ သည်ကိစ္စက မောင်ဖေသန်းနှင့် ဆိုင်သပေ့။ သည်သူငယ်ဟာ လူတော် လူကောင်းလေး တယောက်ပါပဲဟု ပြောလေ၏။

ဦးစံမင်းလည်း ရာဇဝတ်အုပ်မင်း၏ စကားကို ယုံကြည်ကိုးစားသည်နှင့်၊ အနို့ဖြင့် အဲ့သည့် မောင်ဖေသန်း အကြောင်းလည်း ဆိုပါအုံးလေဟု ပြောလေလျှင် ရာဇဝတ်အုပ်မင်းက မောင်ဖေသန်း၏ ဝံသာနုရက္ခိတ တရားလက်ကိုင်ထားပုံ၊ တိုင်းပြည်အရေး၌ အားတက်သရော ရှိပုံတို့ကို ပြော၍ပြီးသည့်နောက် မောင်ဖေသန်း၏ မျိုးဆက်သဘာဝကို ဆက်လက်၍ ရှင်းပြပြန်သည်မှာ..။

က ။ ။ အိုင်ဆေး ဦးစံမင်း။ သည်သူငယ်ရဲ့မိဘဆိုတာ တခြား ဟုတ်ပါရိုး ကလား။ မော်လမြိုင်မြို့က နယ်ပိုင်ဝန်ထောက်မင်း ဦးသာခုနဲ့ ငါးပိကုန်သည်ကြီး ဒေါ်မြသင်တို့ရဲ့ တဦးတည်းသော သား ပေါ့ဗျ။ တိုင်းပြည်လွတ်လပ်ရေး အတွက် အလွန်စိတ်ထက်သန်နေကြတဲ့ မိသားစု ဖြစ်ပါတယ်။

ဤတွင် ဦးစံမင်း ဒေါ်နှင်းလှိုင်တို့လည်း။ ရာဇဝတ်အုပ်မင်းနှင့် နကိုကတည်းက ယုံကြည်သက်ဝင်ခြင်း ရှိခဲ့လေရာ ရှေ့ဆက်၍ မည်သို့မည်ပုံ ကြံစည်လျှင် ကောင်းမည်ကို နီးနောတိုင်ပင်ကြရာ၌ နောက်ဆုံး ရာဇဝတ်အုပ်မင်းက အကြံပေးသည်မှာ။ အိုင်အေး ကျွန်တော့်သဘောကတော့ မောင်ဖေသန်းကို အမှုက ရုပ်သိမ်းပြီး မခင်ညိုနဲ့ အမြန်နီးစပ် စေဖို့ပါပဲ။ ဟု ပြောရာ ဒေါ်နှင်းလှိုင်က ဟိုအကောင်လူယုတ်မာ မောင်မောင်ဘကို ကော ဘယ်နယ့်လုပ်ရပါ့မလဲ ဟုမေးရာ ရာဇဝတ်အုပ်မင်းက ဟဲ.. ဟဲ လက်ပူးလက်ကြပ် မမိသည့်အဆုံး သည်အကောင်ကို ရမာန်တပါတ်လောက်ဖြင့် ဖမ်းချုပ်ထားချင်တာပဲ ဟု ဖြေလေ၏။

ဤတွင် ဦးစံမင်းက ရာဇဝတ်အုပ်မင်းအား။ ယုံကြည်ရင်း ရှိသည်နှင့် ယက်စ်.. ယက်စ် အောရိုက် ကောင်းတယ်။ ကောင်းတယ်။ ယခုမှပဲ ဇာတ်ထုပ်က ပြတ်တော့တယ်ဗျာ။ ဟု ပြောသတည်း။

ယင်းသည့်နောက် ဇာတ်ပေါင်းခန်းကို ဆိုရလျှင် မောင်ဖေသန်း အချုပ်မှလွတ်ပြီး မကြာမတင်အချိန်၌ မောင်ဖေသန်း၏ မိဘများလည်း မော်လမြိုင်မြို့မှ ရောက်လာပြီးလျှင် ဦးစံမင်းတို့နှင့် စကားရည်ငံကြလျက်။ မောင်ဖေသန်းနှင့် မခင်ညိုတို့ အကြင်လင်မယား ဘဝသို့ ရောက်လေသတည်း။

မင်္ဂလာဦးညဉ့် နှစ်ဦးသား ကျီစယ်စကား ဆိုကြသည်တွင် မခင်ညိုက သည်မယ်ရှင့် .. ရှင်နဲ့ကျွန်မ ယခုလို ညားကြရာမှာ ရာဇဝတ်အုပ်မင်းရဲ့ စကားသာမက

သုမောင်

ကျွန်မရဲ့ အကြံအစည်လည်းပါသေးတယ်.. ကျွန်မက အဖေနဲ့ အမေကို ပြောရာမှာ ရှင်နဲ့ကျွန်မ တိတ်တိတ်ညားနေကြလို့ သားနှစ်လ ရှိနေတယ်လို့ ပြောလိုက်ပြီး ကွယ်မနေနဲ့တော့ဟု မျက်နှာထားနှင့် ပြောလိုက်မှ ဟုတ်ပါတယ် ခင်ဗျား။ ကျွန်တော် မိုက်မိတာမို့ လူကြီးများပေးချင်တဲ့ အပြစ်ကို အခွင့်ပေးသနားတော်မူပါ ဟု ငိုမလို ရီမလို နောက်ပြောင်သောကြောင့်။ ဖြောင့်ချက်ပေးယင်လည်း သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းယင် ပြီးတာပါပဲ။ အရှက်မကွဲအောင်သာ ကြံစည်ပေတော့ဟု မခင်ညိုက ပြန်ပြောသည်၌။ တာနင့်နေပါဦး ချင်းညိုရယ် မောင်နဲ့တွေ့တာတော့ တနေ့ညက ဘာလား။ မင်တာကယ်ပဲ နှစ်လရှိနေပလား။ ဟု လွန်စွာစိုးရိမ်သော မျက်နှာနှင့် မေးသဖြင့် မခင်ညိုက မျက်စောင်းထိုးကာ အ လိုက်တာ လွန်ရော တာနဲ့ သူလူလည်ပါတဲ့။ ဟု ပြောမှ တော်သေးရဲ့... အဟုတ်မှတ်လို့။ ဟု မောင်ဖေသန်း သက်ပြင်းချလေ၏။

ဤတွင်မှ မခင်ညိုလည်း အမှုကို အဖေတို့ နတ်အောင်လို့ ကြံရတာရှင့် .. သည်ကောင်မဖြင့် တညလုံး သူ့အတွက်နဲ့ အိပ်များကို ပျက်လို့၊ ပြောလေလျှင် မောင်ဖေသန်းက မောင့်မလည်း ချမ်းတာရော မင့်ကြောင့်ရော ဘယ်သူ့ဖက်အိပ်ရမှန်း တောင် မသိပါဘူးကွာဟု ပြောသဖြင့်၊ အင်း.. အင်း သနားစရာ လူကြီးကိုက ဟု မောင်ဖေသန်း၏ ရင်ဘက်ကို တအုန်းအုန်း မနာအောင် ထုလေသတည်း။

ထိုအချိန်၌ မကြာမတင်ကမှ လွတ်လာသော မောင်မောင်ဘကလည်း မင်္ဂလာဦးမောင်နံ့တို့ နေထိုင်ရာ အခန်းခေါင်မိုးတည့်တည့်ကို။ အပြီးမကြေသူ ဖြစ်သည့်အတိုင်း တဒိုင်းဒိုင်း နှင့် ခြောင်းမြောင်း၍ ခဲချသောကြောင့် အရပ်ကပိုင်း၍ လိုက်လံရှာဖွေကြသော်လည်း။ မောင်ဖေသန်းကား အိပ်ရာမှမထပဲ ရှိပြီးလျှင်။

နောက်ဆုံးတချက်အရ ဒိုင်းကနဲ ကျလာမှ။ တယ်ခက်တဲ့ ဟာတွေကိုးကွာ သူများကောင်းစားတာ အလကား မနာလိုနေကြတယ်။ ဟု နှာခေါင်းသံနှင့်

သုမောင်

ဘိန်းစားဟန်ပါပါ ပြောသည့်အတွက် မခင်ညိုမှာ ဣန္ဒြေမလုပ်နိုင်တော့ပဲ တဟီး ဟီး ရယ်မောယင်း လက်သီးနှင့်ထုသည်ကို ပြုံးပြုံးကြီး ခံနေလေသတည်း။

---

ယင်းသည့်နောက် ဤဇာတ်လမ်းကို တခန်းရပ်ရပါမူ၊ မောင်မောင်ဘသည်ကား၊ လူဆိုးဖြစ်သည့်အလျောက် လမ်းမတော်ဘိုးတုတ်၊ ဗိုလ်တထောင် ငမိုး၊ စမ်းချောင်း ကိုသိန်း၊ ကိုသန်း၊ တို့နှင့် ပေါင်းစည်းမိကာ လူမိုက်တို့၏ သွားရာလမ်းအတိုင်း ဗိုလ်တထောင်ငမိုး၏ တပည့် ဘုန်းကြီးလမ်းအောင်ခန့်နှင့်၊ ရိုက်မှုဖြစ်ပွားပြီး ငယ်ထိပ်ကွဲလျက် ဆေးရုံတက်ယင်း အဖမ်းခံရသောဟူ၏။

တိုင်းပြည်ကောင်းစားရေး ကြိုးပမ်းသူ မောင်ဖေသန်းသည်ကား၊ ဗြာနချုပ် တို့ဗမာအစည်းအရုံးမှ ရဲရဲတောက် သခင်အာဇာနည်များ၏ ခေါင်းချက်အရ ကျောင်းသားခေါင်းဆောင်တဦး အဖမ်းခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ ရေနံမြေ သပိတ်တပ်ကြီး ချီတက်ရာ လမ်းတလျှောက်တို့တွင် အာဇာဝက သခင်ဘိုးလှကြီး တို့နှင့်အတူ၊ ရေနံတပ် အသေခံဗိုလ်အဖြစ် လိုက်ပါရန် ရေနံမြေသို့ ထွက်ခွာသွားရိုက်..

မခင်ညိုကလေးမှာလည်း တဆွေးဆွေး တမှေးမှေး တပိန်ပိန် တလိန်လိန် တခွေခွေ စားမရ အိပ်မနေ ကျစ်ရစ်ရှာနေလေသတည်း။

ဤတွင် မောင်ဖေသန်းနှင့် မခင်ညိုတို့၏ ဇာတ်သမိုင်း ပထမပိုင်းဆုံးခန်းတိုင် သတည်း။

ဒုတိယပိုင်း ဆက်လက်ဖတ်တော်မူ .. ..

x x x x x x x x x

သုမောင်

## အပိုင်း ၂

၁။ ။

လေနုအေးသည် တနွဲ့နွဲ့ နော့နေဆဲကို။

x x x

"မဟုတ်သေးဘူး မခင်ညို၊ မင်းပြောတာ ဟုတ်ကို မဟုတ်သေးဘူး"

ဤစကားကို ပြောလိုက်သူမှာ ပါလီမန် အမတ်မင်း ဦးဖေသန်းဖြစ်ပြီး အပြောခံရသူ မခင်ညိုကား မြူနီစီပယ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညို ဖြစ်ပါသည်။

ဦးဖေသန်းမှာ အခြားသူမဟုတ်။ တချိန်က နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေးများတွင် ပါဝင်ခဲ့ရာမှ နိုင်ငံရေးနယ်ပယ်သို့ ခြေစုံလက်စုံ ပစ်ဝင်ခဲ့သူ ဖြစ်လေသည်။ ဒေါ်ခင်ညိုနှင့် အိမ်ထောင်ကျခဲ့ပြီးနောက် ဒေါ်ခင်ညို၏ မိဘများမှာ ချမ်းသာကြွယ်ဝသည့်အလျောက် ဝမ်းရေးသာမက စီးပွားရေးအတွက်ပါ စိတ်အေးလက်အေး ထားနိုင်ခဲ့လေရာ နိုင်ငံရေး၌ ကျွမ်းကျင်ခြင်းမက ကျွမ်းကျင်လာလေတော့သည်။ ဒေါ်ခင်ညို၏မိခင် ဒေါ်နှင်းလှိုင်မှာလည်း ပိုးထည် လုပ်ငန်းတွင် ကံအားလျော်စွာ စီးပွားတက်လာသည့်ကြားက ဦးဖေသန်း၏ အရှိန်အဝါဖြင့် ဦးစံမင်း ပင်ရင်းယူသောအခါ သွင်းကုန်ထုတ်ကုန် လိုင်စင်တခုရရှိပြန်ရာ သမီး၊ သမက်၊ ခမည်းခက်တို့မှာ ရန်ကုန်မြို့၌ မပြည့်စုံတာ မရှိသော စာရင်းတွင် ထိပ်ပိုင်းဂဏန်းမှ ပါဝင်သော မိသားစု ဖြစ်နေလေသည်။

မတောင့်မတ မကြောင့်မကျ နေလာခဲ့ရသူများ ပီပီ လောကကြီးအား ပျော်ရွှင်ရယ်မောယင်းသာ ကြည့်ရှုလာခဲ့သည်တွင် တခါတရံ တွေ့ကြုံရသော သာမန် လူမှုရေး ကိစ္စလေးများကိုပင် ရှေးကြီးခွင့်ကျယ် လုပ်မိကြလေသည်။

ယနေ့လည်း အထက်ဖော်ပြပါ စကားကို ဦးဖေသန်း မပြောလိုက်မီ ဆယ့်ငါးမိနစ်ခန့်က ဘာမဟုတ်သော ပြဿနာတခု ဖြစ်ခဲ့၏။

အခြား မဟုတ်။

ရန်ကုန်မြို့ ပုစွန်တောင် အိုးဘိုရပ်ရှိ ထည်ဝါဝင်ကြွား ခန့်ညားလှသော နှစ်ထပ်တိုက်ကြီး၏ ခြံဝင်းတံခါးမှ (ပါလီမန် အမတ်မင်း ဦးဖေသန်း ဝိုးကုန်သည်ကြီး ဒေါ်ခင်ညို) ကြေးနီ ဆိုင်းဘုတ်အနီးသို့ လူငယ်တယောက် ရောက်ရှိလာခြင်းဖြစ်ပါသည်။ ထိုလူငယ်ကား အခြားမဟုတ်။ စာပို့လုလင်ခေါ် ပို့(စ်)မင်း ပင်ဖြစ်ပါသည်။ စာပို့လုလင်သည် ယခင်အခါများနည်းတူ ဦးဖေသန်းတို့နှင့် ပတ်သက်သော စာများကို လာပို့ခြင်း ဖြစ်၏။

သို့ရာတွင် ယခုထူးခြားသည်မှာ လာပို့သောစာများထဲတွင် မအေးအေးမေ ဟူသော လိပ်တပ်ထားသည့်စာ တစောင် ပါလာခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် စာလာသိမ်းသူ ဒေါ်ခင်ညိုအား ..။

"အော် .. ဒေါ်ဒေါ် လိပ်စာကတော့ ဒီအိမ်လိပ်စာပါပဲ။ ဒါပေမယ့် လိပ်တပ်ထားတဲ့ နံမည်က မအေးအေးမေ ဆိုတော့ ဒီအိမ်မှာ .."

ဒေါ်ခင်ညို အကြီးအကျယ် တုန်လှုပ်သွား၏။ စာအိပ် ကိုယူပြီး ကြည့်သောအခါ၌ လက်ရေးမှာလည်း ယောကျာ်းလက်ရေး ဖြစ်နေပြန်ရာ ငါးရံ့ပြာလူးဖြစ်လျက် စာပို့လုလင်အား အမြန်ပြန်စေချင်သည့် သဘောမျိုးဖြင့် ..

"အေးကွယ်။ ရှိပါတယ်.. ရှိပါတယ် ထားခဲ့ပါ။" ဟု ပြောလိုက်၏။

သူမောင်

ဒေါ်ခင်ညိုလည်း စာအိတ်ကိုကိုင်လျက် တိုက်ရှေ့ မြက်ခင်းပြင်တွင် ပက်လက်ကုလားထိုင်တလုံးဖြင့် ဆေးတံခဲလျက် အင်္ဂလိပ်သတင်းစာ ဖတ်နေသော ဦးဖေသန်း အနီးသို့ အလျှားဖားလျား ပြေးခဲ့၏။

"ဘယ်လိုဖြစ်တာလဲ မခင်ညို၊ မင်းဟာက ထဘီမနိုင် ပဝါမနိုင်နဲ့"

"ဘယ်လိုဖြစ်ရမှာလဲ .. ဒီမယ်၊ ဒီမယ် စာ .. စာ "

"ဟေ .. စာ ဟုတ်လား၊ အေးအေး ၊ မင်းပြောမှပဲ အဲ့ဒါဟာ စာမှန်း ငါသိတော့တယ်.. ဟဲ .. ဟဲ"

ဤသို့လျှင် ဦးဖေသန်း နောက်ပြောင်လိုက်သော်လည်း ဒေါ်ခင်ညိုမှာမူ ထိတ်ထိတ်ပျာပျာသာလျှင် ဖြစ်နေလေ၏။

"အို .. ရှင်မလည်း အရေးဆိုယင် လျှောင်ဖို့လောက် စဉ်းစားနေတယ်။ ပါလီမန်အမတ် မပြောရဘူး။ ဒီမယ်"

ပြောယင်းက ဒေါ်ခင်ညိုလည်း ဦးဖေသန်းအား မအေးအေးမေထံမှ လာသော စာအိပ်ပြာကလေးကို ထောင်ပြလိုက်ခါ ..

"ကိုင်း .. ခုတော့ ဘယ့်နဲ့ လုပ်ကြမလဲ"

ဤတွင် ဦးဖေသန်းလည်း ဆေးတံကို ပြွတ်ကနဲ ချွတ်လျက်
"ဟ သမီးနာမည်နဲ့ လာတဲ့စာ၊ သမီးပေးလိုက်ပေါ့။ ဘာကို ဘယ့်နဲ့ လုပ်ရမှာတုန်း၊ မခင်ညို" ဟု ပြော၏။

"အို ရှင့်နယ် ဒီလောက် အ ရန် ကော၊ ကျွန်မပြောတဲ့ စကားလည်း ဆုံးအောင် နားမထောင်ပါအုံး၊ ခုကြည့်စမ်း ရှင်သမီးဆီလာတဲ့ စာက ရိုးရိုးစာ မဟုတ်လားဟင်"

"ဟော .. ရိုးရိုးစာ မဟုတ်လို့ ရေစစ္စလီ စာလား"

"အော် .. ဒီ မယ် ။ ဒီမယ် လိပ်တပ်ထားတဲ့ လက်ရေးလည်း ရှင်ဖတ်ကြည့်အုံး၊ ယောကျ်ား လက်ရေးရှင့်"

"အေးလေ အဲ့ဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလည်း ကိုဖေသန်းရဲ့ ဒါရည်စားစာလား ဘာစာလားပဲ"

"အေးပါ၊ မခင်ညိုရဲ့ ဘာစာဖြစ်ဖြစ်၊ သမီးနာမည်နဲ့လာ.. သမီး ပေးလိုက်ပေ့ါ"

ဤသို့ ပြောဆိုပြီးလျှင် ဦးဖေသန်းလည်း ဖတ်လက်စ သတင်းစာကို ဆက်လက် ဖတ်နေလေရာ၊ စိတ်မရှည်နိုင်တော့သည့်အလား ဒေါ်ခင်ညိုလည်း သတင်းစာကို ဆွဲဖယ်လိုက်လေ၏။

"ဒီမယ် ကိုဖေသန်း ရှင်ဟာလေ၊ အဖေတယောက် လုပ်နေပြီး၊ သိပ်ကို ပေ့ါရော့လွန်းတယ်။ ဒီစာဟာ ရည်းစားစာ မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ မတော်တဆ . .."

"ဟ ... ရည်းစားစာ ဟုတ်တော့ကော ဘာဖြစ်သလဲ ငါပြောပြီးပြီပဲ၊ မင်းဟာလေ အရှင်းကလေးကို ရှုပ်နေပြန်ပြီ။"

"ဘယ်က ရှုပ်ရမှာလဲ ရှင်ကသာ ရှုပ်နေတာ၊ ရည်းစားစာဆိုတဲ့ အဓိပ္ပါယ်ကို ရှင်သိရဲ့လား။"

ဦးဖေသန်းက ဟက်ကနဲ ရယ်လိုက်၏။

"ဟ .. ငါငယ်ငယ်က မင့်ပေးတဲ့ စာမျိုး ဖြစ်မှာပေါ့ကွ။ ဟား.. ဟား.. ဟား.."

"ရှိမနေနဲ့ ရှင့် ဒီအရွယ်မှာ ရည်းစားထားရမယ်တဲ့လား ဟင်"

"ဟ .. တက္ကသိုလ်ကျောင်းသူပဲ ဖြစ်နေမင့်ဟာကွာ၊ မင်းနဲ့ ငါ ရည်းစားဖြစ်ကြတော့ မင်းဟိုက်စကူးပဲရှိသေး မဟုတ်လား"

"အို ရှင် ချေးခြောက် ရေနွေးမနေနဲ့၊ ကျွန်မတော့ ဒီစာကို ဖောက်ပြီး စစ်ဆေးရမှ ကျေနပ်မယ် ဒါပဲ"

ဤတွင် ပက်လက်ကုလားထိုင်ပေါ်တွင် အေးအေးဆေးဆေးထိုင်ယင်း ရယ်ကာမောကာ စကားပြောနေသော ဦးဖေသန်းသည် ဆတ်ကနဲ ကိုယ်ကို မတ်လိုက်၏။ မျက်နှာထားကိုလည်း တင်းပြလိုက်၏။

"မဟုတ်သေးဘူး မခင်ညို၊ မင်းပြောတာ ဟုတ်ကိုမဟုတ်သေးဘူး။ ပေးစမ်း၊ မခင်ညို အဲဒီစာ ကျုပ်ကို"

ဦးဖေသန်း စိတ်တိုလျှင် ဘယ်တော့မှ မော်မကြည့်ရဲခဲ့သော မခင်ညိုလည်း ဘာမှခွန်းတုံ့မပြန်ပဲ စာအိတ်ကို ဦးဖေသန်းလက်သို့ ပေးလေ၏။

ပြီးမှ ဦးဖေသန်းလည်း မျက်နှာထားကို လျော့ချကာ ပြောလေ၏။

"ကဲ သွား သမီးကို သွားခေါ်ချေ။ ဒီကိစ္စ ငါကြည့်ရှင်းမယ်"

ဒေါ်ခင်ညိုလည်း ဆောင့်ဆောင့် အောင့်အောင့်ဖြင့် တိုက်ဘက်သို့ ထွက်သွားလေတော့၏။

"သမီးရေ .. သမီး အေးမေ ဒီမှာ ညည်းအဖေ ခေါ်နေရဲ့"

ဤသို့သော ဒေါ်ခင်ညို၏အသံကို ကြားရပြီးနောက် တမိနစ် နှစ်မိနစ်အတွင်းမှာပင် အသက် ဆယ့်ရှစ်နှစ်အရွယ် တစ်တစ်ရစ်ရစ် ချစ်ချင့်စဖွယ် မဖြူလွန်း မညိုလွန်း မပုလွန်း မပိန်လွန်း အလုံးအဝန်း အနေတော် အလောတော် ချောသလောက် လှပြီး လှသလောက် ကျက်သရေရှိသော မိန်းမပျို တဦးသည် နွဲ့သော ကိုယ်လေးတခါခါ နှစ်ဘက် ဖားလျားချထားသော ကျစ်ဆံမြီးကြီး တယမ်းယမ်းဖြင့် တိုက်တံခါးပေါက်မှ ပြေးထွက် လာပြီး ဖခင်ဖြစ်သူ ဦးဖေသန်း အနီးတွင် ဖွေ့ကနဲ ထိုင်ချလိုက်သည်နှင့် ..

"ကဲ .. ရော့ သမီး .. သမီးဆီလာတဲ့ စာ .."

ဟု ပြောပြောဆိုဆို စောစောက စာအိတ်ပြာကို ထုတ်ပေးလိုက်လေ၏။

မအေးအေးမေလည်း ဖခင်ထံမှ ရသောစာအိတ်ကို လှမ်းယူပြီး လိပ်တပ်ထားသည်ကို ကြည့်နေစဉ်မှာပင် ဦးဖေသန်းက ဆက်ပြောပြန်၏။

"အေး .. ဒီစာဟာ ငါ့သမီးဆီကို လှမ်းပို့ကာလသား တယောက်ယောက်က မိတ်ဆက်စာသော် လည်းကောင်း၊ လူငယ်အချင်းချင်းရေးတဲ့ စာသော်လည်းကောင်း၊ ထားပါကွယ် .. ရည်းစားစာသော်လည်းကောင်း၊ ဖြစ်နိုင်တယ်ဆိုတာ ဖေဖေ သိတယ်"

"အို .. ဖေဖေကလဲ"

"နေအုံးလေ .. ဖေဖေ့ စကားဆုံးအောင် နားထောင်ပါအုံး"

ထိုအချိန်တွင် ဒေါ်ခင်ညိုလည်း လိမ္မော်ရည်နှစ်ပုလင်းနှင့် အတူ သားအဖ နှစ်ယောက်အနီးသို့ ရောက်လာသည်နှင့် ဦးဖေသန်းက..

"ကဲ.. မင်းလည်း ဒီမှာ ထိုင်အုံး"

ဒေါ်ခင်ညိုသည် အနီးရှိ ကုလားထိုင် အလွတ်တလုံးတွင် ဝင်ထိုင်လိုက်လေသည်။

"ဒီလိုရှိတယ် သမီးရဲ့၊ သမီးတို့အရွယ်ဆိုတာ အလွန်မှ စိတ်ကစားလွယ်တဲ့ အရွယ်၊ ဒီတော့ စိတ်အလိုလိုက်ပြီး ချစ်သူရည်းစား ထားမိကောင်း ထားမိမှာပဲ"

ဦးဖေသန်း စကားမဆုံးခင် မအေးအေးမေက ရှက်ရွံ့စွာဖြင့် စကားဖြတ်၍ ပြောလေ၏။

"အို .. ဖေဖေကလည်း ကြံကြီးစည်ရာ"

"နေအုံးလေ.. သမီးရဲ့၊ ဖေဖေက သမီးကို စွပ်စွဲနေတာမှ မဟုတ်တာ၊ တကယ်လို့ မဟုတ်ယင်တော့ အိတ်စဲ(လ်)လင့် (အကောင်းဆုံး)ပေါ့။ သို့သော်.. ဟုတ်နေယင်လည်း

ဖေဖေတို့အပြစ်မယူဘူး။ ဆိုလိုတာက ဘာပဲဖြစ်ဖြစ် သမီးမှာ ဦးနှောက်ရှိတယ်။ သမီးကို အဲ့ဒီဦးနှောက် ပါလာအောင် ဖေဖေနဲ့မေမေက မျိုးရိုးစဉ်ဆက် လူမှုဖောက်ပြန်ရေးတွေ ကင်းဖို့ စောင့်စည်းထိန်းသိမ်းခဲ့ရတယ်။ ဖေဖေ ပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"အေး .. ဒီအတွက် သမီးကို မွေးလာတဲ့အခါ သွေးသားရော စိတ်ဓါတ်ရော အသိပညာရော သန့်ရှင်းလာခဲ့ရတယ်။ ဒီတော့ သမီးဟာ လူသာမန်မဟုတ်ပဲ အရည်အသွေးပြည့်တဲ့ လူတယောက်ဖြစ်လာရော။ ဟော ခု သမီးအရွယ်ရောက်ပြီ။ အေး .. အရွယ်ရောက်ပြီဆိုတော့ သမီးဖာသာ သမီး လောကကြီးအကြောင်း တီးခေါက်ဖို့ လိုလာပြီပေါ့ကွယ်။"

ဦးဖေသန်းလည်း စကားပြောရသဖြင့် အာခြောက်သွားသလို လိမ္မော်ရည်တစုပ်မျှ စုပ်ယူပြီးမှ ဆက်ပြောလေသည်။

"အေး .. လောကကြီးအကြောင်း ဆိုတဲ့ နေရာမှာ စောစောကပြောတဲ့ ရည်းစားသငါ ကိစ္စလည်း အပါအဝင်ပေါ့ကွယ်"

"အို .. ဖေဖေကလဲ"

ရှက်သွေးကလေးဖြာလျက် ဗျာကရာ ငုံ့လိုက်သော အေးအေးမေ၏ ခေါင်းကို သူ့ဖေဖေက ပြုံးပြုံးကြီး ကြည့်လျက် တချက်ပုတ်လိုက်ယင်း ..

"ရှက်စရာမဟုတ်ပါဘူး သမီးရယ်၊ ဖေဖေတို့လည်း ငယ်ရာက ကြီးလာတာပါ။ ဖေဖေနဲ့ မေမေဆိုယင် သိမ်ကြီးဈေးထဲက ငှက်ပျောရွက်ရောင်းတဲ့ ဆွာမိဆိုတဲ့

ကုလားကြီးဆိုင်မှာ မနက်မနက် ချိန်းတွေ့ကြတော့ ဖေဖေက မေးတယ်။ ညိုရယ် ကိုယ့်ကို ချစ်ရဲ့လား ဆိုတော့ .. အင်း .. အစ်ကိုလိုပဲချစ်တယ်လို့ ပြောခဲ့တာ ကွ။ ဟား.. ဟား.."

ဒေါ်ခင်ညိုကလည်း ရှက်ကိုးရှက်ကန်းဖြင့် မျက်စောင်းခဲပြလေ၏။

ထိုတဒင်္ဂကလေးမှာကား ပျော်စရာကောင်းပါ၏။ သားအမိ သားအဖ တတွေသည် ဗီဘီ သူငယ်ချင်းများလို ရယ်ရွှမ်းပတ်ရွှမ်း ဆက်ဆံနေကြလေသည်။ ဒါကတော့ ဦးဖေသန်း၏ အလိုအရ နဂိုတည်းက ဆက်ဆံခဲ့သော သူတို့မိသားစု ပုံသဏ္ဍာန် ဖြစ်လေသည်။

သို့ရာတွင် ဦးဖေသန်းသည် ရယ်မောလက်စ မျက်နှာပိုးကို သတ်လျက် ပြောပြန်၏။

"အေး သမီး ခု ဖေဖေတို့ရဲ့ဘဝ သာယာစိုပြေနေရဖို့ ဖေဖေဟာ မင်းအမေလို မိန်းမမျိုးရှာနိုင်ခဲ့သလို သမီးမေမေကလည်း ဖေဖေ့လို ယောကျ်ားမျိုးကို ရွေးနိုင်ခဲ့လို့ပဲ"

သည်တော့မှ မြူးပျော်လက်စ စိတ်ကလေး ငြိမ်သက်သွားသလို မအေးအေးမေသည် တွေတွေကလေး ငုံ့လျက် လက်တည်းမှ စာအိတ်ကလေးကို ဖခင်လက်သို့ (လက်နှစ်ဘက်ဖြင့်) ပြန်အပ်လေ၏။

"ဘာလုပ်တာလဲ သမီးရဲ့"

"သမီး မဖတ်ချင်တော့ဘူး ဖေဖေ၊ ဒီစာဟာ ဘယ်လိုစာမျိုး ဖြစ်ဖြစ် သမီး အစား ဖေဖေတို့သာ ဖတ်ပြီး.."

သုမောင်

"အို .. မဟုတ်တာပဲကွယ့်။ သမီးစာကို သမီးဖာသာဖတ်၊ သမီးဖာသာ ဆုံးဖြတ် ရောရှိတာ ဆုံးဖြတ်ပေါ့။ စောစောက ဖေဖေ စကားကုန် ပြောပြီးပြီပဲ ။"

သားအမိ သားအဖ သုံးဦးသား ငြိမ်သက်သွားကြပြီးနောက် ခဏကြာမှ ဦးဖေသန်းက စကားဆက်ပြန်၏။

"ကဲပါ သမီးရယ် ဒီအချိန်မှာ သမီးပျိုလေးဆီ ယောက်ျားလေးတယောက်ဆီက စာလာတယ်ဆို ရည်းစားစာ မဟုတ်တောင် အနည်းဆုံး မိတ်ဆက်ရာက အစပျိုးတဲ့ စာပဲဖြစ်မှာပဲ။ ကဲ .. သွား သမီးဖာသာ စိတ်အေးလက်အေး ဖတ်ချေ။ ဖေဖေတို့ကို အားမနာနဲ့ .. သွား .. သွားသမီး"

ရင်ကလေးတဖိုဖိုနှင့် ဟိုယောင်ယောင် သည်ယောင်ယောင် တောင်တောင်အီအီ စိတ်ကူးလျက် သွက်သွက်ကလေး လျှောက်ယင်း အိပ်ခန်းတွင်းရောက်သည်နှင့် တကြိမ်တခါမျှ မလုပ်ဘူးသော အလုပ်ကို မအေးအေးမေ လုပ်မိလေသည်။ အခြားမဟုတ် မိမိအိပ်ခန်းတံခါးကို ဘယ်သောအခါမျှ အတွင်းကန့်လန့် မထိုးခဲ့ဘူးပါပဲလျက် ထိုးလိုက်မိခြင်း ဖြစ်လေသည်။

အပျိုမတို့အိပ်သော အိစက်ညက်ညောသည့် အိပ်ရာပေါ်ဝယ် ပက်လက်ကလေး လှဲယင်း စာအိတ်ပြာကလေးကို တမျှင်းမျှင်း ဖွင့်လိုက်သည်တွင် အတွင်းမှ ဖြူဖွေးနေသော စာရွက် ခေါက်ကလေး ထွက်လာလေသည်။

တဒိတ်ဒိတ်ခုန်နေသော ရင်ကို အသာထိန်းလျက် စာရွက် ခေါက်ကလေးအား ဘွားကနဲ ဖြန့်လိုက်သည်နှင့် ပထမဦးဆုံး တွေ့ရသည့် စာတန်းကား..

သုမောင်

မဒေအးအေးမေ ခင်ဗျား ဖြစ်လေသည်။ ဤနေရာတွင် ပြောရန်ရှိသည်မှာ မဒေအးအေးမေသည် ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ်မယ်ဘွဲ့ရတဦး ဖြစ်သည့်အပြင် လူပျိုကာလသား ကျောင်းသားအသိုင်းအဝန်းက မျက်စိဒေါက်ထောက် ကြည့်ရှုရလောက်အောင် ပေါ်ပြူလာ ဖြစ်နေသည့်အတိုင်း မိတ်ဆက်စာမှအစ ရည်းစားစာအဆုံး အများဆုံး အပေးခံရသူ၊ လူအသော အသွမ်းတို့၏ လိုက်ခံ စကားပြောခြင်း ရမ်းကားခြင်းကို အခံရဆုံးသူ၊ ဖြစ်သည့်အလျောက် "မောင့်ချစ်နှမ" "ကိုကို့အသည်း" "အချစ်ဆုံးအေး" "အသက်ထက်ချစ်သော အေး" "မေ" စသည့်ခေါင်းစဉ်မျိုးနှင့် ကြုံလာခဲ့လေရာ ယခုကဲ့သို့ တုံးတိတိခေါင်းစဉ်ဖြစ်သော "မဒေအးအေးမေခင်ဗျား" ကို ဖတ်လိုက်ရသောအခါ အနည်းငယ်မျှတော့ ရင်ခုန်ရသည်။

စာရွက်ဖြူကလေးပါ စာသားများကို ဆက်လက် ဖတ်ရှုလိုက်သောအခါ အောက်ပါအတိုင်း တွေ့ရလေတော့သည်။

ကျွန်တော်ဟာ တက္ကသိုလ်ကျောင်းသားတဦးဖြစ်ပါတယ်။ မဒေအးအေးမေနှင့် ပတ်သက်၍ စိတ်ဝင်စားမှုရှိခဲ့တာ မှန်ပေမယ့် ကျောင်းသားကိစ္စတွေကြောင့် စိတ်မအားလူမအား ဖြစ်ခဲ့တဲ့ အလျောက် မဒေအးအေးမေကို တကြိမ်တခါမှ မဆက်သွယ်ဘူးခဲ့ပါ။

အများနည်းတူ ကုံကော်ပင်တွေ အောက်မှာ ဂျပ်ဆင်ဟော နောက်မှာ လိုက်လံ စကားပြောရမှာကိုလည်း မတုံ့ရဲခဲ့ပါ။ (ကျွန်တော့် သိက္ခာကို စောင့်စည်းခြင်းလည်း ပါပါတယ်။) အဲ့ဒီ နည်းတူ သထုံဆောင်အရှေ့မှာ ဗဟိုစာကြည့်တိုက်ရှေ့မှာ ရည်းစားစာ လိုက်ပေးရတဲ့ အလုပ်မျိုးကိုလည်း ကျွန်တော် မလုပ်ချင်ခဲ့ပါဘူး။

မဒေအးအေးမေခင်ဗျား .. ဒီလောက်ပြောပြလိုက်ယင် ဒီစာကိုယ်တိုင်ဟာ ရည်းစားစာ တစောင်ဖြစ်နေလိမ့်မယ်ဆိုတာ ခင်ဗျား သိတန်ကောင်းလောက်ပါပြီ။ ဒီရှေ့ဆက်ပြီး ကျွန်တော် ပြောချင်တဲ့ စကားတွေပြောရယင်လည်း အချစ်အကြောင်းသာ

ထပ်တာလဲလဲ ပါနေတော့မှာမို့ ထူးမယ် မဟုတ်တော့ပါဘူး။

သူများတွေလို အချစ်ဦးကာ မရဲ့တတ်လို့ ကျွန်တော့်အနေနဲ့ နောက်ဆုံး ပြောချင်တာကတော့ ကျွန်တော် ကျောင်းပြန်တက်ခွင့်ရတဲ့ အချိန်မှာ (ယခု ကျွန်တော် ကျောင်းအထုတ်ခံထားရပါတယ်) မအေးအေးမေကို လာရောက် တွေ့ဆုံပါ့မယ်။ စိတ်မပူပါနဲ့။ ရိုးရိုးတန်းတန်း သဘောပါ။ အဲ့ဒီအခါကျယင် ကျွန်တော့်ရဲ့ ရုပ်ဆင်းအင်္ဂါကို တွေ့ရပါလိမ့်မယ်။ အဲ့ဒီနောက် မအေးအေးမေက ဆက်ပြီး ရင်းရင်းနှီးနှီး ဆက်ဆံမယ်ဆို ယင်တော့ ကျွန်တော့်စိတ်ထားကိုပါ လေ့လာခွင့်ရလာပါလိမ့်မယ်။

အဲဒါဟာ သမီးရည်းစား အချစ်ရဲ့ပန်းတိုင်ဖြစ်တဲ့ အိမ်ထောင်ရေး လောက အတွက် အရေးကြီးတဲ့ကဏ္ဍဆိုတာ မအေးအေးမေ သိလောက်ပါပြီလေ။ ဒါပါပဲ ..။

ခင်မင်လေးစားလျက်
ငြိမ်းကျော်
အင်တာပတ် (အေ)

ဗိုနေသော ရင်ကို ကပိုကယိုဖိလိုက်ယင်း အေးအေးမေသည် ပလီပလာ တီတာ မေတ္တာစာများထဲက ခုလို မာယာမပါသော ငြိမ်းကျော်၏စာကို ဖတ်လိုက်ရသောအခါ လောလောလတ်လတ် ဖြက်ကနဲ ရင်ခုန်မိလေ၏။

တဆက်တည်းမှာပင် သူမမြင်ဘူးသော ငြိမ်းကျော်ဆိုသူ ကျောင်းသားအား သူ့စိတ်တွင် ပုံရိပ်ထင်ကြည့်မိလေ၏။

"အင်း .. နိုင်ငံရေးကျောင်းသား ဆိုယင်တော့ ပင်နီတိုက်ပုံ ရှပ်အင်္ကျီစုတ်၊ ခုံဖိနပ်တခွပ်ခွပ်နဲ့ နေမှာပဲ။ ဒါပေမယ့် သူတို့လို ကျောင်းသားတွေဟာ သနားစရာ

ကောင်းတယ်လို့တော့ ဂျက်စီတို့ ပြောတာ ကြားမိသားကလား။ အော်.. သဒ္ဓေးသား ကျောင်းသားနဲ့ နိုင်ငံရေးကျောင်းသားဟာ ကွာချင်တိုင်းကွာတာပဲ။ ငါ့ဆီ လူ့အားဖြင့် စာအားဖြင့် တဆင့်ခံအားဖြင့် မေတ္တာစာ ပေးကြတဲ့ လူတွေထဲမှာ ဒီလို ကျောင်းသားဆိုလို့ ဒီတယောက်ပဲ တွေ့ဘူးသေးတယ်။ ဟီး.. ဟီ"

သူသည် ပက်လက်လှဲနေရာမှ တမြမြ ပီတိဖြစ်၍ စွေကနဲ မှောက်လိုက်ယင်း ပယင်းရောင် ခေါင်းအုံးကို ဖက်လျက် နှစ်သက်ကျေနပ်နေလေတော့သည်။

၂။ ။

မောင်ဖလာဟာခေါ်သည်။

သူတောက တက်လာသည်။

တက္ကသိုလ်မှာ ပညာရှာသည်။

သူ့ကျော ကို ထုသည်။

တက္ကသိုလ်သည် သူ့ကို မစိမ်းကားသေးချေ။ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း လျှောက်လာခဲ့ရာ၊ မျှော်ရှုရှေ့ရောက်တော့ အရွက်ဟောင်းများ ကြွေခဲ့ပြီ။ ထွက်လက်စ ရွက်နုတို့ စိုစိုစိစိ ဝုတ်တိဝုတ်တို တို့ဖြင့် ကုက္ကိုလ်ပင်တန်းကို ကြည်နူးစွာ မော်ကြည့် လိုက်မိသည်။

## သူမောင်

အဓိပတိလမ်းဘက် ချိုးဝင်လိုက်တော့ ကံ့ကော်ပွင့်တို့၏ ထွက်သက်လေက ပွေ့ဖိုက်လိုက်သည်။ လှိုက်ကနဲ နေ၏။ လှိုက်ကနဲ နေသည် ဆိုသည်မှာ၊ ကံ့ကော်နံ့ လှိုက်ကနဲ သင်းမြ သွားခြင်း မဟုတ်ပါ။ ရင်၌ လှိုက်ကနဲ ခံစားလိုက်ရခြင်းသာ ဖြစ်ပါသည်။

တက္ကသိုလ်ကို လွမ်းမောမိခြင်းဖြစ်၏။ သားငယ်သည် အမိရင်ခွင်အငွေ့ကို နာဖျားနေချိန်၌ ထိတွေ့ရဘိသည့်အလား၊ တနေကုန်ပင်ပန်းနေသော ဆိုက်ကားသမား သည် မိမိ၏ နေအိမ်တဲငယ်သို့ ခိုဝင်ရမည့်အလား၊ တက္ကသိုလ်သည် သူ့ကို ကြိုဆိုလေ၏။

လေယာဉ်မစီးဘူးသော မြန်မာတောသားသည် လေယာဉ်၏ အရသာကို မသိသကဲ့သို့၊ လှည်းယဉ် မစီးဘူးသော နိုင်ငံရပ်ခြားသားသည် လှည်းယဉ်၏ အရသာကို မသိသကဲ့သို့ တက္ကသိုလ်နှင့် မထိတွေ့ဘူးသူသည် တက္ကသိုလ်၏ အရသာကို မသိနိုင်ပါချေ။

အရသာဆိုရာ၌ ခွဲခြားရမည်မှာ . . ခါးခြင်းနှင့် ချိုခြင်း၊ ငံခြင်းနှင့် ဆိမ့်ခြင်း . . . စသော အရသာပေါင်းများစွာ ရှိလေသည်တွင် တက္ကသိုလ်သည် တခါတရံ ခါး၏။ ခါတရံ ချိုလေသည်။ တခါတရံတော့ကား . . ဖန်တငန့်ငန့် ရှိတတ်ပြီး၊ အခါအားလျော်စွာ ချဉ်ပြုံးပြုံး နေလေသည်။

မည်သို့ပင်ရှိစေ တက္ကသိုလ်သည် မပြောင်းလွဲ ပါ။ ချိုသူအဖို့ ချိုပြီး၊ ချဉ်သူအဖို့ ချဉ်မည်သာ။ သူ့ရင်ငွေ့ကိုကား ပေးစွမ်း မြဲပါ။
အဓိပတိလမ်းအဝင်ဝ ညာဘက်ဘေးရှိ အဆောက်အအုံအနီး ရောက်တော့ ခံတွင်း ချဉ်လာမိလေ၏။ လက်ဖက်ရည် သောက်ချင်စိတ်သည် ဝေ့ပျံလာသည်။

ကိုနန်းဝေတို့နှင့်လည်း၊ ထိုအဆောက်အအုံရှိ လက်ဖက်ရည်ဆိုင်မှာ ဆုံနိုင်သည်။ ထိုအဆောက်အအုံသည်လည်း သူ့ကို မေ့သေးဟန်မတူ၊ ပြုံးပြုံးပျပျရှိလေ၏။

နွေ၏အငွေ့အသက် မဆုံးပါးခင်၊ အသက်ဝင်နေခိုက် မိုး၏ ပထမဆုံး ခြေလှမ်း တလှမ်း ဝင်ရောက်ခဲ့လေသည်။

သကြံန်လက်ဆေးမိုးခေါ် ဖက်ဆွတ်မိုးသည် သည်နှစ် စောစောရွာခဲ့သည်။ ပီတောက်တို့သည် လမစေ့ပဲ မွှေးဖွားသန့်စင်ကြသည်မှာ ထို့ကြောင့်ပင် ဖြစ်မည်။

ပီတောက်၏ ရနံ့သည် ၄၅ ရက်သာ ရှိသေးသော သမီးငယ်၏ ခြေအစုံဖြင့် ရင်ပတ်ကို အကန်ခံရသည်ကို မိခင်သည် မနာပဲလျက် ကြည်နူးရသည်သို့ ဖြစ်၏။

ခပ်ပျပျတွင်ရှိနေသော ဂျပ်ဆင်ကောလိပ် မျှော်စင်ကြီးသည် သူ့ကို လက်ယပ်ခေါ် နေသလို ရှိပြန်သောအခါ ကြက်သီးထမိသေးသည်။ တချိန်က အရေးအခင်းတခုတွင် သည်မျှော်စင် ထိပ်ဆုံးထပ်သို့ မောင်ခင်ညိုနှင့်အတူ တက်ပုန်းခဲ့ရသည်ကို သတိရ သွားသည်။ ထို့ကြောင့် အခြားလိုက်လံနှုတ်ဆက်ရန် ကျန်နေသော မန္တလေးဆောင်၊ တောင်ငူဆောင်တို့ ဘက်သို့လည်းကောင်း၊ ဘွဲ့နှင်းခန်းမနှင့် သစ်ပုတ်ပင်တို့ ညီအစ်ကို ဘက်သို့လည်းကောင်း၊ တချက်စီငေ့ပြီး ပြုံးပြလိုက်ရသည်။

ထို့နောက်တော့ဖြင့် လက်ဖက်ရည်ဆိုင် ဘက်သို့ လျှောက်လာခဲ့လေသည်။ လက်ခုပ်တီးသံ ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ၊ လူနှစ်ယောက်က သူ့ကို လှမ်းခေါ်နေသည်ကို တွေ့ရလေသည်။

ဝမ်းသာအားရ ရယ်မောနှုတ်ဆက်နေသော လူနှစ်ယောက်ကို ဗလ လုံးဝ မှတ်မိပါသည်။ တယောက်က ညိုထွန်း၊ တယောက်က မောရစ်၊ နှစ်ယောက်စလုံး ကျောင်းသားများ ဖြစ်သည်။ သို့သော် ဗလသည် ညိုထွန်းကို ယုံကြည်သလောက် မောရစ်အပေါ် သက်ဝင်မှု လုံးဝမရှိ။

သုမောင်

ညိုထွန်းသည် တက်ကြွမှု ရှိဟန်မပြ။ ကျောင်းသားကိစ္စများတွင် အေးအေး စက်စက်နိုင်သူ ဖြစ်သည်။ သူ အလုပ် လုပ်နေသည့်အကြောင်း လူမသိ၊ သိအောင်လည်း မပြ။ ထို့ကြောင့် ညိုထွန်းကို မည်သူမျှ အထင်မကြီးကြချေ။

မောရစ်ကား လူလည်။ အလုပ်လုပ်သည်။ လုပ်ပြသည်ဆိုက ပိုမှန်သည်။ ကြည့်..။ ဆိုပါစို့။ ကျောင်းသားကိစ္စနှင့် ပတ်သက်၍ ပိုစတာကပ်ကြမည်။ သည်နေရာမျိုးတွင် မောရစ်သည် ပစ်ကနစ်ပိုစတာ ရေးရမလား မိုးကြီးစင်စင်လင်းသွား ပလေ့စေး ခါးတောင်မြှောင်အောင် ကျိုက်ပြီး တကုန်းကုန်းဖြင့် ရေးပေးမည်။

သို့သော် နံနက်လင်းလို့ ညိုထွန်းတို့ပိုစတာ လျှောက်ကပ်ပြီဆိုလျှင် သူမပါ။ "ညက တညလုံးပိုစတာရေးနေရလို့" ဟူသော အကြောင်းပြချက်ဖြင့် အိပ်ပျော် ကျန်ရစ်သည်။ သူ့ဘက်ကနေဝင်၍ ကြည့်မည်ဆိုလျှင်လည်း မှန်တော့မှန်သည်။ အကြောင်းပြချက် နိုင်လုံပြီးသား ဖြစ်သည်။ သို့သော် အကြောင်းပြချက် မခိုင်လုံ ခိုင်လုံအောင် သူကလည်း ညကတည်းက လုပ်ခဲ့သည် မဟုတ်လော။

ကြည့်စမ်း။ မနက်ပိုစတာကပ်ဖို့အရေး ညကတည်းက အိပ်ရေးပျက်ခံခဲ့လေသည်။ ရှင်းရှင်းကလေးပါ။

ပိုစတာကပ်သူကို ဖမ်းသောအခါ မောရစ်ဆိုသူ ဘယ်မှာ ပါတော့မည်နည်း။

သည်နည်းဖြင့် မောရစ်တို့ကဲ့သို့သော အချောင်သမားများ လွတ်ပေါင်းများပြီ။

ထိုပြီပေ့ ဆိုသည်နှင့် ညိုထွန်းတို့၊ မောင်ခင်ညိုတို့ ဗလတို့ ထိပြီ။ မောရစ်သည် ကာလမရွေး လွတ်မြောက်နေတတ်သူ သာတည်း။

သည်အတွက် မောရစ်ကို ဗလကြည့်မရ။ သို့သော် ရဓဘော် ရဲဘက်တယောက် အနေနှင့် လည်းကောင်း၊ ယုံကြည်ကိုးစားအပ်သူ အနေနှင့်လည်းကောင်း၊ ခွင့်လွှတ်ခဲ့သည်။

သို့သော် ယခုအချိန်မျိုးတွင် မောရစ်ကို မြင်လိုက်ရသည်မှာ အတော်ပင် ကသိကအောင့် ဖြစ်စရာ ဖြစ်နေသည်။

လူတယောက်သည် အပြစ်တစုံတရာ ကိုပြု၏။ ထို့အတွက် အပြစ်ဒဏ်ခံရခြင်း ဘာမျှမထူးဆန်းချေ။ သို့သော် အပြစ်မလုပ်ဘဲလျက် အပြစ်ဒဏ်ခံရသည့်တွင် နည်းနည်း ထူးဆန်းလာ၏။ သို့သော် မထောင်းတာလှချေ။ သို့သော် . .

အပြစ်လုပ်သူချင်းအတူတူ မိမိသာခံစေ ကွဲဘက်လုပ်သူ လွတ်စေဆိုသည် ကိုတော့မူ ခံပြင်းမှု ဖြစ်၏။ သည်လိုဖြင့် ယခုအချိန်တွင် ဗလသည် မောရစ်ကို ကြည့်မရဖြစ်ရလေသည်။ အကြောင်းကား . .

ဗလသည် ကျောင်းနှင့်ကင်းကွာ၍ ထောင်နှင့်နီးစပ်ကာ တစ်နှစ်တာမျှ နယ်ချဲ့ လက်ပါးစေများ၏ အရိုင်းလက်မည်းဖင့် အနှိပ်စက်အသဲအမဲ ခံနေခဲ့ရပြီး လေပြီ။

ဗလထောင်မှ လွတ်လာသည်မှာ ယနေ့ပါနှင့်ဆိုလျှင် တပါတ်မပြည့်တပြည့်သာ ရှိသေးသည် မဟုတ်ပါလား။

သုံးဦးသား တွေ့ဆုံမိကြလျှင် ထုံးစံအတိုင်း စပ်းရော ဖွဲ့ရော လုပ်တတ်သော မောရစ်ကပင် စကားစလေသည်။

"ဘယ်နှဲ့ ကိုဗလ၊ ကျောင်းနဲ့ကင်းကွာလှချည်လား ဗျ"

ထောင်းကနဲ ဒေါသထွက်သွားသည်။ ထောင်ထဲရောက်နေသည် ဆိုပါမှ ကျောင်းနှင့်မည်သို့ မကင်းကွာပဲ ရှိပါ့မည်နည်း။ သူ့စကားသည် ဇလတယောက် ပစ်ကနစ် ဟန်းနီးမွန်း ထွက်နေသောကြောင့် ကျောင်းနှင့်ကင်းကွာ နေသည်ဟု ဆိုလိုဟန်ရှိသည်။ ကျောင်းထဲမှာနေ၊ ကျောင်းရေကိုသောက်၊ ကျောင်းသီးကို စားပြီး လူပါးဝချင်တိုင်း ဝနေသော မောရစ်တို့လို လူမျိုးသည်ကား ကျောင်းနှင့်မကင်းကွာသလော။

ဇလ သည်းညည်းခံ လိုက်လေသည်။ ထောင်ထွက်တဦးပီပီ ရင်ကျက်ခြင်း မည်သော အပြုံးကို လှစ်ကနဲ ပြလိုက်သည်။

ကိုညိုထွန်းကတော့ တစ်နစ်တာမျှ ကွဲကွာနေသော ရဲဘော်ကို နှုတ်ဆက်သည့် အနေဖြင့် ရှာရွှေရရ ပြုံးပြလေသည်။

"ကိုယ်တို့ မျှော်လင့်နေကြတယ်။"

"တသက်တကျွန်း ကျသွားပြီရယ်လို့လား"

ရယ်လိုက်ကြသည်။

ညိုထွန်းက ရယ်မောနေခြင်းကို တဖြည်းဖြည်းရပ်တန့်လျက် ဆက်ပြော၏။

"ခင်ဗျားကို ဖမ်းသွားပြီဆိုတဲ့ သတင်းရတဲ့ နေ့ကတည်းကပါဗျာ"

တိတ်ဆိတ်သွားကြပြန်သည်။ ခုတကြိမ် စကားဆက်သူမှာ မောရစ် ဖြစ်သည်။ သူက..

**သုမောင်**

"ကဲ .. လာဗျား လက်ဖက်ရည်သောက်ယင်း ထောင်အတွေ့အကြုံလေး ဘာလေး ပြောကြရအောင်"

ဟု ရယ်ကျဲကျဲ ပြောလေရာ၊ သည်တကြိမ်၌မူ သည်းညည်းမခံနိုင်တော့သည့် ဇလက ..

"ထောင်အတွေ့အကြုံဆိုတာ ကိုယ်တိုင်ရောက်ဖူးမှ သိတာကလား" ဟု မထီတရီ ပြောလေမှ မောရစ်လည်း မျက်နှာပိုး သတ်လိုက်လေ၏။ အခြေအနေကို ရိပ်မိသော ကိုညိုထွန်းက ဇလကို လက်တို့ခေါ်၍ လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်ခဲ့လေသည်။

ထောင့်ကျကျ တနေရာတွင် ထိုင်မိကြသောအခါ ဇလသည် ကိုနန်းဝေ ရေးဆွဲထားသော ပန်းချီကားများကို တလွှမ်း သ သ ငေးကြည့်လိုက်သည်။

ထိုပန်းချီကားများသည် ကိုနန်းဝေ၏ လက်ရာများ ဖြစ်သည်။

ကိုနန်းဝေသည် သူ၏ပန်းချီကားများကို မြတ်မြတ်နိုးနိုး ရှိခဲ့သည့်အလျောက် သည်လက်ဖက်ရည်ဆိုင်တွင် နိုးနိုးမြတ်မြတ် ချိတ်ဆွဲခဲ့သည်။

ဇလသည် ကိုနန်းဝေကို သတိရမိလေသည်။

ဇလက ပန်းချီကားများကိုကြည့်ယင်း မေးလိုက်သည်။

"အကိုနန်း တယောက်ကော"

"စကော့ မားကက်ဈေး သွားတယ်"

"ဘာလဲ မောင်ခင်ညိုအတွက် ရေမွှေးသွားဝယ်တာလား"

အားလုံး ရယ်မောလိုက်ကြသည်။ မောင်ခင်ညိုသည် တက္ကသိုလ်ရောက်စ လူငယ်လေးဖြစ်သည်။ ဝင်းစံဖြူဆိုသူ မိန်းမပျိုလေးအတွက် ရေမွှေးတော်ဆက် တာဝန် ထမ်းဆောင်နေရကြောင်း သူတို့အားလုံးသိသည်။

ပန်းချီဆရာ ကိုနန်းဝေသည် မောင်ခင်ညိုကို အလွန်သံယောဇဉ် ကြီး၏။ ထို့ကြောင့် တပါးသူ ရယ်ရသည် မရယ်ရသည် အပထား သူတို့ အသိုင်းအဝိုင်းမှာတော့ ကိုနန်းဝေနှင့် မောင်ခင်ညိုတို့ အကြောင်းသည် ချစ်စဖွယ် ရယ်ပွဲဖွဲ့စရာ ဖြစ်နေလေသည်။

ကိုညိုထွန်းက ဝင်ပြောသည်။

"အလကားပါဗျာ၊ စတော့ရှေး မှာ ပန်းချီဆွဲဖို့ ဆီဆေး သွားဝယ်နေတာပါ။"

"ဒီတခါ အမာစိန်ရဲ့ ပုံတူကို ဆွဲဒုံးမလို့ထင်တယ်။"

ဤစကားကတော့ ဘာရယ်မဟုတ် ပြောမိလိုက်ခြင်း ဖြစ်သည်။ လက်ဖက်ရည်ဆိုင်အတွင်းမှ ကိုနန်းဝေ၏ ပန်းချီကားများ ပတ်ပတ်လည်ချိတ်ထားသည်။ ပုံအားလုံးမှာ အကျော်ဒေးယျချည်း ဖြစ်သည်။ သံရုံးများက မရအရ ဝယ်ယူသော်လည်း မရောင်းဘဲထားသော ပုံများ ပါဝင်သည်။ ထိုအထဲတွင် ယနေ့ နံမည်ကြီး အငြိမ့်မင်းသမီး နွဲ့နွဲ့စန်း၏ ပုံလည်း ပါဝင်သည်။ ဒါကို အကြောင်းပြု၍ ဗလက သည်တခါ အမာစိန်ပုံ ဆွဲဒုံးမှာလား ဟု ပြောခြင်းဖြစ်သည်။

ထွေလာကေလာ စကားအချို့ကို ပြောဆိုယင်း လက်ဖက်ရည် သောက်နေကြစဉ် ကိုညိုထွန်းက တည်တည်ငြိမ်ငြိမ် ဝင်ပြောလိုက်သည်။

"ဘယ့်နယ့်လဲ ကိုဗလ တော်တော်ကလေး စိတ်ကုန်နေပြီလား"

"ဘယ်လိုလဲဗျ"

"ကျွန်တော်တို့ ကျောင်းသားရေးရာတွေကိုပေါ့"

"ဘာပြုလို့ မေးတာလဲ ကိုညိုထွန်း"

"အော် အထိန်းအသိမ်းလည်းခံရ ကျောင်းကလည်း တနှစ်အထုတ်ခံလိုက်ရတာ ဆိုတော့"

"ကျောင်းသားရေးရာကိုတော့ ကျွန်တော် ဘယ်တော့မှ စိတ်မကုန်ပါဘူး။ ဒါပေမယ့် ကျောင်းသားရေးရာထဲမှာ လွှန်ကျံတဲ့ နိုင်ငံရေးရာ ဝင်လာတာကိုတော့ စိတ်ကုန်သွားပြီ။"

"ဘာကို ဆိုလိုတာလဲ ဗျ"

"ဒီလိုဗျာ .. အစွန်းရောက်သမားတွေက အသိဉာဏ်ဖွင့်ဖြိုး၊ ကျွန်တော်တို့ ကျောင်းသားတွေကို ခုတုံးလုပ်ပြီး အမြတ်ထုတ်တာကို ပြောတာပါ။"

"လူတိုင်းဟာ နိုင်ငံရေးနဲ့ မကင်းကွာဘူးလို့ ဆိုကြတယ် မဟုတ်လား ကိုဗလရဲ့"

"ဒါကို ကျွန်တော် သဘောပေါက်ပါတယ်။ ကျောင်းသားဟာ ကျောင်းစာထဲမှာတွင် မကပဲ ကျမ်းမာရေး စိတ်ရောကိုယ်ပါ ပျော်ရွှင်ရေး ကျောင်းသားနဲ့ဆိုင်တဲ့ နိုင်ငံရေးဆိုတာ ရှိရမှာပေါ့။ ကျွန်တော်ဆိုလိုတာက အစွန်းရောက်တွေကို ပြောတာပါ။"

"အင်း .. ဒါတော့ ကျွန်တော်လည်း လက်ခံတယ်"

"ဒီတော့ ကျောင်းသားရေးရာနဲ့ ပတ်သက်တဲ့ ကိစ္စပေါ်လာယင်တော့ ဘာမဆို အကူအညီ တောင်းပါ ကိုညိုထွန်း ကျွန်တော်ကူဖို့ အသင့်ပါပဲ။ ခုဆို ကျွန်တော်လည်း ကျောင်းပြန်တက်ခွင့်ရနေပြီပဲ။"

"အေးဗျာ ခင်ဗျားကျောင်းပြန်တက်ခွင့်ရပြီဆိုလို့ ပြောရဦးမယ် ခင်ဗျားကို ကျောင်းက ထုတ်ပစ်ဖို့အထိ ပါမောက္ခချုပ်ကို တက်တိုင်တဲ့ ဟို ပေါက်ကျိုးတာ ဆရာမလည်း လွင့်သွားပြီ။ အဲဒါ ခင်ဗျား သိပြီးပလား"

"ဟင် မသိသေးဘူး ဘာဖြူလို့တဲ့လဲ"

"ခင်ဗျားကိုသာ သူက ဘာမဟုတ်တာလေး ဖာရဲ့ အပြစ်ရှာပြီး ကျောင်းကမထွက် ထွက်အောင် လုပ်တာကလား။ သူကျတော့ဗျို့ မဟုတ်တန်း တရားတွေလုပ်တာ ကျောင်းသူတွေ မိတော့ ပါမောက္ခချုပ်နား သတင်းမရောက်ခင် သူ့ဖာသူ နယ်ကောလိပ်ကို ပြောင်းပြေးတော့တာပဲ။"

"သူက ဘာတွေ လုပ်လို့တဲ့လဲ"

"ဟာဗျာ ကြားရတာတော့ အစုံပါပဲ ဒါပေမယ့် ပြန်ပြောလို့တောင် မကောင်းပါဘူး။ ကျောင်းရဲ့ဂုဏ်သိက္ခာတောင် ထိခိုက်ပါတယ်။"

မိုးသက်လေနှင့်အတူ ဖလ၏ စိတ်သည် မိန်းကလေးဆောင်များရှိရာ ဘက်သို့ ကုံကော်ပင်များကို ဝေ့သီဖြတ်ယင်း ရောက်ရှိသွားလေသည်။

သူမောင်

ထိုစဉ် သူ့ကျောင်းမှ တနှစ်ထုတ်ပယ်ခံရမည့် အဖြစ်အပျက် စတင်ရာ အခြေအနေ ကိုလည်း သတိက ရရှိသွားလေ၏။

ထိုဆရာမနှင့် ပတ်သက်ခဲ့ရသည့် အကြောင်းကို စဉ်းစားမိသောအခါ ချွန်းချန် ထား၍ မရနိုင်သော အကြောင်းတခုကိုလည်း ဇလ စဉ်းစားမိပြန်ပါသည်။ နွယ်နွယ်။

နွယ်နွယ်နှင့် ပတ်သက်သော အကြောင်းပင် ဖြစ်ပါသည်။

ထိုစဉ်က နွယ်နွယ်သည် ဥပစာ အပိုင်း(က)တန်းကျောင်းသူမျှသာရှိပါသေးသည်။ အများစုဖြစ်သော တက္ကသိုလ် ကျောင်းသူများနည်းတူ နွတ်ခမ်းနီဆိုးသည်။ ခင်ယုမေကဲ့သို့ ထဘီကို ခြေသလုံးပေါ်လုလု ဝတ်သည်။

ကျောင်းစာ၌သာ စိတ်ကိုဝင်စားသည်။ အဆောင်ထမင်း ဟင်း မကောင်းသည်ကို ညည်းသည်။ တက္ကသိုလ်ကျောင်းသား ကိစ္စနှင့် ပတ်သက်၍ စိတ်ဝင်စားမှု နည်းပါးသည်။ ဝီးကနစ်ထွက်မည်။ ပါတီတတ်မည်။ အထင်ကြီးခြင်းကြီးလျှင် ချမ်းသာသော ကျောင်းသားစု အသင်းအဖွဲ့ကို အထင်ကြီးမည်။

မည်သို့ပင် ရှိစေ နွယ်နွယ်သည် ယောကျ်ားသူငါတို့ ငေးရလောက်သော အလှပိုင်ရှင် ဖြစ်ကြောင်း တက္ကသိုလ်ကျောင်းသားတိုင်းက အသိအမှတ်ပြုထား ရသူ ဖြစ်လေသည်။ တချောင်းတည်းသော ကျစ်ဆံမြီးကြီးသည်ပင် တကောက်ကွေးထိ ရောက်နေတတ်ပြီး လမ်းလျှောက်လိုက်တိုင်း တလှုပ်လှုပ် တယမ်းယမ်း နေတတ်သည်မှာ ကျောင်းသားလောကသာမက ကျောင်းသူချင်းပင် ငေးယူရတတ်သော နွယ်နွယ်၏ အရည်အချင်းတရပ် ဖြစ်ပါသည်။

သုမောင်

တနေ့တွင် ဒီဘိတ်ခေါ် စကားရည်လုပွဲ တခုတွင် ကိုဇလနှင့် အမှတ်မထင် ဆုံမိသည်။ ထိုစဉ်က ဇလသည် လိုအပ်သည်ထက် ပို၍ တိုးတက်စွာ တနည်းအားဖြင့် ဆန့်ကျင်မှုမှန်သမျှ တိုးတက်နေသည် ထင်နေသော ကျောင်းသားပေါက်စတဦး ဖြစ်ခဲ့လေသည်။

မိန်းမမှန်သမျှ နလုံးသားကို ကွဲကြေစေသည့်အဆိပ်လက်သည်း ပါသော သတ္တဝါဟု နားလည်နေသော ဇလသည် အလွန်နာမည်ကြီးသော လုမ်ိဳးဖြူ နွယ်နွယ်ကို အလေးမမူပဲသာ ဆက်ဆံခဲ့လေသည်။ ထိုအချက်ကို သိသော နွယ်နွယ်မှာလည်း ယောကျ်ားမှန်သမျှကို မျက်တောင်တချက်ခတ်ပြရုံနှင့် ခေါင်းငိုက်စိုက်ဖြင့် နောက်က တကောက်ကောက် လိုက်လာစေနိုင်သော မိမိ၏အလှအစွမ်းကို သံသယ ဖြစ်ခဲ့ရလေတော့သည်။ မိမိကိုယ်ကို မိမိ သံသယဖြစ်ပေါ်ရခြင်းသည်ပင် တပါးသူကို အထင်ကြီးခြင်း ဖြစ်ပေသည်။ အချစ်ဟူသည် အထင်ကြီးခြင်းမှ စသည်ဟု ပညာရှင်အချို့ ဆိုမိန့်ဘူးသည် နှင့်အညီ နွယ်နွယ်သည် ဇလအပေါ် အထင်သက်ရောက်ပြီး မကြာမတင်မှာပင် စွဲလန်းမိလေတော့သည်။

မိန်းကလေးက စ ရသော ကိစ္စများတွင် အချစ်သည် မပါဝင်သည့် အားလျော်စွာ နွယ်နွယ်သည် ဇလကို မြင်မြင်လေရာ၌ အရိပ်တကြည့်ကြည့် နေခဲ့ရရုံမှတပါး မတတ်သာအောင် ရှိနေလေတော့သည်။ သို့ရာတွင် မည်သို့ပင် မိမိကိုဂရုစိုက်မိအောင် လုပ်လုပ်၊ ကြုံလေဆုံလေရာတိုင်း၌ ဇလသည် မိမိကို မသိသလို သာနေ၏။ မြုံးမြ နှုတ်ဆက်ရာ၌ပင်လျှင် သာမန် မိတ်ဆွေကျောင်းသူတဦးထက်မပို၊ လိုအပ်သော စကားထက်ပို မပြော။

ကြာသော် နွယ်နွယ်သည် ဇလအပေါ်၌ ကရုဏာဒေါသော ဖြင့် စိတ်တိုလာမိ တော့သည်။

"ဒင်း တနေ့နေ့တော့ ငါ့ရဲ့ အလှခြေဖဝါးအောက် ရောက်ရမှာပေါ့။" ဟု တကိုယ်တည်း ကျိတ်၍ တေးမှတ်ထားသည့်အတိုင်း ဖြစ်လေသည်။ သို့ရာတွင် တကယ်တန်း ဇလနှင့် မျက်နှာချင်းဆိုင် ဆုံမိသော အခါမျိုးကျပြန်တော့လည်း မိမိတကိုယ်တည်း ကျိန်ဆဲခဲ့လေသမျှ ပြေပျောက်ရပြီး၊ မည်သို့သော အပြုံးဖြင့် ဇလကို ဆက်ဆံရမည်ဟူ၍ စဉ်းစားရသော အဖြစ်သို့သာ ရောက်ရသည်ချည်း ဖြစ်လေသည်။ တခါတရံ အယောင်ယောင် အမှားမှား နှုတ်ဆက်မိတတ်သည်ကိုပင် "ငါ စကားမှားသွားတာ သူတမျိုး တမည် ထင်သွားပြီ ထင်ပါရဲ့" ဟူ၍ ကြံဖန်ပြီး စိတ်ကူးယဉ် နောင်တတွေ ရနေတတ်ချေသေးတော့၏။

ဤသို့ဖြင့် နွယ်နွယ် မျှော်လင့်နေသော အခြေအနေသည် တနေ့သ၌ ရောက်ရှိလာလေတော့သည်။

တခုသော တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဖြစ်လေသည်။ အချိန်ကား ညဆယ်နှစ်နာရီ။

မိန်းကလေးဆောင်များသို့ ညဥ့်နက်သန်းခေါင်အချိန်တွင် ယောကျ်ားလေးများ သွားရောက် လည်ပတ်နိုင်သည်မှာ တနှစ်လုံးတွင် ထိုနေ့တညသာ ရှိပါသည်။

အဘယ့်ကြောင့် ဆိုသော် တန်ဆောင်မုန်းလပြည့်နေ့ ညဆယ့်နှစ်နာရီတွင် မိန်းကလေးဆောင်များ၌ မယ်ဇလီဖူးသုပ် သုပ်၍ ပတ်သက်ရာ မိတ်သင်္ဂဟများကို ဖိတ်မံကျွေးမွေးသော ဓလေ့ရှိသောကြောင့် ဖြစ်ပါသည်။

အဆောင်ရှေ့မြက်ခင်းပြင်မှာပင် ရည်မွန်သော ဧည့်သည်ယောကျ်ားလေးများကို ဆရာမများ၏ အထိန်းအကွပ်ဖြင့် အဆောင်သူတို့က ဧည့်ခံကြရလေသည်။

သုမောင်

ထိုတခုသော တန်ဆောင်မုန်းလပြည့်နေ့ည မယ်ဇလီဖူးသုပ် ကျွေးမွေးဧည့်ခံပွဲသို့ ဗလတယောက် ရောက်ရှိခဲ့ရာ နွယ်နွယ်နှင့် စတင်ရင်းနှီးရလေတော့သည်။

အမှန်မှာမူ ဗလသည် ထိုပွဲလမ်းမျိုး အထူးသဖြင့် မိန်းကလေးများ စုဝေးတတ်ရာ နေရာမျိုးကို ဝေးဝေးက ရှောင်ကျဉ်တတ်သူသာ ဖြစ်ပါသည်။

သို့ရာတွင် မိမိတဆောင်တည်းနေကြသော မိတ်ဆွေများလည်း သွားကြမည် တကြောင်း၊ မိမိနှင့်အတူ ကျောင်းသားရေးရာတွင် တက်တက်ကြွကြွ လက်တွဲ ဆောင်ရွက်သူ ကျောင်းသူ မလှလှဌေးကလည်း မိမိအား မရ အရ ဖိတ်မန္တကပြုနေသည် တကြောင်းကြောင့် စိတ်မပါလက်မပါ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

အစပထမ၌ စိတ်လက်မအီမသာ ဖြစ်ရသည် မှန်သော်လည်း ကျောင်းသားရေးရာ၌ စိတ်ဝင်စားသူ ပီပီ ကျောင်းသူကလေးများက ကိုယ်တိုင်သုပ်၍ ကျွေးမွေးဧည့်ခံသော မယ်ဇလီဖူးသုပ်ကို စားယင်း ကျောင်းတော်ကြီး၏ ရင်သွေး ညီအစ်ကို မောင်နှမများ ချစ်ခင်ရင်းနှီးစွာ ထိတွေ့ဆက်ဆံရမှုကို ခံစားရသောအခါ ဗလတယောက် စိတ်ပါလက်ပါ ပျော်ရွှင်လာပြန်လေသည်။

ထိုနေ့ညမှာပင် ထိုအဆောင်မှ ကျောင်းသူသစ်ကလေး နွယ်နွယ်နှင့် ဗလတို့ စတင်ရင်းနှီး ကျွမ်းဝင်ခွင့်ရခဲ့လေသည်။

ဗလ၏ မိတ်ဆွေ မလှလှဌေးကပင် မိတ်ဆက်ပေးခြင်းဖြစ်၏။ နွယ်နွယ်မှာလည်း ငိုချက်ရက်လက်တို့ ဖြစ်နေသူပီပီ၊ မယ်ဇလီဖူးသုပ်ပန်းကန်ကို ဗလရောက်ရှိနေရာ စားပွဲဝိုင်းကလေးဆီသို့သာ ဦးတည်ပြီး သယ်ဆောင်လာခဲ့လေသည်။

"ကိုဇလရေ မှတ်ထားပါအုံး၊ ဒါ ဥပစာ(က)တန်းက ကျောင်းသူသစ် နွယ်နွယ်တဲ့၊ နွယ်နွယ် ဒါ မမပြော ပြောနေတဲ့ မမတို့ရဲ့ ရဲဘော်ကြီး ကိုဇလ"

နွယ်နွယ်သည် မလုလုထွေး၏ မိတ်ဆက်ပေးမှုအပေါ် အခြေခံ၍ လိုအပ်သည်ထက် ဖော်ရွေစွာ ပြုံးပြနှုတ်ဆက်လေသည်။

"ဟုတ်ကဲ့ ကိုဇလအကြောင်းကတော့ မကြာမကြာ ကြားဘူးပါရဲ့ နာမည်ကြီး ကျောင်းသားတယောက်ပဲ"

"ဗျာ၊ ဘာနာမည် ကြီးတာလဲဗျ"

ဇလက အလန့်တည်ကြ် မေးလိုက်ပါသည်။

"အော် . . ကျောင်းသားရေးရာနဲ့ ပတ်သက်လို့ သိပ်ခွဲနပဲကြီးတဲ့ သူလို့ နာမည်ကြီးနေတာ ပြောတာပါ။"

ဤသို့ပြောလိုက်သဖြင့်လည်း ဇလသည် မိမိအား မြှောက်ပင့်လေပြီဟူ၍ ရှက်ကိုးရှက်ကန်း လုံးဝဖြစ်မသွားချေ။ နွယ်နွယ်ကတော့ စကားဆက်ပြန်ပါသည်။

"ကျွန်မ ကိုဇလကို သိနေတာ ကြာပါပြီ၊ ဟိုးတခါ၊ မြန်မာစာအသင်း ဒီဘိတ်မှာကတည်းက"

"ဟုတ်လား ဆောရီးပဲနော်၊ ကျွန်တော် သတိမထားမိခဲ့ဘူး။"

"ဒါပေါ့လေ၊ တနေ့နေ့ ကျောင်းသားကိစ္စနဲ့ပဲ အလုပ်ရှုပ်နေတာကို"

ဗလဘာမှ ပြန်မပြော၊ ပြုံးရုံသာ ပြုံးနေလိုက်ပါသည်။ ဤတွင် အနီး၌ ရှိနေသော မလှလှထွေးက ဝင်ပြောလေ၏။

"ကိုဗလရေ ကျွန်မလည်း အဆောင်ရောက်သမျှ ကျောင်းသူသစ်တွေမှန်သမျှ ကျွန်မတို့အဖွဲ့အစည်းထဲပါအောင် စည်းရုံးနေတာပဲ"

မှန်ပါသည်။ မလှလှထွေးသည် သူကိုယ်တိုင် ကျောင်း၏ သာရေးနာရေး မှန်သမျှ၌ တက်တက်ကြွကြွရှိသလို အခြား ကျောင်းသူများကိုလည်း တတ်အားသရွေ့ စည်းရုံးနိုင်စွမ်းသူ ဖြစ်လေသည်။

"ကိုဗလသိတဲ့အတိုင်း ကျွန်မတို့ အဆောင်မှူးကလည်း ပျူးဝါး ဟိုဒင်း မဟုတ်လား"

မလှလှထွေးတို့ အဆောင်မှူးသည် သဌေးသားသမီး ကျောင်းသားစု၏ အဖွဲ့တော်သားဖြစ်ပြီး မျက်နှာကြီးပိုင်း ပါလီမန်အမတ်တဦး၏ သမီးလည်း ဖြစ်၏။

ဗလတို့ ပြောဆိုနေကြသော စကားများ၏ အနက်ကို မသိရှာပဲ မျက်လုံးနက် ပြာပြာလေးကို ကလည်ကလည်း လုပ်နေသော နွယ်နွယ်မှာမူကား ရှိသေခြင်း၊ လေးစားခြင်း၊ ကြည်ညိုခြင်းအပြင် ထိုအကြောင်းတရားတို့မှ ပေါက်ဖွားလာသော ချစ်ခင်ကြင်နာခြင်း အကြည့်ဖြင့် ပါးရိုးများကျပြီး တစုံတရာကိုသာ စူးစိုက် လုပ်ကိုင် နေတတ်ပုံရသော ဗလကိုသာ ငေးမော နေလေသည်။ လရောင်သည် ဗလ၏ ဖွာလံကျဲကျနေသော ဆံပင်ပေါ်သို့ ငွေမင်ပက်သကဲ့သို့ တလက်လက် ကျရောက် နေပါသည်။

"ကိုဗလ ရယ် . ." နွယ်နွယ်သည် စိတ်ထဲမှ ကျိတ်၍ ခေါ်မိပါသည်။

သုမောင်

နွယ်နွယ်၏ရိုဝေသော အကြည့်အတွင်း၌ ကိုဗလ၏ ဖြက်ကနဲ လက်သော အကြည့်သည် ဝိုက်ရိုက်ကြီး ဝင်ရောက်လာလေသည်။ ကိုဗလသည် နွယ်နွယ်၏ အကြည့်ကို ထိတွေ့လိုက်ရသော တဒင်္ဂ၌ မိန်းမတယောက်၏ အလှကိုမှ ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် မှတ်မှတ်ထင်ထင် သတိပြုလိုက် မိလေသည်။

ထိုခဏ၌မှာပင် နစ်ယောက်သားစလုံး မိမိတို့၏ အကြည့်များကို ပြန်ရုပ်လိုက်ကြပြီး ..

"ဟုတ်ပါတယ်ရှင့် နွယ်လည်း နောင်ဆို ကျောင်းရဲ့သာရေး နာရေးတွေမှာ ပါဝင်လာမှာပါ"

"ခုတော့ ဘာလို့ မပါဝင်သေးတာလဲဗျ"

"အော်.. နွယ်က ကျောင်းကိုရောက်စ ဆိုတော့ကာ"

"ဟာ ဗျာ ကျောင်းကိုရောက်ပြီဆိုတာနဲ့ ကျောင်းရဲ့ သမီးပျိုဖြစ်သွားပြီပဲဟာ ကျောင်းရဲ့ သာရေးနာရေးဟာ မနွယ်နွယ်ရဲ့ အရေးပဲပေါ့"

ထို့နောက် ဗလသည် မိမိတို့အဖွဲ့ကို စိတ်ဝင်တစားရှိလာစေရန် မသိမသာ ဆွယ်စကား ပြောယင်း မယ်ဇလီဖူးသုပ်ကို စားနေလေ၏။

"ကဲ . . မိရွှေနွယ်တို့ မိရွှေတွေးတို့ ဟိုဘက်ဝိုင်းတွေလည်း သွား ညှော်ခဲ့ချေအုံး၊ ဟိုက ညှော်သည်တွေ အားနာစရာ"

သုမောင်

ဗလသည် အသံလာရာသို့ ဖြတ်ကနဲ မော့ကြည့်လိုက်သောအခါ မိမိတို့၏ အချစ်တော်မကြီး အဆောင်မှူး ဖြစ်နေသည်ကို တွေ့ရလေသည်။

အဆောင်မှူးသည် ဗလကိုမြင်လျှင် မဖော့တဖော့နိုင်သော အပြုံးကို တချက်ပြုံး လှစ်ပြပြီး "နေကောင်းလား" ဟု နှုတ်ဆက်လေ၏။ ဗလကလည်း တချက်ပြုံးပြ ခေါင်းညိတ်လေသည်။

သည်လို ပျော်စရာကောင်းသော တက္ကသိုလ်၏ မောင်နှမများတွေ့ဆုံပွဲမျိုးတွင် အဆောင်မှူး၏လုပ်ရပ် မျက်နှာပေးသည် မသန့်ရှင်းဟု ဗလ ခံစားလိုက်ရလေသည်။ သည်ကိစ္စမျိုးတွင် အဖွဲ့အစည်းချင်း ပဋိပက္ခသည် မပါဝင်သင့်ဟု ဗလကတော့ ထင်နေပါသည်။

မကောင်းတတ်သဖြင့် ခဏတဖြုတ် ထိုင်နေလိုက်ပြီးနောက် တန်ဆောင်မုန်း လပြည့်နေ့ည၏ လရောင်အောက်တွင် ဗလသည် မိမိအဆောင်သို့ လေးကန်စွာ ပြန်လာခဲ့လေသည်။ ထိုအဆောင်မှူး၏ နိမ့်ကျမှုသည်လည်းကောင်း၊ နွယ်နွယ်၏ အပြစ်ကင်းစင်သော မျက်နှာကလေးသည်လည်းကောင်း၊ ဗလ၏ ခြေလှမ်းများကို လေးကန်စေသည်ကား အမှန်ပင် ဖြစ်ပေတော့သည်။

ကြယ်တာရာ အစုံအလင်ဆုံးသော တန်ဆောင်မုန်းလပြည့်ည၏ ကောင်းကင်ကို အမှတ်မထင် မော့ကြည့်လိုက်သောအခါ လမင်းသည် ဗလအား တစုံတရာသော နိမိတ်ကို ဖတ်ကြားနေလေဟန် ရှိနေတော့သည်။

ထို့နောက်တွင်တော့ကား ဗလနှင့် နွယ်နွယ်သည် မကြာခဏ ဆိုသလို တွေ့ဆုံတော့ ကာသာ ပဲရယ်နှင့် နေလေသည်။

သူမောင်

မလှလှထွေး ၏ စည်းရုံးမှုဖြင့် နွယ်နွယ်သည် ဇလ တို့အသင်းအဖွဲ့ ကိစ္စများအပေါ် စိတ်ဝင်စားမှု ရှိလာလေသည်။

သို့ရာတွင် ကလေးစိတ်မကုန်သေးသူလေး ပီပီ ကျောင်းသားအရေးထက် ဇလနှင့် နီးနီးနားနား နေရရေးကိုသာ အလေးပေးလျက်ရှိနေပါသေးသည်။

ဇလကျပြန်တော့လည်း ကျောင်းသားအရေးကို နိုင်ငံရေးနှင့် ကင်းရှင်းစွာ မမြင်တတ်ပဲ ဒွေးရောယှက်တင် ဖြစ်နေလေရာ ထိုသို့ ညက်သက်ချင်း ကွာခြားနေမှု ကြောင့်ပင် ဇလနှင့်နွယ်နွယ်မှာ ချစ်သူများ ဘဝသို့ လျင်လျင်မြန်မြန် မရောက်နိုင်ပဲ ရှိနေလေတော့သည်။

မည်သို့ပင်ရှိစေ အနေနီးတော့ ကြင်ဆိုဘီသကဲ့သို့ နွယ်နွယ် ဥပစာ(ခ)တန်း ရောက်သောနှစ်တွင် ဇလနှင့်နွယ်နွယ်တို့ ချစ်သူဘဝသို့ ရောက်ရှိသွားကြပါသည်။ သည်အခါ ကျပြန်တော့လည်း လောကကြီးသည် အမြဲတန်း ပြုံးရယ်နေသည် တကား။

အင်းလျားကန်ဘောင်ရိုးတွင် လူသွားလမ်းအသစ်ကလေးတစ်ခု ကန္တကလျ ပေါ်ပေါက်လာသည်ဟုကြားအံ့၊ ထိုလူသွားလမ်းသစ်ကလေးသည် ဇလနှင့် နွယ်နွယ်တို့ တယုတွဲတွဲ လျှောက်သွားကြရာမှ "လူသွားတော့လမ်းဖြစ်" ဖြစ်လာခြင်းသာ ဖြစ်ရပါလိမ့်မည်။

သူတို့နှစ်ဦး၏ ချစ်သူဘဝကာလများတွင် ဇလအဖို့နှင့် နွယ်နွယ်နှင့်ပတ်သက်၍ ခံတွင်းမတွေ့နိုင်စရာ နှစ်ခုသာ ရှိပါသည်။

တခုမှာ နွယ်နွယ်သည် ကျောင်းသားအရေးများကို လုံးဝလျစ်လျူရှုနေခြင်း ဖြစ်ပါသည်။ သည်အတွက်တော့ ဇလ သည်းညည်းခံနိုင်ခဲ့ပါသည်၊ ကျောင်းမှာ သည်လို

ကျောင်းသားတွေ များစွာရှိပါ၏။ ကျောင်းကြီးက ခွင့်ပြုထားသော လွတ်လပ်ခွင့်ကို တဝကြီးသုံးရုံမှတပါး အခြား အလေးအနက် ဘာတခုမှ မစဉ်းစားချင်ကြချေ။

နောက်တခုကတော့ ဗလသည်းသည်းပင် မခံနိုင်အောင်ရှိသော နွယ်နွယ်၏ စရိုက်ဖြစ်သည်။ သူသူငါငါ ကျောင်းသူ ကျောင်းသားတွေလို ပစ်ကနစ်ထွက်ခြင်း၊ ရုပ်ရှင်သွားခြင်း၊ ရည်းစားထားခြင်းအပြင် အထက်တန်းလွှာကျောင်းသူ အရို့နှင့် ပေါင်းစည်းပြီး၊ ပါတီတက်ခြင်းပင် ဖြစ်ပါသည်။ သည်ကိစ္စနှင့် ပတ်သက်၍ ဗလသည် မကြာခဏဆိုသလို နွယ်နွယ့်ကို ဆွေးနွေးဘူးသည်။ မရချေ။

"ကိုယ်ပြောတာလည်း အကြိမ်ပေါင်း မရေတွက်နိုင်တော့ဘူး နွယ်၊ ကိုယ့်ယဉ်ကျေးမှုနှင့် မဆိုင် အဲ.. ကိုယ့်လူတန်းစားနဲ့လည်း မဆိုင်တဲ့ ဒီလူမြင် သူမြင် ပွတ်သသဘင်မျိုးကို မတက်ပါနဲ့ ဆိုတာ"

ထိုအခါမျိုးတွင် နွယ်နွယ်သည် ဗလ၏လည်ပင်းကို လက်သည်းနီဆိုးထားသော ချွန်သွယ်သွယ် လက်ချောင်းကလေးများဖြင့် ယှက်၍ယှီးလေးခိုယင်းက ခိုးခိုးခစ်ခစ် ရယ်သံကလေးကို လွှင်လွှင်ပြုတာတ်လေသည်။

"အင်း .. ဟင် ဟိုဟာလေ၊ စကားပြောလည်း ရှေ့နောက်မညီဘူး၊ မရိုးမသား နောက်ကွယ်မှာလုပ်တဲ့ အလုပ်မျိုးကို ကိုယ်သိပ်မုန်းတယ်ဆို၊ ပြီးတော့ အဲ့ဒီအလုပ်မျိုးဟာ အထက်တန်းစားတွေ ဖောက်ပြန်တဲ့သဘာဝဆို ၊ ဟော .. ခု လူမြင်သူမြင်တွဲက ပြန်တော့လည်း ကိုယ်က ပြောပြန်ပြီ တမျိုး"

နွယ်သည် စကားတတ်လေသည်။

## သုမောင်

နွယ်နွယ်တယောက် ပါတီပွဲများနှင့် တစတစ ရင်းနှီးကျွမ်းဝင်လာစဉ် အတွင်းမှာပင် စလသည်လည်း ကျောင်းသားအရေး မိမိတို့အသင်းအပင်း အရေးများတွင် တက်တက်ကြွကြွနှင့် အဟောကောင်း အပြောကောင်းနှင့် နာမည်ကောင်းရသော ကျောင်းသားတယောက် ဖြစ်သည်ထက် ဖြစ်လာလေသည်။

ဤအတော်အတွင်းမှာပင် အခြေအနေနှင့် အချိန်အခါက ပေးလာသော ဘဝဇာတ်ဆရာက ပေးလာသော ကံကြမ္မာလှည့်ကွက်သည် သွက်သွက်ကလေး ဝင်လာလေတော့သည်။

အခြားမဟုတ်၊ နွယ်နွယ်တို့ အဆောင်မှူးထံသို့ မကြာခဏလာလည်တတ်သော ဘီလပ်ပြန်ပညာတတ် လူကုံထံ တယောက်ဖြစ်သည့် ကိုမောင်မောင်လွင်ဆိုသူသည် အဆောင်မှူးမှ တဆင့် နွယ်နွယ့်ဘက်သို့ မြားဦးလှည့်လာခြင်းပင် ဖြစ်ပါသည်။

ကိုမောင်မောင်လွင်သည် နွယ်နွယ်နှင့်ပါတီမှာ ကပွဲမှာ ဆုံဖြစ်ရာက နောက်တော့ နွယ်နွယ်ရှိရာ အဆောင်သို့ နွယ်နွယ့်ဧည့်သည်အဖြစ် ရောက်ရှိနေတတ်တော့လေသည်။ စကတည်းက မိမိကိုယ်တိုင် စိတ်ဝင်စားမှုမရှိလှသော ကိုမောင်မောင်လွင်က နွယ်နွယ့် ဘက်သို့ မြားဦးလှည့်သွားမှန်းသိသောအခါ အဆောင်မှူးက အသာတကြည်ပင် နံဘေး ဖယ်နေလိုက်တော့သည်။ နောက်ပြီးတော့ မိမိနှင့်ထိပ်တိုက် ပြိုင်ဘက်ဖြစ်နေသော စလကို လည်း သည်နည်းဖြင့် ရန်စလိုသည့် အောက်တန်းကျမည့် စိတ်က ရှိနေပြန်သေးသည် မဟုတ်ပါလား။

အစပထမတွင်တော့ နွယ်နွယ်သည် ဧည့်သည်ကို ဧည့်သည်လို သဘောထားပြီး ဆက်ဆံခဲ့ပါသည်။ သို့ရာတွင် နောက်ပိုင်းအချိန်များ၌ စလသည် အသင်းအပင်းကိစ္စများနှင့် အလုပ်များပြီး နွယ်နွယ်ထံ မရောက်တချက်ရောက်တချက် ရှိလာသည် တကြောင်း၊ ကိုမောင်မောင်လွင်မှာလည်း အပြောကောင်း အချွဲကောင်းသာမက လက်ဆောင်ပါ

ကောင်းတက်လေရာ တကြောင်းဖြင့် နဂိုကတည်းက "ဘယ်သူများ လာပူးပါ့မယ်" ဟု အမြဲမျှော်နေတတ်သော နတ်ဝင်သည်ကဲ့သို့သော အချစ်နတ်ဝင်သည့် စရိုက်က ရှိနေပြန်ရာ နွယ်နွယ်သည် မကြာမီကာလအတွင်းမှာပင် ကိုမောင်မောင်လွင်နှင့် သမီးရည်းစားမကျ မိတ်ဆွေမကသော အခြေအနေသို့ ရောက်သွားလေတော့သည်။

ထိုဖြစ်စဉ်ကို ဗလသည် သိထားနှင့်ပါသည်။ သို့ရာတွင် နွယ်နွယ့်ကို ရုတ်တရက် ဖွင့်မေးရမှာကလည်း ခက်၊ နွယ်နွယ့်ကိစ္စထက် အရေးကြီးသော အစည်းအဝေးစသည့် ကိစ္စများကလည်း တဘက်နှင့်မို့ အချိန်ယူ၍သာ နေခဲ့ရလေသည်။ ပြီးတော့ကာ နွယ်နွယ်ကို သူချစ်ခဲ့သည် အမှန်ဖြစ်ပေရာ ချစ်သူကို သနားဂရုဏာသက်တတ်သည့် သဘာဝအလျောက်လည်း သူ့တယောက်တည်း သည်းခံကျိတ်မှိတ်လျက် နေလေ၏။

သည်ကြားထဲမှာပင် နွယ်နွယ်တို့ အဆောင်မှူးသည် နွယ်နွယ်နှင့် ကိုမောင်မောင်လွင် ကို အဆောင်ညေ့ချိန် ကုန်ပြီးသည်အထိ အချိန်ပိုပေးလျက် တွေ့ဆုံခွင့် ပြုထားကြောင်း သတင်းကို ဗလ ကြားရလေရာ နောက်ဆုံး၌ ပေါက်ကွဲလေတော့သည်။

ဗလသည် ဆုံးဖြတ်ချက်တခုကို ချလိုက်လေသည်။

သူသည် စကတည်းက မိန်းမနှင့်ပက်သက်၍ စိတ်ဝင်တစားရှိခဲ့သူ မဟုတ်ခဲ့ချေ။ သူ စိတ်ဝင်စားခဲ့သည်မှာ ကျောင်းသားအရေးမျှသာ ဖြစ်ပြီး ထို့နောက်တွင်ကား ပေါင်းသင်းမိသော အခွင့်အရေးသမားများ၏ သွန်သင်မှုဖြင့် လွှန်ကဲမှုများ၌ပါ စိတ်ဝင်စားလာခဲ့သူသာ ဖြစ်၏။

လူသည် ခါတရံ၌ အလှတရားကို မဖြစ်မနေ ကိုးကွယ်မိတတ်သည့် သဘာဝအလျောက် အမှတ်မထင် ခံစားထိတွေ့လိုက်မိသော နွယ်နွယ်၏ အလှတွင် ယစ်မူးမိရာမှ နွယ်နွယ်နှင့် မေတ္တာမျှခဲ့ရခြင်း ဖြစ်လေသည်။ မေတ္တာရှိပြီ ဆိုတော့လည်း

အနှစ်နာခံတတ်သော ပင်ကိုယ်စိတ်ရှိသူ ကျောင်းသားဖလမှာ ချစ်သူကို ခွင့်လွှတ်နိုင်ခဲ့လေသည်။

ဖလသည် ရင်နာခြင်းတည်းဟူသော ဝေဒနာကို သူ့တသက်နှင့်တကိုယ် ပထမဆုံးအကြိမ်ခံစားယင်း နွယ်နွယ်ရှိရာ အဆောင်သို့ ထွက်လာခဲ့လေသည်။ ကုံကော်ပင် ပုပြတ်ပြတ်ကလေးများကြားမှ လျှောက်လာယင်းက ကောင်းကင်သို့ အမှတ်မထင် မော့ကြည့်လိုက်ရာ နေဝင်လထွက်အချိန် ခေါ်ရမည်လား မပြောတတ် နေမဝင်သေးမီ အရှေ့ဘက်ဆီမှ လမင်းထွက်ပြူစ ပြုနေပြီကို မြင်နေရသည်။

ပထမဆုံးအကြိမ် နွယ်နွယ့်အဆောင်သို့ မယ်ဇလီဖူးသုပ် စားရန်ရောက်ပြီး အပြန်တွင်၊ တန်ဆောင်မုန်းလပြည့်ည၏ လမင်းသည် သူ့အား အတိတ်နိမိတ်ဆိုးတခုခုကို ပြောပြနေသလို ခံစားလိုက်ရသည့်အဖြစ်ကို ပြန်လည် သတိရမိသေးတော့သည်။ ခုအကြိမ်သည် နောက်ဆုံးအကြိမ်များ ဖြစ်လေရော့မလား မသိတတ်နိုင်အောင်ပါ။

နွယ်နွယ့်အဆောင်သို့ ရောက်သောအခါ အဆောင်ဂိတ်ပေါက် ဝင်းခြံတံခါးဝမှာ အတန်ကြာရပ်နေလိုက်၏။ အဆောင်ဧည့်ခန်းသို့ ထုံးစံအတိုင်း သွားလိုစိတ်မရှိလှချေ။ အကြောင်းမှာ အဆောင်ဧည့်ခန်းသည် မိမိနှင့်နွယ်နွယ်တို့ ယခင်က မကြာခဏဆုံရာအရပ် ဖြစ်ခဲ့ပြီး ယခုနောက်ပိုင်းတွင် ကိုမောင်မောင်လွင်၏ စားကျက်ဖြစ်နေပြန်ရာ ယောကျ်ားသူငါ နှစ်ဦးကိုတပြိုင်တည်း လက်ခံတွေ့ဆုံရာ ထိုနေရာမျိုးကို ယခုတကြိမ် မိမိရောက်ရှိပြန်ပါက နွယ်နွယ်သိက္ခာကျမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

သို့နှင့် ဒရဝမ်ကုလားကိုပင် အကူအညီတောင်းပြီး အဆောင်ဝင်းဂိတ်ပေါက်နှင့် မလှမ်းမကမ်းမှ တရုတ်စကားပင်ကြီးအောက်၌ ထိုင်နေလိုက်လေသည်။

သူမောင်

နွယ်နွယ်သည် မထူလွန်း မပါးလွန်းသော ဇာအပွင့်ရိုက် အင်္ကျီလက်ပြတ် အပြာနုကလေးနှင့် အပြာရင့်ရင့်မှိုင်းမှိုင်း ဘရိုကိတ်လုံချည်လေးကို ဝတ်ဆင်ထားပြီး ယခင်ကလို ဆံပင်ကို ငြိုလ်တုဆံထုံးမထုံးမူပဲ တပါတ်လျှို လျော့လျော့လျဲ ထုံးထားလေသည့်မှာ တစုံတရာသော လွမ်းဆွတ်ဖွယ်ရာကို ဆောင်နေဟန်ရှိ၏။

ထိုထက်ထူးခြားသည်မှာ ထိုတပါတ်လျှိုဆံထုံးလေး အတွင်းတွင် ညကတည်းက ရေစိမ်ထားဟန်ရှိသော နွမ်းနယ်နေသည့် နှင်းဆီပန်း အနီကလေးတပွင့်ကို ထိုးထားခြင်း ဖြစ်၏။

ပန်းနီနီ မပန်လေနဲ့၊
အမည်မှာ နတ်ပန်းပွင့်တဲ့
အတင့်ငယ်မှ ရဲရျှင်
ပျော်လိုအားနဲ့ ခေါင်ဖျားတင်
အရင်လူနဲ့လွဲတတ်တယ်။

လှုပ်လှဲလှုပ်လီနှင့် မလှမ်းချင်လှမ်းချင် လျှောက်လာနေသော နွယ်နွယ်ကိုကြည့်ပြီး စကားတွေ သိပ်များများ ပြောစရာမလိုတော့ပြီကို ဇလသည် ကောင်းစွာ သဘောပေါက်ထားလိုက်လေပြီ။

သို့ရာတွင် ချစ်သူမျက်နှာကို မမြင်ရကြာပြီ ဖြစ်သည့်အတိုင်း ယခုတကြိမ် မြင်ရသည်မှာ အလှဆုံးဟု ထင်မိသည်။

"လှလိုက်တာ နွယ်ရယ်" ဟု စိတ်ထဲက ကျိတ်၍ ဆိုမိပြန်ပါသည်။

"အင်းလျားကန်ဘောင်ရိုးမှာ စကားပြောဖို့ အချိန်ရပါ့မလား နွယ်"

သုမောင်

နွယ်နွယ်ခေါင်းညိတ်၍ ဖြေလျှင် နှစ်ဦးသား ကန်စပ်ဘက်သို့ ထွက်လာခဲ့ကြလေသည်။ နွယ်နွယ့်ကိုယ်မှ ရနေကျ ဖြစ်သော ဂိုယာရေမွှေးနံ့ကလေးက မထွက်ချင်ထွက်ချင် ထွက်လာနေပါသည်။

ဇလသည် ဘောက်လက်စ ဆေးပေါ့လိပ်တိုကို တချက်မျှ ဖွာရှိုက်လိုက်ယင်း စကားစလေသည်။

"ကိုယ်တို့ ဘယ်က စပြောယင် ကောင်းမလဲ နွယ်"

နွယ်နွယ်သည် နားမလည်သလို မျက်လွှာကလေး လှန်ကြည့်ယင်းက ပြန်မေးလိုက်သည်။

"ကိုယ်မေးတာ ဘာအဓိပ္ပာယ်လဲ ကိုယ်" ဇလက မထေ့တထေ့ ပြုံးလိုက်ယင်း ဆက်ပြောသည်။

"ဒီလိုလေ ကိုယ်တို့ရဲ့ အခြေအနေက စ ဘယ်အခြေအနေဆိုတာ မသိရတော့ စကားကိုလည်း ဘယ်ကနေ စပြောယင် ကောင်းမယ်ဆိုတာ မသိနိုင်ဘူးပေါ့"

"အဲ့ဒီအဓိပ္ပာယ်ကိုလည်း နွယ်လိုက်မမီသေးဘူး ကိုယ်"

"ဒီလိုပါ နွယ်။ ဆရာဝန်တယောက်ဟာ ဘာမှ မဖြစ်တဲ့လူကို ကုစားစရာမလိုပါဘူး။ ခေါင်းပေါက်နေတဲ့ လူနာကို ဆေးထည့်တန်ထည့်၊ ချုပ်တန်ချုပ်ပေးရုံပဲ၊ အဲခေါင်းပေါက်တဲ့ ဒဏ်ကြောင့် ဦးနှောက်ကိုပါ ထိခိုက်သွားပြီဆိုယင် ခေါင်းကို ခွဲစိပ်ကုသရမှာပဲပေါ့။ အဲ့ဒီအချိန်မှာ ခေါင်းပေါက်သွားတဲ့ ဒဏ်ရာကို ဂရုတစိုက်လုပ်စရာမလိုတော့ဘူး။ ဒီသဘောအတိုင်းပဲ နွယ်၊ ကိုယ်နဲ့ နွယ်ရဲ့ အခြေအနေဟာ ဘယ်အဆင့်မှာ

ရှိနေတယ်ဆိုတာ သိရမှ စကားကို အခြေအနေအရ ပြောချင်တယ်နွယ်၊ မလိုအပ်တဲ့ အလွှမ်းသာယ် စကားတွေ ကိုယ်မပြောချင်ဘူး။ ချန်ထားခဲ့ချင်တယ်။ ကိုယ်ပြောတာ ရှင်းလား နွယ်"

နွယ်နွယ်သည် ဝဲလက်စ မျက်ရည်စတို့ကို အပြာနုရောင် လက်ကိုင်ပဝါ ထောင့်စွန်းကလေးဖြင့် တို့သုတ်လိုက်ယင်း ခေါင်းကို မသိမသာ ညိတ်ပြသည်။

"စ ကတည်းက ဘာပြဿနာမှ မရှိခဲ့ယင် ခုလို ကိုယ်တို့ ဆွေးနွေးစရာအကြောင်း ဘာမှမရှိပါဘူး နွယ်၊ ခုတော့ ရှိလာပြီ ဆိုတာ ကိုယ်သိပါတယ်။ ဒါပေမယ့် ကိုယ်နဲ့နွယ်ရဲ့ အခြေအနေကို ပြောပါနွယ်။ ရဲ ရဲ ပြောပါ။ နွယ်က ကာယကံရှင်ပဲ နွယ်ပိုသိမှာပေါ့။"

ဇလ၏အသံသည် မသိမသာတုန်ခါလျက် ကျောင်းသားသံ၊ ဒေါသသံ စွက်နေပါသည်။

"ကိုယ်တို့ အခြေအနေဟာ ခေါင်းပေါက်ရုံ ရှိသေးယင် ဆေးထည့်ထားပေါ့နွယ်။ ဦးနှောက်ကိုပါ ထိနိုက်နေပြီဆိုယင် ခွဲစိပ်ကုသရမှာပဲ။ ဘယ်အခြေအနေရောက်ရောက် ကိုယ်ကတော့ ဆရာဝန်ကောင်းတယောက်လို အတတ်နိုင်ဆုံး ကြိုးစားကုသပေးမယ် နွယ်။ ပြောသာ ပြောပါတော့"။

ဇလ၏ စကားဆုံးလျှင်ပင် တချက်နှစ်ချက် ရှိုက်သံနှင့်အတူ နွယ့်ကိုယ်လုံး အိအိကလေးသည် ဇလ၏ ရင်ခွင်တွင်းသို့ ထွေးကာနဲ ဝင်လာပြီး နွယ်သည် ကလေးငယ် တယောက်ကဲ့သို့ တအီအီ ငိုကြွေးပါတော့သည်။

အင်းလျားကန်စပ်ဆီမှ လေနုအေးကလေးသည် ချစ်သူ နှစ်ဦးကို ဝေ့ကာ သိကာ ဖြတ်သန်းသွားပေသည်။ တင်းကျပ်စွာ ဖက်ထားမိကြသဖြင့် ကြားလေသည် သူတို့နှစ်ဦး

ကြားမှ မသွေးနိုင်တော့ပဲ ရှိ၏။ ပသို့ဆိုစေ . . ကြားလေမသွေးသော်လည်း ဝေးရတော့မည်ကို ဇလကောင်းစွာ သဘောပေါက်မိလေသည်။

မိန်းမတို့သဘာဝတွင် အားရပါးရ ငိုခြင်း နှစ်မျိုးနှစ်စား ရှိလေရာ မိမိအတွက် ငိုခြင်းနှင့် တပါးသူအတွက်ငိုခြင်း ဟူ၍ ဖြစ်ပါသည်။

နွယ်သည် တပါးသူအတွက် ငိုနေမှန်း ဇလ သိနေပါပြီတည်း။ ။

အဆောင်ပြန်ရောက်ကြတော့ မှောင်စ ပျိုးနေပြီ ဖြစ်ပါသည်၊ ဇလသည် ပြောစရာကုန်ပြီဖြစ်သော်လည်း အဆောင်ညေ့ခန်းထဲအထိ လိုက်ပါလိုစိတ် ရှိနေ၏။ သည်နေ့သည် နွယ်နွယ်နှင့် သူ၏ ချစ်သူဘဝ နောက်ဆုံးနေ့ ဖြစ်နေပြီမို့ တချိန်က သူ ကူးလူးဆက်ဆံခဲ့သည့် အဆောင်ညေ့ခန်းကိုလည်း နောက်ဆုံးအနေနှင့် ဝင်ကြည့်လိုစိတ် ရှိနေခြင်း ဖြစ်ပါသည်၊ နောက်ပြီးတော့ကာ နွယ့်မျက်နှာကိုလည်း တဝကြီး ကြည့်သွားချင်နေပါသေးသည်။

အဆောင်ထဲဝင်မိကြလျှင်ပင် "ကိုယ် . . ပါလာချိန် (ညေ့ချိန်) စေ့တော့မယ်လေ" ဟု ပြော၏။

ဇလက မခိုးမခန့်ရယ်သံ ခြောက်ကပ်ကပ်ကို တချက်မျှပြုလိုက်ပြီး "ဟဲ . . ဟဲ ရပါတယ်၊ နွယ်တို့ အဆောင်မှူးက ညေ့သည်ချိန်ကို ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ် ပိုပေးတတ်တယ် လို့ ကြားဘူးပါတယ်။" ဟု ပြန်ပြောလိုက်ရာ၊ နွယ်နွယ်စမျာ ဝမ်းနည်းပက်လက်ဖြင့် မျက်ရည်ကလေး လည်လာမိလေ၏။ ကိုမောင်မောင်လွင်သည် ညေ့ချိန်ကုန်ပြီးမှ ပြန်တတ်သည်ကို ဇလက လှောင်လိုက်မှန်း နွယ်နွယ်သိပါသည်၊

ဇလသည်လည်း ရင်ထဲမှ ဝေဒနာ ပြေပျောက်စိမ့်သောငှာ လည်းကောင်း၊ အဆောင်မှူးအပေါ် မခံချင်စိတ် ပြင်းပြနေသည်က တကြောင်းကြောင့် စိတ်လွတ်

လက်လွတ် ပြောချလိုက်မိသော်လည်း မိမိစကားသည် ရိုသွဲ့သွဲ့နှင့် ကလေးကလားများ ဆန်သွားပြီလားဟု တွေးမိပြန်ပါသည်။

"ဆောရီး နွယ်၊ ကိုယ် စကားပြော နည်းနည်းမှားသွားတယ်"

နွယ်ကတော့ ဘာမျှမပြောပဲ မျက်ရည်ကလေးသာ တို့သုတ်ယင်း ဆက်လျှောက် လာလေသည်။

အဆောင်ဧည့်ခန်းသို့ ရောက်သောအခါ အလွန်တရာမှ အံ့ဩဖွယ် ကောင်းသော မြင်ကွင်းတရပ် သို့မဟုတ် ဘာမှမထူးဆန်းသော မြင်ကွင်းတရပ်ကို နွယ်နွယ်ရော ဇလပါ တွေ့မြင်လိုက်ကြရလေသည်။

တခြားမဟုတ်၊ ဧည့်ခန်းထောင့်ကွေးကျကျ ခုံတန်းတခုတွင် အဆောင်မှူးနှင့် ကိုမောင်မောင်လွင်တို့ စကားလက်ဆုံကျနေခြင်းပင် ဖြစ်ပါသည်။

နွယ်နွယ်သည် ရုက်စိတ်ဖြင့် တုံ့ကနဲ ရပ်လိုက်ယင်းက ကိုမောင်မောင်လွင်နှင့် အဆောင်မှူးတို့ကို အကဲခတ်လိုက်ပါသည်။ ဇလကတော့မှ မည်သို့မှ တုန်လှုပ်ဟန်မပြပဲ အဆောင်မှူးနှင့် စကားပြောနေသူမှာ ကိုမောင်မောင်လွင်ပင် ဖြစ်လိမ့်မည်ဟု တွေးနေမိ၏။

ဇလသည် ကိုမောင်မောင်လွင်နှင့် နွယ်နွယ့်သတင်းကို ကြားဘူးရုံသာ ကြားဘူးထားပြီး လူကိုတော့ မမြင်ဘူးသေးချေ။ သို့ရာတွင် သတင်းကြားထည်းက လူပုံပမ်းအရဆိုလျှင် သူပင်ဖြစ်မည်ဟု တထစ်ချ ယုံကြည်မိလေသည်။

ကိုမောင်မောင်လွင်သည် ခြေစုံရပ်၍ မတုတ်မလှုပ်ဖြစ်နေသော နွယ်နွယ့်ကို တချက်ပြုံးပြလိုက်လေ၏။

ဗလသည် သုံးဦးသားစလုံးကို တချက်မျှ ဝေ့ကြည့်ယင်း အကဲခတ်လိုက်ပြီး "နွယ်ကိုယ်တို့ခဏ ထိုင်စကားပြောကြအုံးစို့ " ဟု ပြောလျက် ခုံတန်းလွတ်တခုဆီသို့ ဦးဆောင်လျှောက်သွား၏။

ထိုင်လိုက်မိကြသောအခါ နွယ်နွယ်၏စိတ်သည် ကျဉ်းကျပ်လျက်ရှိနေသော်လည်း ဗလ၏စိတ်သည်ကား လွတ်လပ်ပေါ့ပါးလျက် ရှိနေလေ၏။ သူ့စိတ်တွင် ကျောင်းသားအသင်းအပင်း ကိစ္စအတွက် ယှဉ်ပြိုင်နေသလို ပျော်ရွှင်နေပါသည်။

ဗလသည် ဆေးပေါ့လိပ်တလိပ်ထုတ်လျက် ဖင်စီခံပိုင်းကို ခုံတန်းလက်ရမ်းဖြင့် တဒေါက်ဒေါက်မြည်အောင် ခေါက်လိုက်ပြီး၊ ဆေးလိပ်ခေါင်းပိုင်းကို ရှေ့သွားဖြင့် ကိုက်ဖြတ်ယင်းက "နွယ်" ဟု တလုံးတည်း ခေါ်လိုက်၏။

နွယ်သည် ရုတ်တရက် ကျင်စက်ဖြင့် အတို့ခံလိုက်ရသူပမာ ဆက်ကနဲ တုန်သွားရှာလေသည်။ မှန်ပါသည်။ ယခုအခါတွင် နွယ်သည် ဗလရှေ့မှာ အလိုလိုနေယင်း လိပ်ပြာမသန့်ဖြစ်နေရပြီ မဟုတ်လား။ ဗလရှေ့ဆက်ပြီး ဘာတွေများ ပြောလေမလဲဟူ၍ နားစွင့်လိုက်သောအခါ၌ကား . . .

"နွယ် ကျားဘညိမ်းကို ကြားဘူးတယ် နော်"

နွယ်က ခေါင်းကိုယောင်ရမ်းပြီး ညိတ်ပြလိုက်ရ၏။

"အဲဒီ ကျားဘညိမ်း မိန်းမခိုးတာ သိပ်ရီရတယ် နွယ်ရဲ့။ သူ့အမျိုးသမီးရယ်၊ သူ့အမျိုးသမီးရဲ့အမေရယ်၊ သူ့မောင်လေးရယ် ဈေးထွက်ဖို့လာကြယင်း လမ်းကနေဖြတ်ခိုးတာ။ ခိုးတုန်းကတော့ သူ့အမျိုးသမီးလက်ကို ဆွဲပြီး ကားနဲ့ တင်ခိုးတာပဲ။ ဒါပေမယ့်ဖြစ်ချင်တော့ အဖွားကြီးနဲ့ ကောင်လေးကပါ သူ့အမျိုးသမီးလက်ကို တဘက်ကနေ

ဆွဲထားတော့ ကလေးတွေ ရထားတဲ့ လုပ်တန်းကစားသလို လူလေးယောက်တန်းကြီး တန်းလန်းတန်းလန်း ဖြစ်နေတာပေါ့"

ဗလသည် စကားကို ခဏရပ်ပြီး ဆေးပေါ့လိပ်ကို မီးညှိယင်းက ကိုမောင်မောင်လွင်တို့ကို အကဲခတ်လိုက်သေး၏။ နွယ်နွယ်ကတော့မူ စကားကို စိတ်မဝင်စားလှပဲ အနေရခက်ခြင်း ဝေဒနာကိုသာ ခံစားနေရရှာပါ၏။ ဗလက အသံကို မသိမသာ မြှင့်လျက် ဆက်ပြောနေပြန်သည်။

"နောက်ဆုံးတော့ နွယ်ရာ . . ကျားဘညိမ်း ဆိုတာလဲ သိတဲ့အတိုင်း လူသန်ကြီး မဟုတ်လား။ အတင်း ဆောင့်ဆွဲပြီး အသင့်စီစဉ်ထားတဲ့ ကားနောက်ခန်းထဲ ဝင်လိုက်ရတာပေါ့။ ကားကလဲ ဝူးကနဲ မောင်းထွက်သွားရော လား လား .. ကားနောက်ခန်းထဲမှာ ယောက္ခမလောင်းကြီးရော ယောက်ဖလေးပါ တန်းလန်းကြီး ပါလာတော့တာကိုးကွ .. ဟား .. .. ဟား .. .. ဟား.."

ဗလသည် သည်စကားကို အရွဲ့တိုက်ပြီး အကြောင်းမရှိ အကြောင်းရှာ ပြောနေတာဖြစ်ကြောင်း နွယ်နွယ်ရော ကိုမောင်မောင်လွင်ရော အဆောင်မှူးပါ သိနေပါသည်။ အမှန်က သည်အချိန်မျိုးတွင် ရယ်စရာမောစရာ စကားများ ပြောစရာအကြောင်းမရှိမှန်း ဗလကလည်း သိပါသည်။ သို့သော် ဗလသည် သည်ကိစ္စကိုလည်း တိုက်ပွဲတခုလိုပင် သဘောထားနေသည်။

နွယ်နွယ့်ကို သူဆုံးရှုံးသွားပြီဆိုတာတော့ သေချာနေပါပြီ။ နွယ်နွယ့်ကို ခွင့်လွှတ်နိုင်သည် မှန်သော်လည်း ကိုမောင်မောင်လွင်နှင့် အဆောင်မှူးတို့ကိုကား ဒဏ်ခတ်ချင်သေး၏။

သုမောင်

ဗလသည်ရယ်စရာကောင်းသော အကြောင်းများကို တခုပြီးတခု ပြောနေသည်မှာ အဆောင်ညစာချိန် ကုန်သွားသည်အထိ ဖြစ်၏။

ထိုအတောအတွင်းတွင် ကိုမောင်မောင်လွင်နှင့် အဆောင်မှူးတို့သည် သူတို့ဖာသာလည်း စကားပြောဆိုနေယင်း ဗလပြောနေသော စကားများကိုလည်း မသိမသာ နားထောင်နေယင်းဖြင့် အကဲခတ်လျက်ရှိပါသည်။

သူတို့အကဲခတ်ပုံမျိုးသည် အောင်နိုင်သူက ရှုံးနိမ့်နေသူ ဒေါသဖြစ်နေခြင်းကို ကြည့်ခြင်းမည်သော အထက်တန်းစား ဆိုသူများက အောက်တန်းစားဆိုသူများကို ကရုဏာသက်စွာ ကြည့်ခြင်းမည်သော ပညာတတ်များက ပညာမဲ့များကို သနားပါသည်ဟု ကြည့်ခြင်းမည်သော အိမ်ထောင်အဆက်ဆက်ကျပြီးသူက ရည်းစားထားတက်စ လူပျိုပေါက်ကလေးကို ပြုံးစိစိကြည့်ခြင်းမည်သော အကြည့်မျိုးပင် ဖြစ်ပါသည်။

သူတို့၏ အထင်သေးခြင်းတည်းဟူသော အမှောင့်ပရောဂ ကပ်ငြိပါလာသည့် ကရုဏာတရားဖြင့် ကြည့်သော အကြည့်များကို ဗလ သိသော်လည်း အမှုမထားပေ။ သူ့ဆရာသမားကြီး တယောက်က "လူဆိုတာ ကိုယ့်နေရာကိုယ်နေပြီး၊ ကိုယ်လုပ်စရာ ရှိတာသာ လုပ်၊ ရှက်စရာဘာမှ မရှိဘူး" ဟု သွန်သင်ဆုံးမခဲ့ဘူးလေသည်။

ညစာသည်ချိန်ကုန်ပြီး ငါးမိနစ်ခန့် စွန်းသွားသောအခါ ညစ်ခန်းတခုလုံးတွင် ကိုမောင်မောင်လွင်နှင့် ဗလမှတပါး အခြားညစာသည်များ ပြန်ကုန်ကြလေသည်။

နောက်ထပ် ငါးမိနစ်ခန့်ကြာသောအခါ အဆောင်မှူးသည် သက်ပြင်းတချက်ကို စိတ်မရှည်သလို ချလိုက်ယင်း လူမြင်သာအောင် လက်ပတ်နာရီကိုကြည့်လျက် နေရာမှ ထလေသည်။

ဗလနှင့်နွယ်နွယ်တို့အခန်းသို့ ရောက်သောအခါ ဗလကို ရှိသည်ဟူ၍ပင် အမှတ်မထားပဲ . . .

"နွယ် . . ခဏချိန်ကုန်ပြီ" ဟု ပြောလိုက်၏။

နွယ်နွယ့်ခမျာမှာ ဗလ၏ စိတ်ဓါတ်ကို သိပြီးသူပီပီ ဘာလုပ်ရမှန်းမသိဖြစ်လျက် ဗလအား အားနာစွာကြည့်လိုက်လေသည်။ ဗလကမူ ထိမထင်သော အပြုံးမျိုးဖြင့် ပြုံးပြလေ၏။

အခြေအနေအရပ်ရပ်ကို ရိပ်စားမိသော အဆောင်မှူးလည်း ..

"ကဲ . . မိရွှေနွယ် ကိုယ့် အခန်း ကိုယ် ပြန်တော့" ဟု ဗလဘက်သို့ မသိမသာ ငဲ့ကြည့်ယင်း အမိန့်တော်မြွက် ချမှတ်လေတော့သည်။

နွယ်နွယ်သည် ဆရာမ၏အမိန့်ဖြစ်သဖြင့် မည်သို့ တုံ့ပြန်ရမည်မသိပဲ မျက်လုံးနက်ကလေး ကလည်ကလည် လုပ်နေသော်လည်း ဘာကိုမှ ဂရုစိုက်ဟန် မတူသော ဗလက တချက်မျှ မော်ကြည့်ပြီး ဆရာမနှင့် မျက်နှာချင်းဆိုင်လေတော့သည်။

"နေစမ်းပါအုံး ဆရာမရဲ့၊ ခုလို နေဝင်ဖျိုးဖျအချိန်မျိုးမှာ အရေးတကြီး အကြောင်းကိစ္စလည်း မရှိပဲနဲ့၊ ကျောင်းသူတယောက်ကို ကိုယ့်အခန်းကိုယ် ပြန်သွားနိုင်ခွင့် အာဏာ ဆရာမမှာရှိလို့လား။ ဒီအချိန်ဟာ အဆောင်မီးမှိတ်ချိန် ကျောင်းသူတွေ အိပ်တန်းတက်ချိန်လည်း မဟုတ်ပါလားဗျာ . . တင်"

ဗလ၏စကားကြောင့် ဆရာမမျက်နှာ ရဲကနဲဖြစ်သွားလေ၏။ နွယ်နွယ်မှာမူ မျက်ရည်ကလေးဝဲလျက် ဆရာမကိုတလှည့် ဗလကိုတလှည့် ကြည့်ငေးနေလေတော့သည်။

ဆရာမသည် တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီးမှ ဇလကို မျက်ထောက်နီဖြင့် ကြည့်ယင်း ပြန်ပြောလေသည်။

"ကျွန်မဟာ ဒီအဆောင်ရဲ့ အဆောင်မှူးရှင့်၊ ဒီမိန်းကလေးတွေနဲ့ပတ်သက်ယင် ကျွန်မမှာ တာဝန်ရှိတယ်။ အမြင်မတော်တာတွေယင်"

သူ့စကားမဆုံးခင် ဇလက ဖြတ်၍ ရယ်ပစ်လိုက်ပါသည်။

"ဘာတုန်း ဆရာမရဲ့ ကျွန်တော်နဲ့သူ ထိုင်စကားပြောတာ အမြင်မတော်ဘူး ဆိုပါတော့"

"ဒါပေါ့ရှင့် ညေ့ချိန်မှ မဟုတ်ပဲ"

အသင်းအပင်း ကိစ္စများအတွက် အစည်းအဝေး စသည့်နေရာများတွင် ဒက်ကနဲ ထိအောင် ပြောတတ်သော ဇလ၏ဉာဉ်သည် ပြန်ပေါ်ခဲ့လေပြီ ဖြစ်၏။ ကုတ်ချောင်းချောင်း ကလေးထိုင်နေသော ကိုမောင်မောင်လွင်ဘက်သို့ မေးငေါ့ပြယင်း ဇလကပြောလိုက်ရာ ဆရာမငိုင်သွားလေ၏။ ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိတော့ချေ။

"ညေ့ချိန်မဟုတ်ယင်လည်း ညေ့သည်ဖြစ်တဲ့ ကျွန်တော့်ကိုသာ နှင်ဖို့ရှိပါတယ် ဆရာမ"

"ရှင့်ကို အားနာလို့ပေါ့ရှင့်"

"ကျွန်တော့်ကို အားနာလို့လား။ ကျွန်တော်တယောက်တည်းကို ကွက်ပြီး နှင်ရမှာ ခက်နေလို့လား"

ဆရာမမျက်နှာသည် ရဲရာမှ မည်းသွားသလို ကိုမောင်မောင်လွင်မှာလည်း အနေရအထိုင်ရ ခက်သွားလေ၏။

"ရှင်တခြားလူကို ထည့်ပြောစရာ မလိုပါဘူး။"

"တခြားလူ မဟုတ်ပါဘူး ဆရာမ၊ ဒီစည့်ခန်းထဲ ရောက်နေသမျှ ယောက်ျားတိုင်းဟာ စည့်သည်ချင်းပါပဲ၊ ဒီအဆောင်မှာ ရှိနေတဲ့ အမျိုးသမီးတဦးရဲ့ သူငယ်ချင်းလည်း ဖြစ်နိုင်တယ်၊ ချစ်သူလည်း ဖြစ်နိုင်တယ်၊ ဖခင်လည်း ဖြစ်နိုင်ပါတယ်၊ ဘယ်သူဖြစ်ဖြစ် တန်းတူထားပြီး ဆက်ဆံသင့်ပါတယ် ဆရာမ၊ အခွင့်အရေးတရပ် ပိုပေးနေစရာ မလိုပါဘူး။"

ထိုအခြေအနေတွင် လူကြီးလူကောင်းဟု မိမိအား မထင် ထင်အောင် ပြုတတ်သော ကိုမောင်မောင်လွင်သည် နေရာမှ ထလာပြီး "ကျွန်တော် ပြန်တော့မယ် ဆရာမ" ဟု လေချိုဝင်သွေးရာ ဆရာမက "နေပါ ကိုလွင် ကိစ္စမရှိပါဘူး" ဟု ပြောလေ၏။ ဇလလည်း ပို၍ ဒေါသထွက်လာခါ ဆရာမကို စူးစူးရဲရဲ ကြည့်ပြီး ပြောလိုက်လေ၏။

"နေစမ်းပါအုံး ဗျ။ ခုနက ကျွန်တော်နဲ့ နှယ်နှယ် စည့်ချိန်ဟိုဘက် ဆယ်မိနစ်လောက် စွန်းပြီး စကားပြောမိတာဟာ အမြင်မတော်ဘူးလို့ ဆရာမပြောခဲ့တယ်။ ဒီကမိတ်ဆွေကြီး စည့်ချိန်လွန်တဲ့အထိ နေတာကတော့ကော အမြင်တော်ပါသလား ခင်ဗျား။"

ဤတွင်ကိုမောင်မောင်လွင်သည် တစုံတရာဝင်ပြောတော့မည်ကဲ့သို့ ပါးစပ် ပြင်လိုက်ရာ ဇလက ခင်ဗျားနဲ့ မဆိုင်ပါဘူး ဟူသော သဘောဖြင့် လက်ကာပြလိုက်လေ၏။

"ဒီမှာ မိတ်ဆွေ ခုအချိန်အထိ ခင်ဗျားကို စော်ကားတာ တခုမှ ကျွန်တော် မပြောသေးပါဘူး။ ကျွန်တော့်အခွင့်အရေးကို ခင်ဗျားနဲ့တန်းတူရအောင် တောင်းနေတာပါ။"

နွယ်နွယ်သည် ရှက်လွန်းသဖြင့် တရှုပ်ရှုပ်ငိုနေပြီး ဆရာမကမူ ရှုံးရှုံးရှားရှား ဖြစ်လျက် တွေ့ကရာအနိုင်ယူ စကားကို ပြောလေ၏။

"ရှင်တို့အသင်းကလူတွေ လူပါးကို ဝ တယ်"

ဇလသည် ထိုင်ရာမှ ဆက်ကနဲ မတ်တက် ထရပ်လိုက်ရာ ဆရာမလည်း နောက်သို့ တလှမ်းဆုတ်သွားလေ၏။

"ခင်ဗျား စကားကို ကြည့်ပြောပါ။ ဘာမှမဆိုင်တဲ့ အသင်းကို ဒီနေရာမှာ ဘာလို့ အပုပ်ချချင်ရတာလဲ၊ ခင်ဗျားတို့အသင်းသားတွေ အောက်တန်းကို ကျလွန်းတယ်။"

ဇလက သာသာနှင့်နာနာ နက်လိုက်ရာ အဆောင်မှူးဆရာမက "ဟက်" ကနဲ တချက် မထေ့တထေ့ ရယ်လိုက်ပြီး "အော် ဟုတ်ပ့ါရှင် အောက်တန်းကျလို့ ကျွန်မတို့က ခုံဖိနပ်စီးနေတာပေ့ါ" ဟု ပြန်ပြောလေ၏။

အဆောင်မှူး၏ စကားမှာ အများအားဖြင့်သော ဇလတို့အသင်း ကျောင်းသားများသည် ဆင်းရဲသားများသာ ဖြစ်သောကြောင့် ခုံဖိနပ်နှင့် တိုက်ပုံအကျီစုတ်သာ ဝတ်ဆင်နိုင်ခြင်းကို သရော်လိုက်ခြင်းဖြစ်၏။

ဇလကလည်း သည်နေရာမျိုးမှာတော့ ချေပတတ်ပါသည်။

"ဟုတ်ပါတယ်။ ကျွန်တော်တို့အသင်းက ကျောင်းသားတွေဟာ ခုံဖိနပ်စုတ်စီးပြီး ကျောင်းတော်ကြီးရဲ့အကျိုး၊ ကျောင်းသားရေးရာရဲ့အကျိုးအတွက် အလုပ်လုပ်နေတဲ့ အချိန်မှာ ခင်ဗျားတို့အသင်းက ကျောင်းသားတွေဟာ ဂျစ်ကားတစီစီ၊ မိန်းမပျက်တွေ တစီစီ လုပ်နေကြတာပါလဲ။"

ဗလစကားကြောင့် အဆောင်မှူးမှာ ထခုန်မတက်ဖြစ်သွားရလေတော့သည်။

"ရှင် ဒီအခန်းထဲက အခုထွက်သွားမလား၊ မသွားဘူးလား"

"ကျွန်တော်ပြောပါပကော၊ ဒိုပြင်ညှေ့သည်တွေ ပြန်ယင် ကျွန်တော်ပြန်မယ်လို့"

ဤတွင် စကားတလုံးမှ ဝင်မပြောသေးသော ကိုမောင်မောင်လွင်က "ဒီမှာ ဘရာသာ ခင်ဗျား ခဏခဏ ကျွန်တော့်ကို လေုတ်တိုက်ပြီး ပြောနေတာ တရားလွန်နေပြီ ထင်တယ်။" ဟု ဝင်ပြောလေ၏။

ဗလကမူ အမှုမထားသလို ဆေးပေါ့လိပ်သော မှိန်းဖွာလိုက်ပြီး အေးဆေးစွာ ပြန်ပြော၏။

"နောင်ကြီးရာ ကျွန်တော် ပြောပြီးပါကော၊ ခင်ဗျားကို ဥပမာပြုပြီး ကျွန်တော့် အခွင့်အရေး ကျွန်တော် တောင်းနေတာပါ။ ခင်ဗျားလို လူကိုစကားထဲတောင် ကျွန်တော် ထည့်မပြောချင်ပါဘူး။"

ခင်ဗျားလိုလူ ဟူသော အသုံးအနှုန်းကြောင့် ကိုမောင်မောင်လွင်မှာ အောင့်သက်သက် ဖြစ်သွား၍ ဗလအနီးသို့ ခြေတလှမ်းတိုးလာလေသည်။ ရှုံးရှုံးရှဲရှဲ ဖြင့် ဘာဆက်ပြောရမှန်းလည်း မသိပဲ ဖြစ်သွားလေ၏။ ထိုအချိန်တွင် အဆောင်မှူးက ဝင်ပြောလိုက်ရလေသည်။

"ကျွန်မ ရှင့်ကိုဒုတိယအကြိမ်ထပ်ပြောမယ် ရှင်အခု ထွက်သွားပါ။"

"ကျွန်တော်ဟာ နွယ်နွယ်ရဲ့ ဧည့်သည်ပါ။ နင်ချင်းနင်ယင် နွယ်နွယ်က နင်ပါလိမ့်မယ်။ ဆရာမနင်ချင်ယင် ကိုယ့်ဧည့်သည်ကိုယ် နင်ပါ။"

"ဒါ ကျွန်မ အဆောင်ရှင့်"

"ကျောင်းသူတွေလည်း အဆောင်ကြေးပေးပြီး နေကြတာပါပဲ"

"ကျွန်မက အဆောင်မှူးရှင့်"

"အဆောင်မှူးဆိုတာ ကျောင်းသူ တယောက်ဆီကို လာကြတဲ့ ဧည့်သည် နှစ်ယောက်ကို အခွင့်အရေး တမျိုးစီ မပေးကောင်းပါဘူး"

ဤတွင် ကိုမောင်မောင်လွင်လည်း မလုံမလဲဖြစ်လာ၏

"ကျွန်တော် ဆရာမဆီကိုလာတာပါ" ဟု ဝင်ပြော၏။

"ခင်ဗျား ဘယ်သူ့ဆီ လာတယ်ဆိုတာ ခင်ဗျားကိုယ်ခင်ဗျား သိသလို ကျုပ်သိနေမယ်ဆိုတာလဲ ခင်ဗျား နားလည်မှာပါ" ဟု ဗလက ပြောလိုက်ရာ ကိုမောင်မောင်လွင်မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။

အနီးအနားမှ ကျောင်းသူတသိုက်မှာလည်း ဧည့်ခန်းဝမှ ပြူ၍ ပွဲကြီးပွဲကောင်း ကြည့်ရသလို ရှန်းစုရှန်းစု ဖြစ်နေလေသည်။

အဆောင်မှူးသည် နောက်ဆုံးစကားကို ဆိုရုံမှတပါး အရှိတော့ပြီမို့။

"ကဲ . . ကျွန်မနောက်ဆုံး ပြောမယ် ရှင်အခု ထွက်သွားပါ။ သူ့ကိုလည်း ဘာမှထည့်ပြောစရာမလိုဘူး။ သူဟာ ကျွန်မဧည့်သည် ဒီအဆောင်မှာ ကျွန်မနေခွင့် ပေးချင်သလောက် ပေးမယ် ဒါပဲ"

ဗလသည် ချစ်သူကို လူရှေ့သူရှေ့တွင် ပေါ်ပေါ်တင်တင်ကြီး စွန့်လွှတ်ရတော့မည်ကဲ့သို့ ခံစားလိုက်ရပြီး ဒေါသအိုးသည် ပေါက်ကွဲလေတော့၏။ ထိန်းချုပ်အပ်သော စကားတို့ကိုလည်း လွှတ်ကနဲ ဖွင့်ထုတ်မိပြန်ပါသည်။

"အဆောင်မှူးဆိုတာ စည်းကမ်းပိုပြီး ရှိရပါတယ် ဆရာမ၊ ပြီးတော့ အခွင့်အာဏာလည်း ပိုရှိတာမို့ ဆရာမရဲ့ညှော်သည်ကို အချိန်ပိုနေနိုင်ခွင့် ပေးချင်ပေးယင် ဒီကျောင်းသူတွေ အခန်းမှာ မပေးပဲ ဆရာမရဲ့ ကိုယ်ပိုင်အခန်းထဲ ခေါ်ထားပါလားဗျ ဟင်"

အနာပေါ် တုတ်ကျစေသော စကားမျိုးဖြစ်သဖြင့် ကိုမောင်မောင်လွင်သည် ဘာပြန်ပြောရမှန်း မသိတော့ပဲ ဗလ၏ အကျီရင်ပတ်ကိုသာ ဆတ်ကနဲ ဆွဲထားမိလေတော့သည်။ ဗလကမူ အပြုံးမပျက် ဆေးပေါ့လိပ် သောက်မပျက်နှင့် လူယဉ်ကျေးတို့၏ စော်ကားတတ်သော သဘောကို ခံတွင်း တွေ့စွာ ကြည့်နေပါသည်။

"ဘယ်လိုလဲ သိပ်နာသွားသလား ကိုမောင်မောင်လွင် ချစ်သူရှိမှန်းသိရက်သားနဲ့ သူများ ချစ်သူကို နောက်ဆုံးပေါ် မဟားဒယားနည်းတွေနဲ့ အရယူတတ်တဲ့ ခင်ဗျားလို လူဟာ ခုန ကျွန်တော်ပြောလိုက်တဲ့ စကားအတွက် နာလောက်စရာ မဟုတ်ပါဘူးဗျာ"

ဗလ၏ စကားအဆုံးတွင် ဖျမ်းကနဲနေသော ပါးရိုက်သံတစ်ချက် ထွက်ပေါ်လာသည်။

အရိုက်ခံရသူမှာ ဗလဖြစ်မည့်အကြောင်း ရှင်းပြရန်မလိုသော်လည်း ထူးဆန်းသည်မှာ ပါးရိုက်လိုက်သူမှာ ကိုမောင်မောင်လွင်တည်း ဟူသော ယောကျ်ားရင့်မာကြီးတယောက် ဖြစ်နေခြင်းပင် ဖြစ်ပါတော့သည်။

ပါးရိုက်သံနှင့် ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာသော အသံကား "ခွပ်" ကနဲ ထိုးလိုက်သော ဇလ၏ လက်သီးသံ ဖြစ်ပြီး ကိုမောင်မောင်လွင်မှာ ကြမ်းပြင်သမံသလင်း ပေါ်တွင် ဆန့်ဆန့်ကြီး လဲကျသွားလေ၏။

တဆက်တည်းမှာပင် ဇလသည် အနီးရှိစားပွဲကလေးပေါ်မှ ကျောင်းသူများ ပြင်ဆင်ထားသော နှင်းဆီပန်းစိုက်ထားသည့် အိုးကလေးကို ကောက်ကိုင်လိုက်ပါသည်။

"အေး . . . နောက်တကြိမ်ခင်ဗျား ထပ်လှုပ်လိုက်ယင်တော့ ဒီပန်းအိုးနဲ့ ခင်ဗျားခေါင်းကို ရိုက်ခွဲပစ်မယ် မှတ်ထား။"

ရန်းရင်းဆန်ခက်ဖြစ်လိုက်ချိန်တွင် ကျောင်းသူများလည်း ပြေးသူပြေး အော်သူအော် ဖြစ်ကုန်ကြပြီး အဆောင်မှူးက လဲကျသွားသော ကိုမောင်မောင်လွင်ကို ဆွဲပွေ့လိုက်လေ၏။

နွယ်နွယ်သည် ပထမတွင် အယောင်ယောင် အမှားမှားနှင့် ကိုမောင်မောင်လွင် ရှိရာသို့ ပြေးသွားပြီး နောက်မှ တစုံတရာကို သတိရသွားသလို ဇလရှိရာသို့ ပြေးလာပြန်သည်။

ထို့နောက် ဇလ၏လက်ထဲမှ ပန်းအိုးကို လှမ်းကိုင်ယင်း "လွှန်မယ် ကိုယ် လွှန်မယ်" ဟု သတိပေးလေ၏။ နွယ်နွယ်၏လက်ကို ပုတ်ချ၍ ဇလသည် နွယ်နွယ့်ကို အလွန် အဓိပ္ပာယ်လေးနက်သော နာကျည်းပြုံးတချက် ပြုံးပြီး "စိတ်ချပါ နွယ် သူမလှုပ်ယင် ကိုယ် ဘာမှ မလုပ်ပါဘူး။ ကိုယ်ဟာ ယောကျ်ားပါ။ အလစ်မှာ ပါးရိုက်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။" ဟု ပြောလိုက်ပါသည်။

ထိုစကားကြောင့် ကိုမောင်မောင်လွင်သည် အဆောင်မှူးရင်ခွင်မှ မှိန်နေရာက ဆတ်ကနဲ ထမည်ဟု အားယူလိုက်ရာ ဗလကလည်း အပေါ်မှနေ၍ ပန်းအိုးဖြင့် ရွယ်လိုက်ရာ၊ ကိုမောင်မောင်လွင် ပြန်ငြိမ်ကျသွား၏။

နွယ်နွယ်သည် ဗလ၏ လက်မောင်းရင်းကို အသာအယာ ကိုင်လိုက်ပြီးမှ ငိုသံပါကြီးနှင့် ပြောလိုက်ပါသည်။

"ပြန်ပါတော့ ကိုယ်ရယ် . . . ."

ဗလသည် နွယ်နွယ့်ကို ဖြတ်ကနဲ ကြည့်လိုက်သည်။ ပြုံးလိုက်သည်။ ပြီးတော့ ရယ်ပစ်လိုက်သည်။ သည်ကြားထဲကပဲ ဝမ်းနည်း၍များ နေရပါသေးသလေားကိုဗလရယ်..။

"နွယ်ရယ် စောစောစီးစီးကများ ဒီစကားကို ပြောလိုက်ပါတော့လားကွယ်။ အဲ့သလိုသာဆို ခုထိ ပြဿနာတွေဖြစ်လာစရာ အကြောင်းမရှိဘူး။"

"ရှင်"

"ဟုတ်ပါတယ် နွယ်။ ကိုယ်ကြားချင်တာဟာ မင်းက သွားပါတော့လို့ နင်တဲ့ စကားပါနွယ်။ ကိုယ်သွားပါမယ်။"

ဗလသည် ပန်းအိုးကို သူနေရာတွင် နေထားတာကျ ပြန်ထားလိုက်သည်။ မည်သူ့ကိုမျှ စကားမပြော၊ လှည့်၍မကြည့်ပဲလျက် ဧည့်ခန်းအတွင်းမှ တလှမ်းချင်း ထွက်လာခဲ့လေသည်။

ညေ့ခန်းဝလိုက်ကာကို လှစ်ကာနဲ့ ဆွဲမ လိုက်ပြီးမှ တစုံတရာကို သတိရသလို ညေ့ခန်းဘက်သို့ ပြန်လှည့်လိုက်ပြီး ပြတ်သားကြည်လင်သော စကားကို ပြောချလိုက်ပြန်ပေသည်။

"မှတ်ထားပါ ကိုမောင်မောင်လွင်။ ခင်ဗျားတို့လို ခြေမွှေးမီးမလောင်၊ လက်မွှေးမီးမလောင် လူ့ဘောင်ကျော့တွေထက် ကျုပ်တို့လို ရုန်းကန်လှုပ်ရှားနေရတဲ့ လူတွေရဲ့ လက်သီးဟာ အဆတရာမက ပြင်းထန်တယ်၊ ပြီးတော့ ခင်ဗျားတို့လို လူမျိုးဟာ နောက်ကျောကနေ ချောင်းပြီး တုတ်တိုနဲ့ ရိုက်တတ်တဲ့ လူမျိုးမို့ ဒီမှာ . .. စိမ်လိုက်ဗျား ကျုပ်ကို ခင်ဗျားတို့ မော်တော်ကားနဲ့ တိုက်သတ်တဲ့နေ့မှာ ကျုပ်တို့ဆင်းရဲသား ကျောင်းသားတွေရဲ့ ခုံဖိနပ်များစွာဟာ ခင်ဗျားတို့ရဲ့ မော်တော်ကားကို စိစိညက်ညက် ကြေညက်သွားစေလိမ့်မယ် ဆိုတာကို နားလည်ထားလိုက်ပါ။"

ဇလသည် နွယ်နွယ့်ဘက်သို့ မျက်နှာကို မူလိုက်ပြီး ပြောပြန်လေသည်။

"နွယ် , , ခုံမြင့်တာချင်းတူပေမယ့်။ ဒေါက်ဖိနပ်ဟာ ခုံဖိနပ်ထက် ချော်လဲလွယ်တယ်ဆိုတာကို မင်း သိထားပါ။"

ဇလ၏ စွန်ရဲကဲ့သို့သော အကြည့်သည် နောက်ဆုံး၌ အဆောင်မှူး ဆရာမထံသို့ တိုက်ရိုက်ကျရောက်သွားပြန်လေသည်။ သို့သော်ပြောလိုက်သော စကားသည်ကား .. ဆရာမတယောက်တည်းကို ရည်ညွှန်းဟန်မတူ။ လူတန်းစား တရပ်လုံးကို ရည်ညွှန်းဟန် တူနေပါတော့သည်။

"အယုတ်တမာတွေ . . . ထွီ"

ထန်းတဖျားခန့် ရောက်နေပြီဖြစ်သော လမင်း၏ အရောင်အောက်တွင် ဇလသည်

ဖြည်းညှင်းစွာ လျှောက်လှမ်း၍လာခဲ့ပါသည်။

အထက်ဖော်ပြပါ အကြောင်းအချင်းရာများကို နားလည်ပါလျှင် ထိုအချိန်၌ ဗလတာယောက် မျက်ရည်ပေါက်တပေါက်နှစ်ပေါက် ကျရသည့်ကိစ္စနှင့် ပတ်သက်၍ တရားနည်းလမ်းကျသော ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စတရပ်ဟူ၍ သတ်မှတ်ရပါလိမ့် ဖြစ်ပါသည်။

ထိုနေ့မှလွန်မြောက်၍ "ရက်သတ္တပါတ်" ကြာမြင့်သောကာလတွင်မူ၊ ဗလတာယောက် ယူနီဗာစတီမှ တနှစ်တာ ထုတ်ပယ်ခံရသော အဖြစ်သို့ ရောက်ရသည့် ကိစ္စသည် အဆောင်မှူးဆရာမမှာ လုံးဝ တာဝန်ရှိနေကြောင်း၊ ပါမောက္ခချုပ်ထံသို့ မဟုတ်တမ်းတရား တိုင်တောခြင်းဖြင့် သူနှင့်ပြိုင်ဘက်အဖွဲ့ဝင် ဗလကိုမတရား ကြံစည်ကြောင်း စသည့် အဖြစ်မှန်များမှာ တက္ကသိုလ်ပရဝုဏ်အတွင်း သတင်းပျံ့နှံ့ သွားလေတော့သည်။

မည်သို့ပင်ဆိုစေ .. ဗလတာယောက် အစော်ကားခံယင်း ကျောင်းမှ တနှစ်တာရင်း အပယ်ခံရသည့်ကိစ္စနှင့် ပတ်သက်၍ စာရေးသူအနေနှင့်ကော၊ ဘာများကော တတ်နိုင်ပါအံ့မည်နည်း။

ထို့ထက်မက အခွင့်အရေးသမားကြီးများကို ရေနွေးကြမ်းငှဲ့ပေးယင်း (ရေနွေးကြမ်း အရောင်ဖြစ်ပြီး ရေနွေးအိုးဖြင့် ထည့်ထားသောအနံ့အသက် စူးဝါးသည့် အရည်တမျိုး) သူတို့ စာအုပ်ထူကြီးများကိုထမ်းလျက် နောက်က တကောက်ကောက် လိုက်ယင်း သူတို့ တရားများနာယင်း သူတို့ တရားပွဲများတွင် လော်စပီကာခေါ် အသံချဲ့စက်များကို ထိန်းသိမ်းယင်းဖြင့် အင်းစိန်ထောင်အတွင်းဝယ် ခြောက်လတာမျှ အထိန်းသိမ်းခံလိုက်ရရှာသော ဥမမယ် စာမမြောက် ကျောင်းသားကလေး ဗလသည် ယခုတဖန် ကျောင်းသို့ ပြန်ရောက်ခဲ့ရပြန်ပါပြီ။

ဇလသည် ဟိုယခင်အကြောင်းများကို တွေးယင်းပြုံးတုံ့တုံ့ လုပ်၍ နေပါသည်။

ကိုညိုထွန်းသည် ဇလ၏လက်မောင်းကို ဖောင်းကနဲ မြည်အောင် တချက်ပုတ်လျက် "ဘာတွေ ဒီလောက်တွေးနေတာလဲဗျ" ဟု ပြောလိုက်ပါသည်။ ဇလသည် အတွေး အိပ်မက်အတွင်းမှ လန့်ဖျပ်နိုးထလာပြီး ကိုညိုထွန်းကို ရင့်ကျက်စွာ ပြုံးပြလိုက်လေ၏။

"ဘာရယ်တော့ မဟုတ်ပါဘူးဗျာ။ အလျင်က အကြောင်းတွေ သတိရသွားလို့ပါ။"

"သတိရမနေနဲ့ ခင်ဗျားနွယ်နွယ်လည်း ခုကျောင်းကထွက်သွားပြီ။ အင်္ဂလိပ်ကျောင်းနဲ့ညားလို့ ကလေးတောင်ရပြီတဲ့။ အဲ .. ထူးဆန်းတာက"

"ထူးဆန်းတာဆိုတော့ ဟိုအဆောင်မှူး ဆရာမအကြောင်းမှ ဟုတ်ရဲ့လား"

"ဒါပေါ့။ ကျွန်တော် ပြောသလို ပြောလို့မှ မကောင်းတဲ့ အကျင့်ဆိုးတွေနဲ့ ဖောက်ပြန်ပြီး နောက်ဆုံး မောင်မောင်လွင်ဆိုတဲ့ ကောင်တကောင်နဲ့ အဆောင်သူ့ အခန်းမှာတွင် ညအိပ်မိလို့ ကျောင်းက ရာသက်ပန် ထုတ်ပစ်လိုက်ပြီတဲ့ဗျ"

ကိုညိုထွန်း ပြောသလိုတော့ဖြင့် ဇလအဖို့ ထူးဆန်းခြင်းမရှိပါချေ။ သည်အတန်းအစား သည်လိုသာ ဖြစ်ရမည်ပေါ့ ဟူ၍သာ သဘောပိုက်လိုက်ပါသည်။

ထိုသို့ စကားပြောနေကြစဉ် လူငယ်လေးတယောက်သည် စာရွက်ထုပ်ကြီး နှစ်ထုပ်ကို လက်တဖက်တချက်စီဖြင့် ဆွဲလျက် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လာလေသည်။ လူငယ်ကို ကြည့်ရသည်မှာ ဇလကျောင်းကို ရောက်စက ကျောင်းသားကိစ္စနှင့် ပတ်သက်လျှင် အသွေးရောအသားရော လှူဒါန်းမည်ဟူ၍ သန္နိဋ္ဌာန်

ချထားဘိသကဲ့သို့သော မျက်နှာထားမျိုး ရှိနေပေသည်။

ထိုလူငယ်သည် ကိုညိုထွန်းကို့ ဇလတို့ရှိရာစားပွဲသို့ တည့်တည့်ကြီး လျှောက်လာပြီး လက်ထဲမှ အထုပ်ကြီးများကို ခုံလွတ်တစ်ခုပေါ်၌ တင်လိုက်ပါသည်။ ပြီးမှ ကိုညိုထွန်းနှင့် ကပ်လျက်ခုံမှာ ဝင်ထိုင်လိုက်ယင်း တမျက်နှာလုံး ပျံ့နှံ့လျက်ရှိသော ချွေးစများကို ပင်နီတိုက်ပုံ လက်မောင်းသားနှင့် ဖျက်ကနဲ ဖျက်ကနဲ သုတ်လိုက်ပြီး ဇလကို တချက် အကဲခတ်လိုက်ပါသည်။

ထို့နောက် ထိုလူငယ်သည် ကိုညိုထွန်းကို တလေးတစားကြည့်လိုက်ပြီး

"အစ်ကိုထွန်း အလျှင်လက်နှိပ်စက်သမားတွေက သူ့စက်ပျက်နေတယ်ဆိုလို့ ကျောက်မြောင်းက လက်နှိပ်စက်သမားတယောက်ဆီမှာ ရိုက်ခဲ့ရတယ် အဲဒါ"

"ဘာတုန်းကွ မင်းအိတ်ထဲက စိုက်ခဲ့ရပြီ မဟုတ်လား"

လူငယ်က ပြုံးစုစု လုပ်လိုက်ယင်း အိတ်ထဲမှ ဆေးပေါ့လိပ်အတိုကလေးကို တယုတယ ထုတ်ယူလိုက်ပါသည်။ မနက်ကတည်းက သောက်ပြီး တံတွေးဖြင့် မီးခေါင်းကို အသာသတ်၍ မယုတယ သိမ်းထားဟန်တူသော ထိုဆေးပေါ့လိပ်တိုကို မီးညှိယင်းက . . ။

"အစ်ကိုထွန်းကလည်းဗျာ အဲသလောက် ငွေရေးကြေးရေးကိစ္စလောက်များ ဟား .. ဟား .."

သူ့ဖာသာသူပြောပြီး သူ့စကားသူ သဘောတွေကျနေသော လူငယ်အား ဇလက တက်ကြွသော လူငယ်စီသသူတယောက်အဖြစ် အသိအမှတ်ပြုလိုက်ပါသည်။ ကိုညိုထွန်း ကလည်း သန့်ရှင်းစွာ ရယ်မောလျက် . .

"ဘာတုန်းကွ၊ ရှိစုမဲ့စု ပစ္စည်းကလေးတွေ ပေါင်နှံပြီး စိုက်လိုက်ရော မဟုတ်လား။" ဟု ပြောလေ၏။

"ဟုတ်တယ် အစ်ကိုထွန်း၊ ကျွန်တော့်နာရီလေး ဆယ့်ငါးကျပ်နဲ့ ပေါင်လိုက်တယ်။"

"ဟော . . . ဒီစာရွက်ကလေး လက်နိုပ်စက်ရိုက်တာ ဆယ့်ငါးကျပ်တောင် မင်း စိုက်ရသလား။"

"မဟုတ်ပါဘူး အစ်ကိုထွန်းရဲ့၊ ကျွန်တော်စိုက်ရတာက နှစ်ကျပ်ထဲပါ။ ပိုတာက ကျွန်တော့်အသုံးစရိတ် အတွက်ပါ။ အဖေ ကောင်းကောင်းမမာလို့ ဒီလ ကျွန်တော့်ဆီ အိမ်က ငွေအပြည့်မပို့နိုင်ဘူးလေ"

"ထားပါကွာ၊ ဘာပဲဖြစ်ဖြစ်ပေါ့ မင်းငွေနှစ်ကျပ်ကိုလည်း ငါပြန်ပေးပါ့မယ်။

"ဟာ မဟုတ်တာပဲဗျာ။ ကျွန်တော်က စာရင်းပြရုံလောက်သာ ပြောတာပါ။ ဒီအတွက်က ကျွန်တော့်ခေါင်းထဲတောင် မရှိပါဘူး။ ပြီးတော့ ကျောင်းတော်ကြီးရဲ့"

လူငယ်၏စကားမဆုံးခင် ကိုညိုထွန်းက လက်ကာပြလိုက်ပြီး

"တော်ကွာ မင်းရဲ့ စေတနာငါသိပါတယ်၊ ငါပြောတာက အဓိပ္ပာယ်တမျိုးပါ။ မင်းမှာ အသုံးစရိတ်လိုနေတုန်း ငါတတ်နိုင်သလောက် ကူညီမယ် ပြောတာပါ" ဟု လူငယ်၏ ခေါင်းကို တချက်ပုတ်ယင်း ပြောလေသည်။

ခဏကြာမှ ကိုညိုထွန်းသည် ဇလနှင့် ထိုလူငယ်ကို မိတ်ဆက်ပေးလေသည်။

"ကဲ . . . မောင်ဉာဏ်ပေါ်၊ ဒါဟာ ငါတို့ရဲ့ လုပ်ဖော်ကိုင်ဘက် မိတ်ဆွေ ရဲဘော်ကြီး ကိုဗလ ပဲ"

ဤကဲ့သို့ စကားစ လိုက်လျှင်ပင် မောင်ဉာဏ်ပေါ်ဆိုသော လူငယ်သည် အလွန်လေးစား ကြည်ညိုသော အကြည့်ဖြင့် ဗလကို ကြည့်ပြီး၊ ရို့ရို့ကလေး ပြုံးလေတော့သည်။

ကိုညိုထွန်းက စကားဆက်ပြန်သည်။

"အေး . . . သူတို့ ငါတို့ ကျောင်းရောက်စတုန်းကလည်း မင်းလိုပဲ အလုပ်တွေ အရမ်းလုပ်ခဲ့ကြရတယ်၊ ဒါပေမယ့် ကံအကြောင်းမလှလို့ ဆိုရမလားပဲ၊ ဒီ ကိုဗလကတော့ ကျောင်းက တနှစ်အထုတ်ခံရပြီး ခြောက်လတိတိ ထောင်နန်းစံခဲ့ရတယ်ကွ"

ထိုအခါ၌ မောင်ဉာဏ်ပေါ်သည် ဗလကို ပို၍ အထင်ကြီးစွာ လေးစားမိပြန်လေသည်။

ထိုအချက်ကို သတိပြုမိသော ဗလသည် မောင်ဉာဏ်ပေါ်ဆိုသူအား ကရုဏာသက်စွာ ပြုံးပြလိုက်ယင်းက ပြောလေသည်။

"ဟုတ်ပါတယ် ကိုဉာဏ်ပေါ်၊ ကျွန်တော်ကတော့ အခွင့်အရေးသမားကြီးတွေရဲ့ လောင်းရိပ်မိပြီး သူတို့ရဲ့ လက်ကိုင်တုတ်အဖြစ်နဲ့ တက္ကသိုလ်မှာ လှုပ်ရှားမိခဲ့လို့ ပြဿနာတွေ အမျိုးစုံကြုံခဲ့ရတာပဲ၊ တကယ်တော့ ကျောင်းသားအရေးနဲ့ နိုင်ငံရေးကို ခွဲခြားသိဖို့ရာ အရေးကြီးလှပါတယ်ဗျာ၊ ခင်ဗျားလို တိုးတတ်တဲ့ ကျောင်းသားတယောက်နဲ့ ဆုံခွင့်ရတာ ဝမ်းသာသလို ခင်ဗျားကိုလည်း . . ."

မောင်ဉာဏ်ပေါ်သည် ဗလ၏ စကားမဆုံးခင် ဖြတ်၍ ပြောလေ၏။

"ဟုတ်ကဲ့ခင်ဗျား၊ ကျွန်တော့်လည်း ညီအစ်ကိုအရင်း တယောက်လို သဘောထားပြီး ဆုံးမစရာရှိယင် ဆုံးမပါ။"

"ဆုံးမနိုင်လောက်တဲ့ အရည်အချင်းတော့ ကျွန်တော့်မှာ မရှိသေးပါဘူး။ ကျွန်တော့် အတွေ့အကြုံကို ခင်ဗျားဆီ ဖလှယ်ချင်တဲ့ သဘောပါ"

ဤတွင် မောင်ဉာဏ်ပေါ်လည်း ဗလ၏လက်ခုံကို တချက်လှမ်းကိုင်ယင်း "ခဏ ခင်ဗျာ တဆိတ်လောက် ကျွန်တော့်ကို ညီငယ်တယောက်လို ပြောဆို ဆက်ဆံပါလား။ ခင်ဗျားတွေ ကျွန်တော်တွေနဲ့ ပြောတော့ ကျွန်တော် အနေရခက်လို့ပါ" ဟု အားနာစွာ ပြောလေသည်။

"မဟုတ်သေးဘူးလေဗျာ၊ တက္ကသိုလ်ကျောင်းသူ ကျောင်းသား မှန်သမျှက ကျွန်တော်တို့ရဲ့ ညီအစ်ကို မောင်နမတွေပါ။ ဒါပေမယ့် လေးစားသောအားဖြင့် ကြီးငယ်မဟူ ယဉ်ယဉ်ကျေးကျေး သုံးနှုန်းမိတာပါ။"

"ယဉ်ကျေးတယ်ဆိုတာ ဂုဏ်အားဖြင့် အသက်အားဖြင့် ငယ်သူကို ကြီးသူက ရင်းရင်းနှီးနှီး ဆက်ဆံတာ မဟုတ်လား အစ်ကိုရဲ့"

ဤသို့ မောင်ဉာဏ်ပေါ်က ပြောလိုက်ရာ ဗလလည်း အလွန်သဘောကျသွားပြီး မောင်ဉာဏ်ပေါ်၏ ပခုံးကိုပုတ်လျက်

"အေး . . အစ်ကို စကားပြောလေကြီးသွားတယ်" ဟု ဝန်ခံလိုက်လေသည်။

ကိုညိုထွန်းက ဆက်လက်ပြီး မောင်ဉာဏ်ပေါ်၏ ကျောင်းသားအရေး၌ စိတ်ဝင်စားပုံ၊ တက်ကြွပုံနှင့်တကွ မိတ်ဆက်ပေးရာ ဗလနှင့် မောင်ဉာဏ်ပေါ်လည်း ခင်မင်ရင်းနှီး သွားကြလေတော့သည်။

ဗလသည် ကိုညိုထွန်းနံဘေးရှိ စက္ကူထုပ်များကို ကြည့်ပြီး

"ဘာတွေလဲဗျ။ ကြေငြာစာတမ်းတွေလား" ဟု မေးလိုက်၏။ ကိုညိုထွန်းသည် ဟက်ကနဲ တချက်မျှ ရယ်မောလိုက်ပြီး "အော် ကိုဗလ တယောက်လည်း ကျောင်းနဲ့ ကင်းကွာသွားပြီးမှ နေ့တွေ နံတွေတောင် မေ့လျော့ကုန်ပါရောလား" ဟု ရယ်သွမ်းသွေး စကားပြော၏။

"ဟုတ်တယ် ကိုညိုထွန်း။ မလိုအပ်ပဲ စိတ်နာခြင်းမျိုးနဲ့ ကျောင်းကို စိတ်နာပြီး အဆက်ဖြတ်နေခဲ့မိတာ ခုဆိုယင် ကျောင်းသားအရေးနဲ့ ပတ်သက်ပြီး ဟော့ဒီက မောင်ဉာဏ်ပေါ်တို့ကိုတောင် ဆရာပြန်တင်ရမလို ဖြစ်နေတော့တာပဲဗျာ။"

"အလကားပါဗျာ၊ ကျွန်တော်က ကျိုးစယ်တဲ့သဘော ပြောတာပါ။ ခင်ဗျားရဲ့ ခံစားမှုကို ကျွန်တော်တို့လည်း မျှဝေယူနိုင်ကြပါတယ်။ ဘာဝဆိုတာ ဒီလိုပဲပေါ့"

ကိုညိုထွန်းက ဤသို့ပြန်ပြောယင်း အနီးရှိ စက္ကူထုပ်ကြီးကို အသာအယာ ဖြေလျက် အတွင်းမှ လက်တဝါးသာသာခန့်ရှိ စာရွက်ကလေးတရွက်ကို ထုတ်လိုက်ပြီး ဗလအား ပြလိုက်ပါသည်။

ဗလသည် စာရွက်ကလေးကို ကိုင်ကြည့်ပြီး လက်နှိပ်စက်စာလုံးဖြင့် ရိုက်ကူးထားသော စာသားများကို ဖတ်ကြည့်လိုက်သောအခါတွင် အောက်ပါအတိုင်း တွေ့မြင်ရလေတော့သည်။

ဥက္ကဋ္ဌသစ်
ကျမ်းသစ္စာကျိန်ဆိုပွဲသို့
တက်ရောက်ကြ
နေ့ ။ ။ ၁၇-၁၁-၆၀
အချိန် ။ ။ မွန်းလွဲ ၂ နာရီ

ဇလသည် ကြော်ငြာစာရွက်ကလေးကို ခေါက်၍ အိတ်ထဲထည့်လိုက်ပြီး နေရာမှထလျက် စက္ကူထုပ်အတွင်းမှ ကြော်ငြာစာရွက်တထွာသာသာခန့် အထပ်တထပ်ကို ထုတ်ယူလိုက်လေသည်။

"ဘာလုပ်ဖို့လဲဗျ ကိုဇလရဲ့" ဟု ကိုညိုထွန်းက မေးသောအခါ ဇလက ပြုံးပြုံးကြီး လုပ်နေလိုက်သည်။

"ဘာလုပ်ရမှာလဲဗျ။ ကျွန်တော်လည်း နက်ဖန်ကစပြီး ကျောင်းထဲမှာ ကြော်ငြာဝေတဲ့အလုပ် လုပ်မလို့လေ"

"ဟာဗျာ ခင်ဗျားနေရာနဲ့ ဒီကိစ္စတွေလုပ်ဖို့ မသင့်တော့ပါဘူး လူငယ်တွေ လုပ်ပါလိမ့်မယ်"

ဇလက ရယ်မောခြင်း ပြုလိုက်ပြန်သည်။

"ကျောင်းနဲ့ တနှစ်လောက် ကင်းကွာပြီး လွတ်လပ်ခြင်းနဲ့ ဖြောက်လလောက် ကင်းကွာနေခဲ့တဲ့ ကျွန်တော့်အဖို့ ကြော်ငြာဝေတာက ပြန်စမှ တန်ခါကျမှာပေါ့ဗျ ကိုညိုထွန်းရ"

သုမောင်

"ဟာ .. မဟုတ်သေးပါဘူး။ နေရာနဲ့ နေရာ လုပ်စမ်းပါ ကိုဇလရယ်"

"လက်တလော ကျွန်တော့်မှာ နေရာဆိုတာ မရှိပါဘူး ကိုညှိုထွန်း၊ ကျွန်တော့် အခြေအနေဟာ အခုဆိုယင် ဟိုး အောက်ခြေက ပြန်စရတော့မယ့် သဘောမှာ ရှိနေပါတယ်။"

"တော်စမ်းပါဗျာ။ ခင်ဗျားမှာ ခုထိ နိုင်ငံရေးစိတ် မကုန်သေးဘူးလား"

ကိုညှိုထွန်းက ရယ်ခါမောခါ ပြောလိုက်သော်လည်း ဇလ၏ မျက်နှာမှာမူ တည်ငြိမ်သွားလေသည်။

"နိုင်ငံရေး မဟုတ်ပါဘူး ကိုညှိုထွန်း၊ ကျောင်းသားရေးပါ။ ခုအချိန်မှာ ကျွန်တော်ဟာ ကျောင်းသားရေးနဲ့ နိုင်ငံရေးကို ခွဲခြားသိနေပါပြီ။ ကွန်မြူနစ်ရယ်၊ အရင်းရှင်ရယ် ဆိုတာကို ကျွန်တော် မေ့ပစ်လိုက်ပါပြီ။ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ဖို့ ကျောင်းသားကျောင်းသူတွေရဲ့ အမှန်တကယ်လိုအပ်ချက်တွေကို နိုင်ငံတော်က ကူညီ ထောက်ပံ့နိုင်ဖို့အတွက် ဘာလိုအပ်သလဲ၊ ကျွန်တော် ကူညီဖို့ အသင့် ဖြစ်နေပါပြီ။ အဲ ... တခုရှိတာက တိုင်းပြည်နဲ့ လူမျိုးအတွက် အန္တရာယ်ဆိုးတခု ကျရောက်နေပြီ ဆိုယင်တော့ ကျွန်တော်တို့ ကျောင်းသားထုဟာလည်း နိုင်ငံအရေးအခင်း ကြီးငယ်မှာ ပါဝင် လာရတော့မယ် ဆိုတာ ၊ ၁၃၀၀ ပြည့် အရေးတော်ပုံက အစပြုခဲ့တဲ့ အစဉ်အလာပဲ မဟုတ်လား။"

"ဟုတ်ပါတယ်၊ ခင်ဗျား ပြောတာတွေကို ကျွန်တော် အများကြီးလက်ခံပါတယ်။ ဒါကြောင့်လည်း ခင်ဗျားလိုလူက ကြော်ငြာဝေမယ်ဆိုတာ မသင့်ဘူး ပြောတာပေါ့။"

"သင့်ပါတယ် ကိုညိုထွန်း၊ ကျောင်းသားထုရဲ့ ကြားထဲကို ဟိုးအောက်ဆုံးကနေ ပြန်ဝင်ပြီး ကျွန်တော် လေ့လာချင်တာပါဗျ"

ကိုညိုထွန်းနှင့် ဇလတို့ ပြောဆိုနေကြသည်ကို မောင်ဉာဏ်ပေါ်သည် အလွန်အမင်း အားတက်စွာ ယုံကြည်စွာ နားထောင်နေပါတော့သည်။

ဇလသည် ကြော်ငြာစာရွက်တထုပ်ကို ပိုက်လျက် လက်ဖက်ရည်ဆိုင်မှ ထွက်လာသောအခိုက် အင်းလျားဘက်မှ ကသုတ်ကရက် တိုက်လာသော လေပြေသည် အရင်ကလို လွမ်းမောဘွယ်ကို မဖြစ်စေပဲ ကြည်နူးအားတက်ဘွယ်ကို ပေးဆောင်နေမှန်း ဇလခံစားသိရှိ လိုက်ရပါတော့သည်။

၃။ ။

ပုလဲရည်မိုးပေါက်တို့ လောကမြေပြင်ကို ဆီးမြှောက်သည့် ပျိုးပေါက်သစ်ပင် မြသစ်လွင်ရာ နယုန်ကြွေမူး ဝါဆိုဦးတွင် မှတ်သုံလေရှူးနှင့်အတူ အေးအေးမေ တယောက် တက္ကသိုလ်သို့ ရောက်ခဲ့လေသည်။

သို့ရာတွင် လေရှူးပမာ ထွေပြားပျံ့လွင့်တတ်သော စိတ်ကလေးတော့ကား အေးအေးမေမှာ မရှိပါ။ မြေကိုမှီ၍ လေဆီမျှော်မှန်းသော ပျိုးနုပင်၏ပမာ အေးအေးမေ၏ စိတ်မာန်မှာ ကြွရှိုးပုံ့တက်နေပါ၏။ လေ လာတိုင်း ရွှေ့လျား၍ ခဏချင်းမှာပင် သဏ္ဍာန်သစ် ဆက်ကာ ဖွဲ့ဆန်းတတ်သော တိမ်ဆိုင်ပမာ၊ စိတ်ကူးစိတ်သမ်းတို့ အံ့ဘနန်း အပြောင်းအလွဲ မြန်တတ်သော သဘောတော့ကား အေးအေးမေမှာ မရှိပြန်ချေ။

တချက်သာလျှင် အေးအေးမေ၌ ထူးပါ၏။ မှတ်သုံနှင့်အတူ တက္ကသိုလ်မြေဆီ ရောက်ခဲ့သော အေးအေးမေသည် တောင်ပင်လယ်ခရီးသည်ကဲ့သို့မှု အပြုတေးကိုမသီး။

အသည်းဖျက်တေးတပုဒ်လည်း သဲ့သဲ့မျှ မြည်ကျူးခြင်း မရှိ၊ ငြိမ်းချမ်းခြင်း၊ အေးဆေး ငြိမ်သက်ခြင်းတည်းဟူသော ခံစားမှုသာ သူ့၌ ပါရှိနေပါသည်။

အေးအေးမေ၏ အလှကို ဖွဲ့ဆိုရပါမူ အပြာရည်လျှမ်းသော မျက်လုံးကြည်နှစ်စုံ၏ ကျက်သရေမှာ စာဥ္စဆိုသော သမင်မငယ်၏ မျက်လုံးအလှထက် အပြစ်ကင်းသည့် ကလေးငယ်၏ မျက်လုံးမှ သန့်စင်မှုသဘောက ပိုများနေပါသည်။

အေးအေးမေ၏ လှုပ်ရှားမှုကလေးများမှာ ညှင်းလေနုပမာ သိမ်မွေ့ပေါ့ပါး၍ ကြင်နှန်းဆန်သော ဟန်မှာ ပျိုးပင်ပျို၏ ယိမ်းနွဲ့ခြင်းကဲ့သို့ နွဲ့နှောင်း ပြေပြစ်သည်ဟု ဆိုကြပါ၏။ နက်မှောင်သော မျက်ခုံးနှစ်သွယ်၏ အနားရေးမှ ပြရောင် ရှိုမ်းရှိမ်းနှင့် ပါးပြင်နုနုမှ ကွန်ယက် ယှက်ဖြာလျက်ရှိသည့် အကြောစိမ်းကလေးများမှာ မိုးဖြိုန်းစ ပင်ပျို၏ ရွက်သစ်တို့ပင် မယှဉ်သာအောင် ပိုမို၍ လန်းဆန်းတင့်ရှန်းသည်ဟု အလှအပကို အလွန်ကိုးကွယ်ကြသော တက္ကသိုလ်ကျောင်းသားအချို့က ဆိုကြပြန်သည်။

ဝိဇ္ဇာတန်းမှ ကျောင်းသားကြီးများကမူ အေးအေးမေ၏ အလှကို ကြည့်ရှုရခြင်းသည် အလှအပ၏ အဘိဓမ္မာတရပ်ကို လက်တွေ့ကျကျ နားလည်ရခြင်း ဖြစ်သဖြင့် ခေါ်မတိုင်း ပညာရှင် ပလေတို၏ ပုရောက်ကျမ်းကြီးမှ လှပခြင်း သဘာဝကို ဆွေးနွေးခန်းအား ဖတ်ရှုရန်ပင် မလိုဟု ဆိုစမှတ်ပြုကြလေသည်။

အေးအေးမေသည် သူ့ကိုယ်သူ လှမှန်းသိပါသည်။ မိမိ၏အလှ စူးရှထက်မြက် ခြင်းကိုလည်း ရိပ်စားမိပါသည်။ သို့ရာတွင် မိမိယုံကြည်ရာ အလှအားကိုးဖြင့် တက္ကသိုလ်ဝယ် မှတ်တမ်းတင်စရာ ဇာတ်လမ်းပမာ စွန့်စားခန်းတရပ် ဖွင့်လှစ်လိုခြင်းကား လုံးဝမရှိပေ။

"တက္ကသိုလ်မှာ နေနေ ၊ ဘယ်ဆီရောက်ရောက် ကုန်ကုန်ပြောမယ်၊ ယောကျ်ား

ရပြီးတဲ့အထိ မိန်းကလေးတဦးဟာ မိမိကိုယ်ကို သဘင်အနုပညာရှင်တဦးလို အမှတ်ထားရမယ်။ တလောကလုံးမှာ ဟန်ဆောင်မှုကလွဲပြီး ဘာမှ မရှိဘူး။ ဟန်ဆောင်သူတွေ အားလုံးထဲမှာ အပိရိဆုံးလူက သဘာဝအကျဆုံး အဖြစ်နဲ့ လောကအာတ်ခုံက သရုပ် ဆောင်းပေးလိမ့်မယ်။"

ဤစကားရပ်များက အေးအေးမေတို့နှင့် ပုစွန်တောင် အိုးဘိုရပ်၌ တရပ်တည်းနေ အိမ်နီးချင်း ဘွဲ့ရပြီး အတွင်းဝန်ကတော် ဖြစ်နေသော မမမေရီ၏ နှုတ်မှ မကြာခဏ ကြားရသော အုံ့ဘနန်းဩဝါဒ ထူးပင်တည်း။ ။

သို့ရာတွင် အေးအေးမေသည် သူ၏အလှကို အားကိုးရာလက်နက်အဖြစ် အသုံးမပြုပဲလျက် ပိတုန်းရောင် တောက်ရှန်းသော ကော့မျက်တောင်ရှည်တို့ ဝန်းရံအပ်သည့် မျက်လုံးပြာကြီးများကို လှည့်ကစားခြင်း အလျဉ်းမရှိပဲ ငြိမ်သက် အေးချမ်းသော မျက်လွှာချခြင်းဖြင့် တဏှာသိုလ်၏ စကြီးများတလျှောက် မလုပ်မလဲ့ မလုပ်မလီပဲ တည်တဖုံ ရီတလှည့်ဖြင့် လျှောက်လျက်ရှိသည်မှာ လ အတန်ကြာခဲ့ပါလေပြီ။

မြန်မာစာအသင်းရှေ့မှ ကံ့ကော်ပင်ကလေး တပင်၏ အောက်၌ အနက်ရောင် ဟမ်းဘားပော့(စ်) အသစ်ကလေးတစင်းရပ်ထားပါသည်။ ကားပေါ်ရှိ နောက်ခန်းတွင်ကား ကျစ်ဆံမြီးကလေးကိုယ်စီ လက်ပြတ်အကျီ၊ ပန်းချွန်ကလေးတွေ ကိုယ်စီဖြင့် တွတ်တီးတွတ်တာ စကားဆိုနေကြသော မိန်းမပျိုကလေးသုံးဦးကို မြင်ရလေသည်။ အလယ်မှ ထိုင်နေသူကလေးမှာ ပါလီမာန်အမတ် ဦးဖေသန်းနှင့် ပိုးကုန်သည် ဒေါ်ခင်ညိုတို့၏ တဦးတည်းသော သမီးကလေး အေးအေးမေပင် ဖြစ်ပါသည်။

အေးအေးမေသည် သူ၏တဘက်တချက်တွင် ထိုင်နေကြသော ချိုတီနှင့် ဝေလွင်တို့ နှစ်ယောက်၏ ဩဝါဒစကားများကို အပြစ်ကင်းစင်သော မျက်လုံးရွဲကြီးများ ကလည်ကလည်နှင့် နားစိုက်ထောင်၍သာ နေ နေပါသည်။

ချိုတီသည် ကျောင်းသားကျောင်းသူ ရေးရာများနှင့် ပတ်သက်ပြီး အလွန်အမင်း စိတ်အားထက်သန်သော ကျောင်းသူတဦးဖြစ်ပြီး၊ ဝေလွင်ကမူ ကျောင်းသားရေးရာ မှန်သမျှ နိုင်ငံရေးနှင့် နီးနွယ်နေသည်ဟု တဘက်သက် ယုံကြည်နေသော အကြောက် အလန့်ကြီးသည့် တက္ကသိုလ်ကျောင်းသူတဦးသာ ဖြစ်လေသည်၊ အေးအေးမေမူကား မသိပေယောင်ဝါးနှင့်ပင် အေးချမ်းစွာ ပညာသင်ကြားနေသော သာမန် ကျောင်းသူတယောက် ဖြစ်ပါသည်။

ထိုအချိန်တွင် အဓိပတိလမ်းကြီး၏ တောင်ဘက် အဆုံးထပ်ရှိ အဆောက်အဦး ဘက်ဆီမှ တေးဂီတသံလိုလို အသံများ ကြားနေရလေရာ ဝေလွင်က လည်ကလေးဆန့်၍ နားစွင့်လိုက်၏။

"ဟော့... ချို နားထောင်စမ်း ဘာနေတာလဲ မသိဘူး"

ချိုတီသည် စိတ်မဆိုးသော မျက်စောင်းကလေး တချက်ခဲလိုက်ယင်းက "ဟော့ ဝေ တို့မှာ တက္ကသိုလ်ကျောင်းမှာနေပြီး တက္ကသိုလ် ကျောင်းသားအရေးများ နည်းနည်းမှ စိတ်ဝင်စားဟန် မတူဘူး။" ဟု ကရုဏာဒေါသော ပြောလေသည်။

"အော် . .. ချိုရယ် ကျောင်းစာတွေနဲ့ချည်း လုံးရှာလည် နေတော့လဲ . ."

"ဟဲ့ .. ကျောင်းသူဆိုတာ ကျောင်းစာတွေနဲ့တွင် နပမ်းလုံးနေတော့ မဖြစ်သေးဘူး။ ကျောင်းရဲ့ သာရေးနာရေးတွေကိုလည်း ဂရုစိုက်အုံးမှပေါ့ ဝေရဲ့။"

အေးအေးမေက သည်အခါကျမှ စကားဝင်၍ ပြောလေသည်။

"ဒါပေါ့ မချိုရဲ့။ ဝေ တို့က တလောကလုံး ပုပုဝဝကြီးတွေသာ မြင်နေတာကိုး . . ."

ခွီးကနဲ ရယ်လိုက်သော အသံသေးသေးလေး များနှင့်အတူ ဝေလွှင်မှာ ရှက်ကိုးရှက်ကန်းနှင့် အေးအေးမေနှင့် ချိုတီတို့၏ ပေါင်ကလေးများကို ထုနက်လေသည်။ ချိုတီက ရယ်နေသော နှုတ်ခမ်းများကို ပြန်မစေ့ပဲ စကားဆက်၏။

"အင်း ဟုတ်တယ် .. ဟုတ်တယ်။ အေးမေတို့များ စကားမပြောဘူး မပြောဘူးနဲ့ ပြောမဲ့ပြောတော့ လူဝဝကြီးနဲ့ နံဘေးကိုထုသလိုပဲ" ဟု ပြောလိုက်ရာ ဝေလွှင်ခမျာ ရှက်ရှက်နှင့် မျက်ရည်ကလေးလည်မလို ဖြစ်လာလေ၏။

ဤကဲ့သို့ နောက်ပြောင်ကျီစယ်ရခြင်း အကြောင်းမှာ .. ဝေလွှင်သည် တွန်းသန်းသိန်းဆိုသူ နဖူးပြောင်ပြောင် ကိုယ်လုံးဝဝဖိုင့်ဖိုင့်ကြီးနှင့် ဖြစ်သော ဗိုက်ရွှဲရွှဲ စာရေးဆရာပေါက်စ ကျောင်းသားကြီးတဦးနှင့် ဘာကလိုတိုတို ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ထိုကျောင်းသားကြီးနှင့် တွဲဘက်ဖြစ်သော မောင်ရသာ အမည်ရှိ စာရေးဆရာ ပေါက်စသည်လည်း ဝဝဖိုင့်ဖိုင့် ဗိုက်ရွှဲရွှဲသာ ဖြစ်လေရာ သူတို့ နှစ်ယောက်စလုံးကို ကျောင်းသားလောက၌ ဂျပန်နပန်းသမားကြီးတွေဟု၍ ပညက်ကြလေသည်။

ဝေလွှင်သည် မခံချိမခံသာ ဖြစ်လွန်းသောအဆုံး၌ "အေး ပြောနော် ပြောထား။ တော်တော်ကြာနေ မချိုတီတယောက် လက်မောင်းကို ဆယ်လက်မခန့်ရှည်သော ရေ့သွားကြီးဖြင့် အကိုက်ခံရခြင်းဆိုတဲ့သတင်း မိုးကြိုးသတင်းစာထဲမှာ ပါလာမှ ခက်ချည့် ဖြစ်နေမယ်။" ဟု ပြောလိုက်ရာ ချိုတီမှာ ပါးစုံကလေးများ နီရဲသွားရုံမှတပါး အလွန်တရာ ရှက်ရွံ့သွားခြင်း မရှိပါချေ။ တကယ်တော့မှ ချိုတီမှာလည်း ချစ်သူရှိနေပါသည်။ သူသည် ပိန်ကပ်ကပ် ခါးကိုင်းကိုင်းနှင့် သွားအလွန်ခေါ်သော ကိုယုမောင်ဆိုသူ ကျောင်းသား တယောက်အား ကြိတ်၍ ပိုးပမ်းနေရာ ထိုအချက်ကိုယူ၍ ဝေလွှင်က ချိုတို့ကို သာသာကလေး ပြန်နက်ခြင်းဖြစ်၏။

ချိုတီသည် ဝေလွင့်ကို ဘာမျှ ပြန်၍ မရှေ့ပတော့ပဲ လေးနက်စွာပြုံး၍ ငေးနေယင်း တကိုယ်တည်း ညည်းပြောသလို ပြောနေပါသည်။

"အင်း . . ဝေရယ် ကျန်တဲ့ကျောင်းသူကျောင်းသားတွေ အားလုံးသိရက်နဲ့ ဝေတယောက်ထဲ မသိဘူးဆိုတော့ မကျေနပ်စရာ ကောင်းနေပြီ။ ဒီနေ့ ကျောင်းသား ဥက္ကဌသစ် ကျမ်းသစ္စာကျိန်ပွဲလေ။"

ဘာမှမသိရှာသော အေးအေးမေတို့မှာ ဝိုင်းစက်သော နှုတ်ခမ်းရဲရဲကလေးဖြင့် အသာငေးကြည့်နေသော်လည်း ဝေလွင်ကမူ "အော်၊ အော်" ဟု စိတ်မဝင်စားသလို ပြောလေသည်။

"အော် .. မနေနဲ့ အခု ဖလော်ဆော်ဖီကာလပ်(စ်)ပြီးယင် တို့ အဲဒီကို သွားမလို့၊ ဝေရော အေးမေရော လိုက်ခဲ့ပါလား။"

"အို .. နိုင်ငံရေးတွေ ရှုပ်ရှုပ် ရက်ရက် ဝေ စိတ်မဝင်စားပါဘူး။" ဟု ဝေလွင်က ကောက်ခါငင်ခါ ပြောသော်လည်း အေးမေက ဘာမျှမပြောပဲ နေပါသည်။ ချိုတီကမူ ရှိရင်းစွဲ မျက်ခုံးထူကြီးကို ပို၍ ကြုံ့လိုက်ပြီး တည်ကြည်လေးနက်စွာ ပြန်ပြောလေ၏။

"ဘာနိုင်ငံရေးမှလည်း မဆိုင်ပါဘူး။ ကျောင်းသားဥက္ကဌ ကျမ်းသစ္စာကျိန်ဆိုမှုနဲ့ နိုင်ငံရေးနဲ့ ဘာမှမဆိုင်ဘူး။ တိုင်းပြည်နဲ့လူမျိုး၊ ကျောင်းသားကျောင်းသူများအတွက် ထမ်းဆောင်ရမဲ့တာဝန်တွေကို သစ္စာရှိရှိထမ်းဆောင်ပါမယ်လို့ ကျောင်းသားအားလုံးရှေ့မှာ သစ္စာဆိုပြတာပါ ဝေရဲ့၊ အဲဒါ နိုင်ငံရေးအသင်းအပင်းအရေး ဘာမှ မပါ ပါဘူး။"

"မသိဘူး ချိုရဲ့ သူများတွေပြောတာ ဝတ္ထုတွေထဲပါနေတာ ကြားဘူး ဖတ်ဘူး နေလို့ပါ။"

"အေး .. သူများပြောစကား ကျပ်ကျပ်ယုံနော် တော်တော်ကြာ နလဘိန်းတုံး ဖြစ်ကျန်ရစ်ခဲ့မယ်။ တော်ရုံတန်ရုံလည်း ကိုယ့်ဦးနှောက်ကလေးနဲ့ ကိုယ်တွေးပြီး ဆင်ခြင်ပါမှပေါ့။"

ချိုတီသည် စကားကို ခေတ္တရပ်လျက် လွယ်အိတ်ထည်းအသင့်ထည့်လာသော ဆားငန်သီးထုပ်ကို ထုတ်၍ ဖြည်ပြီး ကျွေးယင်း ဆက်ပြောလေ၏။

"ကိုယ် ပြောပြမယ် ဝေ။ တက္ကသိုလ်မှာ အသင်းအဖွဲ့တွေ အများကြီးရှိတယ်။ တသင်းက ဘာပြောလဲဆိုတော့ အရင်းရှင်လက်ပါးစေ နိုင်ငံရေးအစိုးရရဲ့ လက်ကိုင်တုတ် .. တဲ့၊ နောက်တသင်းကကျတော့ ကွန်မြူနစ်နိုင်ငံရေး ကျောင်းသားတဲ့၊ တဘက်နဲ့တဘက် ဒီလိုစကားနိုင်လုနေတာနဲ့ပဲ တို့ကျောင်းမှာ ပြဿနာပေါင်းစုံ။ အမှန်ကတော့ နှစ်ဘက်စလုံး မှာ အကျိုးရော အပြစ်ရော ရှိနေတာပါပဲကွာ"

ချိုတီသည် ပြောယင်းက မောသွားသလို ဆားငန်စေ့တစေ့ကို ထုတ်၍ မြုံလိုက်လေသည်။

"နှစ်ဘက်စလုံးမှာပဲ နိုင်ငံအစိုးရကို ဆန့်ကျင်ရယင် ပြီးရောဆိုတဲ့ လူတွေ ပါသလို အစိုးရကို ဘယ်လို အကြိုက်လုပ်ပေးယင် တို့တော့ ဘယ်ရာထူးရမှာပဲဆိုပြီး မြှောက်ပင့်နေတဲ့ လူတွေလည်း ပါတာပဲ။ ဒါပေမယ့် နိုင်ငံရေးကို လုံးဝစိတ်မဝင်စားပဲ ကျောင်းသားတွေရဲ့ အရေးကိုသာ စိတ်ဝင်စားတဲ့လူတွေလည်း တပုံတပင်ပါကွယ်။"

ဝေလွင်ရော အေးမေပါ ချိုတီ၏စကား၌သာ လေးနက်စွာ အာရုံစိုက် နေကြလေသည်။

"ကဲ .. ဥပမာကွာ ကျောင်းဆောင်နဲ့ ဆရာ မလုံလောက်တာကို အကြောင်းပြပြီး သုံးခါကျစနစ်နဲ့ ကျောင်းထုတ်တာကို ကျောင်းသားထုက မခံနိုင်လို့ တောင်းဆိုတယ်၊ ကဲ... ဘယ်မှာလည်း နိုင်ငံရေးပါတာ။

အဆောင်သစ်ဆောက်ပေးပါ ဆရာသစ်ခန့်ပေးပါလို့ တောင်းဆိုတယ်။ နှစ်အစမှာ ရောက်လာတဲ့ကျောင်းသား ကျောင်းသူ အသစ်တွေအတွက် လမ်းညွှန်ချက် ထုတ်ပေးပါလို့ တောင်းတယ်။ ဘယ်မှာလည်း နိုင်ငံရေး ကဲ . ..

တည်မြဲနဲ့ သန့်ရှင်းဆိုတဲ့ နိုင်ငံရေး အားပြိုင်ပွဲမှာ တို့ကျောင်းသားတွေ ဘယ်မှာ ပါလို့လဲ။ မသကာ ပါယင်တော ပါကြည့်ပါလား။ အဲ့ဒီကျောင်းသားဥက္ကဌ ကျောင်းသားထု လက်ချက်နဲ့ ချက်ချင်းပြုတ်သွားမယ်။ တို့ကျောင်းသားတွေဟာ ကျောင်းသားအရေးမှာပဲ စိတ်ပါဝင်စားကြတာပါ။ ဒါကြောင့် ကျောင်းသားဥက္ကဌ ကျမ်းသစ္စာကျိန်ဆိုပုံဟာ နိုင်ငံရေးနဲ့ မပတ်သက်ဘူးလို့ ပြောတာပေါ့။"

ရှည်ရှည်လျားလျား ပြောလိုက်ရသောကြောင့် ချိုတီမောသွားဟန် တူပါသည်၊ ထို့ကြောင့် ဆားငန်စေ့ တစေ့ ထုတ်စားပြန်ပါ၏။ သည်တော့မှ အပြောင်အပျက်တတ်သော ဝေလွင်က "ကဲပါ မမဖုရားရဲ့ ရှင်းပါပြီရှင့်" ဟု ပြောင် စ စ နှင့် ပြောလိုက်လေ၏။

ချိုတီက ဆက်လက်ပြီး ကျောင်းသားအရေးနှင့် နိုင်ငံအရေး မပတ်သက်ကြောင်း တရားဟောကြားနေစဉ် ထိုတခဏ၌ အေးမေသည် ဟိုငေး သည်ငေး ငေးနေရာက တနေရာအရောက်တွင် မျက်လုံးသည် မရွေ့ရှားတော့ပဲ ရပ်တန့်သွားလေ၏။ သူ၏မြင်ကွင်းတွင် သူနှင့် ရွယ်တူခန့်ရှိမည် မှန်းဆရသော ကျောင်းသားလေးတဦးသည် ဂျပ်ဆင်ကောလိပ်ရှေ့ ကွက်လပ်ကြီးတွင် နေပူကျဲကျဲ၏ဒဏ်ကို လုံးဝမမှုပဲလျက် လက်တွင်ပွေ့ကိုင်ထားသော စာရွက်အထပ်ကြီးထဲမှနေ၍ သူ့အနီးရောက်လာသမျှ ကျောင်းသူ ကျောင်းသားများကို တရွက်ချင်း ဝေငှနေခြင်းကို တွေ့ရလေသည်။

ထိုကျောင်းသားလေးသည် စောစောက မရှိုတီပြောသော အသင်းတခုခုမှ ဖြစ်နေမည်လားဟု အေးအေးမေက မဆီမဆိုင် တွေးနေမိလေသည်။

ထိုအချိန်မှာပင် သူတို့ထိုင်နေသော ဟမ်းဘားကားပြာလေးအနီးသို့ ကျောင်းသားကြီးတယောက် ရောက်လာပြီး သူနှင့် အနီးဆုံး ကားပြတင်းပေါက်ဘေးမှာ ရပ်လျက် စာရွက်ကလေးတရွက်ကို ကမ်းပေးလိုက်ရာ ဝေလွင်က အလန့်တကြားဖြင့် တွေ့ကရာစကားကို ပြောမိလေတော့သည်။

"ကန်တော့ပါသေးရဲ့"

အေးအေးမေ ရှိုတီအပါအဝင် အနီးအနားသစ်ပင်ရိပ်များ၌ ထိုင်နေကြသော ကျောင်းသူများထံမှ ဝါးကနဲ ပွဲကျသွားသံနှင့်အတူ ထိုကျောင်းသားကြီးမျာမှာလည်း မျက်နှာရဲကနဲ နီသွားရှာ၏။ အစတွင် အေးအေးမေ ရယ်မိသော်လည်း မည်သို့မျှ တုန်လှုပ်ဟန် မပေါ်သော ကျောင်းသားကြီး၏ မျက်နှာကို မြင်ရသောအခါ ရယ်ချင်စိတ်များ ပျောက်ကွယ်သွားလေ၏။

ကျောင်းသားကြီးသည် မည်သို့မျှတုံ့ပြန်စကားမဆိုပဲ ပြုံးပြုံးကြီးသာ ကြည့်နေယင်းက လက်ထဲက စာရွက်ကလေးကိုသာ ကားအတွင်းသို့ ကမ်းပေးနေလေသည်။

ဝေလွင်သည် ယောင်ရမ်းပြီး အမှားမှား အယွင်းယွင်း ပြောမိသည်ကို အားနာသွားသလို၊ ရှိုတီကတော့မှ နားလည်မှုရှိစွာပင်လျှင် ထိုကျောင်းသားကြီး လက်အတွင်းမှ စာရွက်ကို လှမ်းယူမိလေသည်။

အေးအေးမေကမူ ပြုံးပြုံးကြီးပင်ကြည့်ယင်းက အခြားကျောင်းသားကျောင်းသူများ ရှိရာ စာရွက်ဝေရန် ထွက်ခွာသွားသော မုတ်ဆိတ်ကျင်စွယ်များ ရိပ်သင်ပြီးစ ရှိမ်းမြမြမေးရိုး

ပါးရိုးတို့ဖြင့် ကြည့်လို့ကောင်းသော မျက်နှာရှိသည့် ကျောင်းသားကြီး၏ နောက်ကျောပြင်ကိုသာ ငေးကြည့်နေမိရှာပါသည်။

"အဲဒါပေါ့ကွ။ ဟိုတနစ်က မိန်းကလေးအဆောင်မှူး တယောက်ကို အမှန်အကန် ပစ်ပစ်ခါခါ ပြောမိလို့ မတရားကျောင်းထုတ်ခံလိုက်ရတဲ့ တက်တက်ကြွကြွ ရှိတဲ့ ကျောင်းသားကြီး ကိုဗလ ဆိုတာ"

ဟူသော ချိုတီ၏စကား ကြားရလေလျှင် အေးအေးမေမျှာ တစုံတရာသော ခံစားမှုတခုကို ရင်၌ တင်းတင်းကျပ်ကျပ်ကြီး ခံစားလိုက်ရလေသည်။ မည်သို့သော ခံစားမှုမျိုး ဆိုသည်ကိုကား အေးအေးမေ မပြောတတ်နိုင်အောင် ရှိနေပါသည်။

ဤသို့ဖြင့် ကျောင်းသားကြီးပေးကမ်းခဲ့သော ကြော်ငြာကို ဖတ်ရှုပြီးသည့်နောက် ဖလော်ဆော်ဖီခေါ် ဒဿနိကဗေဒပညာရပ် သင်တန်းဘက်ဆီသို့ ထွက်ခွာလာခဲ့ကြလေသည်။

အေးအေးမေ၏ စိတ်၌မူ အရာရာကို အနစ်နာခံအံ့ဟု ပြောနေပုံရသော မျက်နှာပြုံးပြုံးကြီးကိုသာ မြင်ယောင်နေပါတော့သည်။

သင်တန်းဆရာသည် ခေါ်မ အဘိဓမ္မာဆရာ အရစ္စတော်တယ်၏ အဘိဓမ္မာများကို သင်ကြားနေပေသည်။

အရစ္စတော်တယ်၏ အဘိဓမ္မာ၌ အကြောင်းတရားရှိလျှင် အကျိုးတရားရှိရစမြဲ ဟူ၍ ပါရှိလေရာ အေးအေးမေသည် အောက်ပါအတိုင်း တွေးမိပါတော့သည်။

"အင်း . . . အကြောင်းတရားရှိယင် အကျိုးတရား ရှိစမြဲပဲတဲ့။ ခုဟာက မျက်နှာပြုံးပြုံးကြီးနဲ့ လူတယောက်ကို ငါတွေ့ခဲ့တယ်။ တစုံတရာအတိုင်းအတာထိ ငါ့စိတ်လှုပ်ရှား မိသလိုပဲ။ ဒါဟာ အကြောင်းတရားတခုသာ ဆိုယင် .. အကျိုးတရား တခုခုများ အို . . . ငါ ဘာတွေ တွေးနေမိပါလိမ့်။"

၄॥ ॥

ရန်ကုန်မြို့ အင်းလျားလမ်းမပေါ်သို့ မျက်နှာပြုလျက် အင်းလျားကန်ဘက်သို့ နောက်ကျော ပေးထားသော နှစ်ထပ်တိုက်ကြီးတလုံးကို အင်းလျားလမ်းဘက်ဆီမှ ကြည့်မည်ဆိုလျှင် မြင်ရလိမ့်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုတိုက်ကြီး၏ ရှေ့ဝင်းခြံကြီးအတွင်းဝယ် မရမ်းပင် သရက်ပင် ညောင်ပင်မှ အစ အုန်းပင် ထင်းရှူးပင်များ အထိ မြင့်မားသော အပင်ကြီးများ ဝိန်းပိတ်နေအောင် တည်ရှိနေသောကြောင့် ဖြစ်ပါသည်။

ငွေကြေးတတ်နိုင်သူတို့၏ သဘာဝအတိုင်း ပန်းခြံကြီးများကိုလည်း အရောင်မျိုးစုံ ရောယှက်ပြီး မက်စရာအသွေးဖြင့် ဖန်တီးထားသည် ဖြစ်ပေမည့် သစ်ကြီးဝါးကြီးများ ကိုလည်း တမက်မောမေး ပြုစုထားခြင်းဖြစ်ပေသည်။

အနက်ရောင် ဟမ်းဘားဟော့(ခ်) အမျိုးအစား ကားကလေးတစင်းသည် ထိုခြံကြီး၏ ဝင်းတံခါးဝတွင် အီကနဲ လာ၍ ရပ်သောအခါ ခြံစောင့်ကုလားကြီးလည်း သုတ်သီးသုတ်ပျာ ပြေးလာပြီး သော့ခပ်ထားသော သံတံခါးကြီးကို မနိုင့်တနိုင် ဆွဲ၍ ဖွင့်ပေးလေ၏။

ကားနက်ကလေးသည် ကျဲဝင်းခြံကြီးအတွင်း အခေါက်ခေါက် အခါခါ ရောက်လာဘူးသည့်ပမာ ငြိမ့်ငြိမ့်ကလေး ဖွေကနဲ ဝင်ရောက်ခဲ့လေသည်။ သစ်ပင်တန်းကြီး

များတာရှောက် ပြေးလွှားနေသော ကားကလေးအပေါ်သို့ကား နေရောင် ပြောက်ကြားများက ရိပ်ကနဲ ရိပ်ကနဲ ဖြတ်သန်း နေကြလေ၏။

တိုက်ကြီးနှင့် မလှမ်းမကမ်းသို့ ရောက်လျှင်ပင် တိုက်ကြီး၏ ခြံစည်းဆီမှ တပြိမ့်ပြိမ့်လွင့်ပြီး ထွက်လာသော စန္ဒယားသံကို ကားမှ ဝေ့ကနဲ ကြားလိုက်ရလေသည်။

ထိုအခါ ကားနောက်ခန်းမှ ထိုင်နေကြသော မိန်းမပျိုသုံးဦးအနက် အလယ်တွင် ထိုင်နေသော မိန်းမပျိုကလေးက "ဦးလေးထွန်း ကားကိုစက်ပိတ်ပြီး ဒီအတိုင်း အသာကလေးလှိမ့်ပြီး ရပ်လိုက်ပါနော်" ဟု ပြောလိုက်၏။

ညာဘက်ဘေးမှ ထိုင်နေသော မိန်းမပျိုက စောစောက အလယ်လူမိန်းမပျိုကို နားမလည်သလို ကြည့်ပြီး မေးလေ၏။

"ဘာဖြစ်လို့လဲ .. အေးမေ"

"ဘာဖြစ်ရမှာလဲ ချိုတီ။ မကြားဘူးလား စန္ဒယားသံ"

"အင်း ကြားသားပဲ၊ အဲ့ဒါနဲ့ ကားစက်ရပ်နိုင်းတာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ချိုတီရဲ့, ဒါဟာ ဆရာ့ရဲ့ စန္ဒယားလက်သံပဲဖြစ်ရမယ်။ ဆရာဟာ တို့တတွေ စန္ဒယားတီးခိုင်းယင် ဘယ်တော့မှ တီးမပြဘူး။ ခုလို သူ့ဖာသာသူ တီးနေတုန်း တိုက်တံခါးဝကနေ အသာလေး သွားချောင်းနားထောင်ရအောင်လို့"

ထိုအခါကျမှ ဝဲဘက်ဘေးမှ ထိုင်နေသော အမျိုးသမီးက "အေးနော် .. ဒါမှ မိအေးမေတယောက် ဆရာ့လက်သံကို ချောင်းနားထောင်ပြီး အိမ်ရှေ့သံတံခါးကနေ

နားစွင့်ယင်း စွင့်ယင်းနဲ့ ခေါင်းကြီးပါအတွင်း ဝင်ပြီး ပြန်ထုတ်လို့ မရအောင် ညပ်နေမှ ဟုတ်မေ့ ဖြစ်နေမယ်။" ဟု ဝင်း၍ နောက်ပြောင်လေသည်။

"ဝေလွှင်နော်. . ဟင်း" ဟု အေးအေးမေက ကျေနပ်သော မျက်စောင်းကြီးထိုး၍ ပြန်ပြောလေသည်။

သုံးယောက်သား ကားပေါ်မှ ခြေကြွရုံကလေး လှမ်းဆင်းခဲ့ကြပြီး တိုက်တံခါးအနီး၌ ရပ်နေကြစဉ် စန္ဒယားသံသည်လွင်သည်ထက်လွင်ပြီး ကြည်လင်လာပေသည်။

သုံးဦးသားသည် တိုက်တံခါးဝတွင် အသာကပ်လျက် စန္ဒယားသံကို နားထောင်နေလေသည်။

"ပြုံမှာလေလား မိုးရဲ့ စိုးအောင်ခုပင် အမျှန် မောင် ဖန်အားလေတဲ့ အသွင် x လျှံရွှေစင် ပြုံးပြုံးပြက်လျှပ်စက်ရောင်ခြည်မှျင် x ဖျူဟာဆင် မိုးလုံးပြည့် တရွေ့ရွေ့ယူဆဲတွင်"

အတွင်းမှ စန္ဒယားသံ၏ အလိုက်ဖြင့် ဝေလွှင်က သီချင်းကို တိုးတိုးလေး ညည်းနေလိုက်သည်။ သူတို့ပြောနေကြသော ဆရာဆိုသူ တီးခတ်နေသော သီချင်းမှာလည်း ဂီတနက်သန် ကိုစောငြိမ်း၏ သီချင်းပင် ဖြစ်ပါသည်။

ထိုအချိန်တွင် မော်တော်ကား ဟွန်းသံတချက် ပွမ်ကနဲ ပေါ်လာပြီး စန္ဒယားသံလည်း ရုတ်တရက် တိတ်သွားတော့၏။ ကားဒရိုင်ဘာကြီးသည် လွတ်ရာကင်းရာ သစ်ပင်ရိပ်တခုတွင် ကားကိုရပ်ထားပြီး မိမိဘာသာ အေးအေးလူလူ ထိုင်နေရာက ဆေးပေါ့လိပ် မီးညှိသောက်ယင်း တံတောင်ဆစ်ဖြင့် ကားဟွန်းကို မတော်တဆ ထိမိသောကြောင့် ဤသို့ ဟွန်းသံမြည်သွားခြင်း ဖြစ်လေ၏။

မိန်းမပျိုသုံးဦးလည်း ဒရိုင်ဘာကြီးအား မကျေမချမ်းကြည့်လိုက်ပြီး မထူးတော့ဘူး ဟူသော သဘောမျိုးဖြင့် တိုက်တံခါးဝသို့ ထွက်လာကြလေ၏။ ထိုအချိန်တွင် လူရွယ်တယောက်သည် စန္ဒယားခုံပေါ်မှ ထလာပြီး တိုက်တံခါးဝသို့ပင် ရောက်ရှိလာရာ မိန်းမပျိုများကို တွေ့လျှင် "အော် . . လာကြကွယ်" ဟု ပြုံးချိုစွာ နှုတ်ဆက်ယင်း တံခါးကို ဖွင့်ပေးလေသည်။

တံခါးဖွင့်ပေးသူ လူရွယ်မှာ အသက်အားဖြင့် သုံးဆယ့်ခန့်ရှိမည်ထင်ရပြီး အသားဖြူဖြူ အရပ်မြင့်မြင့် နှာတံပေါ်ပေါ် မျက်လုံးမျက်ဖန် ကောင်းကောင်းနှင့် လူချော လူခန့်တဦး ဖြစ်သည့်အပြင် သူ၏ နူးညံ့သိမ်မွေ့သော သွားလာလှုပ်ရှားဟန်တို့မှာ ပညာတတ်တဦး၏ အသွင်ကို ဆောင်နေလေသည်။ လှိုင်းအိကလေးများ ထနေသော ဆံပင်ကို နဖူးတဝက်ဖုံးပြီး သေသပ်စွာ ဖြီးသင်ထားပုံမှာ အနုပညာ ဆန်လှပေသည်။

အေးအေးမေတို့ သုံးဦးလည်း ထိုသူအား ပြုံးပြ နှုတ်ဆက်လိုက်ကြပြီး ဧည့်ခန်းတွင်းသို့ ဝင်ခဲ့ကြလေ၏။

ဝေလွင်က ပြုံးစေ့စေ့ အမူအရာဖြင့် စကားစလေသည်။

"အေးအေးမေတို့ရဲ့ ကားဒရိုင်ဘာ ဦးလေးထွန်းကြီးကြောင့်ပေါ့ ဆရာရဲ့ နို့မို့ဆို ဆက်ပြီးနားထောင်ရအုံးမှာ"

အဆုံးအစ မရှိသော ဝေလွင်၏ စကားကြောင့် ဆရာဆိုသူက စန္ဒယား၏အဖုံးကို ပိတ်နေယင်းက "ဘာများလဲကွယ့်" ဟု မေးလေသည်။ ချိုတီက ဝင်ဖြေ၏။

"စောစောက ဆရာစန္ဒယားတီးနေတာကို ချိုတို့ တိုက်နံဘေးက ကပ်နားထောင် နေတာ အဲ့ဒါ ဦးလေးထွန်းက ကားဟွန်းတချက်တီးလိုက်တော့ ဆရာက စန္ဒယားအတီး

ရုပ်ပစ်လိုက်တာပေါ့ ဟုတ်တယ် မှတ်လား။"

"စန္ဒယားတီးတာများကွယ် အဆန်းမှတ်လို့"

"ဆန်းတာပေါ့ ဆရာရဲ့ ဆရာက စန္ဒယားတီးပြပါဆို အမြဲရှောင် နေတာကိုး"

ဆရာ ဆိုသူလည်း ပြုံးပြုံးကြီးသာ လုပ်နေတော့ကာ အနီးရှိ ကုလားထိုင်တွင် လွှာတင်ထားသော လည်ခေါင်းတုံးရှပ်အင်္ကျီကို အသာယူ၍ ဝတ်လိုက်ပြီး . .

"ကွယ် . . ဂီတ ဆိုတာ ခံစားလို့ရတဲ့ အချိန်ကလေးမှာသာ အဖိုးတန်တာမို့ ဆရာ့ခံစားချက် ရှိတုန်းကလေးမှာ တီးခတ်နေမိတာပါ။"

"အေးတို့တော့ ဂီတသံကြားယင် အမြဲတမ်းခံစားရတာပဲ ဆရာ၊ အထူးသဖြင့် King of Music (ဂီတများရဲ့ဘုရင်) ဖြစ်တဲ့ စန္ဒယားသံပေါ့"

အေးအေးမေက ဤသို့ စကား ဝင်ထွက်လိုက်ရာ ဆရာလည်း အေးအေးမေဘက်သို့ စူးရှသော အနက်အမိပွါယ်နက်ရှိုင်းသော အကြည့်ဖြင့် ကြည့်လိုက်ပြီး . .

"အေးက စန္ဒယားသံကို ချစ်သလား" ဟု မေးလေသည်။

"ချစ်တာပေါ့ ဆရာရဲ့။ အေးလေ .. အသံတကာ့ အသံတွေထဲမှာ စန္ဒယားသံကို အချစ်ဆုံးပဲ။ ပန်းတကာ့ပန်းထဲမှာတော့ ကံ့ကော်ပန်း၊ မော်တော်ကားထဲမှာတော့ တော့ဟမ်းဘား .. ပြီးတော့ . ."

ဤသို့ အေးအေးမေက ကလေးငယ်သဖွယ် မေးကလေးယိုင်၍ ပြောနေစဉ်

ပြောင်စ စ နိုင်သော ဝေလွင်ကပင် ဝင်၍ ထောက်ပြန်၏။

"လူတကာ့ လူထဲမှာကော"

"အို . . ဝေလွင်ကလည်း လူတကာ့ လူထဲမှာတော့ ဖေဖေနဲ့ မေမေပေါ့"

ဆရာသည် ဝေလွင့်ကို ပြုံးပြုံးကြီး ကြည့်လိုက်ပြန်ပါသည်။ ပါးစပ်အငြိမ် မနေနိုင်သော ဝေလွင်က ဆရာ့ကိုကြည့်ပြီး မေးပြန်လေသည်။

"နို့ ဆရာ ကကော..။ လူတကာ့လူမှာ ဘယ်လူကို အချစ်ဆုံးလဲ"

ဆရာသည် ပြုံးနေရာမှ မျက်နှာထား ပြောင်းသွားပြီး ဆွေးမြေ့ကြေကွဲသော အသွင်ကို ဆောင်လျက် ဖြည်းညှင်းစွာ ပြောလေသည်။

"ဆရာ့အနေကတော့ ဆရာ့မှာ မိဘမောင်ဘွားဆိုလို့ မရှိတော့လို့ ဆရာ့တပည့် တွေကိုသာ အချစ်ဆုံးပေါ့ကွယ်"

"တပည့်တွေထဲမှာကော" ဟူသော အတည်လိုလို အပျက်လိုလို စကားမျိုးကို ဆက်ပြောရန် မသင့်တော့မှန်း ဆရာ့ဆွေးမြေ့မျက်နှာက ပြဆိုနေသည် ဖြစ်ရာ၊ ဝေလွင်လည်း ဘာမှ ဆက်မပြောတော့ပဲ ငြိမ်သက်သွားလေ၏။

ဆရာဆိုသူသည် ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာဌာနမှ ဆရာဦးနှင်းဆွေ ဖြစ်ပါသည်။ လူပျိုကြီးဖြစ်လျက် မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားပြီးနောက် သုံးမကုန်နိုင်သော အမွေပစ္စည်းများနှင့် ကျန်ရစ်ခဲ့သူ ဖြစ်ပါသည်။ ကြီးတော်တော်သူ တယောက်၏ လူမှုရေးအတိမ်းအကွပ်ဖြင့် နေလာခဲ့ရ၏ တပေဂီတ လိုက်စားသူဖြစ်ပြီး။

**သူမောင်**

အလုပ်အားလျှင် ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်ကို အလွတ်ရသည်အထိ ကျက်မှတ်ယင်း စန္ဒယားကိုသာ ဘဝအဖော်အဖြစ် သတ်မှတ်နေထိုင်ခဲ့သူ ဖြစ်လေသည်။ ကြီးတော်ကြီးကိုသာ မိဘသဖွယ် မှတ်ယူပြီး ကျောင်းသားကျောင်းသူမှန်သမျှကို သားသမီးရင်းချာလို သဘောထားခဲ့သူဖြစ်၏။

ကုလားပြည်မှလာသော ခရုဝံဆီပ်လုံးခြည် ငါးပါး အရောင်ဖျော့တော့တော့များ၊ အင်္ဂလန်မှလာသော ကွမ်းရိုးစင်းချည်ထည်ရုပ်အင်္ကျီများနှင့် ကတ္တီပါဖိနပ်ကိုသာ အမြဲတန်းဆင်မြန်းတတ်ပြီး သွားလာလှုပ်ရှားမှုမှန်သမျှမှာ သူသင်ကြားပြသနေသော စိတ်ပညာကဲ့သို့ နူးညံ့သိမ်မွေ့ နေတတ်ပေသည်။

ငွေကြေးချမ်းသာသော စိတ်ကူးယဉ်သမားပီပီ ကျောင်းတော်ကြီး၏ သာရေးနာရေး ကိစ္စများတွင် ပါဝင်ခဲ့လှပြီး တယောက်ထည်းတည်း သူ့တိုက်ကြီးတွင် ဆွေးဆွေးမြေ့မြေ့သာ နေတတ်၏။ အချိန်အားရတိုင်း သူနှင့်ရင်းနှီးသော ကျောင်းသားကျောင်းသူများကို စာပေအကြောင်း ပညာရေးအကြောင်းများ ခေါ်ယူသင်ကြားပေးလေ့ရှိသည်။ သူ့ဘဝတွင် အဖော်မွန်ဆို၍ ကျောင်းသူ ကျောင်းသား စန္ဒယားနှင့် ကျမ်းပေါင်းများစွာသာ ရှိသည်ဟု သတ်မှတ်ထားသူလည်း ဖြစ်ပါသည်။

အေးအေးမေ၊ ဝေလွင်နှင့် ချိုတီ တို့အုပ်စုကိုလည်း အချိန်အားရလျှင် ရသလို ဖီလိုဆိုဖီ(အတွေးအခေါ်ပညာ) Buddhism (ဗုဒ္ဓဘာသာရေးရာ) နှင့်အခြားသော လူမှုရေးရာကိစ္စများကို ခေါ်ယူဆွေးနွေး သင်ကြားပေးလေ့ရှိ၏။ ကျောင်းသူကျောင်းသားများ သူ့ထံလာရောက်ချိန်တွင် သူမပြုသောအမှုကိစ္စ တခုသာရှိသည်မှာ စန္ဒယားတီးခတ်ခြင်းပင် ဖြစ်လေသည်။ သည်အကြောင်းအရာနှင့်ပတ်သက်၍ကား ဆရာကိုနှင်းဆွေသည် သူ့တသက်တာမှာတော့ဖြင့် မည်သူ့အားမျှ ပြောပြလိမ့်မည် မဟုတ်တော့ပါချေ။ ဒါကတော့ အတိတ်က သူပိုင်ဆိုင်ခဲ့သော လွမ်းမောဖွယ် အကြောင်းများသာ ဖြစ်ပါလိမ့်မည်။

ငွေလရောင်သာမောစွ ဆောင်း၏ညများတွင်တော့ ဆရာကိုနှင်းဆွေသည် ဝေလွင်ပြာရီသော ကောင်းကင်ပြင်ကြီးကို ငေးမောယင်း စန္ဒယားတီးခတ် နေတတ်ကြောင်းကိုကား တက္ကသိုလ်ကျောင်းတော်သူ ကျောင်းတော်သား တော်တော်များများက သိထားကြပြီး ဖြစ်ပါသည်။

စကားကြွယ်သော ဝေလွင်ကပင် ဆရာ၏ တိတ်ဆိတ်ငြိမ်သက်စွာ ပြုံးပြုံးကြီး နေခြင်းကို ပြောင်းလွဲပစ်လိုက်ပါသည်။

"ဆရာက စန္ဒယားကို သိပ်ချစ်တာပဲနော်"

"ဒီလိုပါပဲကွယ် ဆရာ့ဘဝမှာ ဂီတစာပေသာ အဖော်မွန်တွေ မှတ်လား"

"စောစောက ဆရာတီးနေတာ ကိုစောငြိမ်းသီချင်းနော်"

"ဟုတ်တယ် ကိုစောငြိမ်းဘဝဟာ ဆရာ့ဘဝလိုပဲလို့ ယူဆလို့ သူ့သီချင်းတွေကိုသာ ဆရာမက်မောခဲ့မိတယ်ကွယ်။"

"ဆရာဟာ ဘယ်လိုအချိန်တွေမှာ စန္ဒယားတီးသလဲဟင်"
ဆရာကိုနှင်းဆွေသည် စီးကရက်တလိပ်ကို မီးညှိပြီး အားပါးတရ ဖွာရှိုက်လိုက်ပြီး ဘယ်နေရာမှန်း သူကိုယ်တိုင်မသိနိုင်သော တနေရာဆီသို့ လွမ်းလွမ်းဆွေးဆွေး ငေးလိုက်ပါသည်။

"အေးကွယ် . . တွေတွေဖတ်ရတာများလို့ မျက်စိညောင်းတဲ့အခါ မျက်စိကို အနားပေးပြီး နားအရသာကနေတဆင့် နှလုံးသားဆီကိုတော့ ဟိုက စန္ဒယားလေးနဲ့ ပို့နေရတာပါပဲ တပည့်တို့ရယ်"

ဆရာ့ဆွေးမြွေသောစကားများသည် အေးအေးမေ၏နားမှတဆင့် နှလုံးသားဆီသို့ ဖောက်ထွင်းဝင်ရောက်သွားသလား ထင်မှတ်ရပေတော့သည်။

တကယ်တော့မူ အေးအေးမေတို့လို တက္ကသိုလ်ရောက်စ စိတ်လူးလွန့်စ အရွယ်တွင် ဆရာကိုနှင်းဆွေကဲ့သို့သော တည်ကြည်ခန့်ညားသည့် ဥစ္စာပေါ ရုပ်ချော ပညာတတ် ဆရာတဦးအား စိတ်ကစားကြည်သာမိမည်မှာ အပြစ်ဆိုဘွယ်ရာတော့ကား မဟုတ်တန်ရာချေ။

ဆရာသည် သူတို့အား ကျောင်းပညာရပ်သာမက အချိန်အားရလျှင် ရသလို အခြားအပြားသော လောကီရေးရာပညာရပ်များ၊ လောကုတ္တရာရေးရာ ပညာရပ်များကိုလည်း သင်ကြားပေးလေသည်။

ပရသမီ ရမတီမနော၊ စိတ်သည် မကောင်းမှု၌ ပျော်မွေ့၏။ ဟူသော လူနားလည်လွယ်သည့် ပါဠိစာပေများကိုလည်းကောင်း၊ NOTHING CAN BE MADE OUT OF NOTHING မရှိသောအရာထဲမှ မရှိတာကိုသာ ဖော်ထုတ်နိုင်သည်။ စသော ဒဿနိကဗေဒ ပညာရှင်တို့၏ အဆိုအမိန့်များကိုလည်းကောင်း၊ ဆရာ့ထံမှ အံ့ဘွယ်သရဲ နားဆင်ယင်း မှတ်သားခဲ့ရလေသည်။ နောက်ပြီးတော့ကာ အနောက်တိုင်း ဒဿနပညာ ဆရာများ၏ အတွေးအခေါ်များနှင့် အရှေ့တိုင်း ဘာသာရေးဆရာကြီးများ၏ အယူအဆများ တူညီနေတတ်ကြသည်ကိုလည်း ဆရာက နှိုင်းချိန်ပြတတ်လေသည်။

ဆရာသည် သူကိုယ်တိုင်စိတ်ကူးယဉ်တတ်သလောက် သူ၏လောကအမြင် တရား၌ကား ကြည်လင်ပြတ်သားသည့် သိပ္ပံနည်းကျတရားများကို ထင်လင်းစေသူသာ ဖြစ်လေသည်။

## သုမောင်

သည်တော့လည်း ဆရာကိုနှင်းဆွေလို လူမျိုးအဖို့ ကျောင်းသူလောက၌ ရေပန်းစားသည်မှာ အထူးအဆန်း မဟုတ်တော့ပါချေ။

သည်လိုကျောင်းသူမျိုးထည်းတွင် အေးအေးမေတယောက်လည်း ပါခဲ့လေသည်။ မိန်းကလေးများအဖို့ ရင်ဖိုဘွယ်ယောကျ်ားသားများသည် ဆရာ့လို အရာရာပြည့်စုံသူများ ဖြစ်နေတတ်သည်ကိုကား လောကကြီးက ငြင်းဆန်စရာအကြောင်းမရှိပါ။ ဒါကတော့ လူးလွန့်စ မိန်းမပျိုတို့၏ ဘာသာဘာဝမို့ တရားသည်ဟု ဆိုအပ်ပါသည်။

သို့ရာတွင် ချစ်ခြင်းဆိုသည်ကား ဤသို့ စိတ်ကစားခြင်းနှင့် မဆိုင်ပြန်ပါချေ။

အေးအေးမေသည် ဆရာ့အပေါ်၌ စိတ်ကစားမိ၊ စိတ်ကူးယဉ်မိသည်တော့ အမှန်ပင် ဖြစ်ပါသည်။ မိုးစက်မိုးငွေများ ဖြူးသွန်းစ၊ နှင်းမှုန်မှုန် သာမောစွ ညအခါမျိုး များတွင် ဝတ္ထုစာအုပ်များဖတ်ယင်းနှင့် ဆရာ့မျက်နှာကို မြင်ယောင်တတ်သည်လည်း မနည်းတော့ပါ။ မိန်းကလေးတစ်ယောက် ကဲ့သို့ပင် သွယ်ပြောင်းသော ဖယောင်းန လက်ချောင်းပိုင်ရှင် ဆရာသည် အိပ်မက်ထဲ၌ သူ့လက်မောင်းနုထွေးထွေးကို ဖေးကိုင် နေတတ်သည်မှာလည်း မကြာခဏပင် ဖြစ်တတ်လေသည်။

သို့သော် ချစ်ခြင်း၏အဓိပ္ပာယ်သည် ဤမျှနှင့်လုံလောက်ပြီ ဟူ၍တော့ကား တဖေပညာလိုက်စားသူ မိန်းမပျိုကလေး အေးအေးမေက ထင်မထားမိခဲ့ပါချေ။

မည်သို့ပင်ရှိစေ ဆရာ့အိမ်သို့ သူငယ်ချင်းများနှင့်အတူ မကြာခဏလာရောက်ပြီး ပညာဆည်းပူးရသည်ကိုတော့ကား ရင်ခုန်ကြည်နူးဘွယ်သော အဖြစ်ကလေးတဖြစ် အဖြစ် တမ်းတနေတတ်၊ မှန်းဆနေတတ်ပြန်သည်ကား မငြင်းသာပါပေ။

သုမောင်

ဆရာကိုနှင်းဆွေ ကိုယ်၌ကလည်း အေးအေးမေတယောက် သူ့အိမ်ရောက်လာလျှင် ရင်ခုန်နေ့းရတတ်ပြန်သည်။ ဟိုးယခင်က သူကြုံကြိုက်ခဲ့ရသော နှလုံးသားဝေဒနာတခုကိုလည်း ပုံပြင်သဖွယ် တသသရှိနေရာက ရုပ်ရှင်ဇာတ်ကား တကားကြည့်လိုက်ရသလို ခဏမျှ မေ့ထားတတ်နိုင်နေပြန်ပါသည်။

ဆရာ့အဖို့ရာ၌မူ အေးအေးမေစိတ်ကစားသလို စိတ်ကစားခြင်းမျိုး မဟုတ်တော့ပဲ ဘဝအတွေ့အကြုံ အချစ်၏ အတွေ့အကြုံပေါ်မူတည်ပြီး တစုံတရာသော အတိုင်းအတာအထိ လေးလေးနက်နက် စိတ်ကူးယဉ်နေတတ်ပေသည်။ သို့ရာတွင် ချစ်သူတစ်ယောက်အဖြစ် စဉ်းစားမိဖို့ရာကျတော့ကာ စိတ်ကူးရသည့်မျှကိုပင် သူ့ကိုယ်သူ . . ငါဟာ ဆရာတစ်ယောက်ပါလား ဟူသော အသိစိတ်သဘောစိတ်တို့အားဖြင့် မငံ့မရဲ ရှိနေပြန်ပါသည်။ တခါတရံတော့လည်း အသိပညာအတတ်ပညာတွေ ကျွမ်းပြီး စိတ္တဗေဒဆရာတဦး ဖြစ်နေရသည်ကိုပင် မိမိဘဝ မကျေမချမ်းဖြစ်ရသည်အထိ ဖြစ်လေသည်။

လသာသည့်ညချမ်းအခါများတွင် တိုက်နောက်ဘက် ဝရံတာသို့ထွက်ပြီး အင်းလျားကန်ကြီး၏ ရေပြင်ကိုကြည့်ရသောအခါ လှိုင်းဂယက်ကလေးများ တလွန့်လွန့်လူးနေသည့်ကြားက လမင်း၏အရိပ်ကို မြင်ရဘိသကဲ့သို့ အေးအေးမေအပေါ်ထားသော သူ့သဘောထားမှာ လမင်းအစစ်လည်းမဟုတ်၊ လမင်းအတုလည်း မဟုတ်ပါပဲလျက် လ၏အရိပ်မျှသာ ဖြစ်နေတတ်လေ့ရှိနေပါသည်။ ထို့ကြောင့်လည်း ဆရာသည် အေးအေးမေကို တွေ့သည့်အခါ၌ လ၏အရိပ်ကို မှန်ချပ်ဖြင့် ပြန်၍ပြဘိသကဲ့သို့ ပြုံးပြုံးကြီးသာလုပ်၍ နေတတ်ခြင်း ဖြစ်ပေသည်။ သည်အချက်ကိုလည်း အလွန်ပါးပါး လုပ်လုပ်ရှိသော ဝေလွင်က သိနှင့်ထား၏။ မှန်ဟူသောအရာသည် ပုံရိပ်ကိုပြောင်းပြန် ပေါ်ထင်စေသည်က လွဲလျှင် ရုပ်လုံးအတိအကျ ပေါ်ထင်စေသောအရာ ဖြစ်သည်မို့ ဝေလွင်တို့ကလည်း ဆရာ့အရိပ်အကဲကို ဖမ်းမိသည့်အားလျော်စွာ အေးအေးမေကို ဆရာနှင့်ကျီစယ်လေ့ရှိနေကြခြင်း ဖြစ်လေသည်။

သုမောင်

ဝေလွင်၏ အခ အနောက်ကို ခံရဖန်များတော့ အေးအေးမေမျှာမှာ မကြာခဏ ဆိုသလိုပင် မျက်ရည်နှင့်မျက်ခွက် ဝမ်းနည်းဝမ်းသာဖြစ်ရသည်မှာ အကြိမ်ကြိမ်ရှိပါပြီ။

ပြုံးပြုံးကြီးနေတတ်သော မှန်ပြင်ထဲက လမင်းကြီး ဆရာကိုနင်းဆွေနှင့် ပြုံးပြုံးကလေး နေတတ်သော အင်းလျက်ကန်ရေပြင်ထဲက လမင်းငယ်ငယ် အေးအေးမေတို့ နှစ်ဦး၏ လ နှစ်စင်းပုံပြင်ထဲတွင် အခက်အခဲဆုံး အကြောင်းတရား ရှိနေပြန်သည်။

အခက်အခဲဟု ဆိုရသော်လည်း လွယ်ကူစေသော အခက်အခဲမျိုးဟု၍လည်း ဆိုနိုင်ပါသည်။ အကြောင်းမှာ ဆရာကိုနင်းဆွေ၏ ကြီးတော်ဖြစ်သူ ဒေါ်သန်းတင်နှင့် အေးအေးမေ၏ မိဘများဖြစ်ကြသော ဦးဖေသန်း၊ဒေါ်ခင်ညိုတို့မှာ အားမနာပ ရင်းနှီးကြသော ငယ်မိတ်ငယ်ဆွေများ ဖြစ်ကြလေရာ လူကြီးချင်းအနေနှင့်ကပင် သူတို့နှစ်ဦးအား မသိမသာ စကားခေါ်ယင်း သဘောချင်း မျှနေသောကြောင့် ဖြစ်ပါသည်။ ဤသည်ကိုပင်လျှင် လွယ်ကူစေသော အခက်အခဲဟု ဆိုအပ်ခြင်းဖြစ်၏။

သူတို့နှစ်ဦးတကယ်တန်း နီးစပ်ကြဖို့ဆိုသည်မှာ ကာယကံရှင်များ၏ အရေးသည် အဓိကကျနေပါသည်။ ဆရာကလည်း သမားဂုဏ်ဖြပ်တည်းဟူသော အကာအရံကြီးကို မကျော်လွှားနိုင်သလို၊ အေးအေးမေကလည်း အချစ်ဆိုသောအရာကို ရေလည်စွာ နားမလည်သေး။ မီးကဲ့သို့ တို့ကစားရမည်ကို စိုးရိမ်နေသေး ဆိုဘိသကဲ့သို့ ဖြစ်နေကြလေသည်။

ဤသို့သော အခြေအနေမျိုးနှင့်ပင် တဦးအရိပ်ကို တဦးက အကဲဖမ်းလျက် နေလာကြသည်မှာ လပေါင်းအတန်ကြာခဲ့လေပြီ ဖြစ်ပါ၏။ သို့ရာတွင် ထိုအဆင့်မှ ရှေ့သို့ ဆက်ဖို့ရာကား ဘယ်ဘက်ကမျှ မကြိုးစားမိကြချေ။

သုမောင်

သို့ရာတွင် မနေ့ကတော့ အေးအေးမောက်ကစတင်၍ လှုပ်ရှားမိခဲ့လေသည်။ လှုပ်ရှားမိသည်ဆိုရာ၌ ဆရာနှင့်ပတ်သက်သော မေတ္တာတရား လှုးလွန့်ခြင်းတော့ကား မဟုတ်ပါချေ။

တိုက်ပုံအကျီအနွမ်းကလေးနှင့် အမြဲတန်းလိုလိုပင် နွမ်းနယ်နေဟန်ရှိသော တမျက်နှာလုံးတွင် တောက်ပြောင်ခြင်းဟူ၍ မျက်လုံးကျယ်ကြီး နှစ်လုံးသာရှိသော၊ ဆံပင်စုတ်ဖွား ပိန်ပိန်ပါးပါးနှင့် အလုပ်မှတပါး ဘာကိုမျှ အမှုထားဟန်မတူသော ကျောင်းသားတယောက်ကြောင့် အမျိုးအမည်မသိသော ဝေဒနာထူးတခုကို ခံစားယင်း ရင်ခုန်လှုပ်ရှားခြင်းကိုသာ ဆိုလိုပါသည်။

ထိုကျောင်းသားကား အခြားမဟုတ်။ မနေ့တုန်းက အေးအေးမေ၊ ချိုတီနှင့် ဝေလွင်တို့သုံးဦးသား မြန်မာစာအသင်းရှေ့တွင် ကားရပ်လျက် ထိုင်နေကြစဉ် ကျမ်းသစ္စာကျိန်ဆိုပွဲအတွက် ဗိတ်စာလာကမ်းသွားသော ကျောင်းသား ဗလပင် ဖြစ်ပါတော့သည်။

ပါးရိုးများကျပြီး မျက်တွင်းဟောက်ပက်အတွင်းမှ မျက်လုံးကျယ်ကြီးများဖြင့် အစ်ကိုကြီးတယောက်က ညီမငယ်တယောက်ကို ကြည့်သလို ကရုဏာတရား ခွင့်လွှတ်ခြင်း တရားအပြည့်ဖြင့် ကြည့်သွားသော ထိုကျောင်းသား၏ အကြည့်သည် ညကလည်း တညလုံး အေးအေးမေ၏ ရင်ကို လှုပ်ဆွသွားသလို ရှိခဲ့ပါသည်။

ယခုပင်လျှင် အေးအေးမေ၏ စိတ်သည် ထိုကျောင်းသားထံသို့ ဖြက်ကနဲ ရောက်သွားနေတတ်ပြန်ပါသည်။

သုမောင်

ဆရာ့မျက်နှာကို ကြည့်လိုက်မိသည့် အခါများတွင်လည်း ထိုကျောင်းသား၏ သွင်ပြင်နှင့် ဆရာ့သွင်ပြင် သူတို့နှစ်ဦး၏ စရိုက်ဘာဝ လေးနက်တည်ကြည်သော မျက်နှာထားများကို ယှဉ်၍တွေးနေမိသည်အထိ ဖြစ်ပါတော့သည်။

ဆရာသည် စာအုပ်ဗီရိုဆီသို့ထသွားပြီး ကျမ်းစာအုပ်ထူထူကြီးတအုပ်အား ဆွဲထုတ်ယူလျက် နေရာတွင် ပြန်ထိုင်လိုက်ပါသည်။

စာအုပ်ထူကြီးကို တရွက်ချင်းလှန်နေရာက သက်မှတ်ထားခဲ့ဟန်ရှိသော နေရာသို့ရောက်လျှင် ဒူးခေါင်းနှစ်ဘက်ပေါ်တွင် စာအုပ်ကိုဖြန့်ခင်းပြီး အသေအချာ ဖတ်ရှုနေပြန်ပါသည်။ ကျေကျေနပ်နပ်ကြီး ဖတ်ရှုပြီးခါမှ "ကဲ မင်းတို့မှာ မှတ်စုစာအုပ်တွေ ပါတယ်နော်။" ဟု မေးလေသည်။

မတိုင်ပင်ထားပါပဲလျက် "ပါ ပါတယ် ဆရာ" ဟု ပြိုင်တူ အသံထွက်သွားကြလေ၏။

"အေး . . ပါတယ်ဆိုရင် ဟော့ဒီ ဆရာမျဉ်းသားထားတဲ့ ပါဠိစာပုဒ်ကလေးကို ကူးယူလိုက်ကြ" ဟု ပြောပြီး ဆရာနှင်းဆွေက အေးအေးမေတို့သုံးဦးထံ စာအုပ်ကို ဖွင့်လျက်သား ပေးလိုက်လေသည်။

အဘိဝါဒန သီလိဿ
နိစ္စံ ဝုဍ္ဎာ ပစာယိနော
စတ္တာရော ဓမ္မာဝဍ္ဎန္တိ
အာယု ဝဏ္ဏော သုခံဗလံ။

သုမောင်

ဆရာမျဉ်းသားထားသော စာတန်းကလေးအား ကူးယူနေယင်းကပင် အေးအေးမေတို့သည် သည်နေ့ဆရာက ဘာသာရေးနှင့် သက်ဆိုင်သည်တို့ကို ဆွေးနွေးပြောဆိုတော့မည်ကို သိနှင့်နေကြလေသည်။

"ကူးပြီးပြီလား။ ဝုဇာ ကို သတိထားကူးနော်။ အဲဒါမှားတတ်ကြတယ်။ ဝလုံးတချောင်းငင် တရေးမှတ်ရေးချကို တရင်ကောက်နဲ့ ပတ်ဆင့်ခံရေးရတယ်။"

အေးအေးမေနှင့် ရိုဇတီကတော့ ဆရာပြောသည့်အတိုင်း မမှားကြပါ။ ဝေလွင်တယောက်သာ (ဍ) တရင်ကောက်နှင့် (ဋ္ဌ)တသန်လျင်းချိတ်ကို မှားရေးမိလေသဖြင့် ပြန်ဖျက်ပြန်ရေး လုပ်နေရသေးသည်။

သူတို့အားလုံး ကူးယူပြီးကြတော့မှ ဆရာကိုနှင်းဆွေက "ကဲ . . . အဲဒီပါဠိရဲ့ အဓိပ္ပာယ်ကိုကော နားလည်မိကြရဲ့လား"ဟု မေးလေသည်။

ထိုအခါ စကားသွက်သော ဝေလွင်ကပင် "နောက်ပိုင်းနားလေးတော့ သိတယ်ဆရာ" ဟု ဖြေ၏။

"ကဲ သိယင်လည်း သိသလောက်ပဲ ပြောပါအုံး"

"အင်း . . . အာယု ခွန်အားကြီးခြင်းတွေ၊ ဝဏ္ဏ အသက်ရှည်ခြင်း သုခ ချမ်းသာခြင်း ပြီးတော့ ဗလ အဆင်းလှခြင်း"

အေးအေးမေနှင့် ရိုဇတီတို့က ဤအဖြေပင်မဆည်နိုင်ပဲ ဝါးလုံးကွဲတမျှ ရယ်မောလိုက်မိကြလေသည်။

ဆရာကမူ ပြုံးရုံကလေးသာ ပြုံးလိုက်ပြီး "မဆိုးပါဘူးကွယ်။ တခုတလေတော့ မှန်ပါတယ်" ဟု ပြောလိုက်မှ ချိုတီနှင့် အေးအေးမေတို့လည်း ထပ်မံရယ်မော မိကြပြန်သည်။

"သုခ ချမ်းသာခြင်းဆိုတာတော့ မှန်တယ်ကွဲ့၊ အာယု၊ ဝဏ္ဏနဲ့ ဗလ က မှားနေတယ်။ အာယုဆိုတာ ခွန်အားကြီးခြင်းမဟုတ်ဘူး။ အသက်ရှည်ခြင်း။ ဝဏ္ဏက အဆင်းလှခြင်း၊ ဗလက ခွန်အားကြီးခြင်းလို့ အဓိပ္ပာယ်ရတယ်။ တပည့်က ရှေ့နောက်တွေ လွဲနေတာကိုး။ ဒါပေမယ့် အဲ့သလောက် မှတ်မိတာကိုပဲ ချီးကျူးပါရဲ့ကွယ်။" ဆရာက ဆက်လက်၍ ရှင်းပြနေပါသည်။

"စောစောက မင်းတို့ ကူးယူလိုက်တဲ့ ပါဠိစာပုဒ်ကလေးရဲ့ အဓိပ္ပာယ်ကတော့ ရတနာသုံးပါးအား ရှိခိုးလေ့ရှိသော သီလကျေးဇူးဖြင့် ကြီးသောသူကို ရိုသေလေ့ရှိသော သူတို့တွင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း ခွန်အားကြီးခြင်းဆိုတဲ့ ဂုဏ်လေးပါးနဲ့ ပြည့်စုံစေတယ်လို့ အဓိပ္ပာယ်ရတယ်ကွယ့်။"

အေးအေးမေတို့သုံးယောက်က လိုက်လံ၍ မှတ်ယူကူးယူထားကြလေသည်။

"ဒီပါဠိဟာ ဆုတောင်းခြင်း ဆုပေးခြင်း တမျိုးပဲ။ ဒီဘက်ခေတ်မှာတော့ တော်တော်ကြီး ရှားပါးသွားတယ်။ တပည့်တို့ ဝါကျွတ်တဲ့အခါ သက်ကြီးရွယ်အိုတွေကို လျှောက်ပြီးကန်တော့ဘူးတယ် မှတ်လား"

"ကန်တော့ပါတယ် ဆရာ"

"အဲဒီအခါ လူကြီးတွေက ဘာဆုများပေးသလဲ"

"မုန့်ဘိုးတွေပေးတာပေါ့ ဆရာရဲ့"

ဝေလွင့်စကားကြောင့် ဝါးကန် ပွဲကျရပြန်သည်။

"ဆရာပြောတာက ပါးစပ်က ဆုပေးတာကို ပြောတာ"

သည်တစ်ခါတော့ ချိုတီက ဝင်၍ ဖြေသည်။

"ကျမ်းမာ၍ ချမ်းသာပါစေ အသက်ရာကျော်ရှည်ပါစေ အိုအောင် မင်းအောင် ပေါင်းရပါစေ။ အဲ"

ချိုတီသည်လည်း စကားများပြန်လေသည်။ ဝေလွင်ကတော့ သည်တခါ ချိုတို့ အလှည့်မို့ အားရပါးရ ရယ်မောပစ်လိုက်တော့သည်။ ဆရာကတော့မှ သူ့အပြုံးကြီးနှင့်ပင် ခွင့်လွှတ်လိုက်ပြန်ပါသည်။

"ဒါပေါ့ကွယ် တချို့ လင်စုံမယားဖက်များ ကန်တော့ကြတဲ့အခါမျိုးကိုလည်း ချိုတီက တွေ့ဘူးမှာပေါ့။ ဘာပဲဖြစ်ဖြစ် ဒါဟာ တို့အမျိုးသား ယဉ်ကျေးမှုတရပ် ဆိုတာကိုတော့ တပည့်တို့ လက်ခံတယ် မှတ်လား"

"လက်ခံတာပေါ့ ဆရာ"

"အေး. . စောစောက တပည့်တို့ ကျူးယူလိုက်တဲ့ ပါဠိဆုတောင်းကလေးကတော့ ဟိုးရှေးရှေးဆရာတို့ရဲ့ အဘိုးအဘွားတွေ လက်ထက်က ကြီးသူကို ငယ်သူက ကန်တော့တဲ့အခါမှာ ပေးတဲ့ဆုတောင်း ဆုပေးပဲကွယ့် ဒီဘက်ခေတ်မှာလည်း အင်မတန် မြန်မာဆန်တဲ့ မိသားစုတွေ လူကြီးတွေဟာ ဒီဆုတောင်း ဆုပေးနည်းကို သုံးနေကြတုန်းပဲ။ ဒါပေမယ့် ဒီဆုပေးနည်းက ခုခေတ်မှာ ရှားပါးသွားပါပြီ။"

အေးအေးမေတို့လူစုလည်း သူတို့မှတ်စုစာအုပ် အတွင်း၌ လိုက်လံမှတ်ယူကြပြန်သည်။

"ကောင်းပြီ အဲ့သလို ဝါထွက်တဲ့အချိန် လူကြီးသူမတွေကို ဦးချကန်တော့လို့ လူကြီးသူမတွေက ဆုတောင်းဆုပေး ပြုတာဟာ ယဉ်ကျေးမှုဆိုတာ လက်ခံတယ်နော်။ အေး ယဉ်ကျေးမှု CULTURE ဆိုတာ ဆရာရှင်းပြမယ်။ . . ."

ဆရာသည် စီးကရက်တလိပ်ထုတ်၍ သောက်နေပြန်သည်။

"ဒီအပိုင်းက အရေးကြီးတယ်ကွယ့် ယဉ်ကျေးမှုနဲ့ရိုးရာ TRADITION နဲ့ဟာ တူမလိုလိုနဲ့ နည်းနည်းကွာဟချက်တွေ ရှိတယ်။ ဥပမာကွယ် စောစောကပြောတဲ့ တို့တတွေက လူကြီးတွေကို ကန်တော့တယ်။ သူတို့က ဆုတောင်းပေးတယ်။ ဒါဟာ ယဉ်ကျေးမှု။ ဘယ်လိုဆုမျိုးပဲပေးပေး ရိုးရိုးသာမန်အရပ်စကားနဲ့ပေးပေး ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါပေမယ့် ခုနကပြောသလို ဟိုးဘိုးဘွားဘီဘင်လက်ထက်က ဆုပေးနည်းနဲ့ပဲ ပေးမယ်ဆိုယင် အဲ့ဒါဟာ ရိုးရာဖြစ်သွားရော သဘောပေါက်ကြရဲ့လား"

"နည်းနည်းရှုပ်သွားသလိုပဲ ဆရာ" ဟု ဝေလွင်က ဝင်ပြော၏။

"ကဲ . .. ကဲ ဝေလွင်က ပစ်ချာသွားတာတို့ ပစ်ကနစ်ထွက်တာတို့ ဝါသနာပါတတ်တယ်ဆိုတော့ ဆရာက တခြားဥပမာတခုကိုပေးမယ်။ မင်းတို့သင်္ကြန်မှာရေပက်ခံထွက်ဖူးကြတယ် မဟုတ်လား။"

"ရေပက်ခံတော့ မထွက်ဖူးဘူး ရေပက်ဖူးတယ် ဆရာ"

"ထားပါကွယ်။ ဆရာပြောချင်တာက သကြန်ဆိုတာ တို့လူမျိုးရဲ့ ယဉ်ကျေးမှု မဟုတ်လား။ ရိုးရာယဉ်ကျေးမှုလို့လည်း ဆိုကြတာကြားဘူးမှာပေါ့"

"ဟုတ်ကဲ့ဆရာ"

"အေး . . သကြန်ကျတဲ့အခါ ရေပက်တာဟာ ဟိုးရှေးတုန်းကနေ ဒီနေ့အထိပဲ နော် အဲဒါဟာ CULTURE ယဉ်ကျေးမှုပဲ။ ရှင်းတယ်နော်။ ပြီးတော့ ရှေးတုန်းကတော့ ငွေဖလားမှာ ရေထည့် သပြေခက်ကလေးနဲ့ ရေဆွတ်ပြီး တောက် ကြတယ်။ ဒီဓလေ့ကို တို့ယနေ့အထိ လက်ခံကျင့်သုံးနေမယ် ဆိုပါတော့ကွယ်၊ ဒါကို TRADITION ရိုးရာလို့ ခေါ်ရတယ်။ ရိုးရာနဲ့ ယဉ်ကျေးမှုရဲ့ ကွာခြားပုံကို ရှင်းပြီလား။ "

"ရှင်းပါပြီ ဆရာ"

"ကောင်းပြီ အဲဒီမှာ အရေးကြီးတာတချက်ကျန်နေသေးတယ်။ အဲ့ဒါကတော့ CIVILIZATON ခေါ်တဲ့ ယဉ်ကျေးမှု တိုးတက်ပြောင်းလွဲခြင်းပဲ။ ဒါက ရုတ်တရက်ကြည့်ယင် ယဉ်ကျေးမှုနဲ့ ခပ်ဆင်ဆင် တူတယ်ထင်ရပေမယ့် သေသေချာချာ လေ့လာကြည့်တဲ့ အခါကျတော့ နည်းနည်းကွဲပြားနေပြန်ရော.. .."

ဆရာကိုနင်းဆွေသည် ကျောင်းဆရာဝါသသူ ဖြစ်ပါသည်။ သူသည် ကျောင်းသားများကို ဆက်တိုက် ဘယ်သောအခါမျှ သင်ကြားခြင်းမရှိပဲ တဆင့်ပြီးတဆင့် နားချိန်ပေးပြီးမှ သင်ကြားလေသည်။

ယခုလည်း စကားကို ခေတ္တရပ်ပြီး ကြီးဒေါ်ကြီးလာချပေးသော ကော်ဖီနှင့် မုန့်များကို စားသောက်ရန် အနားပေးထားလေသည်။ ခဏကြာမှ သူစကားကို ပြန်ဆက်ပါ၏။

"ကဲ .. တပည့်တို့ ယဉ်ကျေးမှုနဲ့ ရိုးရာကိုတော့ ခွဲခြား နားလည်ပြီနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဆီဗီလိုင်ဇေးရှင်းခေါ်တဲ့ ယဉ်ကျေးမှုတိုးတက် ပြောင်းလဲခြင်းဆိုတာက အဲ့ဒီယဉ်ကျေးမှုနဲ့ ရိုးရာပေါ်မှာ အခြေခံပြီး ဖြစ်လာတာပဲ"

အေးအေးမေသည် ယခုအချိန်တွင် မိမိတို့ကို ကြော်ငြာကမ်းသွားသော ကျောင်းသားကို လုံးဝသတိမထားနိုင်တော့ပဲ အစစအရာရာ ကျွမ်းကျင်သော မျက်နှာထားနှင့် အမှုအရာ သိမ်မွေ့သလောက် ပညာပေးရာ၌လည်း သိမ်မွေ့သော ဆရာကိုနှင်းဆွေကိုသာ အံ့ဩစွာ ငေးမောနေမိပြန်သည်။

"မင်းတို့ အလွယ်ကူဆုံး နားလည်နိုင်အောင် ပြောရယင်တော့ ခုနကပြောတဲ့ သကြဲန်နဲ့ပဲ ဥပမာပေးရမှာပဲ။ သကြဲန်ကျလို့ ရေပက်တာဟာ ယဉ်ကျေးမှု၊ ရွှေတုန်းက ငွေဖလားနဲ့ သပြေခက်နဲ့ ရေပက်တာကို ထိန်းသိမ်းတာက ရိုးရာအစဉ်အလာ၊ အဲ .. အဲသလို သပြေခက်နဲ့ တောက်ခါ တောက်ခါ ရေကစားရာက ခက်နဲ့တခါထဲလောင်း။ နောက် နှီးဆီခွက်စတဲ့ ခွက်နဲ့ပက်၊ အဲ့နောက် ခွက်ထက် ဝေးဝေးပြေးပြီး သေချာပေါက် ထိအောင်ပက်နိုင်တဲ့ ပြွတ်နဲ့ပက် ဒီနောက် ပြွတ်ထက်ပိုဝေးဝေးပြေးပြီး ပိုလည်းသေချာပြီး တကိုယ်လုံးလည်း ရွှဲရွှဲစိုသွားစေနိုင်တဲ့ မော်တာရေပိုက်နဲ့ ပက်တဲ့နည်းတွေ ပေါ်လာကြတယ် မဟုတ်လား။ အဲ့သလို ယဉ်ကျေးမှုဆိုတဲ့ ရေပက်ခြင်းကို ရိုးရာဖြစ်တဲ့ သပြေခက်နဲ့ ရေပက်ခြင်းကနေ တဆင့်ပြီး တဆင့် တိုးတက်ပြီး သိပ္ပံနည်းကျတဲ့ ပစ္စည်းတွေ သုံးလာခြင်းကိုတော့ ဆီဗီလိုင်ဇေးရှင်း ယဉ်ကျေးမှုတိုးတက်လာခြင်းလို့ ခေါ်တယ်။"

ကိုနှင်းဆွေသည် တပည့်မသုံးဦးကို အကဲခတ်လိုက်ပါသည်။ ဝေလွင်မှလွဲ၍ နားရှင်းသွားကြပုံရသဖြင့် ဆက်၍ရှင်းပြရပြန်သည်။

"နောက် ဥပမာတခု ပေးမယ်ကွယ် . . ဆရာတို့ မြန်မာလူမျိုးများဟာ တပါးနိုင်ငံကို မစော်ကားဘူး။ တနိုင်နိုင်ငံက စော်ကားလာပြီ၊ ကျူးကျော်လာပြီဆိုယင်လဲ ရောက်ရာက်ရေခမ်းတိုက်ထုတ် မောင်းနှင်ပစ်လေ့ရှိကြတယ်။ ဒါဟာ ဒီကနေ့ထိ ကျင့်သုံးနေတဲ့ တို့ရဲ့ ယဉ်ကျေးမှုတရပ်ပဲ။"

"စစ်တိုက်တာဟာ ယဉ်ကျေးမှုလား ဆရာ"

"ယဉ်ကျေးမှုဆိုတာ ယဉ်ကျေးသိမ်မွေ့သော အမှုလို့ ဆိုလိုဟန်ရှိပေမယ့် တသတ်မက် ယူဆလို့တော့ မရဘူးကွဲ့။ ဆိုပါစို့ .. ဆရာတို့မြန်မာတွေဟာ အနောက်တိုင်း ယဉ်ကျေးမှုဖြစ်တဲ့ ကိုယ့်ဇနီးနဲ့သူများခင်ပွန်း၊ ကိုယ့်ခင်ပွန်းနဲ့သူများဇနီး၊ မျက်စိရှေ့မှာတင် တွဲကကြတာတွေကို မဖွယ်မရာဘူး ယူဆပေမယ့် သူတို့အဖို့ကျပြန်တော့ ဒါဟာ ယဉ်ကျေးမှုပဲပေါ့ .."

"ဟုတ်တယ်နော် .. ဆရာ ။ ကျွန်မတို့ရဲ့အခြေခံယဉ်ကျေးမှုတခုဖြစ်တဲ့ ကံ့ငါးပါး အနက်က လူအရှုံ့မုန်းဆုံးဖြစ်တဲ့ ကာမေသုမိစ္ဆာစာရာ သူ့သားအိမ်ယာ ကျူးလွန်ခြင်း ဆိုတာကို အချို့နိုင်ငံတွေကျတော့ ရေသည်ကို အိမ်ရှင်က ဝတ်ပြုတဲ့ အနေနဲ့တောင် ကနေ့အထိ လက်ခံနေကြတုန်းပဲတဲ့။ ကျွန်မကြားဘူးတယ်။"

စကားပြောပြတ်သားသလောက် ပွင့်ပွင့်လင်းလင်းဆွေးနွေးတတ်သူ ရှိုတီက ဝင်ပြောလေသည်။ အေးအေးမေသည်လည်း ယနေ့ဆရာရှင်းပြသော အကြောင်းများနှင့် ပတ်သက်၍ အတော်ကလေးပင် နားဝင်နေပုံရလေသည်။ ဝေလွင်တယောက်သာ ယောင်ချာချာ ဖြစ်နေဟန်တူသည်။

ဆရာက စီးကရက်တလိပ်ထပ်ညှိယင်း စကားဆက်ပြန်သည်။

"စစ်တိုက်တာဟာ ယဉ်ကျေးမှုဟုတ် မဟုတ်ဆိုတာ တရားသောစစ် မတရားသောစစ် ဆိုတဲ့ပေါ်မှာ မူတည် စဉ်းစားကြရမှာပဲကွဲ။ ဆရာပြောချင်တာက တို့လူမျိုးဟာ ကျူးကျော်သူကို ဘယ်တော့မှ ခေါင်းငုံ့မခံပဲ ပြန်တိုက်တဲ့လူမျိုး၊ ဒါဟာ တို့ယဉ်ကျေးမှု အဲ ရှေးရှေးတုန်းက တောင်ရှည်ပုဆိုးကြီးတွေ ခါးတောင်းမြှောင်နေအောင် ကျိုက်ပြီး မွန်ဂိုတို့ တရုတ်တရက်တို့ အင်္ဂလိပ်တို့ကို ခုခံခဲ့ကြရာမှာ ငှက်ကြီးတောင်ဓါးကို သုံးခဲ့ပြီး. . အဲဒါဟာ . ."

ဆရာ့စကားမဆုံးခင်မှာပင် ကျောင်းစာကိုကျေလည်သွားသော ကျောင်းသားလေး များ၏ ရဲရင့်ခြင်းမျိုးဖြင့် အေးအေးမေက ဝင်၍ဖြေလေသည်။

"အဲဒါ . . . ရိုးရာပေါ့ ဆရာ"

"ကောင်းပြီ . . အဲသလိုကနေတဆင့် တဆင့်နဲ့ ဂျပန်တော်လှန်ရေး၊ ပြီးတော့ အင်္ဂလိပ်ကို မောင်းထုတ်တာ၊ ခုနောက်ဆုံး နယ်စပ်မှာ တရုတ်ဖြူ ကူမင်တန်အစိုးရရဲ့ ကျူးကျော်သူတွေကို တွန်းလှန်တဲ့အခါတွေမှာကျတော့ .. ဆရာတို့ဟာ သေနပ်မောင်းပြန် အပါအဝင် လေယာဉ်တွေ သံချပ်ကာကားတွေ သုံးလာနေကြပြီ။"

ဤတွင်မှအလွန်ပေါ့ပါးသွက်လက်သောလေသံဖြင့် ဝေလွင်သည် ကလေးငယ် တယောက်လို အားပါးတရ ဝင်ပြောလေ၏။

"ကျူးကျော်သူကို တွန်းလှန်တာဟာ ယဉ်ကျေးမှု၊ ရှေးအခါက ငှက်ကြီးတောင်ဓါး နဲ့ ခုခံတာကဟာ ရိုးရာ။ ငှက်ကြီးတောင်ဓါးကနေ တဆင့်ပြီးတဆင့်ပြောင်းပြီး ကျူးကျော်သူ တွေကို စက်သေနတ်နဲ့ တွန်းလှန်တာဟာ ဆီဗီလိုင်ဇေးရှင်း ယဉ်ကျေးမှုတိုးတက် ပြောင်းလဲခြင်း .. အဲသလို မဟုတ်လား ဆရာ ။"

ဆရာ ဝမ်းမြောက်သွားပါသည်။ အထူးသဖြင့် ဝေလွင်နားရှင်းသွားသောကြောင့် ပို၍ ဝမ်းမြောက်ရပါ၏။

ထိုအချိန်တွင် ချိုတီသည် တစုံတရာကို လေးလေးနက်နက်စဉ်းစားပြီး ဆရာ့အား မေး၏။

"ဒါနဲ့ ဆရာရယ်၊ ဒီတရုတ်ဖြူကျူးကျော်ရေးကောင်တွေ ကိစ္စကလည်း ဘယ်နဲ့ ဖြစ်နေတာတုန်း ခုအထိ တိုက်နေရတုန်းပဲလား"

ဆရာသည် အားလုံးထဲတွင် နိုင်ငံရေး၏ အရေးအခင်းကိုပါ စိတ်ဝင်စားပုံရသော ချိုတီကို ကျိတ်၍ ချီးကျူးမိလေသည်။ ဆရာက ရှင်းပြ၏။

"တနိုင်ငံနဲ့ တနိုင်ငံ စစ်မက်ဖြစ်ပွားဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်သလို ဖြစ်ပြီးယင်လဲ တော်တော်နဲ့ငြိမ်သတ်ဖို့ မလွယ်ဘူးကွဲ့။ ပြီးတော့ ဒီတရုတ်ဖြူတွေရဲ့ နောက်ကွယ်မှာလဲ အင်အားကြီးနိုင်ငံအချို့က ခေတ်မီလက်နက်ကြီးတွေကို မတရားသဖြင့် ထောက်ပံ့နေကြတယ်။"

"ကျွန်မတို့နိုင်ပါ့မလား ဆရာ"

"ကွယ် .. တရားတဲ့ဖက်က အမြဲတမ်းနိုင်တဲ့သဘာဝဟာ ရှိပြီးသားပါ။ နောက်ဆုံး တပ်မတော်နဲ့ မလုံလောက်ယင်လဲ တို့လို ပြည်သူလူထု ကျောင်းသူ ကျောင်းသားတွေကပါ နိုင်ငံတော်ကို ကာကွယ်ကြရမှာပေါ့"

"ကျွန်မတို့ နိုင်ရမယ် ဆရာ"

ဆရာသည် တပည့်များကို ကြည့်ယင်း ကြည်နူးမဆုံး ရှိနေပါတော့သည်။

ထိုအချိန်မှာပင် အိမ်ရှေ့တံခါးမကြီးဆီမှ မရဲတရဲ လှုပ်လိုက်ဟန်တူသော ခေါင်းလောင်းသံကလေး မြည်လာသဖြင့် ဆရာတပည့်လေးယောက်က ပြိုင်တူကြည့်လိုက်မိကြလေသည်။

အပြင်လောကဆီမှ နေရောင်သည် ကျဲကျဲတောက်ပူနေသည် ဖြစ်ရာ နေရောင်ကို ကျောပေးလျက် တံခါးဝတွင် ရပ်နေသူ၏ မျက်နှာကိုရုတ်တရက် ဖမ်း၍မရပဲ ရှိနေပေသည်။

အတန်ကြာမှ ဆရာကိုနှင်းဆွေသည် ထိုင်နေရာက ရုတ်တရက်ထလိုက်ပြီး "ဟာ" ဟူသော အာမေဋိတ်သံနှင့်အတူ သံတံခါးဆီသို့ အပြေးအလွှားသွားရောက်ပြီး တံခါးကို အူးလျားဖားလျား ဖွင့်ပေးလေသည်။

ဖွင့်ဖွင့်မေးမေးလည်း မေးလေသည်။ ဆရာ့ကိုကြည့်ရသည်မှာ ထိုသူနှင့် အတော်ကလေးပင် ရင်းနှီးကျွမ်းဝင်ပုံရလေသည်။

"လာဗျာ .. လာ .. လာ ၊ ဘယ်တုန်းက ပြန်ရောက်သလဲ"

ဆရာက ဝမ်းသာအားရ ကြိုဆိုသလောက် ထိုသူကမူ ဘာမျှမထူးခြားသလို တလှမ်းချင်း ဝင်လာပါသည်။ ဆရာ့အိမ်သို့ ဝင်နေထွက်နေကျလူ ဖြစ်သောကြောင့် ကိုယ့်အိမ်ကိုယ် ပြန်လာဘိသကဲ့သို့သာ ထင်ရပေသည်။

ထိုသူသည် ဆရာနှင့်အတူ ယှဉ်၍ ဆိုဖာပေါ်တွင် ထိုင်လိုက်ပြီးခါမှ အေးအေးမေတို့ လူစုဘက်သို့ တချက်မျှ အကဲခက်ယင်း ပြုံးပြနှုတ်ဆက်လေသည်။

သုမောင်

မှတ်ဆိတ်ကျင်စွယ်များ ရိတ်သင်ပြီးစ ပါးချောင် နားထင်နှင့် မျက်တွင်းကြီးများ ပေါက်ပက်ကျလျက်ရှိသော ထိုလူ၏ တမျက်နှာလုံးတွင် အထောက်အပြောင် အဖွံ့ဖြိုးဆုံး အရာဟူ၍ အရာဝတ္ထုတခုခုကို ဖောက်ထွင်းပြီး ကြည့်နေတတ်ဟန်တူသော မျက်လုံးရွဲကြီးများသာ ရှိလေသည်။

သူ၏စိတ်ဓါတ်နှင့် သတ္တိကို ဆန့်ကျင်လျက်ရှိသော ပိန်နွဲ့ကျုံ့လှီနေသော သူ့ရုပ်သွင်ကို ကြည့်ယင်းက အေးအေးမေသည် တကြိမ်တခါက မြင်ဘူးသော လူတယောက်ရယ်ဟု စဉ်းစားနေစဉ် . . ။

“ဟောတော့” ဟု ယောင်ယောင်ရမ်းရမ်း ထွက်ပေါ်လာသော ဝေလွင်၏အသံကို တအံ့တဩ ကြားလိုက်ကြရလေသည်။

လူရွယ်ကတော့မူ ဘာမျှထူးခြားသွားဟန်မပြပဲ အေးအေးမေကိုသာ ပြုံးပြီး တချက်မျှ စိုက်ကြည့်လိုက်ပါသည်။

ဝေလွင်က “ဟောတော့” ဟူ၍ ယောင်ယောင်ရမ်းရမ်း ခေါ်လိုက်မိခြင်းမှာ အခြားကြောင့်မဟုတ်။ ထိုလူရွယ်ကို မှတ်မိသွားခြင်းကြောင့်သာ ဖြစ်လေသည်။ ထိုလူရွယ်သည် မနေ့တုန်းဆီက သူတို့ထံလာ၍ ကျမ်းသစ္စာကျိန်ဆိုပွဲ ကြော်ငြာစာရွက် လာကမ်းသော ကျောင်းသားကြီးပင် ဖြစ်လေသည်။ ဝေလွင့်ခမျာမှာတော့မူ အတော်ပင် အနေရအထိုင်ရ ခက်သွားရှာပါသည်။ အကြောင်းမှာ ထိုစဉ် ကြော်ငြာစာရွက် လာကမ်းချိန်က ဝေလွင်က “ကန်တော့ပါသေးရဲ့” ဟု အမှားမှားအယွင်းယွင်း ပြောခဲ့မိခြင်း ကြောင့်ပင် ဖြစ်ပေသည်။

ချိုတီသည် မှတ်မိလျှင် မှတ်မိချင်း အနီးရှိ အေးအေးမေကို အသာအယာ လက်ကုတ်ပြလေသည်။ အေးအေးမေသည် အစတွင် ယောင်ပေပေ ဖြစ်နေသော်လည်း

တဖြည်းဖြည်းနှင့် ထိုကျောင်းသားကို မှတ်မိသွားတော့သည်။ ဆရာကတော့မှ တမျက်နှာလုံး ချောင်ကျနေသော ထိုကျောင်းသားကိုသာ ကရုဏာသက်စွာကြည့်ယင်း မေးလိုက်သည်။

"ကိုင်း ဆိုပါအုံး ကိုဗလ၊ ဘယ်တုန်းက ပြန်ရောက်သလဲ"

"ပြီးခဲ့တဲ့ အပါတ်တုန်းကပဲ ဆရာ"

ဆရာ၏ စကားသံကိုကြားလိုက်ရလျှင်ပင် အေးအေးမေနှင့် ချိုတီတို့မှာ ခစ်ကနဲ မသံမထွက်ရှိတမယ် ရယ်မိကြပြန်ပါသည်။ ဝေလွင့်ကတော့မှ ရှက်ကိုးရှက်ကန်းနှင့် ချိုတီ၏ ပေါင်ကို ဆွဲဆိတ်လေ၏။

ဤကဲ့သို့ဖြစ်ကြရသောအကြောင်းမှာ စောစောကလူကြီး သူမတို့၏ဆုပေးခြင်း ပါဠိကို ဆရာသင်ပြနေစဉ် "ဗလ .. အဆင်းလှခြင်း" ဟု ဝေလွင်က အမှားမှားအယွင်းယွင်း ပြောမိသည်ကို သတိရသွားသောကြောင့်သာ ဖြစ်လေသည်။

ထို့နောက်တွင်တော့ အသီးသီး မျက်နှာပိုးများ သတ်လိုက်ကြပြီး ဆရာနှင့် ကိုဗလတို့ စကားအရှီအရှ ပြောနေကြသည်ကိုသာ နားစိုက်ထောင်နေကြလေတော့သည်။

"ခင်ဗျားကို ကျောင်းက တနစ်ထုတ်ပစ်လိုက်တာကိုတော့ ကျွန်တော် သိလိုက်ပါတယ်။ ပါမောက္ခချုပ်ဆီကိုတောင်မှ ခင်ဗျားကိစ္စကို သက်ညှာဖို့ ကျွန်တော် သွားပြီးတောင်းပန်သေးတယ်"

"ကျေးဇူးပါပဲ ဆရာ"

"ပါမောက္ခချုပ်ကိုယ်တိုင်ကလည်း ခင်ဗျားမလွန်ဘူးဆိုတာကို သိထားပုံရတယ်။ ဒါပေမယ့် မိန်းကလေးအဆောင်အတွင်းမှာ ပြဿနာဖြစ်ရတာဆိုတော့ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို အပြစ်မပေးလို့ မရတဲ့ သဘောမျိုး ပြောတယ်။"

"မှန်ပါတယ်ဆရာ။ ကျွန်တော့်အပြစ်လည်း အများကြီး ပါ ပါတယ်။"

"ခင်ဗျားနဲ့ ပြဿနာဖြစ်တဲ့ အဆောင်မှူးသတင်းကော ကြားပြီးပြီလား။"

"ကြားခဲ့ပါပြီ ဆရာ။ ကိုညီထွန်းတို့ပြောပြလို့"

"ဒါပေါ့ဗျာ။ မမှန်တဲ့လူဟာ မမှန်ရာလမ်းကိုပဲသွားတာပေါ့။ ဒါပေမယ့် ခင်ဗျားအဖို့ ကျောင်းတော်ကြီးနဲ့ တနှစ်လောက် ကင်းကွာသွားရတာ နစ်နာတာပေါ့။ ကျောင်းစာတွေ လည်း နောက်ကျ"

"ဟုတ်တယ်ဆရာ။ ကျောင်းသားအရေးတွေနဲ့လည်း မျက်ခြည်ပျက်ခဲ့ရတာပေါ့။"

ဆရာကပြုံးလိုက်ပါသည်။ စီးကရက်နစ်လိပ် ထုတ်ယူလိုက်ပြီး နစ်လိပ်မှုးပင် မီးညှိလျက် ဇလကို တလိပ်ကမ်းပေးလိုက်၏။

"အင်း ခင်ဗျားကတော့ ကျောင်းသားကျောင်းသူတွေရဲ့ အရေးနဲ့ ပက်သက်လာယင် အမြဲတန်း အားတက်သရော ရှိနေတဲ့လူပဲ။ ဒါပေမယ့်ဗျာ"

ဆရာ၏စကား မဆုံးခင်မှာပင် ဇလက စီးကရက်ကိုဖွာရှိုက်နေယင်း "ခဏ" ဟူသောသဘောမျိုး လက်ကာပြလိုက်၏။

ဟုတ်ပါတယ်ဆရာ။ နိုင်ငံရေးနဲ့ ကျောင်းသားရေးကို ကျွန်တော်ခွဲခြားသိနေပါပြီ။"

ဆရာကိုနှင်းဆွေနှင့် ဗလကို ကြည့်ရသည်မှာ ဆရာတပည့်နှင့် မတူပဲ ကျောင်းနေဘက် သူငယ်ချင်းနှစ်ယောက်လို ဖြစ်နေသည်။ ဆရာက အတန်းကြီးသော ကျောင်းသားနှင့်တူပြီး ဗလက အတန်းငယ်သော ကျောင်းသားနှင့် တူပါသည်။

အေးအေးမေသည် ဆရာကိုနှင်းဆွေနှင့်ဗလကို ယှဉ်ပြီးကြည့်မိသည်။ ဆရာသည် ရုပ်ရည်သန့်ပြန့်သူ တစ်ယောက်ဖြစ်သည့်အပြင် အစားမှန်အအိပ်မှန်ဖြင့် ချမ်းချမ်းသာသာ နေရသူဖြစ်သောကြောင့် ပြည့်ပြည့်ဖြိုးဖြိုးရှိပြီး ကြည့်ကောင်းသူ တစ်ယောက်ဖြစ်သည်။ ဗလမှာမူ အလုပ်တစ်ခုတည်းကိုသာ စိတ်ဝင်စားဟန်ရှိသူပီပီ မျက်နှာများ ချောင်ကျနေသော်လည်း ကြည့်ပျော်ရှုပျော်ရှိသူ ဖြစ်လေသည်။ ဆရာကအသားဖြူပြီး ဗလက အသားညိုဏ်။ နာတံပေါ်ရာ၌ နှစ်ဦးစလုံးတူညီသော်လည်း နှုတ်ခမ်းပိပိပြားပြား ရှိရာ၌မူ ဗလက သာလွန်ပြန်သည်။ မျက်လုံးစူးရှတောက်ပြောင်မှု၌လည်း ဗလက သာလွန်ပြန်သည်။ သို့ရာတွင် အကြောင်းတရား တစ်ခုကို ဆုံးဖြတ်ရာ၌ကား စိတ်မြန်လက်မြန် ဂမူးရှူးတိုး လုပ်မည့်ပုံပေါ်နေပြီး ဆရာမှုကား အရာရာကို ပညာရှင်ဆန်ဆန် စဉ်းစား ချင့်ချိန်တတ်ပုံရနေပြန်သည်။

ထိုသို့လျှင် အေးအေးမေတယောက် ဆရာနှင့်ဗလနှိုင်းဆနေစိုက် ဆရာက စကားဆက်ပြန်သည်။

"ဒါနဲ့ ကိုဗလ အထဲမှာ ဘယ်လောက်ကြာခဲ့သလဲ"

"ခြောက်လ"

"ဒီကိစ္စကို ရိုးရိုးသားသားဝန်ခံရယင် ကျွန်တော် မသိခဲ့ဘူး။ တလောက ထွန်းသန်းသိန်းဆိုတဲ့ ကျောင်းသားတယောက် ကျွန်တော့်ဆီ တအုပ်လာရှာယင်း ခင်များအကြောင်း စကားစပ်မိတော့မှ သူပြောလို့ သိရတာ"

"အတွေ့အကြုံတခုရရုံပေါ့ ဆရာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကျွန်တော် တာဝန်ပျက်ကွက်ခဲ့တာကိုတော့ ခွင့်လွှတ်ပါ။ ခင်များကို ထောင်ဝင်စာလာမတွေ့မိတာလေ။"

"ဟာ .. ဒါ အရေးမကြီးပါဘူး ဆရာ။ အဆောင်က သူငယ်ချင်းတွေ နစ်ပတ်တစ်ခါ မှန်မှန်လာတွေ့ကြပါတယ်။ စားစရာ သောက်စရာဆိုတာ ဖောခြင်း သောခြင်းပါပဲ။ သူငယ်ချင်းတွေက သူတို့တက်နိုင်သလို ပဲကြီးလှော်ကအစ ငါးပိကြော် အထိ ပို့ပေးကြတယ်။"

"ဒါမှလည်း သူငယ်ချင်းလို့ ခေါ်နိုင်တာပေါ့ဗျာ။ အဲ .. ကျွန်တော်တော့ ခင်များ ထောင်ဝင်စာ တွေ့မယ့်နေ့တိုင်း ကျူတိုရီရယ်ရော၊ လက်ချာရော၊ ပရက်တီကယ်ရော သင်တန်းတွေ တသီကြီးရှိနေတာနဲ့ချည်း တိုက်ဆိုင်နေတာဗျ။"

"ဆရာ့စေတနာကို ကျွန်တော် နားလည်ပြီးသားပါ ဆရာရယ်"

ခဏကြာသောအခါ ဆရာသည် ဗလအား အေးအေးဆေးဆေးတို့နှင့် မိတ်ဆက်ပေးလေသည်။

"ကဲ .. တပည့်တို့ ဟော့ဒီ ကိုဗလဟာ ကျောင်းသားတယောက်သာ ဆိုပေမယ့် ဆရာတို့ကတော့ သူ့ရဲ့ပညာ၊ သူ့ရဲ့စိတ်ဓါတ်၊ သူ့ရဲ့သတ္တိနဲ့ ကျောင်းသား ကျောင်းသူတွေ

အပေါ်ထားတဲ့ စေတနာတွေပေါ်မှုတည်ပြီး ကျောင်းသားတယောက်လို မဟုတ်ပဲ မိတ်ဆွေတယောက် ရဲဘော်တယောက်လို သဘောထား ဆက်ဆံကြတယ်။ မင်းတို့ အနေနဲ့လည်း အစ်ကိုတယောက်လို၊ ဆရာတယောက်လို ဆက်ဆံနိုင်တယ်။ ကြားလား. .”

ဆရာ့စကားကို တပည့်သုံးဦးက ခေါင်းညိတ်ပြ နားထောင်နေစဉ် ဗလမှာ မနေတတ် မထိုင်တတ် ဖြစ်သွားရလေတော့သည်။ သူသည် ကျောင်းသူများရှေ့တွင် အရှိုးအမွှမ်းခံရခြင်းကို မခံနိုင်တတ်သူ ဖြစ်လေသည်။ ဆရာကတော့မှု တမင်တကာ မဟုတ်မှု၍ ရိုးသားစွာပင် ဗလကို ချီးမွှမ်းခန်းဖွင့်ပြီးနောက် ..

“ဒါနဲ့ ကိုဗလကို ကျွန်တော် မေးချင်တာ ရှိသေးတယ်။ စိတ်မဆိုးကြေးဗျ နော်”

“ဟာ .. ဆရာကလဲ မေးပါ။”

“ခင်ဗျား အခုအထိ ကြိုးတန်းပေါ်မှာ လမ်းလျှောက်တုန်းပဲလား”

သည်စကားနှင့်ပတ်သက်၍ မိန်းမပျိုသုံးဦးမှာ ဘာမျှ အဓိပ္ပာယ်မသိရှာပဲ ဆရာနှင့် ကိုဗလတို့ နှစ်ဦးတည်းသာ ရယ်မောပစ်လိုက်မိကြသည်။

ဗလသည် ကုန်လုကုန်ခင်ဖြစ်နေသော စီးကရက်တိုကို ဆေးလိပ်ပြာခံခွက် တည်းထည့်ပြီး ချေလိုက်ယင်းက ..

“ကြိုးတန်းပေါ်မဟုတ်ဘူး ဆရာ။ မြေညီးရိုးပေါ်မှာ ခွထိုင်နေခဲ့ရတာ” ဟု ပြောယင်း သူ့စကားကို သူသဘောတွေ့သလို ရယ်မောနေပြန်သည်။

“ဟုတ်တော့ ဟုတ်တယ်ဆရာ။ ကျောင်းရောက်စတုန်းကတော့ ကျွန်တော်

ကြိုးတန်းပေါ်ကို လမ်းလျှောက်တဲ့လူလို ဗယ်ဘက်ကိုကျမလား၊ ညာဘက်ကို ကျမလားဆိုတာ မသိခဲ့တာ အမှန်ပါပဲ။ နောက်တော့ ညာဘက်မှာရှိတဲ့ လူတွေကို အထင်မကြီးတာနဲ့ ဗယ်ဘက်ကလူတွေဆီမှာ တပည့်ခံခဲ့ရာက သူတို့လည်း ဘာမှမထူးဘူး ဆိုတာသိလာရတယ်။ သူတို့တွေဟာ တဘက်နဲ့တဘက် ရှာကြံပြီး မကောင်းသတင်း လွှင့်နေတာနဲ့ပဲ အချိန်ကုန်နေကြတယ်ဆရာ။ တက်တက်ကြွကြွရှိတဲ့ လူတွေကလည်း နှစ်ဘက်စလုံးမှာရှိတော့ ရှိပါရဲ့။ ဒါပေမယ့် ဘယ်ကနေတဆင့် ရောက်လာမှန်းမသိတဲ့ ညွှန်ကြားချက်တွေနဲ့ လမ်းမှားလိုက်နေတဲ့ လူတွေကလည်း မနည်းဘူး။ အခွင့်အရေး တခုခုရဖို့အတွက် မျက်ကန်းတစ္ဆေမကြောက် ဖြစ်နေတဲ့လူတွေကလည်း မရှားဘူး။ ဆရာရယ် .. ကျွန်တော်တော့ တော်တော့ကို စိတ်ကုန်မိပါရဲ့။ ဒါကြောင့် ခုတခေါက်ကို ကျောင်းကို ပြန်ရောက်တဲ့အခါ၊ ဆရာပြောသလို ကြိုးတန်းပေါ်လမ်းလျှောက်ရသလို ဗယ်ဘက်ကို ပြုတ်ကျမယ်မှန်းမသိတဲ့အလုပ်ကို မလုပ်တော့ပဲ။ ဘယ်သူနဲ့မှ မပတ်သက်တဲ့ မြစည်းရိုး အုတ်တံတိုင်းပေါ် ခွ ထိုင်နေပြီး နှစ်ဘက်စလုံးကို အပေါ်စီးကကြည့်တဲ့ အလုပ်မျိုးပဲ လုပ်တော့မယ် .. ဟား .. ဟား .. ဟား..”

ဗလကရယ်မောသလို ဆရာကလည်း ရယ်မောလိုက်ပါသည်။

အနီးတွင် ရှိနေသူ ဒေါ်အေးအေးမေတို့ လူသိုက်ကား နားလည်ကြဟန်မတူပေ။ သို့ရာတွင် ချိုတီတယောက်ကတော့ ရေးရေးမျှ သဘောပေါက်သလိုရှိနေ၏။

ဆရာကိုနှင်းဆွေနှင့် ဗလတို့သည် ရှေးဟောင်းနှောင်းဖြစ်များ၊ ထောင် အတွေ့အကြုံများကို ဆက်လက်ဆွေးနွေး နေကြလေသည်။

ထိုစဥ်တွင် ဝေလွင်သည် ပျင်းရိညည်းငွေ့လာဟန်ရှိသဖြင့် တပါးသူမသိအောင် လက်ကိုင်ပဝါဖြင့် ပါးစပ်ကိုအုပ်၍ သမ်းဝေလိုက်လေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆရာကသူ့ကို လှမ်းအကြည့်နှင့် ဆုံမိသဖြင့် ဝေလွင်မှာ ရှက်ကိုးရှက်ကန်း ဖြစ်ရ ပြန်လေသည်။ သည်တော့မှ ဆရာက “ကဲ.. ကဲ မင်းတို့လည်း ပျင်းကြရောပေါ့။

မြန်ချင်မြန်ကြလေ။ ဆရာတော့ မတွေ့ရတာကြာပြီဖြစ်တဲ့ ကိုဇလနဲ့ စကားပြော နေတော့မယ်။" ဟု ပြောလိုက်၏။

အေးအေးမေတို့သုံးဦးလည်း စာအုပ်စာတမ်းများကို အသီးသီးသိမ်းဆည်းလိုက်ပြီး နေရာမှ ထ လိုက်ကြသည်နှင့် ယုံကြည်ကိုးစားလွယ်တတ်သော မေလေ့ရှိသည့် ဝေလွင်က ဇလအား "သွားမယ်ဆရာ" ဟု နှုတ်ဆက်လေသည်။ ချိုတီကမူ "သွားပါဦးမယ် ရှင်" ဟုတ်နှုတ်ဆက်လိုက်ပြီး အေးအေးမေကတော့ကာ "သွားမယ် အစ်ကို" ဟု နှုတ်ဆက်လေ၏။ ဤသို့နှုတ်ဆက်စဉ် ဇလက ပြုံးပြုံးကြီးကြည့်လိုက်ရာ မိမိနှုတ်ဆက်ပုံ မှားယွင်းသွားလေပြီလား ဟူ၍ပင် မဆီမဆိုင် တွေးမိသေးတော့၏။

ထို့နောက် သူတို့သည် ဟမ်းဘားကားကလေး ရှိရာသို့ သုတ်သုတ်သုတ် ထွက်သွားကြလေတော့သည်။

ဆရာနှင့် ဇလတို့လည်း ဆက်လက်စကားပြောယင်း ကျန်ရစ်နေခဲ့၏။

သို့ရာတွင် ဇလ၏ စိတ်သည်ကား အေးအေးမေဆိုသူ မိန်းကလေးထံသို့ ပူးကပ်ပါသွားပုံ ရလေတော့သည်။

"ဘယ့်နယ်လဲ အေးမေ၊ ဘယ်တုန်းကများ အစ်ကိုတယောက် ရလိုက်တာလဲ၊ အစကပြောတော့ အေးမေမှာ ညီအစ်ကိုမောင်နှမ တယောက်မှ မရှိဘူးဆို"

ကားထွက်လျှင် ထွက်လာခြင်းပင် ချိုတီက ပြုံးစနဲ့နဲ့ လုပ်၍မေးလေသည်။ စောစောပြန်ခါနီး ဇလကို သွားမယ်အစ်ကို ဟု နှုတ်ဆက်မိခဲ့ခြင်းကို ရည်ညွှန်း၍ ကျီစယ်ခြင်း ဖြစ်လေသည်။

ဝေလွင်ကလည်း ဝင်၍နောက်ပြန်သည်။

"အစကတော့ အေးမေဟာ တမိပေါက်တယောက်ထွန်းပါပဲ။ ဒါပေမယ့် ဘင်္ဂလားက ပြန်လာကတည်းက အစ်ကိုတယောက် ပါလာတာတဲ့ ဟီး ဟီး"

အေးအေးမေသည် မည်သို့ပြန်ချေပရမည်ကို ရုတ်တရက် မစဉ်းစားတတ်သဖြင့် ချိုတီနှင့် ဝေလွင်၏လက်မောင်း နုနုကလေးများကို "ဒု" ကနဲနေအောင် လှမ်းထုလေသည်။ ထိုအချိန်မှာပင် ကားမောင်းနေသော ဦးလေးထွန်းက နောက်သို့လှည့်မကြည့်ပဲ ဝင်မေးပြန်သည်။

"ဟဲ့ ........ အေးမေရဲ့တသက်ရှိပါပြီကွယ်။ ငါသူတို့အိမ်မှာ ကားမောင်းလာတာ။ တခါမှ အေးမေ ဘင်္ဂလားသွားတယ်ရယ်လို့ မကြားမိဘူးပါဘူး"

ထိုစကားကြောင့် မပြုံးပဲနှင့် ဝါးလုံးကွဲ ရယ်လိုက်ကြသူများတွင် အေးအေးမေ ကိုယ်တိုင် ပါဝင်နေ၏။

ချိုတီက "အဲဒါပြောတာ မှတ်ဖူး ဦးလေးရဲ့၊ ဘင်္ဂလားမောင်နှမလို့ ပြောတာ" ဟု ပြောလိုက်၏။

သည်တော့မှ ဦးလေးထွန်းလည်း ကားကိုရုတ်တရက်စက်ရှိန် လျှော့ချလိုက်ပြီး

"ဟဲ့ .. ဟဲ့ အေးမေ ရည်းစားတွေ ဘာတွေတော့ ပညာသင်ချိန်မှာ မထားပါနဲ့ အုံးကွယ်။ ပြီးတော့ ညည်းဖေဖေသိသွားမှဖြင့် ဦးလေးထွန်းပါ အိမ်ပေါ်က ခေါင်းနဲ့ ဆင်းနေရပါအုံးမယ်" ဟုအလန့်တကြား ပြောလေသည်။

"ပေါက်ပေါက်ရှာရှာ ဦးလေးထွန်းရယ်။ စောစောကဆရာ့အိမ်ကို ကျောင်းသားကြီး တယောက်လာတယ်။ ဆရာက အေးမေတို့နဲ့ မိတ်ဆက်ပေးတာကြောင့် အစ်ကိုအရွယ်မို့ အစ်ကိုလို့ခေါ်မိတာကို ဒီ မိဝေလွင်တို့က ကျီစယ်ကြတာလေ"

"အေးပါကွယ်၊ ဘာပဲဖြစ်ဖြစ် ပညာသင်ချိန်မှာတော့ တခြားကိစ္စတွေ မစဉ်းစား ကြပါနဲ့အုံး။ ဦးလေးတို့ဆိုယင် ဘယ်လောက်ကံဆိုးသလဲ၊ စစ်ကြီးဖြစ်တာရော ဆင်းရဲနွမ်းပါးတာရောနဲ့ တန်းကောင်းပညာ မသင်ခဲ့ရပဲ ဘုန်းကြီးကျောင်း ပညာလေးနဲ့ပဲ တင်းတိမ်ခဲ့ရလို့ ကိုယ့်ဘဝကိုယ် နမြောလို့မဆုံးဘူး"

အေးအေးမေတို့လည်း ဦးလေးထွန်းစကားကြောင့် ဆက်လက်ကျီစယ်ခြင်းများ မလုပ်ကြတော့ပဲ အခြားသော အကြောင်းများကို ပြောဆိုနေကြလေတော့သည်။

၅

ကျောင်း၏သာရေးနာရေးကိစ္စများကို အခါမလပ် တက်တက်ကြွကြွ ဆောင်ရွက်သူ ဇလနှင့် အချိန်ရလျှင်ရသလို ကျူညီပိုင်းဝန်းတတ်သူ ချိုတီတို့သည် ကျောင်းချိန်၏ အပအချိန်များတွင် မကြာခဏဆိုသလို ဆုံတွေ့မိခဲ့ကြသည့်အလျောက် ချိုတီနှင့် တတွဲတွဲနေတတ်သော အေးအေးမေနှင့်လည်း မကြာခဏဆုံတွေ့ခွင့် ရသလို ဖြစ်နေပါသည်။

အေးအေးမေသည် ဇလကိုတွေ့ရသည့်အခါတိုင်း ဆံပင်စုတ်ဖွား၊ အကျီဖားလျား နှင့် ကိုးရိုးကားယားသာ ဖြစ်နေတတ်လေရာ အလှအပဆိုသည်ကို ယောကျ်ားတို့အတွက် အဆင်တန်ဆာဟု မသက်မှတ်ပဲ အလုပ်ကိစ္စ၌သာလျှင် အမြဲတစေ ဇွတ်နစ်လုပ်ကိုင် နေတတ်မည့် လူမျိုးဟူ၍ သတ်မှတ်ထားလေသည်။

သုမောင်

အသက်အရွယ်နဲ့မလိုက်အောင် လူကြီးဆန်နေတတ်ပြီး သူ့ကိုတွေ့လျှင်လည်း အစ်ကိုကြီးတယောက်က ညီမအထွေးဆုံးကို မြူးပြသကဲ့သို့ ပြုံးပြုံးကြီး လုပ်နေတတ်သည်မှာလည်း အေးအေးမေအဖို့ ရင်ခုန်စရာ ဖြစ်နေတတ်သည်။

ဇလသည် လူချောတယောက်တော့ကား မဟုတ်ပါချေ။ အသားညိုညက်ညက်နှင့် ကြည့်ပျော်ရှုံသာ ရှိလေသူဖြစ်၏။ ထူးခြားသည်မှာကား သူ၏ မျက်ခုံးကြီးများပင် ဖြစ်၏။ သူ့မျက်ခုံးကြီးများသည် လိုအပ်သည်ထက်ပို၍ ထူထဲပြီး မျက်ခုံးနှစ်ခုအကြားတွင် ဆက်လုမတတ် ဖြစ်နေ၏။ မျက်လုံးပြူးကျယ်ကျယ်ကြီးများသည် မျက်ခုံးများနှင့် အလွန်နီးကပ်သဖြင့်လည်း အမြဲတစေ မျက်မှောင်ကုတ်၍ စဉ်းစားနေပုံရသည်။

အထူးခြားဆုံးကား မည်မျှပင် အလုပ်ရှုပ်နေနေ၊ မည်မျှပင် ပင်ပန်းနေနေ မပျက်ပြယ်သော အပြုံးလွှင်လွှင်ကြီးပင် ဖြစ်လေ၏။

ထိုအပြုံးကြီးကပင်လျှင် အေးအေးမေ၏ နှလုံးသည်းပွတ်ကို ပွတ်သီးပွတ်သပ် လုပ်နေခြင်း မဟုတ်ပါလား။

နေ့နေ့ညညဆိုသလိုပင် အေးအေးမေသည် စိတ်ကူးရလျှင် ရသလို ထိုအပြုံးကြီးကို မြင်ယောင်နေတတ်လေ၏။

သည်ကြားထဲက ဝေလွှင်ကတမှောင့်။ ဝေလွှင်သည် ပေါ့ပေါ့ရှုပ်ရှုပ် နေတတ်သူဖြစ်၏။ ပေါ့ပေါ့ရှုပ်ရှုပ်ဟု ဆိုရာ၌ အေးအေးမေတို့ ချိုတီတို့လောက် လေးလေးနက်နက်မရှိခြင်း မျှကိုသာ ဆိုလိုပေသည်။ သူ့အတိုင်းအတာနှင့် သူတော့ဖြင့် တည်ငြိမ်ရှာပါသည်။

သို့ရာတွင် ဝေလွင်က ပါးစပ်သရမ်း၏။ အားမနာပ ပြောဆိုတတ်သလို ပြောလိုက်တိုင်းလည်း တလွဲသာလျှင် ဖြစ်နေတတ်လေ၏။

"ဟေး အေးမေ"

"အမလေး လန့်လိုကတာ ဝေလွင်ရယ်"

"လန့်မှာပေါ့ ဘာတွေတွေးနေမှန်းမှ မသိတာ"

"ဘာရယ်မဟုတ်ပါဘူးကွာ၊ ဟိုဟို သည်သည်ပါ"

"ဘာရယ်သာ မဟုတ်တယ် အတွေးရေယဉ်ကြောမှာ မျောနေလိုက်တာ မြူးလို့"

"အော် . . . ဒါကတော့ကွာ"

"ဒါကတော့ လုပ်မနေနဲ့ အေးမေ၊ ဟင်း . . . မြူးနေကတည်းက မြူးမြူးကြီးကို စိတ်ကူးနေတာမှန်း ဒီကလည်း သိလိုက်ပါရဲ့လေ"

ဤသို့ဖြင့် ဝေလွင်က မကြာခဏဆိုသလို ကျီစယ်တတ်သောကြောင့် 'ငိုချင်ရက် လက်တို့' ဆိုစကားကဲ့သို့ အေးအေးမေမှာ ထိုမြူးမြူးကြီးကိုပင် အစွဲအလန်းတခု ဖြစ်လာရပေတော့သည်။

နောက်ပြီးတော့ကား ဗလသည် သူ့ကိုဆက်ဆံသောအခါ၌ အမြဲတမ်းလိုလို အစ်ကိုကြီးတယောက်ကဲ့သို့ အထက်စီးမှနေ၍ တယုတယရှိနေပြန်ရာ အေးအေးမေ ခမျာမှာ အလိုလိုနေယင်း အားကိုးလိုစိတ် အားငယ်လိုစိတ်များ ဝင်လျက်ရှိနေပေသည်။

"အစ်ကို ခုလို ကျောင်းသားကိစ္စတွေကိုချည်း အမြဲလုပ်နေတော့ ကျောင်းစာ ကျက်ချိန်ရော ရှိသေးရဲ့လား"

တခါတရံတွင် အားငယ်သူတို့ သဘာဝအတိုင်း တပါးသူကို ဆရာလုပ်ကြည့် တတ်သည်နှင့်အညီ အေးအေးမေသည် ဇလကို ထိုသို့ပြောတတ်လေ၏။ ထိုအခါမျိုး တွင်လည်း ပြုံးပြုံးကြီးက ပြုံးပြုံးကြီးပင် လုပ်နေတတ်လေသည်။

"ကျွန်တော့်မှာ ကျောင်းစာဆိုတာကို ပန်းကလေးလို ပျိုးနေရမယ့် အလုပ်တခု အဖြစ် မသက်မှတ်ထားဘူး မအေးမေ၊ ပန်းဆိုတာ ဘယ်သူမှ မပျိုးပေမယ့်လည်း သဘာဝမှန်ကန်ယင် ပွင့်ရမြဲ မဟုတ်လား"

"အစ်ကိုပြောတာ အေး နားမလည်ဘူး"

"မဟုတ်ဖူးလေ မအေးမေရဲ့ . . ."

"ဟင် အစ်ကိုလည်း အမြဲတမ်းအဲသလိုပဲ၊ အေးကို ကိုယ့်ထက်ငယ်တဲ့ လူတယောက် အနေနဲ့သာ ဆက်ဆံပါလား မအေးမေတွေ ကျွန်တော်တွေနဲ့"

"တက္ကသိုလ်ကျောင်းတော်သူ ကျောင်းတော်သားမှန်သမျှ မိခင်တဦးက တပြိုင်နက်ထဲမှာ မွေးချလိုက်တဲ့ အမွှာညီအစ်ကိုမောင်နှမတွေနဲ့ သဏ္ဍာန်တူတယ် မဟုတ်လားဗျာ၊ တန်းတူ ဆက်ဆံရမှာပေါ့"

"အစ်ကိုဟာလေ စကားလည်း တတ်တယ်။ ကဲပါ ဒါနဲ့ ခုနကစကားဆက်ပါအုံး ဘာတဲ့ ပန်းကလေးတွေ"

သုမောင်

"အော် . .. ပန်းဆိုတာ ရေမြေသဘာဝမှန်ကုန်ယင် ပွင့်သလို ကျွန်တော့်အဖို့ ကျောင်းစာဆိုတာ .."

"ဘာလဲ ညက်ကောင်းပြီးသားမို့ စာကျက်ဖို့မလိုဘူးဆိုပါတော့"

"မဟုတ်ရပါဘူးဗျာ။ ကျွန်တော်ဆိုလိုတာက ကျွန်တော်ဟာ ပညာရပ်တခုကို လိုက်စားတဲ့အခါ အစအဆုံးအခြေခံကစပြီး တိတိကျကျလိုက်စားထားတော့ သပ်သပ် ကျက်မှတ်လေ့လာနေစရာ မလိုဘူးလို့ ပြောတာပါ။"

အေးအေးမေသည် နားမလည်သလို ခေါင်းလေးငဲ့ပြီး နားထောင်နေ၏။

"တကယ်တော့ဗျာ ပညာရပ်တခုကို အလွတ်ကျက်ပြီး လေ့လာလိုက်စားတာထက် တကယ့်အခြေခံကို မိမိရရသိဖို့ လှုဘာဝတခုလုံးနဲ့ယှဉ်ပြီးမှ လေ့လာတာက ပိုခက်ခဲပါတယ်။ အဲ .. .. ရှပြီ ဆိုယင်လည်း ဘာသာရပ်တခုသာမဟုတ်ဖူး။ ဘာသာရပ်ပေါင်းများစွာဟာ အလွယ်ကလေး ဖြစ်သွားတော့တာပါပဲ။ ဟို . . ကျွန်တော်ပြောတာ နားရှုပ်သလား"

"နည်းနည်းတော့ မရှင်းဘူး အစ်ကို။ ဒါပေမယ့် ရေးတေးတေးတော့ သဘောပေါက်တယ်။"

ပြုံးပြုံးကြီး လုပ်ပြန်ပါသည်။

ပြီးတော့ကျကာမှ ပြုံး၍ ဆက်ပြီး ရှင်းပြသည်။

"သဘောကတော့ ကကြီး ခခွေးသိယင် စာရေးဖို့မခက်သလိုပေါ့"

"ဟင် .. ပိုရှုပ်ကုန်ပြီ"

"ဒီလိုလေ .. ဟော့ဟိုးမှာ မြင်ရတဲ့ ဘွဲ့နှင်းခန်းမကြီးကို တွေ့တယ်မဟုတ်လား"

"တွေ့တယ်လေ"

"အဲ့ဒါကို ဘာနဲ့တည်ဆောက်ထားသလဲ"

"အုတ်တို့ သဲတို့ အင်္ဂတေ တို့နဲ့ပေါ့"

"ဒါဖြင့် ဟော့ဟိုးက ဂျပ်ဆင်ဟော(လ်)ကြီးကကော"

"အတူတူပေါ့"

"ကဲ အခြေခံကိုရယင် ပုံသဏ္ဍာန်နဲ့ အသုံးချပုံ အမျိုးမျိုးကို ရနိုင်တာပဲ မဟုတ်လား။"

ဤသို့လျှင်ပင် ဗလနှင့် အေးအေးမေတို့ဆုံကြတိုင်း အထက်ပါစကားမျိုးတွေကိုသာ ပြောဖြစ်ခဲ့ကြ၏။ သို့ရာတွင် အေးအေးမေသည် ဗလစကား၌နားဝင်ရှင်းသည် ဟူ၍ ဘယ်တော့ကမှ မရှိဘူးခဲ့ချေ။

နောက်ပြီးတော့လည်း အေးအေးမေ နားထောင်ချင်နေသည်မှာ ပညာရပ်ဆိုင်ရာ စကားများမဟုတ်ပါ။ ဦးနှောက်ဖြင့် တွေးခေါ်မြော်မြင်ရသော စကားမျိုးထက် နှလုံးသားဖြင့် ခံစားရသော စကားမျိုးကိုသာ ဗလထံမှ မျှော်လင့်နေခဲ့မိလေပြီ။

ခုတလောဆိုလျှင် အေးအေးမေသည် ဆရာကိုနှင်းဆွေကိုပင် တခါတရံမှသာ သတိတရရှိတတ်ပြီး ဆရာ့အိမ်သို့ပင် အရောက်အပေါက် နည်းပါးနေပြီဖြစ်၏။

သို့သော် ဗလဘက်ကမူ သူမျှော်လင့်ထားသလို ဖြစ်မလာပဲ တုတ်တုတ်မှ မလှုပ်ရှိလေ၏။

ဗလကို တွေ့လိုက်ပြီဆိုလျှင် အကြောင်းမဲ့ အနေအထားဖြင့် ဘယ်တော့မှ မရှိပဲ တစုံတရာသောကိစ္စဖြင့်သာ ရှိနေတတ်လေသည်။ အနည်းဆုံး သတင်းစာဖတ်လျက်တော့ ရှိနေတတ်သည်။

အေးအေးမေသည် ဗလအပေါ်၌ စိတ်ကစားမိသည်ကတော့ မှန်ပေမည့် ပါဝင်တတ်သော မိန်းမပျိုများတို့လို တော့ဖြင့်ကား ဆိုရှယ်ကျသည်မဆိုသာပေ။ အရွယ်အလျောက် စိတ်ကစားခြင်း၊ ယောက်ျားဆိုသည့် သတ္တဝါများအပေါ်၌ အားကိုးဖွယ် အထင်ကြီးဖွယ်အဖြစ် စိတ်ဝင်စားမိခြင်းမျှသာ ဖြစ်ပေသည်။

မိန်းမသားတယောက် ဖြစ်နေသောကြောင့်လည်း မြင်းကမှမလှုပ်ပဲလျက် ခုန်က လှုပ်ရမည်မှာ မသင့်လျော်သဖြင့် ဗလထံမှ တစုံတရာသော ခွန်းနှုတ်ချေလာမည့် အရေးကိုသာ ငေးမျှော်လျက် မိုးကိုမျှော်သော ဖားသူငယ်၏ အုံအင်သံ ကဲ့သို့လျှင် ရင်ခွင်လှုပ်ရှားခြင်းတည်း ဟူသော ကတုန်းကယင်သာ ဖြစ်လျက် နေရလေတော့သည်။

ဝုဒ္ဓမြတ်စွာဘုရား၏ တရားဦးဓမ္မစကြာ ဟောကြားတော်မူအပ်သော နေ့အဝင် လအထွက်၊ သို့တည်းမဟုတ် အပူနှင့်အအေး ညီမျှနေချိန်ကဲ့သို့ပင်လျှင် .. သို့သော် . . . ထိုသန့်စင်သော အချိန်မြတ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် လ အဝင် နေ အထွက် နံနက်စောစော နင်းမှုန်တို့ ဝေဝဲနေချိန်တွင် ဗလသည် အချစ်၏စေစားရာ စကားများကို အမှတ်မထင် ဆိုသလို ပြောကြားမိလေတော့သည်။

ယနေ့ အေးအေးမေသည် ကျောင်းသို့ စောစောစီးစီးပင် ရောက်ခဲ့လေ၏။ သူမမေမေက ယနေ့နံနက်စောစောတွင် သူတို့မိသားစုကိုးကွယ်သော ဘုန်းတော်ကြီး၏

ကျောင်းတွင် အရုဏ်ဆွမ်းကပ်လိုသောကြောင့် နံနက်ဝေလီဝေလင်းကတည်းက အိမ်မှ ထွက်ခဲ့ကြခြင်းဖြစ်၏။ ဘုန်းကြီးဆွမ်းကပ်၍ သီလယူပြီးသောအခါ မေမေ ဒေါ်ခင်ညိုနှင့် အတူ ကျောင်းဝင်းအတွင်း တံမြက်လှည်း မြက်နုတ် ပေါင်းသင်အလုပ်များကို ဒါနပြုရ သေး၏။

ထို့နောက်မှ အချိန်စောသေးသော်လည်း ကျောင်းသို့ထွက်လာခဲ့လေသည်။

ယနေ့နံနက်ပြုအပ်သော ဒါနအကျိုးသည် လိုရာဆုကို တလုံးတဝတည်း ချက်ချင်းလက်ငင်း ပြည့်စုံစေသည်လားတော့ဖြင့် မပြောတတ်ချေ။ အေးအေးမေ ကြားချင်နေသော စကားတစ်ခွန်းကို ဝလသည် ယနေ့နံနက် နှင်းမှုန်များနှင့်အတူ နွဲ့ပါးညင်သာစွာ ပြောဖြစ်လေတော့သည်။

အေးအေးမေသည် ကျောင်းဝင်းထဲရောက်တော့ ကျောင်းသူကျောင်းသားဟူ၍ မရှိသလောက်ပင် အချိန်စောလွန်းနေသေးသည်။ နှင်းထုကြောင့် နေရောင်ကလည်း မပွင့်တပွင့်သာ ရှိနေလေရာ စောသင့်သည်ထက်ပို၍ စောသလို ထင်နေရသည်။

အစတုန်းကတော့ဖြင့် နံနက်စောစော နှင်းသောသောဝယ် ကျောင်း၏ပရိဝုဏ် အတွင်း ဟိုဟိုသည်သည် ခံစားမှုလျှော်မည် ဟူသောစိတ်ကူးဖြင့် လာခဲ့သော်လည်း တကာယ်တန်း လူသူခြောက်သွေ့နေသည်ကို မြင်ရသောအခါ ကျောင်းတော်ကြီးသည် သာသာယာယာ မရှိတော့ပဲ ပျင်းရိဘွယ်ဖြစ်နေရ၏။

ထို့ကြောင့် ချိုတီတို့ ဝေလွင်တို့ရှိရာ ဝရံတာကြက်ခြေခတ်ရယ်နှင့် အင်းလျားသူ နေတဲ့အရပ် အင်းလျားဆောင်ဘက်သို့ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့လေသည်။

အဓိပတိလမ်းအတိုင်း ဘွဲ့နှင်းခန်းမဘက်မှ လျှောက်လာခဲ့သည်ဖြစ်ရာ

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရှေ့သို့ ရောက်လေလျှင် မိမိနှင့် မျက်နှာချင်းဆိုင်ဘက်မှ ခပ်သွက်သွက်ကလေး လျှောက်လှမ်းလာသော အမျိုးသားတယောက်ကို အမှတ်မထင် တွေ့ရလေ၏။

မိန်းကလေးတန်မဲ့နှင့်မို့ တချက်သာ ဂရုစိုက်လိုက်မိသည် မှန်သော်လည်း ထိုတခဏ အတွင်းမှာပင် ဆံပင်စုတ်ဖွား တိုက်ပုံအကျီဖားလျားနှင့် လုံချည်တိုတိုဝတ်၍ ခြေလှမ်းကျဲကျဲကြီး လှမ်းပုံကို သတိပြုလိုက်မိပါသည်။

မည်သို့ပင်ရှိစေ ခြောက်သယောင်းနေသော အမိတက္ကသိုလ် နယ်မြေကြီးကို ထိုလုလင်ပျိုက တပ်လှန့်နိုးလိုက်သလိုကား ခံစားရလေသည်။ တဆက်တည်းမှာပင် ထိုလုလင်ပျို၏ ရုပ်သွင်ကိုလည်း မှတ်မိဘူးသလိုလို ရှိသွားသည်နှင့် မျက်လွှာကလေးကို အသာပင့်ပြီး ဒုတိယအကြိမ် ကြည့်လိုက်မိသည်။

"ဟင်"

အေးအေးမေသည် အာမေဋိတ်သံကို တိုးညင်းစွာပြုလိုက်ပြီး လှမ်းလက်စ ခြေလှမ်းကို ယောင်မှား ရပ်တန့်မိမှာစိုး၍ မနည်းကြီး သတိပြုလိုက်ရသည်။

"ကိုဇလ"

လျှောက်လက်စ ခြေလှမ်းကို ကူးခြွေမပျက်ရလေအောင် သတိကြီးစွာထားပြီး ဆက်လိုက်ပြန်တော့လည်း ဇလ လာနေရာနှင့် မျက်နှာချင်းဆိုင် ဖြစ်နေပြန်ပါ၏။

ဇလကမူ တစုံတယောက်သောသူ မိမိရှေ့တူရူမှ လာနေသည်ကို သတိကလေးမှ ရပုံမပေါ်ချေ။ သူ့အတွေးနှင့်သူ ခေါင်းငိုက်စိုက်ချ၍သာ လာနေလေ၏။

မတတ်သာသည့်အဆုံး နှစ်ဦးသားမျက်နှာချင်းဆုံမိကာမှ "ဟော မအေးအေးမေ ပါလား" ဟု ပြုံးပြုံးကြီးက စတင်နှုတ်ဆက်လေသည်။

အေးအေးမေကလည်း သည်အခါကျမှ သတိထားမိသလို ဟန်အမူအရာလုပ်၍ တအံ့တသြပြန်လည် နှုတ်ဆက်လေ၏။

"မအေးအေးမေက ဒီနေ့ကျောင်းကို အစောကြီးလာတယ်လား"

"ဟုတ်ကဲ့ မေမေနဲ့အတူ မနက်က ဒီနားက ဘုန်းကြီးကျောင်းမှာ အရုဏ်ဆွမ်းကပ်ယင်းက လာတာမို့ပါ။"

"သာဓုပျာ .. သာဓု .. သာဓု ကုသိုလ်ရတာပေါ့"

"နို့ အစ်ကိုကကော"

"ကျွန်တော်က လာမဲ့ တနင်္ဂနွေမှာ ကျွန်တော်တို့ မြန်မာစာအသင်းက ကြီးမှူးပြီး လော့ကားကန်ဘက်ကို ပစ်ကနစ်(ပျော်ပွဲစား) ထွက်ကြမှာကို တညလုံး ပိုစတာတွေ ရေးကြ ကပ်ကြ လုပ်နေကြတာလေ"

"ဟင် ဒါဖြင့် ညက ကျောင်းမှာ အိပ်တာပေါ့"

ဗလက ဟက်ဟက်ပက်ပက် ရယ်လိုက်မိ၏။

"မအေးအေးမေက နောက်တတ်သားပဲ"

"အော် တညလုံး ပိုစတာတွေ ရေးနေပါတယ်ဆိုတဲ့ ကျွန်တော့်ကို ကျောင်းမှာ အိပ်သလားဆိုလို့ပါ။"

သည်တော့မှ သူ့စကားအမှားကို အေးအေးမေ သတိရလေသည်။

"ဆောရီး ဆောရီး ကျွန်မ စကား မှားသွားတယ်။"

"ကိစ္စမရှိပါဘူးလေ။ ရပါတယ်။ ဒါနဲ့ ခု ဘယ်ကိုသွားမှာလဲ .."

"အင်းလျားဆောင်ကိုပါ"

"မချိုတီတို့ဆီကိုလား"

"ဟုတ်ကဲ့"

"ကဲ .. ဒါဖြင့်လည်း သွားကြရအောင်"

"ရှင်"

" အော် .. ကျွန်တော်လည်း အင်းလျားလမ်းကပဲဖြတ်ပြီး ခြောက်မိုင်ဘက်ကို သွားမှာမို့ပါ။"

"အစ်ကိုက ခြောက်မိုင်မှာ နေတာလား"

"ဟုတ်တယ်။ အဲ့ဒီက သင်္ချိုင်းတကောက်ရဲ့ နောက်ဖေးတန်းလျားမှာ ဘော်ဒါဆောင်သဘောမျိုး ကျောင်းသားတွေကို အခန်းငှားတယ်လေ။ အိမ်ပြန်မရောက်တာ သုံးလေးရက်ရှိပြီမို့ အိမ်မှ ရှိပါသေးရဲ့လားလို့ ပြန်ကြည့်ရအုံးမယ်။"

သူ့စကားကို သူသဘောကျစွာ ရယ်၏။

"ဟင် .. အစ်ကိုက ကျောင်းမှာပဲ ညတိုင်း အိပ်၊ အဲ .. အလုပ် လုပ်နေတယ်ပေါ့"

"ဟုတ်တယ်။ တလောဆီက ကျောင်းပရိဝုဏ်ထဲ လာပြီး မဟုတ်တရုတ်လုပ်ကြတဲ့ ကျောင်းသားတချို့နဲ့ ပတ်သက်ပြီး ကျောင်းသားထုက ပြဿနာလုပ်မယ် တကဲကဲ ဖြစ်နေလို့ အားလုံး အေးအေးချမ်းချမ်းဖြစ်အောင် စီစဉ်စရာတွေကို ဥက္ကဋ္ဌက နေ့ရောညပါ လုပ်နေလေတော့ ကျွန်တော်တို့လည်း မအားရဘူးပေါ့"

အေးအေးမေသည် ဗလကို လေးစားသည်ထက် လေးစားစွာ ငေးကြည့်မိလိုက်လေသည်။ ပြီးမှ သူ့မျက်လုံးများကို အရှက်နိုးဖြင့် ဖုံးကွယ်ပြီး လမ်းဆက်လျှောက်လေ၏။

နစ်ဦးသား ကျောင်း၏အရေးအခင်းများကို ဆွေးနွေးယင်း လျှောက်လာခဲ့ကြရာ ပုဂံလမ်းထိပ်သို့ ရောက်မှ ဗလသည် စကားကို ဖြတ်တောက်လိုက်ပြီး လှမ်းလက်စ ခြေလှမ်း များကို တုန့်ကနဲ ရပ်လိုက်လေ၏။

"မအေးအေးမေ အင်းလျားဆောင်ကိုသွားမှာ အရေးကြီးတဲ့ကိစ္စ ရှိလို့လား"

"မရှိပါဘူး အစ်ကို၊ ဟို.. ကျောင်းဝင်းထဲမှာ ပျင်းခြောက်ခြောက်ရှိတာနဲ့ ချိုတီတို့ဆီ အလည်သွားရုံပါ။"

"ဒါဖြင့် ကျွန်တော်နဲ့ ဒီနားမှာရပ်ပြီး စကားနည်းနည်း ပြောကြရအောင်လား။"

တမနက်လုံး နှင်းတွေဝေနေအောင် ကျပါလျက် မချမ်းပဲ ခုကျခါမှ ကြက်သီးကလေးများ ကျောပြင်ပေါ်ဝယ် ဖျန်းဖန်းထ သွားသည်ဟု အေးအေးမေ ထင်မိလေသည်။

အေးအေးမေက ဘာမျှ ပြန်မပြောရသေးခင်မှာပင် ဗလက စကားဆက်လေ၏။

"ပြောလို့ ဖြစ်တယ် မဟုတ်လား မအေးအေးမေ .. ဟင်"

ယောင်ရမ်းပြီး ခေါင်းကို တွင်တွင်ညိတ်မိပြန်ပါသည်။ ဗလကမူ ပြုံးလက်စ ပြုံးပြုံးကြီးကို ပြုံပြင်လျက် တည်ငြိမ်လေးနက်သော သူ၏ မျက်လုံးကျယ်ကြီးများကို နဂိုရှိသည့်ထက်ပို၍ မျက်ခုံးမည်းကြီးများအနားသို့ တိုးကပ်လိုက်ပြီး .. အေးအေးမေကို စူးစိုက်ကြည့်လေသည်။ နေရောင်သည် ပျပျသာ လင်းသော်လည်း အေးအေးမေ၏ စိတ်ထဲတွင်ကား အနက်ရောင်အဆင်းရှိသော နေနစ်စင်းသည် ဗလ၏ မျက်နှာတွင် ထွန်းလင်းနေသည်ဟူ၍ပင် ထင်လိုက်မိပါသည်။

"ကျွန်တော်တခါက ပြောခဲ့ဘူးတဲ့ စကားတခွန်းကို မအေးအေးမေ မှတ်မိမလားတော့ မသိဘူး။ ဟို.. တက္ကသိုလ်ကျောင်းသား ကျောင်းသူ မုန့်သမျှဟာ မိခင်တဦးတည်းက တပြိုင်နက်မွေးထုတ်လိုက်တဲ့ အမြွှာညီအစ်ကိုမောင်နှမတွေနဲ့ .."

"ဟုတ်ကဲ့ မှတ်မိပါတယ် . . . "

"ဒါဟာ .. စကားအဖြစ် တင်စားပြောဆိုတာသာဖြစ်တယ် ဆိုတာကိုကော သဘောပေါက်တယ် မှုတ်လား။"

"ဟုတ်ကဲ့ပါ"

"တကယ်တမ်းကျတော့ အဲ့ဒီအတိုင်း ဘယ်မှာလာပြီးဖြစ်နိုင်ပါ့မလဲဗျာ။ လူသားတိုင်းက ကိုယ့်ဘဝကိုယ့်အခြေအနေနဲ့ ကိုယ့်ဟာသာ ရုန်းကန်နေကြရတာပါ။ ပြီးတော့ အဲ့ဒီ ကိုယ့်ဘဝနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ ဆန္ဒဆိုတာကိုလည်း ရှာဖွေနေကြတာပဲ မဟုတ်လား"

မသိသလို သိသလိုနှင့် အေးအေးမေက ခေါင်းညိတ်ပြလိုက်လေသည်။

"ဒါပေမယ့် လူသားတိုင်းမှာ ဘာအခြေခံမှ မလိုအပ်ပဲ ဘာပတ်ဝန်းကျင်ကိုမှ ဂရုမထားပဲ အချိန်အခါမရွေး ဖြစ်ပေါ်တတ်တဲ့ တူညီတဲ့ ဆန္ဒတခုတော့ ရှိပါတယ်လေ။ မအေးအေးမေ သိလား"

"ကျွန်မ မသိပါဘူး အစ်ကို"

သိလျက်နှင့် မသိပါဘူးဟု ငြင်းဆိုလိုက်ခြင်းသည် အပြစ်တခုများလားဟု ခုနတွင်ကမှ ငါးပါးသီလခံယူလာသော အေးအေးမေခမျာ ထိတ်လန့်သွားမိသေး၏။

"တကယ် မသိတာလား"

"တကယ်ပါရှင့်"

"ဒါဖြင့် ကျွန်တော် ပြောပြမယ်။ ဒါပေမယ့် စကားကြောက နည်းနည်းရှည်မှာမို့ ဂရုတစိုက်တော့ နားထောင်ပါ. . . . ဟုတ်လား"

"ဟုတ်ကဲ့ .. ပြော .. ပြောပါ"

ဇလသည် အေးအေးမေကို ပြုံးပြုံး ကြည့်လိုက်ပြန်သည်။ အေးအေးမေမှာ ထိုအပြုံးကြီးကို ရင်မဆိုင်ရဲသဖြင့် မျက်လွှာချနေရသည်။ သည်တော့မှ ဇလက တလုံးချင်း ပြောလေသည်။

"ကျွန်တော် မအေးအေးမေကို ချစ်တယ်"

ဣတ္ထိယ မိန်းမတို့၏ စောင့်ထိန်းအပ်သော သဘာဝကြောင့်ပင် ဖြစ်သည်ဟု ဆိုရပေတော့မည်။ အေးအေးမေသည် ဇလကို လုံးဝအဖြေမပေးပဲ 'ကျွန်မ စဉ်းစားပါရစေအုံး' ဟူသော မတိကျသည့် စကားမျိုးကိုသာ ပြောလေသည်။

သူတို့နှစ်ယောက် အင်းလျားလမ်းထိပ်သို့ ရောက်ကြသောအခါ၌မူ အယုံအကြည် လွန်ကဲသူတို့၏ သဘာဝဖြင့် နိမိတ်ဟု ဆိုရမည်လားတော့ဖြင့် မပြောတတ်ချေ။ တိုက်တိုက်ဆိုင်ဆိုင် အဖြစ်အပျက်တခုနှင့် ကြုံကြိုက်ရလေတော့သည်။

နံနက်စောစောအိပ်ရာမှထ၍ ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်လာသော ဆရာကိုနှင်းဆွေနှင့် ပက်ပင်းဆုံမိကြခြင်းပင် ဖြစ်လေတော့သည်။

ဆရာသည် ဇလနှင့် အေးအေးမေတို့ကို တွေ့ရသောအခါ ဘာမျှ မထူးခြား သလိုပင် ပြုံးပြနှုတ်ဆက်လေ၏။

"ကိုဇလတို့ ဘယ်ကလာကြသလဲ။ စောစောစီးစီးပါလား"

နှစ်ယောက်စလုံး ရှက်လက်စ မျက်နှာပိုးများကို သတ်လိုက်ကြရလေ၏။

"ဒီလိုပါပဲ ဆရာ၊ ကျွန်တော်က ပစ်ကနစ်ပိုစတာတွေ ရေးချွတ်ရာက အပြန် သူကလည်း ကျောင်းစောစော ရောက်တာနဲ့ စကားလက်ဆုံ ကျနေကြတာပါ။"

ဆရာသည် သူ၏ ဘောင်းဘီတိုပွပွကြီး အတွင်းမှ မျက်နှာသုတ်ပဝါ အသေးစားလေးကို ထုတ်၍ မျက်နှာနှင့် လည်ပင်းမှ ချွေးစေးများကို သုတ်လိုက်ပါ၏။

"အင်း .. ခင်ဗျားမလည်း ကျောင်းသားကိစ္စတွေနဲ့ချည်း အချိန်ကုန်တော့ တာပါပဲဗျာ"

အေးအေးမေသည် ဆရာနှင့်ကိုဗလကို တလှည့်စီသာ ငေးကြည့်နေမိ၏။

"ကျောင်းသားအရေးကို ကျောင်းသားတယောက်က တက်တက်ကြွကြွ လုပ်ဆောင်တာတော့ ဝမ်းသာပါဗျို့၊ ဒါပေမယ့် . ."

ဆရာကိုနှင်းဆွေက စကားမဆက်သေးပဲ အသင့်ပါလာသော စီးကရက်ဗူးကို ထုတ်၍ ဗလကို တလိပ်တည်လေသည်။

"ပြောပါ ဆရာ"

"ဒေးဗျာ ခင်ဗျားကို ပညာရေးပိုင်းနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်က စိတ်ချပြီးသားပါ။ ခင်ဗျားဟာ ဦးနှောက်အင်မတန်ကောင်းတဲ့ လူတစ်ယောက်ပဲ၊ ဒါပေမယ့် ကျောင်းသားအရေးကို ဆောင်ရွက်ရာမှာ.. "

ဆရာ၏ စကားမဆုံးခင်မှာပင် ဗလကဖြတ်၍ ဝင်ပြောလေသည်။

စဉ်းစားစေချင်တယ်။ ကျွန်တော်ကလည်း အလေးအနက်စဉ်းစားပြီးမှ ပြောတာပါ။ ကဲ .. ကျွန်တော် သွားမယ်။"

ဗလသည် ပြောပြောဆိုဆိုပင် အေးအေးမေအပါးမှ ခွာလျက် ခြေလှမ်းကျဲကြီးဖြင့် အင်းလျားလမ်းအတိုင်း ဆက်လျှောက်သွားပြန်လေတော့သည်။ အေးအေးမေကမူ ဗလ၏ ကျောပြင်ကို ငေးမောကြည့်နေယင်းက တစုံတရာကို သတိရသွားဟန်ဖြင့် စောစောက သူတို့လျှောက်လာခဲ့ရာ လမ်းဘက်သို့ သမင်လည်ပြန် ကြည့်လိုက်လေ၏။

ထိုအခါ၌မူ နှင်းမှုန်များအကြားတွင် စီးကရက်ကို အားပါးတရာဖွာရှိုက်ယင်း မိမိတို့ဘက်သို့ မျက်နှာမူလျက် ငူငူငေးငေးရပ်လျက်ရှိနေသော ဆရာကိုနှင်းဆွေ ကို တွေ့လိုက်ရပေသည်။

အေးအေးမေသည် သက်ပြင်းရှည်ကြီးကို ဟင်းကနဲ ချက်လိုက်ယင်း အင်းလျားဆောင် ဝင်ဂတ်သို့ ဝင်ရောက်ခဲ့လေသည်။

သူချလိုက်သော သက်ပြင်းသည် ဗလအတွက်လား ဆရာ့အတွက်လား ဆိုသည်ကိုတော့ သူသာလျှင် သိနိုင်လေလိမ့်မည် ဖြစ်ပါသတည်း။

၆။ ။

အေးအေးမေသည် ဆရာကိုနှင်းဆွေအိမ်သို့ ယခင်အခါများကလို မကြာမကြာ မရောက်ဖြစ်ပါတော့ချေ။ တတ်နိုင်သမျှ ရှောင်ရှားနေခဲ့၏။

"မင်းဘာဖြစ်နေသလဲ အေးမေ၊ ဆရာ့အိမ်သွားမယ်ဆိုတိုင်း မလိုက်ဖြစ်တာ များတယ်"

ချိုတီက မေးသောအခါ..

"ဘာရယ်မဟုတ်ပါဘူးကွယ် အလျဉ်းမသင့်လို့ပါ" ဟု၍သာ ဖြေဖြစ်ခဲ့သည်။

မည်သို့ပင်ရှိစေ ဆရာ့အိမ်ဘက်သို့ ခြေဦးမလှည့်ဖြစ်တာကိုတော့ကာ ချိုတီတို့ ရိပ်မိသည်အထိပင် သိသာစေလေသည်။ အီးပေါ်လော ဝေလွင်ကြီးကတော့ ဘာမျှမသိရှာ။

ချိုတီသည် အလွန်လျင်မြန်ပါးလှပ်သည်။ မျက်ရိပ်မျက်ခြည် ကြည့်ရုံနှင့် အတွင်းစိတ်ကို ခန့်မှန်းနိုင်တတ်သူ ဖြစ်သည်။

အေးအေးမေ ကျပြန်တော့လည်း ပေါပေါအအကြီး မဟုတ်သော်လည်း ရိုးသည်။ သူ့လှုပ်ရှားမှုမှန်သမျှက သူ့စိတ်နှင့် တထပ်တည်းကျနေတတ်သည်။ ဟန်ဆောင်၍မရ။ ဒါကြောင့်လည်း ချိုတီက အေးအေးမေကို ချစ်ခြင်းဖြစ်သည်။ သည်တော့ကာ ချိုတီက အေးအေးမေကို အမြဲတစေ ဆိုကောင်းတိုင်ပင်တတ်လေသည်။

တိုင်ပင်တတ်သည် ဆိုခြင်းထက် သူက ဆုံးမသွန်သင်ခြင်းက ပိုပါသည်။ ဒါကတော့ နည်းလမ်းလည်းကျပေသည်။ ပညာရေးမှာရော ဦးနှောက်ပိုင်းဆိုင်ရာ အတွေးများရော၊ သတ္တိအရာမှာရော တက်တက်ကြွကြွနှင့် ကျောင်းသားအရေး ဆိုင်ရာမှာရော ချိုတီက သာသည်။ အလှအပနှင့် သိမ်မွေ့နူးညံ့မှု ရိုးသားဖြူစင်မှုမှာတော့ အေးအေးမေသည် တကျောင်းမှာ တယောက်ဟု ဆိုလောက်ပေသည်။

ကျောင်းသားအရေးနှင့်ပတ်သက်၍ သာရေးနာရေးကိစ္စများကို မိမိနှင့်မဆိုင်သလို နေတတ်သော အေးအေးမေကိုလည်း ချိုတီကပင် စည်းရုံးပြီး စိတ်ဝင်တစား ရှိလာစေခဲ့သည်။ ခုဆိုလျှင် အေးအေးမေသည် မြန်မာစာအသင်းတွင် အတော်အတန်

လှသိမ်များသော ကျောင်းသူတဦး ဖြစ်နေပေပြီ။ ချိုတီတို့လောက်တော့ဖြင့် သူ့ ဇက်ရဲ လက်ရဲ မတက်ကြွနိုင်သေးချေ။

မည်သို့ပင်ရှိစေ မြန်မာစာအသင်း၏ သာရေးနာရေးပျော်ပွဲရွှင်ပွဲ ကိစ္စများတွင် ပါဝင်တတ်လာခြင်းသည်ပင် ဇလနှင့်အနေနီးနိုင်ရန် အခွင့်အရေးတရပ် ဖြစ်ပေါ်ခြင်းဟု ဆိုရပေမည်။

ဒါကိုလည်း ချိုတီက ရိပ်စားမိဟန်တူသည်။ အားကစားနှင့် နေ့ညစွာမှလွဲ၍ ဘက်စုံတော်သော ဇလကို အေးအေးမေနှင့်သူ မကြည်ဖြူစရာမရှိချေ။ သို့သော် . . . အေးအေးမေကမူ ယနေ့အထိ တလုံးတပါဒမျှ မဖွင့်ဟခဲ့။ ချိုတီကတော့ ရိပ်မိပြီးဖြစ်သည်။

တခုတည်းသောအကြောင်းကိုသာ ချိုတီ ဘဝင်မကျရှိနေခဲ့ပါသည်။ ဤကား အခြားမဟုတ်၊ ပါလီမန်အမတ်မင်း ဦးဇေသန်း၏သမီးနှင့် ပါလီမန်ဒီမိုကရေစီကို လုံးဝဆန့်ကျင်နေသော တိုးတတ်သည့် တက္ကသိုလ်ကျောင်းသားတဦးတို့၏ ရှေ့ရေးသည် ရင်လေးစရာ ဖြစ်နေခြင်းပင် ဖြစ်ပါ၏။

သည်နေ့လည်း ချိုတီသည် အတန်းချိန်တချိန်အားနေသဖြင့် အေးအေးမေနှင့် အတူ ဗဟိုစာကြည့်တိုက်ရှေ့ အုပ်ခုံပေါ်တွင် ထိုင်လျက် စကားပြောနေလေသည်။ အခြားတော့ကားမဟုတ်။ ဆရာကိုနှင်းဆွေနှင့် ပတ်သက်၍ပင် ဖြစ်ပါ၏။

“ဟုတ်တယ် အေးမေ။ ဆရာကိုနှင်းဆွေအိမ်ကို သွားမယ်ဆိုတိုင်း ဘာကြောင့် ရှောင်ဖယ်ဖယ် လုပ်နေရတယ်ဆိုတာကို ကိုယ်သိချင်တယ်။”

“ဘာကြောင့်မှ မဟုတ်ပါဘူးဆိုနေ ချိုတီရယ်”

"ကဲ . . . ဘာကြောင့်မှ မဟုတ်ဘူးဆိုယင် ဒီညနေ ဆရာ့အိမ်သွားမလို့ မင်း လိုက်ခဲ့ရမယ်"

"ဟဲ့.. ဒီညနေ ဖေဖေ့မိတ်ဆွေတဦးရဲ့သား မင်္ဂလာဧည့်ခံပွဲရှိလို့ ချိန်းထားပြီးနေပြီ"

"နက်ဖြန်ညနေကော"

"နက်ဖြန်ညနေ ဘုရားသွားမလားလို့"

ချိုတီက ရယ်လိုက်ပါသည်။

"ဒါကြောင့် ကိုယ်ပြောတာပေါ့။ မင်းမှာ ဆရာ့အိမ်ဆိုတာနဲ့ အကြောင်းပြချက် တခုခုရှိနေပြီလို့"

အေးအေးမေ ဘာမျှ ပြန်မပြောပဲ ခေါင်းငုံ့လျက် နေလေ၏။

"ကိုယ့်ကို ဖုံးကွယ်မထားပါနဲ့ အေးမေ။ ကိုယ်ဟာ မင်းရဲ့ အချစ်ဆုံးသူငယ်ချင်း တယောက်ပါ။ ပြီးတော့ မင်းကို နားအလည်ဆုံးဆိုလည်း ကိုယ်ပဲရှိတယ်။ ဘာဖြစ်ဖြစ် ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ဖြစ်စေချင်တယ်။ ပြီးတော့ အားမနာတမ်း ပြောကြရကြေး ဆိုယင် မင်းအသိဉာဏ်နည်းနည်း နုသေးတယ်။ ကိုယ်ပြောတာ စိတ်ဆိုးလား။"

"မဆိုးပါဘူး ချိုတီ"

"ဆိုးယင်လည်း ကိုယ်မမှုပါဘူး။ ကိုယ်က မင်းကို ချစ်တာကိုး။ ဒီတော့ ဘာပဲဖြစ်ဖြစ် မင်းလုပ်ချင်တာကို ကိုယ်နဲ့ တိုင်တိုက်ပင်ပင် လုပ်စေချင်တယ်။ နောက်ဆုံး

မမှန်သည့်တိုင်အောင် မမှားနိုင်ဘူးပေါ့ကွယ်"

"ကိုယ် အမြဲ တိုင်ပင်သားပဲကွ"

"တခုခုကို မင်းထိန်ချန်ထားတာ ကိုယ်သိပါတယ်လေ။ အေး .. နောက်ဆုံး တနေ့မှာတော့ မင်းကိုယ်မင်းသာ ဆုံးဖြတ်ရမှာပါ။ ဘယ်သူမပြုမိမိမှုတဲ့ကွ။ ကိုယ် ဆိုလိုတာက တိုင်ပင်ပြီးမှ ကိုယ်ကြိုက်ရာ ဆုံးဖြတ်ဖို့ပါ။"

ချိုတီသည် ယနေ့တော့ဖြင့် အေးအေးမေနှင့် ပြတ်ပြတ်သားသားဆွေးနွေးမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

"ဒီမှာ ချိုတီ ကိုယ့်ကို ဆရာကိုနှင်းဆွေအိမ် မသွားတာနဲ့ ပတ်သက်ပြီး ဘာပြုလို့ ခုလောက်အရေးတကြီး ဆွေးနွေးနေရတာလဲ"

ချိုတီ အံ့အားသင့်သွား၏။ အေးအေးမေသည် မပြောလျှင်မပြောဘဲ ပြောလျှင် ဒက်ထိ ပြောတတ်သူ ဖြစ်လေသည်။ ချိုတီက စဉ်းစဉ်းစားစား ပြန်ပြောလေသည်။

"မင်းရဲ့ မေးခွန်းက တရားနည်းလမ်းကျပါတယ် အေးမေ။ ဒါပေမယ့် ဒီမေးခွန်းရဲ့ အဖြေကို မင်းသိရက်နဲ့ ကိုယ့်ကို ဘာကြောင့်မေးရတာလဲ"

"အို . . ကိုယ်မသိပါဘူး။"

"မင်း သိရမယ်အေးမေ။ မင်းဟာ မင်းမိဘနဲ့တအိမ်ထဲမှာ အချိန်ပြည့်နေတဲ့ လူပဲ။"

"မင်းပြောတာ ကိုယ်နားမလည်ဘူး ချိုတီ"

"မင်းမိဘတွေနဲ့ ဆရာကိုနင်းဆွေရဲ့အဒေါ်တို့ဆက်ဆံရေးဟာ ငါထက် မင်း ပိုသိရမယ့် အတွင်းရေးကိစ္စတွေပဲ မဟုတ်လား"

အေးအေးမေသည် တကယ်ပင်နားမလည်သလို မျက်လုံးရွဲကြီးများ ကလည် ကလည်ဖြစ်သွားရှာ၏။ ထိုအချက်ကို တွေ့ရပြန်တော့လည်း ချိုတီမှာ ရိုးသားလွန်းသော အေးအေးမေကို သနားမိပြန်သည်။ ချိုတီက အေးအေးမေ၏ လက်မောင်းသားနုနုလေးကို တယုတယပုတ်လိုက်လေသည်။

"မင်းတကယ် မသိရိုးအမှန်လား အေးမေ"

အေးအေးမေက ကလေးငယ်ကလေးကဲ့သို့ ခေါင်းကို နှစ်ဆတ်သုံးဆတ် ညိတ်ပြ၏။

ချိုတီက ဒါကိုတော့ ယုံကြည်ပါ၏။ အေးအေးမေသည် အရိပ်ပြရုံနှင့် အကောင် ထင်တတ်သော အသိဉာဏ်ပိုင်ရှင်မျိုးကား မဟုတ်ရှာချေ။

ချိုတီသည် အစ်မကြီးတယောက်က မနွမနပ်အရွယ် ညီမငယ်ကို ကြည့်သလို အပြုံးမျက်လုံးများဖြင့် လှမ်းကြည့်လိုက်ပြီး ကရုဏာသက်မိပြန်ပါသည်။

"အေးလေးရယ် ကိုယ်တောင်မှ နံဘေးကကြည့်ပြီး သတိထားမိသေးတာပဲဟာ"

"ဘာကိုလဲဟင် ချိုတီ"

"ဘာကိုရမလဲကွယ် မင်းကို ဆရာနဲ့ . . ."

ချိုတီ၏အသံသည် တုံ့ကနဲ တိုဆုတ်ဝင်သွားသလို ရပ်သွား၏။ ဆို့နင့်နင့်ကြီး ဖြစ်သွားသလိုလည်း ထင်ရလေသည်။ သို့သော် ဒါတွေကို အေးအေးမေ ဂရုပြုမိဟန် မတူချေ။

"ဟင် .. : ဒါဖြင့် ဆရာ့ကို အေးနဲ့ ဖေဖေတို့က သဘောတူထားကြတယ် ဆိုပါတော့ ဟုတ်လား ချိုတီ"

"ဟင်း . . အေးရယ် မင်းဟာ တကယ့်ကို သမင်ငယ်လိုပါပဲလား။ မင်းဘာမှ မရိပ်မိတာ ကိုယ်ဖြင့် အံ့ရော"

"ဘယ်လိုလုပ်သိပါ့မလဲကွ။ ဖေဖေတို့က ကိုယ့်ကို ဘာမှ မှ မပြောပဲနဲ့ဟာ"

"အော် .. ဒီကိစ္စမျိုး မိဘက သမီးကို ကြိုတင်ပြီးဖွင့်ပြောပါ့မလား အေးလေးရယ်။ ခက်ပါဘိ"

"ဟင် ဒါဖြင့်ယင် ချိုတီက ဘယ်လိုလုပ် ရိပ်မိလဲ"

"ကဲ .. ကိုယ်ပြောပြမယ်။ ဟိုတခါ မင်းမိဘတွေရော မင်းတို့ကိုယ်တို့ရော ဆရာ့အိမ်မှာ ဆုံကြတုန်းက .."

"ဟင်း .. အဲ့သလို ဆုံကြတာ ခဏခဏပဲ ချိုတီရဲ့"

"ထားပါလေ။ အဲ့ဒီ ခဏခဏ ထဲက တနေ့မှာ ကျောင်းက ကျောင်းသူ ကျောင်းသားတွေ တတွဲတွဲ လုပ်ကြတဲ့ကိစ္စ ဆရာနဲ့ တပည့်တွဲကြတဲ့ကိစ္စတွေကို စကားစပ်မိကြတာ မှတ်မိလား။"

"မှတ်မိသားပဲ"

"အဲ့ဒီတုန်းက မင်းရဲ့ဖေဖေကစကားတခွန်းဝင်ပြောခဲ့တာကိုကော"

"ဟင် ဘာများပါလိမ့်"

"အော် .. (ဟုတ်တော့ဟုတ်တယ်၊ ကျောင်းမှာ ရှိနေစဉ်ကာလ တပည့်နဲ့ဆရာ တတွဲတွဲ သွားလာနေတာကတော့ အမြင်မတော်ဘူး။ ဒါပေမယ့် ဟော့ဒီ ကျွန်တော့်သမီး အေးမေကိုတော့ ကျောင်းက ဘွဲ့ရတာနဲ့ ကျောင်းဆရာနဲ့သာ အိမ်ထောင်ချပေးချင်တာပဲ၊ ကျုပ်ဟာ ငယ်ငယ်က ကျောင်းဆရာအလွန်လုပ်ချင်တဲ့ ကောင်ဗျ။ ပြီးတော့ ကျောင်းဆရာ အလုပ်ရဲ့ မွန်မြတ်သိမ်မွေ့ပုံကိုလည်း ကျုပ်က အလွန်မတန် ကြိုက်တာ) ဆိုတာလေ"

"ဟင့်အင်း ကိုယ် သတိမထားမိဘူး။"

"ကိုယ် သတိထားမိတယ် အေးမေ၊ အဲ့ဒီအချိန်မှာ ဆရာကိုနှင်းဆွေကိုယ်တိုင် မျက်နှာကြီးနီရဲပြီး အိမ်နောက်ဖေးဘက်ကို ထထွက်သွားတာအထိ ကိုယ် ဂရုပြုမိတယ်။"

"နို့နေစမ်းပါအုံး ချိုတီရယ်၊ ကာယကံရှင်ဖြစ်တဲ့ ကိုယ်တောင်မှ ဒါကို သတိမထားမိပဲ မင်းက ဘာလို့ သတိထားမိရတာလဲ"

အေးအေးမေက ရိုးရိုးသားသားပင် မေးလိုက်ခြင်းဖြစ်သော်လည်း ချိုတီ့အဖို့ရာမှု အဖြေရခက်သလို အနေရခက်သလို ဖြစ်သွားရှာ၏။

"ဒါကတော့ကွယ် မင်းရဲ့ကိစ္စကို ကိုယ့်ရဲ့ကိစ္စလို သဘောထားပြီး စိတ်ဝင်စားလို့ပေါ့။ ပြီးတော့ ကိုယ့်အကြောင်းလည်း မင်းသိသားပဲ ပြဿနာတခုရဲ့

အစကိုရယင် ပြီး အဆုံးထိ တွေးကြည့်တတ်တယ်ဆိုတာ . ."

ချိုတီသည် စကားအရာ၌လည်း လိမ္မာရေးချားရှိသူ ပါပေတကား။

"အင်း ဒါကြောင့် ထင်တယ်ကွယ်။ မေမေတို့က ဆရာကိုနှင်းဆွေနဲ့ ပတ်သက်လာယင် သိပ်ကိုအရေးပေးလွန်းတယ်။"

အေးအေးမေက ချင့်ချင့်ချိန်ချိန် ပြောလိုက်လေသည်။ နှစ်ဦးသားတို့သည် နောက်ထပ် စကားမဆိုဖြစ်ကြပဲ အချိန်အတန်ကြာ လင့်သွားကြလေ၏။

"အေး . . ဘယ်လိုဆုံးဖြတ်ထားလဲ"

ချိုတီက ကတုန်ကယင်နိုင်သော အသံကလေးဖြင့် မေးလိုက်၏။

"ကိုယ်ဆရာ့ကို ဆရာလိုပဲ အစ်ကိုလိုပဲ ချစ်ပါတယ် ချိုတီ"

"ဒါပေမယ့် မင်းအိမ်ကတော့ အသေအချာစီစဉ်မဲ့သဘောရှိပုံရတယ်"

"သူတို့စီစဉ်တော့လည်း ရောက်ယား ပေါ့"

"ဘာလဲ ရောက်ယား ဆိုတာ"

"ကိုယ်မယူနိုင်ဘူး ချိုတီ ဖြစ်သလို လစ်ရမှာပဲ"

"ဟင်"

ချိုတီ တုန်လှုပ်သွားသည်။

"လစ်ရမှာပဲ ဆိုတော့ လစ်စရာနေရာ လစ်တဲ့အခါ ပါဖို့အဖော် အို .. အေးလေးရယ် မင်းဘာတွေ ပြောနေတာလဲ"

သည်တော့မှပင် အေးအေးမေ၏ မျက်လုံးရွှဲကြီးများတွင် မျက်ရည်စို့နေမှန်း ချိုတီ သတိထားမိတော့သည်။ ချိုတီသည် အေးအေးမေကို နားမလည်သလို ငေးကြည့်လိုက်၏။ ဟုတ်ပါသည်။ သည်တကြိမ် တပည့်ခံနေသူကတော့ ချိုတီသာ ဖြစ်ပါတော့သည်။ ချိုတီသည် အေးအေးမေ၏ တပါတ်လျှိုချထားသော ဆံနွယ်မြမြိတ်စို့ကို နုနည့်ညှဲ့ကလေး ကိုင်တွယ် လိုက်ပါ၏။

"အေးရယ် သည်တခါတော့ဖြင့် အေးရဲ့ လျှို့ဝှက်ချက်ကို ကိုယ်လိုက်မမှီနိုင်တော့ပါလားကွယ်"

အေးအေးမေကတော့ မရှိုပြုံး ပြုံးလိုက်ပါတော့သည်။

"ချိုတီ လိုက်မမီတာမဟုတ်ပါဘူးကွယ်။ ချိုတီ သတိမထားမိတာ ဖြစ်မှာပါ။"

"ဘာကိုလဲ ဟင်"

"ကိုယ်နဲ့ ကိုဗလအကြောင်း နည်းနည်းလေးမှ မရိပ်မိခဲ့ဘူးလား"

သည်တော့မှ ချိုတီသည် တည်ငြိမ်သွားပြန်၏။ လေးနက်စွာလည်း ပြန်လည် ပြောလေ၏။

"အဲ့ဒါကိုတော့ ကိုယ်ရိပ်မိပါတယ်။ မင်းသူ့ကို စိတ်ဝင်စားနေတာရော၊ သူက မင်းကို စိတ်ဝင်စားနေတာရော၊ ကိုယ် ရိပ်မိတာကြာလှပြီပဲ။"

"ခု .. သူ ဖွင့်ပြောပြီ"

"ဟင် .."

"ဟုတ်တယ် ချိုတီ။ ဟိုတလောဆီက မနက်အစောကြီး မင်းတို့အင်းလျားဆောင်ကို ကိုယ်ပေါက်ချလာတာ မှတ်မိတယ် မဟုတ်လား။ အဲ့ဒီမနက်ကပဲ သူ ဖွင့်ပြောတာ"

"အဲဒီတော့ .."

"အဲဒီတော့ .. ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ ကိုယ်တို့ ကျော်ကားကန်ကို ပစ်ကနစ်ထွက်ကြတော့ ကိုယ်အဖြေ ပြန်ပေးလိုက်တယ်.."

"ဘယ်လို ပေးလိုက်သလဲ"

"ကိုယ်လက်ခံလိုက်ပြီ ချိုတီ"

"ဒေအးရယ် .. မမြန်လွန်းဘူးလား"

ဒေအးအေးမေသည် ပြန်လည်ကြည်လင် ရွှင်ပြလာသလို ချစ်စဖွယ် ပြုံးပြန်လေသည်။

"မမြန်ပါဘူး ချိုတီ။ တကယ်တမ်းကျတော့ သူ့ကို ဒီအဖြေပေးဖို့အတွက် ဆရာ့အိမ်မှာ ပထမဆုံးအကြိမ် ဆုံဖြစ်ကြကတည်းက ကိုယ်က စောင့်နေခဲ့ရတာပါ။"

ချိုတီ ငိုင်ကျသွားလေသည်။ ထက်မည့် ထက်တော့လည်း လိုက်လို့မမီအောင် ထက်လှသော အေးအေးမေပါတကား ဟု မှတ်ချက်ချရလေသည်။

"အေးကွယ် ဒီလိုဆိုယင်လည်း ကိုယ့်မှာ ပြောစရာစကားသိပ်မရှိတော့ပါဘူး။ မင်းက ဆုံးဖြတ်ပြီးမှကိုး"

"ဟုတ်တယ် ချိုတီ။ ဒီကိစ္စကို မင်းတို့နဲ့ မတိုင်ပင်မိတာတော့ ခွင့်လွှတ်ပါ။ ဒါပေမယ့် ကိုယ် . . ကိုယ် သူ့ကို သိပ်ချစ်တယ်။ အခု သူ့နဲ့ နီးနီးကပ်ကပ် နေကြည့်မှ ပို ချစ်လာရတယ်။ သူဟာ ယောကျ်ားကောင်းတယောက်ပါ။"

"ဟုတ်ပါတယ် အေးမေ၊ ဟုတ်ပါတယ်။ သူဟာ စွန့်လွှတ်နိုင်စွမ်းတယ်၊ အနစ်နာခံနိုင်စွမ်းတယ်။ သတ္တိကောင်းတယ်။ ပညာလည်းတော်တယ်။ စိတ်ဓာတ် အထက်တန်းလည်း ကျတယ်။ .. ဒါပေမယ့်"

"ဒါပေမယ့် .. ဘာဖြစ်သလဲ ချိုတီ"

"သူဟာ ကိုယ်နဲ့ လုပ်ဖော်ကိုင်ဘက်တယောက်မို့ သူ့အကြောင်းကို ကိုယ်ပိုပြီး သိနေတယ် အေးမေ။ သူ့စိတ်နဲ့ . . ဟင်း"

ချိုတီသည် စကားကို မဆက်သေးပဲ ခေတ္တရပ်နေပြန်သည်။ သူ့ပြောချင်သော စကားများကို ခုအချိန်ပြောဖို့ သင့်မသင့် ချင့်ချိန်နေရ၏။

သုမောင်

"ပြောလေ ချိုတီ၊ ပြောပါ။"

"နေအုံး၊ ကိုယ်တခုမေးမယ်၊ မင်းတို့ရဲ့ရှေ့ရေးကရော"

"ကိုယ်ကျောင်းပြီးမှ လက်ထပ်ကြဖို့ပဲ၊ သူကတော့ ရှေ့နှစ်ဆိုယင် ပြီးပြီ၊ ကျောင်းပြီးယင် သူတပ်မတော်ထဲ ဝင်မယ် ပြောတယ်။"

"ဟုတ်တယ်၊ ဒါတော့ သူ့ရဲ့အမြဲတမ်း ရည်ရွယ်ချက်ပဲ၊ လက်ရှိ ဗမာနိုင်ငံ နယ်နိမိတ်ကို ပြောင်ပြောင်တင်းတင်း ထိပါးနေတဲ့ တရုတ်ဖြူ ကူမင်တန်တွေအပေါ် အစွဲအလန်းက ကြီးလွန်းအားကြီးတယ်။"

"ကဲ .. မင်း စကား ဆက်ပါအုံး ချိုတီ"

"ဒီလိုပါ အေးမေ၊ လက်ရှိ သူ ယုံကြည်သက်ဝင်နေတဲ့ လုပ်ငန်းနဲ့ မင်းတို့အဖေ ပါဝင်တဲ့ အစိုးရအဖွဲ့အစည်းနဲ့က သိပ်ပြီး အစေးကပ်လှတာ မဟုတ်ဘူး၊ ဒီတော့ ရေရှည်မှာ မင်းတို့ချင်း အဆင်ပြေနိုင်ပါ့မလားကွယ်။"

အေးအေးမေတွေဝေ၍ စဉ်းစားရတော့၏။ အချစ်ဆိုသောအရာ၌ ရာထူး၊ ဂုဏ်သိန်စိန်ရွှေ မလိုပါဟု သူယူဆခဲ့၏။ ဖလကို ချစ်သည်ဆိုရာ၌လည်း ဖလ၏ ယောကျ်ားပီသသော စိတ်ဓါတ်၌သာ မူတည်ခဲ့ပေသည်၊ ယခုတော့ သူ၏နောင်ရေးကို ဝါဒရေးရာတွေက ကာဆီးကာဆီး လုပ်တော့မယောင် ခံစားလိုက်ရလေ၏။

"တကယ်တန်း မင်းဆုံးဖြတ်ပြီးပြီ ဆိုယင် သတ္တိတော့ ရှိရလိမ့်မယ် အေးအေးမေ"

သူတို့၏ အချစ်ရေးနှင့်ပတ်သက်၍ အေးအေးမေ တကြိမ်တခါမှ မတုန်လှုပ်ဘူးသော စိတ်ဖြင့် စတင်တုန်လှုပ်ရလေပြီ။

သည်အရေးကို မိမိ မစဉ်းစားခဲ့လေခြင်းဟု တွေးမိသလို သည်အတွေးသည် အချစ်ရေးတွင် ထည့်စဉ်းစရာမလိုအပ် ဟူ၍လည်း အခြားတဖက်က တွေးနေမိပြန်ပါသည်။

ချိုတီက စကားဆက်ပြောပြန်ပါသည်။

"ဒါနဲ့ နေစမ်းပါအုံး အေးမေ။ အဲသလို ကိုဗလနဲ့မင်းနဲ့ မေတ္တာမျှပြီးကြတာနဲ့ ဆရာ့အိမ်ကို တရှောင်ဖယ်ဖယ် လုပ်နေတာက ဘာဆိုင်လို့လဲ"

အလစ်တွင် အငိုက်ဖမ်းပြီး မေးလိုက်သောကြောင့် ဘယ်တော့မေးမေး 'မရှောင်ပါဘူး' ဟူ၍သာ ဖြေလေ့ရှိသော အေးအေးမေမှာ ယောင်ရမ်းပြီး ..

"အဲဒါတော့ မပြောတတ်ဘူး။ ကိုယ်ဆရာနဲ့ မျက်နှာချင်းဆိုင်ရမှာ အားနာနေသလိုပဲ။"

ချိုတီက အသံကလေးပင် ထွက်အောင် ရယ်မောလိုက်ပါသည်။

"မရယ်နဲ့ ချိုတီ။ တခုတော့ရှိတယ်။ အဲဒီ ကိုဗလက ငါ့ကို ပထမဦးဆုံးအကြိမ် ချစ်ရေးဆိုတဲ့နေ့ မနက်က ကိုယ်နဲ့သူ အတူလမ်းလျှောက်လာကြတော့ အင်းလျားလမ်းထိပ် လည်းရောက်ရော လမ်းလျှောက်လာရာက ပြန်လာတဲ့ ဆရာနဲ့ ပက်ပင်းတိုးပါရော၊ နောက် သူနဲ့တို့ လမ်းခွဲလာကြပြီး မင်းတို့ အင်းလျားဆောင်ရှေ့ရောက်လို့ ကိုယ်ပြန်လှည့် ကြည့်တော့လည်း ဆရာဟာ နောက်ကနေ ကိုယ်ရှိရာကို ငေးကြည့်နေရှာတယ်။"

သုမောင်

"အဲဒါနဲ့ ခုနောက်ပိုင်း ဆရာ့ကိုရှောင်နေတာနဲ့ ဘာဆိုင်လို့လဲ အေးမေ။"

"မသိဘူးလေ၊ ကိုယ့်စိတ်ထဲမှာ ဆရာဟာ.. ကိုယ့်ကို"

အေးအေးမေသည် စကားဆက်ရမှာကို ခြေကြီးမှာ ကြောက်ဘိသကဲ့သို့ နှုတ်တွန့်နေပါသည်။

ချို့တီကတော့မှ ဟိုးခပ်လှမ်းလှမ်းဆီက ကုံကော်ပင်ပုကလေးများ အကြားသို့ လေပြေလေညှင်းကဲ့သို့ တမျှော်တခေါ်သော အကြည့်ဖြင့် တွေဝေငေးပြီးကြည့်နေပါသည်။

ပြီးတော့မှသာ အမိပွာယ်မဲ့ အော်မြည်နေသော ဥဩငှက်ငယ်ကဲ့သို့ စကားကို တလုံးချင်း ပြောလေသည်။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွယ်၊ လူကြီးချင်းကလည်း သဘောတူထားတယ် ပြီးတော့ အေးအေးမေကလည်းလှတယ်။ နောက်ပြီး ဂုဏ်အဆင့်အတန်း ပညာရေး လူမှုရေး အားလုံးလိုက်ဖက်နေတာကိုး၊ ဆရာက သဘောကျမယ်ဆိုလည်း ကျလောက်တာပေါ့ကွယ်"

အေးအေးမေသည် ချို့တီ၏စကားကြောင့် တမျိုးတမည် ခံစားလိုက်ရလေ၏။

ဆရာနှင့်ပတ်သက်၍ မလှုပ်ရှားတာကြာပြီဖြစ်သော စိတ်များက ပြန်လည်လှုးလွန့် လာချင်သလိုလို အထိးကျန်နိုင်လှသော ဆရာ့ဘဝကို သနားကရုဏာ ဖြစ်မိသလိုလို . . လိုလိုပေါင်းများစွာ ဖြစ်မိလေ၏။

ချို့တီကသာ တည်ငြိမ်လေးနက်သော စကားများကို ဆက်ပြောနေပါသည်။

"အဲ့သလို ဆရာ့ဘက်က မင်းအပေါ် စိတ်လှုပ်ရှားနေတယ်ပဲ ထားပါအုံးကွာ။ ဆရာ့ကိုရှောင်နေစရာ ဘာလိုသလဲ။ ရိုးရိုးတန်းတန်းပဲ ဆက်ဆံပေါ့။ ဆရာက လူကြီးလူကောင်း တယောက်ပဲဟာ"

"ဟုတ်ပါတယ်ကွာ။ ဒါပေမယ့်"

ထိုအခါ ချိုတီသည် ကြောင်ကလေးကို ကာလိထိုးပြီး ဆော့ကစားသလို အပျော်အပျက်စကားဖြင့် အေးအေးမေကို စလေတော့သည်။

"ဘာလဲ အေးမေ၊ မင်းကိုယ်တိုင်က ဆရာ့အပေါ်လည်း မျှော်လင့်ချက်ထားပြီး ငါး၏ နှစ်ကောင် ဖမ်းချင်နေတာလား။ မလုပ်နဲ့နော်။ ပါးဟက်စူးနေပါ့မယ် ရှင့်"

ချိုတီက ဟက်ဟက်ပက်ပက်ကလေး ရယ်မောလိုက်သော်လည်း အေးအေးမေ ခမျာ၌မူ ရှက်သွေးကလေးများဖြာလျက် ချစ်စဖွယ်ကောင်းသော မျက်စောင်းကလေးကို ထိုးချ လိုက်လေသည်။

"ဟင်းနော်.. ချိုတီ။ အဲ့သလိုတော့ မစ နဲ့၊ ကိုယ်မကြိုက်ဘူး။"

"အလကားပါ အေးမေရယ်။ ကိုယ်ကတော့ စိတ်ထဲပါလို့ ပြောတာမှတ်လို့၊ မင်းကို ကိုယ်လုံးဝဥသုံ နားလည်ပြီးသားပဲဟာ။ ကဲပါ . . နှုတ်ခမ်းကြီး စူမထားပါနဲ့၊ ဝက်ပုပ်နဲ့ တူနေပြီ . ."

နှစ်ယောက်သား ပျော်ရွှင်စွာ ရယ်မောလိုက်ကြပါသော်လည်း ချိုတီကမူ ခဏတဖြုတ်အတွင်းမှာပင် မျက်နှာထားတည်ကို ချက်ချင်း ဆည်ယူလိုက်ပြီး အေးအေးမေ လုံးဝ မျှော်လင့်မထားမိခဲ့သော စကားကို ပြောလိုက်ပါတော့သည်။

"ကိုယ်ပြောချင်တာ တစ်ခုကျန်သေးတယ် အေးမေ။ ဒီစကားဟာ တကယ့် စေတနာစကားလို့ မှတ်ယူပါ။ ဆုံးဖြတ်ရမှာတော့ မင်းသဘောပေါ့။ လေးလေးနက်နက် လည်း နားထောင်စေ့ချင်တယ်ကွယ်"

"ပြောလေ .. ချို့တီ"

ချို့တီသည် သူ၏နဂိုပါးပြီးသား နှုတ်ခမ်းကလေးကို ပါးသထက်ပါးအောင် ဖိကိုက်လိုက်ပြီးမှ စဉ်းစဉ်းစားစား ပြော၏။

"မင်းနဲ့ကိုပလ ကိစ္စက တကယ်ပဲရေရှည်စီမံကိန်း.ချပြီးပြီလား အေးမေ။"

အေးအေးမေက ငြိမ့်ညောင်းစွာပင် ခေါင်းညိတ်ပြယင်း "ဘာပြုလို့လဲ ချို့တီ" ဟု ခေါင်းမမော့ပဲလျက် မေး၏။

ချို့တီကတော့မှု သူ့စကားကိုသာ သူအလေးအနက်ထားပြီး ဆက်ပြောပါ၏။

"ကိုယ့်စကားကို စေတနာစကားရယ်လို့ အသေအချာ ယုံကြည်ပါ အေးမေ။"

"ပြောမှသာ ပြောစမ်းပါ ချို့တီရာ"

အေးအေးမေက စိတ်မရှည်တော့သလို ပြောလိုက်ခါမှ ချို့တီသည် အေးအေးမေ၏ ဆံစနွယ်ကလေးများကို ပွတ်သပ်လိုက်ပြီး ပွင့်လုတဲတဲ ကံ့ကော်ပန်းကလေးလို မပွင့်တပွင့် စကားကို ဆိုလေတော့သည်။

"အေးမေ"

"ဟင်"

"မင်းဟာ အချစ်နဲ့ပတ်သက်တဲ့စိတ်ကို အလေးနိုးလိုက်ပြီး အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့စိတ်ကို အလေးကဲလိုက်ပါလားကွယ် .."

"ဘာပြောတယ်.. ချိုတီ။ ကိုယ် သဘော မပေါက်ဘူး။"

"မင်းနဲ့ တကယ်ထိုက်တန်တဲ့သူဟာ ဆရာကိုနင်းခွေပါ။ အားလုံးစိတ်ချမ်းသာဖို့ အတွက် မင်းဟာ ဆရာ့ကို လက်ထပ်သင့်တယ်လို့ ကိုယ်ယူဆတယ်။"

"ဘာပြောလိုက်တယ် ချိုတီ။"

"ကိုယ့်စကားကို နားမလည်စရာမရှိပါဘူး။"

အေးအေးမေသည် ဘာကြောင့်မှန်းမသိ ဝမ်းနည်းပက်လက် ဖြစ်သွားရလေသည်။ မျက်ရည်တို့သည်လည်း ဘယ်ကမှန်းမသိ၊ ပိုးဝိုးပေါက်ပေါက် ကျလာလေသည်။ ချိုတီကိုလည်း ဘယ်လိုမှန်းမသိသော အကြည့်ဖြင့် ကြည့်လိုက်မိ၏။

သို့ရာတွင် ချိုတီ၏ မျက်လုံးမှာလည်း မျက်ရည်စတွေနှင့် ပါကလား . . . ။

၇ ။ ။

ဒီဇင်ဘာ ကျောင်းပိတ်ရက်သို့ ရောက်ခဲ့ပါပြီ။

သုမောင်

ဒီဇင်ဘာကျောင်းပိတ်ရက် ဖြစ်သောကြောင့် ကျောင်းသူကျောင်းသား အများစုသည် အောက်တိုဘာ သီတင်းကျွတ် ကျောင်းပိတ်ရက်လောက်တော့ဖြင့် နေရပ်သို့ ပြန်ကြသူ နည်းပါးလေသည်။ သို့ရာတွင် အတန်းများ ပိတ်ထားသောကြောင့် ကျောင်းတော်ကြီးကား ငြိမ်သက်လျက်ရှိလေသည်။

ထိုငြိမ်သက်မှုထဲမှာပင်လျှင် ကျောင်းပွဲတော်အတွက် စီစဥ်သွားလာမှုများ၊ တေးဂီတသံများ လွင့်ပျံ့လျက်ရှိပေရာ၊ အင်းလျားကန်ကြီး၏ လမိုက်ညတွင် လှိုင်းကြက်ကလေးများ တွတ်တီးတွတ်တာ စကားဆိုနေဘိသို့ ရှိလေ၏။

ဒဂုံဆောင်ဘက်ဆီမှ ပွဲတော်တွင်တင်ဆက်မည့် အမတ်ယိမ်းအက သီချင်းတိုက်နေသံများသည်လည်း သစ်ပုတ်ပင်ထက်ဆီမှ ငှက်ကလေးများ၏ အသံကဲ့သို့ စိုးစိုးစီစီ မြည်လေ၏။

ပွဲတော်အတွက် ပြင်ကြဆင်ကြရာတွင် ရုပ်ရှင်မင်းသား မြတ်လေး၊ ရေဒီယို အဆိုကျော် စန္ဒယားချစ်ဆွေ၊ ကိုခင်မောင်လွင်တို့ကို ကျောင်းသား ကျောင်းသူများ တွေ့ဘူးကြရလေသည်။

ဝေလွင်သည် ၁၃ဝဝပြည့် အရေးအတော်ပုံ ဘဲလေးအကထဲတွင် ပါဝင်နေသဖြင့် အလုပ်ရှုပ်နေလေသည်။

ချိုတီကတော့မှ ဗလနင့်အတူ ပွဲတော်ကိစ္စများကို ထုံးစံအတိုင်း တက်တက်ကြွကြွ လုပ်ဆောင်နေပေသည်။ ချိုတီကိုယ်တိုင် အိမ်တိုင်ရာရောက် လိုက်လံဖိတ်ကြား ထားသောကြောင့်လည်း အေးအေးမေသည် ဇန်နဝါရီလ ၄ ရက်နေ့ ညကတည်းက ကျောင်းသို့ ရောက်နေခဲ့လေသည်။

ပွဲတော်ကို ဇန်နဝါရီလ ဖြေက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး ၄ရက်နေ့ (လွတ်လပ်ရေးနေ့) နံနက်ဦးတွင်မှ လွတ်လပ်ရေး အထိမ်းအမှတ်ပွဲကို ကျောင်းအဆောင်တိုင်းက လုပ်လေ့လုပ်ထ ရှိလေသည်။ မျိုတီတို့အဆောင်က ဆန်ပြုတ်အီကြာကွေးဖြင့် ဧည့်ခံလေသည်။

အေးအေးမသည် မျိုတီတို့နှင့်အတူ ဧည့်ခံကြိုဆိုရေးတွင် ပါဝင်ခဲ့၏။ ဖခင်ဖြစ်သူ ပါလီမန်အမတ်မင်း၏ ခန့်ညားလှသော အင်္ဂလိပ်ရဲတိုက်နှင့်တူသည့် အိမ်ဝင်းကြီးထဲတွင် နေရသောအရသာနှင့် စုပေါင်းညီညာစွာ သမားရိုးကျလုပ်ကိုင်ကြရသော လွတ်လပ်မှုကို ပထမဦးဆုံးအကြိမ် ခံတွင်းတွေ့မိလေသည်။

မျိုတီတို့အဆောင်သို့ ဆရာကိုနှင်းဆွေ လာလည်ပါသည်။ ဆရာကိုနှင်းဆွေနှင့်အတူ ဇလလည်း ပါလာသည်။

ဇလသည် နဂိုရှိယင်းစွဲထက် ပိန်လိုနေရှာသည်ကို အေးအေးမ ဂရုပြုမိသည်။ မုတ်ဆိတ်ကျင်စွယ်များလည်း မရိတ်သင်ရသေးမှန်း သေချာသည်။ နားသယ်စပ်နှင့် ဂုတ်ပိုးမှ ဆံပင်များပင်လျှင် ဟိန္ဒီယောဂီများကဲ့သို့ ထိုးထိုးထောင်ထောင် ဖြစ်နေ၏။ ပါးရိုးများလည်း ချောင်ကျနေလေသည်။

ဆရာကိုနှင်းဆွေရှိနေသောကြောင့် ထူးထူးခြားခြားချစ်ရိပ် ချစ်ငွေ့များ မပြပဲ တော်ရုံလျှော်ရုံ ပြုံးပြနှုတ်ဆက်ပြီး လူသူလေးပါး အလစ်တွင်တော့ . . .

"ဖြေက်နေ့ညာ ကျွန်တော် စောင့်နေမယ်"

ဟု နှစ်ယောက်ချင်းသာ သိသော စကားကို ပြောသွားရှာလေ၏။

ဇန်နဝါရီလ ၆ရက်နေ့ညတွင် ကျောင်းပွဲတော် စ ပေမည်။ ၆ ရက်နေ့မှ ၈ ရက်နေ့ အထိ ကပွဲများမပါဲ ပြပွဲများသာကျင်းပပြီး ၉ ရက်နှင့် ၁၀ရက်ကျမှသာလျှင် ကပွဲရော ပြပွဲပါ ပူးတွဲ တက်ဆက်ပေလိမ့်မည်။

ကျောင်းသား ကျောင်းသူများသည် ညီအစ်ကို မောင်နှမအရင်းချာများသဖွယ် ကျရာတာဝန်များကို ပျော်ပျော်ပါးပါး ထမ်းဆောင်နေကြ၏။ လူပျော်လူနောက်များကလည်း သဘာဝအလျောက် သန့်ရှင်းစင်ကြယ်သော ပြလုံးများကိုဖြင့် ပျော်ပျော်ပါးပါး ရှိနေကြ၏။

ကျောင်းတော်ကြီးသည် အိမ်တိုင်းယာတိုင်း ဆီမီးကိုယ်စီထွန်းညှိထားကြသော တန်ဆောင်လနယ် တိုးတိုးတိတ်တိတ် စည်ကားနေပေသည်။

ဇန်နဝါရီလ ၉ရက်နေ့ ။ ။

(၆)ရက်နေ့က ပွဲတော်ကြီးကို ပထမဆုံး ဥက္ကဋ္ဌဦးကျော်ခင်က စတင်ဖွင့်လှစ်ခဲ့ပါသည်။

ကောင်းကင်က ကြယ်များသည် ကျောင်းပရိဝုဏ်အတွင်းက မီးရောင်များကို ဝပ်တွားလျက်ရှိသလို ထင်ရသည်။ သို့တည်းမဟုတ် တန်ဆောင်မုန်းလ၏ စုံညီလှသော ကြယ်တာရာအပေါင်းတို့သည် ရန်ကုန် တက္ကသိုလ်ဝင်းထဲတွင် လမင်းကို နာယကပြုလျက် နက္ခတ်သဘင်ဆင်ယင်နေသည်ဟု ဆိုအံ့ပေသည်။

"စုဝေးလို့အတည် .. ညီရင်းအစ်ကို မောင်နှမတွေ စုံစုံညီ အပြုံးချင်းဖလှယ် လက်ချင်းယှက်လို့ .. ညီညွတ်ဖို့ ဝေ့ွးစည်းကြသည်.. အရေးတော်ပုံ အောင်ပါပြီ။ အရေးတော်ပုံ အောင်ပါပြီ.. ပန်းတိုင်းပွင့်ရမည်.. ကျောင်းတိုင်းဖွင့်ရမည်။"

သုမောင်

သီချင်းသံသည် ကုံကော်ပန်းရနံ့များနှင့်အတူ ပြည့်လွှင့်၍ နေတော့သည်။

အေးအေးမေသည် ဗလ၊ ချိုတီတို့နှင့်အတူ ပြပွဲခန်းများ၊ ကပွဲခန်းများစုံညီအောင် လှည့်လည်ကြည့်ရှုနေသည်။

အေးအေးမေ၏ စိတ်သည် ကြည်နူးလှစွာ၏။ ဥက္ကဌကိုတင်အေး ကျမ်းကျိန်ပွဲတုန်းက တက်ကြွပုံမျိုး ပြန်လည်ခံစားလာရပေသည်။

"စောစောက သီချင်းကို ဘယ်သူစပ်တာလဲ ဟင်"

အေးအေးမေ၏ အမေးကို ဗလကဖြေလိုက်သည်။

"ကိုမြတ်လေးစပ်တာလေ။ ကျောင်းသားအရေးနဲ့ ပတ်သက်လို့ကတော့ သီချင်းမှန်သမျှ သူစပ်တာများတာပဲ။ ကိုလေးညွန့် စပ်တာလည်းပါတယ်လေ၊ ဒီပွဲတော်အဖွင့်သီချင်းက ကိုလေးညွန့် စပ်တာ "

သထုံဆောင်နောက်ဖေး မြက်ခင်းပြင်သို့ ရောက်လာသည်။ ဦးတင်အေး (ရှမ်းပြည်) ဦးမောင်မောင်ကျော် စသည့် လူကြီးများ၏ ကျောင်းသားအတွေ့အကြုံ ဟောပြောပွဲများကိုလည်း သွားနားထောင်ကြသည်။

သမိုင်းဝင်ပစ္စည်းပြခန်း၊ ပန်းချီပန်းချီနန်းဝေ လက်ရာပြခန်း၊ ဆေးသိပ္ပံ၏ ဆေးပညာပြခန်း စသဖြင့် လျှောက်ကြည့်ကြသည်။

ပြည်သူနှင့်လက်တွဲပြီး ဗြိတိသျှနယ်ချဲ့ကို ကျောင်းသားထုအားနှင့် တော်လှန်မောင်းနှင်ထုတ်ခဲ့တာတွေကိုလည်း စုဆောင်းရသမျှ ဓါတ်ပုံတွေအားဖြင့် မြင်ကြရသည်။

သုမောင်

ဇလက စိတ်ရှည်လက်ရှည် ရှင်းပြနေလေသည်။ အေးအေးမေကမူ ကလေးငယ်ကဲ့သို့ ဘာမျှမသိသလို အင်းလိုက်၍သာ နေပါသည်။

"အစ်ကိုကလည်း ဒီကျောင်းသား ခေါင်းဆောင်ဟောင်းကြီးတွေကိုများ ကိုတွေဘာတွေ ခေါ်လို့ ရှယ်တူကျနေတာပဲ"

"မဟုတ်ဘူးလေး မအေးမေရဲ့ .. ဟော ခုကြည့်.. မအေးမေကို ခုအခြေအနေရောက်တဲ့အထိတောင် ကျွန်တော်က မအေးမေတွေ ကျွန်တော်တွေ သုံးနေတာပဲ မဟုတ်လား။ သူတို့ကိုလည်း အဲ့ဒီ ခါတ်ပုံထဲက ခေတ်အသုံးအနှုန်း အတိုင်း 'ကို' တပ်ခေါ်မိတာပေါ့"

ဆေးသိပ္ပံဘက်က ပြခန်းတွေကိုလည်း သွားကြည့်ဖြစ်ကြသည်။ ဇလသည် အလုပ်ရှုပ်နေသည့်ကြားကပင် သည်တရက် သည်တခဏတော့ဖြင့် အေးအေးမေကို ချစ်သူအဖြစ် အလိုလိုက်ပြီး ပြခန်းများကို လျှောက်ပြနေရပေသည်။

ဆေးသိပ္ပံပြခန်းတွင် အေးအေးမေသိချင်နေတာ ကြာပြီဖြစ်သော စာရေးဆရာ ထွန်းထွန်း (ဆေးသိပ္ပံ)နှင့်လည်း ဇလက မိတ်ဆက်ပေးသဖြင့် သိခွင့်ရလေသည်။ သူ့အမည်ရင်းက မြင့်ထွန်းသိန်းတဲ့။ သူ့ရုပ်သွင်သည် ကုံကော်ရွက်ကဲ့သို့ ပိန်သွယ်သွယ်ရှိလေ၏။ သူနှင့်အတူ ဦးကိုယု(မောင်ကိုယု) စာရေးဆရာ သိန်းသန်းထွန်း တို့ကိုလည်း တပြိုင်တည်း မိတ်ဆက်ခွင့် ရခဲ့သောကြောင့် အေးအေးမေ ပျော်မိသည်။ အားလုံး သူ့အကြိုက် စာရေးဆရာတွေချည်း ဖြစ်သည်။

ပွဲခင်းဘက်ဆီမှ သီချင်းသံများကလည်း လွင့်ပျံ့နေဆဲပင် ရှိလေသည်။

သုမောင်

စစ်ဖြစ်လာပြီ ဆိုမှဖြင့်
မိခင်တကွဲ သားတကွဲနဲ့
သေပွဲဝင်ရှာ ..

အရောင်အသွေး မခွဲခြားပါ
ဘာသာမရွေး သွေးချောင်းစီးတော့
ကမ္ဘာအနှံ့အပြားပါ ..

ပိုးမွှားအဖျက် တန်ဆာအဆိပ်နဲ့
အဆုံးသတ်လိုကြတဲ့ စစ်ဝါဒီရာ ..

(မချစ်ပါပြီ သင့်ကိုသာ) ၂

လာ .. လာ .. (အရေးဆိုကြ)၂

(အကျုံးမြှုံး ပိတ်ပစ်ပါ)၂

(စစ်ကိုမလိုပါ)၂

(ငြိမ်းချမ်းရေးသာ)၂ .. ပေးကြပါ..

ကပွဲဆီမှ ထိုသီချင်းသံများကြားမိတော့ စစ်နှင့်ငြိမ်းချမ်းရေး၏ သဘာဝ ကွဲပြားပုံ တန်ဖိုးချင်းခြားနားပုံကို မသိတသိ ဖြစ်ရသော်လည်း အေးသည် ကြက်သီးကလေးများပင် ထမတတ် တက်ကြွသွားရ၏။ တဆက်တည်းမှာပင် စစ်၏အကျိုးအပြစ်နှင့် ပတ်သက်၍ လည်းကောင်း၊ နယ်ချဲ့၏ ကောက်ကျစ်စဉ်းလဲပုံကိုလည်းကောင်း၊ စီကာပတ်ကုံး

ပြောပြတတ်သော ထိုကိစ္စများနှင့် ပတ်သက်လျှင် ဘာလုပ်ရလုပ်ရမည်ဟု အမြဲတမ်း ပြောလေ့ရှိသော သူ့ချစ်ကိုကိုဗလကို ပို၍ ချစ်ရပြန်ပါသည်။ အေးအေးမေသည် ဗလ၏ လက်ကို မသိမသာ ကိုင်လိုက်မိလေသည်။

နာမည်ကျော် ချင်းတွင်း ဒိုးပတ်ဝိုင်းခေါင်းဆောင် မှုံရွာသား ကိုကျော်နိုင်မြင့်၏ 'ဒီမောင့်လက်သံ' တပင်တိုင်ဟာသ တခန်းရပ်ပွဲကိုလည်း ရယ်ခါမောခါ ကြည့်နေ ဖြစ်ကြသေးသည်။ အေးအေးမေက အားပါးတရ ရယ်မိသော်လည်း ချိုတီနှင့် ဗလတို့ကမူ ပြုံးရုံသာ ပြုံးမိကြသည်။ ဒါကိုပင် အေးအေးမေစိတ်ထဲမှာ အလိုမကျသလို ဖြစ်ရပြန်၏။ သူတို့ဘာကြောင့် ဟက်ဟက်ပက်ပက် မရှိလှပါသနည်း။ ဗလသည် ချိုတီနှင့် တစုံတရာများ ပတ်သက်ခဲ့ဘူးလေသလားဟု မဆီမဆိုင်သံသယတွေ ဝင်ရပြန်ပါသည်။

"ဟော့ .. လယ်လုပ်သူတိုင်း လယ်ပိုင်ရမှာ ..

ယာလုပ်သူတိုင်း ယာပိုင်ရမှာ ..
အဲဒါကြောင့်မို့ စည်းလုံးစေချင်တာ..

ညီညွတ်ရေးသည် တို့အင်အား .."

ကပွဲများဆီမှ သီချင်းသံများကလည်း လွင့်ပျံ့မစဲပဲရှိနေပါသည်။ လက်ခုပ်သြဘာ သံများကလည်း ရေဝမ်းဘဲအကောင်ရေတစ်သိန်းမက ထပျံသွားသလို မြည်ဟီး၍သာ နေပါတော့သည်။

"ကဲ .. ကိုဗလနဲ့ အေးမေ လျှောက်ကြည့်ချင်ကြည့်ကြအုံး။ ချိုတော့ ဦးနန်းဝေရဲ့ ပင်တိုင်တကိုယ်တော် ပန်းချီပြခန်းသွားကြည့်ချေအုံးမယ်။"

အလိုက်သိသည်ဟု ဆိုရမည်လား။ တစုံတရာ အကြောင်းရှိ၍ ရှောင်ထွက်သွားသည်လားတော့ဖြင့် မသိနိုင်။ ချိုတီက လမ်းခွဲရန် ဟန်ပြင်လေပြီ။

ဘယ်သူကမှ အဖြေမပေးခင် ချိုတီသည် ပြုံးယဲ့ယဲ့မျက်နှာထားဖြင့် သူတို့အနီးမှ ခွာသွားလေ၏။

"ချိုတီ ဘာဖြစ်သွားတာလဲ ဟင် .. အစ်ကို"

ဗလကတော့ ပြုံးရုံသာပြုံးပြီး ´ဘယ်သိမှာလဲ´ ဟု ခေါင်းခါပြယင်း ပြောလေ၏။

ပွဲခင်းများ အပြင်ဘက်သို့ ရောက်လာကြလေသည်။ အင်းလျားကန်ဘက်မှ လေညှင်းသည် ကလူသလိုမြူသလို ရှိ၏။ လူသူကင်းရှင်းသော ကံ့ကော်ပင်တပင် အောက်တွင် နစ်ဦးသဘောတူ ထိုက်လိုက်ကြ၏။

"အစ်ကို သိပ်ဝိန်နေပြီ"

"ကျွန်တော်က ကာယဗလသာမားမှ မဟုတ်တာ မအေးမရယ်.. ကျွန်တော့် ဦးနှောက်နဲ့ နလုံးသား ကျန်းမာနေသမျှ ကျွန်တော် ဘာမှ မဖြစ်နိုင်ပါဘူး။"

"စိတ်နိုင်တာတော့ ဟုတ်ပါပြီလေ။ ကြာယင် လူက ခံနိုင်ပါ့မလား"

"စိတ်သာလျှင်စော ဘုရားဟောတဲ့"

"အကောင်းပြောနေတာ အစ်ကို၊ အစ်ကို သိပ်ဝိန်တယ်။ သိပ်ပင်ပန်းခံလွန်းတယ်။ ဒီကျောင်းသားပွဲကြီး ပြီးယင် ခဏလောက် အနားယူအုံး .. နော်"

ဗလက ဖြည်းညင်းစွာ ခေါင်းခါယင်း တနေရာသို့ ငေးမော၍ သက်မချ လိုက်ပြန်သည်။

"မဖြစ်သေးဘူး မအေးမေ .. မဖြစ်သေးဘူး"

"ဘာပြုလို့လဲ တခြား ဘာကိစ္စတွေ ရှိသေးလို့လဲ"

"မရှိုတီက ပြောမပြဘူးလား"

"ဟင့် အင်း"

အေးအေးမေ၏ ရင်ထဲမှာ ဒိတ်ကနဲ ဖြစ်ရလေ၏။

"တရုတ်ဖြူကိစ္စပေါ့ မအေးမေ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်ကစပြီး ကျူးကျော် စော်ကားတာကို ခံနေရတဲ့ ကျွန်တော်တို့နိုင်ငံဟာ အခုဆိုယင် တပ်မတော်ရဲ့ ထိုးစစ် တန်ပြန်ဆင်နွှဲမှုကြောင့် တစ တစ ပိုပြီး အောင်မြင်လာနေပါပြီ။ ဒါပေမယ့် ဗိုလ်ပီတာ လေယာဉ်ပျက်ပြီး ကျဆုံးတဲ့သတင်းက အခုဆို တမြို့လုံးသာမက တနိုင်ငံလုံးကို ရင်ထုမနာနဲ့ ဒေါသတကြီး ဖြစ်ကုန်ကြပြီ။ တရုတ်ဖြူဆန့်ကျင်ရေး ဆန္ဒပြပွဲတွေကိုလည်း နိုင်ငံနဲ့အဝှမ်း လုပ်ကြဖို့ စီစဉ်နေကြတယ်လေ။ ဒါတွေကို မအေးအေးမေ မသိဘူးလား။ နည်းနည်းပါးပါးတော့ သိထားဖို့ကောင်းတာပေါ့ ..။"

အေးအေးမေသည် တကြိမ်တခါကမျှ ဤလို တင်းမာသော ချစ်သူ့လေသံကို မကြားဘူးခဲ့သဖြင့် နှလုံးသားနနကလေးမှာ နင့်ကနဲ ဝမ်းနည်းသွားရပါ၏။ အမှန်ကတော့မူ ဗလက ကရုဏာဒေါသော ပြောမိခြင်းမျှသာ ဖြစ်ပေသည်။

"ပြီးတော့ ချိုတီရဲ့အစ်မကြီး တစ်ယောက်ဟာလည်း တရုတ်ဖြူနဲ့ စစ်ဖြစ်နေတဲ့ နယ်မြေနဲ့ ကပ်လျက်က မြို့လေးတမြို့မှာ ကျောင်းဆရာမ လုပ်နေယင်းက တရုတ်ဖြူတွေ ဖမ်းပြီး ဖျက်စီးတဲ့ ဒဏ်ကြောင့် သေသွားရရှာသတဲ့။ ဒါကြောင့် ချိုတီဆိုယင် ခုဆို ဒီတရုတ်ဖြူကွန်မင်တန် ဆန့်ကျင်ဆန္ဒပြပွဲအတွက် နေ့ရောညပါ လုပ်အားပေးနေရှာတယ်။ ဒါတွေကိုကော"

"သူ ပြောပြလို့ သိပြီးပါပြီ အစ်ကို"

"ကျွန်တော့်သဘောကတော့ မအေးမေကိုလည်း သည်လို တိုင်းပြည်ရဲ့ အရေးကြီးတဲ့ ကဏ္ဍတွေမှာ စိတ်ပါဝင်စားစေချင်တယ်။ ကျွန်တော့်ချစ်သူဟာ လူ့ဝိုလ်ပုံအလယ်မှာ ထက်မြက်တဲ့သူ ဖြစ်စေချင်တယ်။"

အေးအေးမသည် ဝမ်းနည်းသည်ထက် နည်း၍သာ နေရှာသည်။ ဗလနှင့် တွေ့ခဲ့ရသော အကြိမ်ပေါင်းများစွာတို့တွင် ယခင်ချစ်သူဘဝ မရောက်ခင်ကစပြီး ယခု တရားဝင်ချစ်သူများ ဖြစ်နေကြသည့်တိုင်အောင် သည်လို စကားမျိုးတွေသာ ကြားနေရသည်။

နားမလည်သော်လည်း ချစ်သူ့စကားကို သကာပျားကဲ့သို့သာ အေးအေးမေ မှတ်ယူခဲ့ပါသည်။ သို့သော် တခါတလေတော့ဖြင့် စာပုတီးလေးတွေလို ချစ်စကား တီတီတာတာ ကြားချင်ရှာ၏။ သို့သော် ဗလထံတွင် နူးညံ့သောနှလုံးသား မရှိပြီလော မှ မပြောတတ်ပါချေ။

"လာမယ့် မကြာမတင်ရက်အတွင်းမှာပဲ မဟာဗန္ဓုလန်းခြံမှာ တရုတ်ဖြူ ဆန့်ကျင်ရေးဆန္ဒပြပွဲကို လူထုလူတန်းစားအသီးသီးက ကျင်းပကြလိမ့်မယ်။ အဲဒီမှာ

ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေလည်း ပါကြလိမ့်မယ်။ ဒီအတွက် ကျွန်တော့်မှာ လုပ်စရာတွေရှိနေလို့ပါ မအေးအေးမေ ..”

ဒါကိုလည်း မကျေနပ်ပါ။ ဒါကိုဆိုသည်မှာ .. ‘ကျွန်တော်’ တွေ ‘မအေးမေ’ တွေ ကို ယခုအထိ ရင့်သီးစွာ သုံးနှုန်းနေသည်များကို ဖြစ်ပါသည်။

အေးအေးမေသည် မဆီမဆိုင်သောအတွေးများကို ရှုတ်ကွန့်ဖြန့်နေပြန်သည်။ ဗလသည် သူ့အပေါ် အကြွင်နာကင်းသည်၊ အချစ်တွေလျော့ပါးသည်၊ လျစ်လျူရှုလွန်းသည်၊ ဤသို့ထင်နေသည်။ ပြီးတော့ ချိုတီနှင့်တွဲတွဲ တွဲတွဲ သွားလာနေသည်က များသည်။ ဒါကို အေးအေးမေ မကြိုက်ပါ။ သို့သော်.. မပြောရက်၍သာ နေ နေရသည်။

သည်အခါပေါင်းများစွာ များတွင် အေးအေးမေသည် သူ့အပေါ် အကြွင်နာ မျက်လုံးကြီးများဖြင့် ကြည့်တတ်သော ဆရာ့ကို မြင်ယောင်လာတတ်သည်။

ဆရာသည် သည်လိုအရေးအခင်းမျိုးတွင် ဝင်မပါတတ်ချေ။ ပညာရေး လူမှုရေးနှင့် ဂီတ၌သာ နစ်မျောနေတတ်သော သနားစရာအထီးကျန်သမား တယောက်သာ မဟုတ်ပါလား။ သည်အတွေးမျိုး ပေါ်ပေါက်လာတိုင်းလည်း ဆရာ့ထက် အရာရာနိမ့်ပါးပြီး လူ့အများစုအတွက်သာ နေ့ညမအား ပါးရိုးနားရိုးကျသည်အထိ အနစ်နာခံ လုပ်ဆောင်နေသော သူ့ ‘ချစ်သော အစ်ကို’ ဗလ ကို ကရုဏာ ပွားရပြန်ပါ၏။

အေးအေးမေသည် တကြိမ်တခါမျှ မပြောဘူးသော စကားကို အရဲစွန့်၍ ပြောမိလိုက်တော့၏။

“အစ်ကို .. အေးကို တကယ် မချစ်ပါဘူး”

သုမောင်

ဇလသည် အံ့သြခြင်းကြီးစွာဖြင့် နားမလည်သလို ကြည့်လိုက်ပါသည်။ အေးအေးမေသည် သူ့စကားများနှင့် ဆန့်ကျင်သော စကားကိုဆိုလေပြီ။

"ဘယ်လို ပြောလိုက်တာလဲ မအေးမေရယ် .."

သည်လို အကြြင်နာစကားလုံးကြီးများဖြင့် တစ်ဆို့ဆို့ကြီး ပြောလေရာမှ အေးအေးမေမှာ ပိုလို့ ဝမ်းနည်းပက်လက် ဖြစ်သွားရရှာပါသည်။

"အစ်ကိုဟာ သူများတကာ ချစ်သူတွေလို အေးအပေါ်မှာ မယုယနိုင်ဘူး။ တခါလာ ပိုစတာကိစ္စ၊ တခါလာ တရုတ်မြူကိစ္စနဲ့ပဲ အချိန်တွေကုန်နေတယ်။ အေး အတွက် ဆိုလို့ ဘာတခုများ နားလည်မှု ရှိဘူးသလဲ .. ဟင်"

ပြောပြောဆိုဆိုနှင့် ဟီးမချယုံတမယ် ငိုပစ်လိုက်လေသည်။

"ချစ်ပါတယ် မအေးမေ.. ချစ်ပါတယ်။ ချစ်တာမှ ကျွန်တော့် အသက်နဲ့ထပ်တူ ချစ်တာပါ။ ဒါပေမယ့် လောကကြီးဟာ အချစ်တခုထဲနဲ့ တည်ဆောက်ထားတာ မဟုတ်ဘူး"

"ဒါဖြင့် အချစ်မပါပဲနဲ့ကော တည်ဆောင်လို့ရသလား အစ်ကိုရယ်"

"ဟုတ်ပါတယ်ဗျာ .. မရပါဘူး။ ဒါပေမယ့် မအေးမေကို ခုထက် ကျွန်တော် ဘယ်လိုပိုပြီး ချစ်ပြရမယ်မှန်း မသိဘူး။ ကျွန်တော်ညံ့ပါတယ်ဗျာ"

အေးအေးမေသည် ရိုးတာလွန်းသော ဇလ၏စကားကြောင့် အောင့်အည်းရှိုပင် မနေနိုင်တော့ပဲ အသံကလေးများပင် တရှုပ်ရှုပ်ထွက်၍ ဇလ၏ရင်ခွင်သို့ ခွေကနဲ မှီချယင်း အားပါးတရ ငိုမိလေတော့သည်။

သည့်တော့မှပဲ ဇလသည် အေးအေးမေ၏ ပခုံးလေးကို တယုတယဖေးလိုက်ပြီး အုန်းဆီနံ့ကလေးသင်းနေသည့် ငယ်ထိပ်ကလေးအား အားပါးတရ နမ်းရှုပ်ပစ်လိုက်မိ၏။

သူတို့၏ ချစ်ခရီးတသက်တွင် ဒါသည် ပထမဆုံးသော ဇလ၏ အနမ်းပါတကား။

ထိုအခါမှ အေးအေးမေသည် ဝမ်းနည်းမှု၏ အဆုံးစွန်သို့ ရောက်ရှိပြီး ကိုယ်လုံးကလေး တသိမ့်သိမ့်တုန်နေအောင် ဟီးရှု၍ ငိုမိပါတော့သတည်း။

၈။ ။

၁၉၆၀ခု ဖေဖော်ဝါရီလ၏ လဆန်းပိုင်းရက်များတွင် ဖြစ်လေသည်။

ကျောင်းသားကျောင်းသူများသည် အတွေးကိုယ်စီ လုပ်ငန်းကိုယ်စီဖြင့် များပန်းခတ်မျှ ဖြစ်နေကြသည်။ ယခင်အခါများကလို ပျော်ပျော်ပါးပါး ပေါ့ပေါ့လွင်လွင်ဟူ၍ အနည်းစုသာရှိသည်။ အများစုမှာ .. လေးနက်သော မျက်နှာများဖြင့် အလုပ်ရှုပ်နေပုံ ရသည်။ ထိုအထဲတွင် အေးအေးမေ မပါဝင်ချေ။ ဝေလွင်လည်း နဂိုကမှ ပေါ့ရာချာရယ်။

သူတို့သည် ဘာကိုမျှ ရေရေရာရာမသိပဲ ကျောင်းစာကို အလွတ်ကျက်မှတ်ပြီး စာမေးပွဲတွင် အမှတ်များများ ရဖို့သာ စိတ်စောနေသော အုပ်စုဖြစ်သည်။

အခြားအုပ်စု တစုမှာကား ကျောင်းတော်ကြီးကို သားရေးငါးရေးလို သဘောထားပြီး အပျော်အပါးမှလွဲ၍ ဘာကိုမျှ မသိသူများဖြစ်၏။

## သူမောင်

နှောင်တစုရှိပါသေးသည်။ ထိုအုပ်စုကား ကျောင်းသား ကျောင်းသူ အများစု၏ ကျောင်း သာရေး နာရေး လုပ်ငန်းမှန်သမျှကို ဝွစာတိုက်ပြီး အဖျက်စကားသာ တွင်တွင် ပြောဆိုနေတတ်ကြသူများ ဖြစ်ပါ၏။

သူချစ်သော အစ်ကိုဗလနှင့်လည်း အေးအေးမေမျော မတွေ့ရကြချေပြီ။ ကိုဗလသည် ယခုတလော ပို၍ပင် အလုပ်များနေပုံရသည်။ အေးအေးမေကိုပင် ပုံမှန်လာရောက် တွေ့ဆုံခြင်း မပြုနိုင်ရှာပေ။ နေ့မအိပ် ညမအိပ်နှင့်မို့ ပန်းဖျားဖျားပြီး တက္ကသိုလ် ဆေးရုံမှာ တစ်ရက်တာမျှ ဆေးကုရသေး၏။

သည်ကိစ္စကိုပင် အေးအေးမေ မသိလိုက်ရသဖြင့် ဝမ်းနည်း၍မဆုံး ဖြစ်ရသည်။ သူ့ကိုမည်မျှ လျစ်လျူရှုသည်ဟု..။

ဗလအနေနှင့်ကမူ သူဖျားနေသည်ကိုသိလျှင် အေးအေးမေ စိတ်ပူပန်နေမည်ကို စိုးရိမ်သဖြင့်သာ ဖုံးဖိထားခဲ့ခြင်းဖြစ်၏။ ချိုတီက ပြောပြမည် လုပ်သည်ကိုပင် ဗလက စိတ်ဆိုးမာန်ဆိုး တားမြစ်မိသေး၏။

ထိုရက်များအတွင်းမှာကား ဗလနှင့်ရော ချိုတီနှင့်ပါ အဆက်အသွယ်ပြတ်တောက် နေသဖြင့် အေးအေးမေမျော ဝေလွင်နှင့်သာ တတွဲတွဲ လုပ်နေရရှာသည်။

တခါတရံဆုံမိကြသည့် အခါတိုင်းမှာလည်း ဗလကို ချိုတီနှင့်သာ တတွဲတွဲ အလုပ်ရှုပ်နေသည်ကို တွေ့ကြရပြီး အေးအေးမေနှင့် ခေတ္တဆိုရုံလောက်သာ စကားပြောနှုတ်ဆက်ပြီး သူတို့ နှစ်ယောက်ပူးတွဲ ပူးတွဲနှင့် ထွက်သွားကြသည်က များပေသည်။

နဂိုဓါတ်ခံကိုက အားငယ်တတ်သူ အေးအေးမေမှာ ထိုမြင်ကွင်းမျိုး မြင်ရလေသူ့ရင်ထဲမှာ မရှင်းလင်းပဲ တင်းတင်းကျပ်ကျပ်ကြီး ဖြစ်ရလေ ဖြစ်နေတော့သည်။

သည့်ကြားထဲကပင် ဖြစ်ချင်တော့ အီးပေါ်လောဝေလွင်ကြီးက ပြဿနာကိုစတင်ပါတော့သည်။

"ဘယ်လိုလဲ အေးမေ။ မင်းနဲ့ ဆရာ့ကိစ္စ"

"ဘာကိုလဲ"

"အဲမာ လျှို့မနေပါနဲ့နော်၊ ကိုယ်တို့သတင်းရပြီးပါပြီ၊ ဆရာနဲ့မင်း စေ့စပ်ဖို့ မင်းအိမ်က သဘောတူထားတယ်ဆိုတာ"

"မဟုတ်ပါဘူး ဝေလွင်ရာ။ ဘာလန်းတွေ ပြောမနေစမ်းပါနဲ့"

"ဘာလန်းမဟုတ်ဘူးအေးမေ။ ကိုယ်က တိတိကျကျကို သတင်းရထားတာ"

"ဘယ်က ရသလဲ"

"ရှိုတီ ပြောတာပဲ"

အေးအေးမေသည် နဂိုကမှ ငိုချင်ရက်လက်တို့ဖြစ်နေလေရာ ရှိုတီ့အပေါ်ဝို၍ အခဲမကျေ ဖြစ်ရလေတော့သည်။ ဒင်း ဉာဏ်ဆင်ပြီဟု၍ တောင်တောင် အီအီ သူ တွေးမိပြန်သည်။

သည်ကြားထဲကပင်လျှင် ဟိုမှသည်မှ ပေါက်တတ်ကရ ရလာတတ်သော သတင်းများကို ဝေလွင်က ဖောက်သည်ချတတ်သေးသည်။ သူ့ဖာသာသူ ဟုတ်သည် မဟုတ်သည် အပထား နဂိုကတည်းက ယုံတုံတုံဖြစ်နေသော အေးအေးမေမှာ ဝေလွင့် စကားတခွန်းကြောင့် အကြီးအကျယ် ပြဿနာဖြစ်ရလေတော့သည်။

ဝေလွင်က ပြောလေ၏။

"အင်းပေါ့လေ၊ အိမ်ကမိဘချင်းကလည်း သဘောမျှ၊ လူငယ်ချင်းကလည်း ကြည်ဖြူကြတဲ့သူတွေ မတော့ အစစ အရာရာ အဆင်ပြေနေတော့တာပေါ့။ နေနဲ့လ ရွှေနဲ့မြ လေ.."

"ဘာတွေ လျှောက်ပြောနေတာလဲ ဝေလွင်ရယ်။ ပေါတောတောနဲ့"

"ဘာတွေလျှောက်ပြောရမှာလဲ မင်းတို့ချိုတီတို့ ကံကောင်းကြတာတွေကိုပေါ့"

"ဘာတွေ ကံကောင်းနေလို့လဲ"

"အို .. အိမ်ကာသဘောတူတဲ့ လူနဲ့လည်းဖြစ်၊ အဲ့ဒီလူဟာလည်း မင်းတို့နဲ့စိတ်ချင်း၊ ပညာချင်း၊ ဂုဏ်ချင်း အားလုံးမျှတတဲ့အပြင် လူငယ်ချင်းကလည်း ကြည်ဖြူကြတဲ့ အခြေအနေမှာ ရှိနေလို့ပေါ့ အေးမေရဲ့ .."

"နေစမ်းပါအုံး ဝေလွင်ရာ ငါနဲ့ ချိုတီက ဘာတွေများ ဖြစ်နေကြလို့လဲ"

"ဘာဖြစ်ရမှာလည်း အေးမေရဲ့၊ မင်းက ဆရာကိုနှင်းဆွေနဲ့၊ ချိုတီက ကိုဇလနဲ့"

သူ့စကားမဆုံးခင်မှာပင် အေးအေးမေထိတ်လန့်တကြား စကားဆိုမိလေပြီ။

"ဘာ .. ဘာ .. ဘာပြောတယ် ဝေလွင်၊ ကိုဝလနဲ့ ဘယ်သူနဲ့ ..."

"ချိုတီနဲ့လေဟာ၊ မင်းက ဒါလောက်တောင် မရိပ်မိဘူးလား"

အေးအေးမေသည် ဘာစကား ဆက်ရမှန်းမသိသလို အလိုလိုကျလာတော့မည့် မျက်ရည်တို့ကို မနည်းထိန်းသိမ်းနေရရှာ၏။

"နင်ကလည်း အ အရန်ကော အေးမေရယ်၊ ဒီလောက် ရင်းနှီးတဲ့ သူငယ်ချင်းတွေ အကြောင်းမှ မသိဘူးလား"

အေးအေးမေက ခေါင်းကို မျက်ရည်မကျရုံတမယ် ခါပြလိုက်ရသည်။ ဝေလွင်ကတော့ သူသိသမျှကိုသာ ဆက်ပြောနေ၏။ တပါးသူ သိထားသည်များကို လုံးဝ စဉ်းစားဟန် မတူပေ။

"ဒီမယ် အေးမေ၊ တို့အဆောင်မှာ သာယာဝတီသူ၊ ငါးယောက်ရှိတယ်။ ချိုတီရယ်၊ ကြည်ကြည်ဝင်းရယ်၊ စိန်လှရီရယ်၊ စောစောမွန်ရယ်၊ အေးအေးရယ်..ချိုတီသူ့အကြောင်းကို ဘယ်လောက်ပဲ ဖုံးဖိထားပေမယ့် ကျန်တဲ့ ကောင်မ လေးယောက်က မပြောပဲ နေမလား၊ သူတို့မြို့က ကျဉ်းကျဉ်းလေးပါဟ"

အေးအေးမေသည် နတ်ကျဘိသကဲ့သို့ ကတုန်ကယင်ဖြစ်ရချေပြီ။ ဝေလွင်သည် ကပေါက်ကရော သတင်းများကို ယူလာသည်ဟု စွဲမှတ်ထားသည် မှန်သော်လည်း သည်တခါတော့ဖြင့် 'မသန်ယင်းကလည်းရှိ ကန်စွန်းကလည်းငြိ' ဆိုဘိသို့ ဝေလွင့် သတင်းကို ယုံကြည်မိလေသည်။

"မယုံယင် စိန်လုရီတို့ တောတောမွန်တို့ကို သွားမေးကြည့်ပါလား။ သူတို့မိဘချင်းကလည်း သဘောတူပြီးသားတဲ့၊ နောက်ပြီး ချိုတီနဲ့ ဗလကလည်း မင်းတို့ ကိုယ်တို့သိတဲ့အတိုင်း စိတ်ရောကိုယ်ပါ လိုက်ဖက်ကြတာကလား"

တတ်နိုင်လျှင် ယခုပင်လျှင် ဝေလွင့်အနီးမှ အေးအေးမေ ထ ပြေးချင်ပြီ။ လူသူကင်းမဲ့ရာ တနေရာ၌ အားရပါးရ ငိုလိုက်ချင်သည်။ ယခုပင်လျှင် မျက်ရည်စတို့က တားမရဆီးမနိုင် ဖြစ်ရပြီ မဟုတ်လားလေ။

"ဟင် .. အေးမေ၊ မင်း ငိုနေတာလား. . . ."

"ဟုတ် .. ဟုတ်ပါဘူးကွယ်။ မျက်စိထဲ ပိုးကောင်ဝင်သွားလို့ ထင်ပါရဲ့"

ခေါင်ဖြစ်သူ၏ ရာထူးဂုဏ်သိန်၊ ဥစ္စာနေတို့ဖြင့် တင့်တယ်စွာ အပူအပင် အကြောင့်အကျ ကင်းမဲ့စွာ နေလာခဲ့ရှာသော အေးအေးမေသည် ဘဝဆိုသော ကြီးမားလေးလံသည့် ဒုက္ခတရားကို မထမ်းရွက်ရခင် .. အချစ်ဆိုသော ဘဝ၏ အစိတ်အပိုင်း တခုကိုပင် နိုင်နင်းစွာ မထမ်းဆောင်နိုင်ပဲ စိတ်ပင်ပန်း လူပင်ပန်းဖြစ်လျက် မျက်ရည်နှင့် မျက်ခွက် ဖြစ်နေရရှာပါတော့သည်။

ထိုရက်ပိုင်းများသည်ကား အေးအေးမေအဖို့ ငရဲရက်များ သာတည်း။

ချိုတီ့ကိုလည်း စိတ်နာသည်။ ဗလကိုလည်း နာကျည်းသည်။ အစကတည်းက ခင်းတို့ ပြောထားကြဖို့ ကောင်းကြ၏။ ခုတော့ မိုးလွန်မှ ထွန်ချရာ ရောက်ပေပြီ။

နောင်မို့ဆိုလျှင် ခုလောက်အထိ အေးအေးမေသည် စိတ်ပင်ပန်းစရာမလို၊ သူငယ်ချင်း၏ အရေးကြောင့် နံဘေးမှပင် ပျော်လိုက ပျော်နိုင်ပေမည်။

အထူးသဖြင့် ချိုတီကို ပို၍ စိတ်ဆိုးမိသည်။ ဒါကြောင့်မို့လို့ပင်လျှင် ဆရာကိုနှင်းဆွေနှင့် ကိစ္စကို သူအတင်း အမှေ့တိုက်တွန်းနေခြင်း ဖြစ်သည်။ ဟိုးတခါ ဆုံကြတုန်းကလည်း ဗလနှင့် မေတ္တာရှိနေသည့်အကြောင်း ပြောပြတော့ သူ့မျက်နှာတွေ ပျက်နေတာ၊ သတိထားမိခဲ့သေးသည်။ ချိုတီ မကောင်း။ ထင်ခဲ့သမျှတွေ သေးမွှားစွာ ဖြစ်ကုန်ကြချေပြီတကား။

သို့သော် .. အခုမှတော့ မျက်ရည်မှတပါး အခြား ဘာမှမရှိတော့ပြီ ပါလား။

မကြာခဏဆိုသလိုပင် ဗလနှင့်ရော ချိုတီနှင့်ပါ ဆုံတွေ့ဖြစ်သော်လည်း စကားတခွန်းမဟ၊ အကြည့်တချက်မဝင့်ပဲလျက် ရှောင်နေခဲ့ရလေသည်။ သင်းတို့နှင့် မျက်နှာချင်းဆိုင်ရလျှင် ပို၍ နာကျည်းခံခက် အမျက်ထွက်ရအုံးမည်။

မိမိခံစားချက်ကို မိမိဖာသာ တင်းရင်း၍ ခါးစည်းခံပြီး၊ မျက်ရည်နှင့် ခေါင်းအုံး ကိုသာ မကြာခဏ ထိတွေ့ပေးနေမိပါတော့သည်။

ချိုတီက အမှုမဲ့ အမှတ်မဲ့ နေမိသော်လည်း ဗလကမူ ချစ်သူ့မျက်နှာ ရွှေမိုးညို့ ဆင်သည်ကို ကောင်းကောင်းကြီး ရိပ်စားမိခဲ့သည်။ ဘာကြောင့်ရယ်လို့တော့ သူမသိသေး။ သို့သော် သူ့အပြစ်နှင့် သူတော့ဖြင့် တခုခုသော ချစ်သူ့ဒဏ်ကို ခံရတော့မည်မှန်း သူ သိနေသည်။

ထို့ကြောင့်ပင်လျှင် ဗလသည် အချိန်အားရလျှင်ရသလို ချစ်သော အေးအေးမေထံ မကြာခဏ လာရှာပါသေးသည်။ သို့သော အေးအေးမေကမူ လုံးဝတွေ့ဆုံခွင့်မပေးပဲ ရှောင်ရှားနေခဲ့၏။

အေးအေးမေမှ မဟုတ်၊ ဇလကိုယ်တိုင်မှာလည်း အလုပ်များသည်ကတဘက် ချစ်သူ့အမျက် ပြေရာပြေကြောင်း ကြိုးစားရသည်ကတဘက် အချစ်တည်းဟူသော လွမ်းဆွတ်ဖွယ်ကို ခံစားနေရသည်ကတဘက်နှင့် လူတကိုယ်လုံး ရစရာမရှိအောင် ပေါက်ပက်ကျပြီး ကြုံလှီနေရှာပေသည်။

ရှုံးရှုံးကျနေသော ဇလကို မြင်ရပြန်တော့လည်း အေးအေးမေမှာ အနည်းငယ်မျှ စိတ်မကောင်းရှာပေ။ တချိန်က မိမိချစ်လှချည်ရဲ့ဟု တတမ်းတတ ပြောယူရခဲ့သော အစ်ကိုဇလသည် ယခုတော့ တပါးသူရင်ခွင်မှာ ပျော်ရှာပြီ။

ထိုအခါ မျက်ရည်ကိုသာ မိုးကဲ့သို့ ရွာပြန်ပြီပေါ့ ..
၁၉၆၁ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်နေ့။

ကျောင်းပရဝုဏ်အတွင်းတွင် ကျောင်းသူကျောင်းသားများ ပိုမိုလှုပ်ရှားရှုန်းကန် နေကြသည်။ ဘတ်(စ်)ကားကြီး ငယ်များလည်း များပန်းခတ်သလို တဝိုဝိုနေကြသည်။ ဒေါသတကြီးဖြစ်နေသော ကျောင်းသူကျောင်းသားများ၏ မျက်နှာတို့သည် သစ်ပုတ်ပင် အောက်မှာရော မြန်မာစာ အသင်းအရှေ့မှာရော ဘွဲ့နှင်းသဘင်ခန်းမ ရှေ့မှာရော .. နေရာမလပ် ရဲရဲနီစွာ ရှိနေကြသည်။ ကြော်ငြာစာရွက် လိုက်ကပ်နေကြသော ကျောင်းသား ကျောင်းသူ တစုကိုလည်း ဟိုနား သည်နားဆိုသလို တွေ့နေရသည်။

ဇဟိုစာကြည့်တိုက်ရှေ့တွင်လည်း ကြော်ငြာကပ်နေရှာသော ရှိုတီကို အေးအေးမေ တွေ့လိုက်ရသည်။ ရှိုတီသည် နဂိုကထက်ပို၍ မဲခြောက် ပိန်ကပ်နေရှာသည်။

အေးအေးမေသည် အတန်းချိန်အပြီးတွင် အိမ်မပြန်သေးပဲ ဆရာကိုနှင်းဆွေတို့ အိမ်ဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်၏။ မိမိက သွားချင်လွန်း၍တော့ကား မဟုတ်ချေ။ ဇလနှင့် ကင်းကွာခဲ့ပြီး ကာလများတွင် သူ၏ မေမေနှင့်ဖေဖေတို့သည် ဖွင့်မပြောရုံ တမယ်သာသာ

ဆရာကိုနှင်းဆွေနှင့် သဘောတူထားကြောင်းကို သက်သေသက်ကာယ ပြလာကြသည်။ ဉပမာ ဆရာ့အိမ်သို့ ရက်ခြား ရက်ခြားဆိုသလို အလည်အပတ် ခေါ်သွားခြင်း၊ ကျောင်းသားတို့၏ သာရေးနာရေးနှင့် ပတ်သက်၍ မည်သို့မျှ မပတ်သက်စေပဲ အချိန်အား ရတိုင်း ဆရာကိုနှင်းဆွေထံသို့သာ ကျောင်းစားကိစ္စနှင့် ပတ်သက်၍ သွားရောက်စေခြင်း၊ စကားအလျဉ်းသင့်တိုင်း ဆရာကိုနှင်းဆွေ တော်ကြောင်း၊ မကြာမတင်မှာပင်လျှင် နိုင်ငံခြားသို့ ဘွဲ့လွန်ပညာတော်သင် သွားရမည်ဟု ပြောခြင်း စသော လူကြီးသူမတို့၏ နည်းပရိယာယ်များကို ကြုံတွေ့ခဲ့ရလေသည်။

မည်သို့ပင်ရှိစေ အနာပေါ် တုတ်ကျသလို နှလုံးသားအနာ မီးစနှင့် အထိုးခံနေရ ရှာသော ဒေအးအေးမေသည် လူကြီးတွေစီမံသည့်အတိုင်း ဆရာကိုနှင်းဆွေနှင့် ပတ်သက်၍ တစွတ်ထိုး လုပ်တော့မည့်သဘောမှာ ရှိနေလေသည်။

သည်နေ့လည်း ဆရာကိုနှင်းဆွေက အတန်းချိန်ပြီးလျှင် သူ့အိမ်သို့ဝင်ခဲ့ရန် ထူးထူးခြားခြား ဖိတ်ခေါ်ထားလေသည်။

ငိုက်စိုက် ငိုက်စိုက်ဖြင့် တွေးယင်း ငေးယင်း လျှောက်လာနေသော အေးအေးမေသည် အင်းဝဆောင် တံတိုင်းအနီးသို့ ရောက်သောအခါ အမှတ်မထင်ဆိုသလို မိမိအား 'မအေးမေ' ဟူ၍ ခေါ်သံကို ကြားလိုက်ရလေသည်။

ထိုအသံသည် အနှစ်တရာတိုင်တိုင် ဖမ့်ပျောက်ထား၍ မရနိုင်သော နှလုံးသား၏ ခေါ်သံ ဖြစ်လေသောကြောင့် လှမ်းလက်စ ခြေလှမ်းကို ယောင်ယမ်းပြီး တုံ့ကနဲ ရပ်လိုက်မိသည်။ နောက်ပြီးတော့မှ တတ်နိုင်သမျှမျက်နှာကို တင်း၍ လှိုက်ကနဲနေသော ရင်တွင်းမှ ဝေဒနာနှင့်အတူ စို့လာသောမျက်ရည်များကို ခေါင်းမော့ထိန်းကျောင်းလျက် ဇွတ်ကနဲ ထွက်လာခဲ့၏။

သို့သော် အသံရှင်သည် အေးအေးမေနောက်သို့ ထက်ချပ်မကွာ လိုက်လာလေပြီ။

"ကျွန်တော်ပါ မအေးမေ"

မိမိရှေ့မှ မကာဆီးရုံတမယ် ပူးကပ်လာသော ဇလကို အေးအေးမေက ငဲ့၍မျှ မကြည့်ပဲ ဆက်လျှောက်ခဲ့သည်။

"ကျွန်တော့်ကို စိတ်ကောက်နေသလား မအေးမေ။"

အေးအေးမေက မဖြေ။

"ကျွန်တော် သိပါတယ် မအေးမေ။ ကျွန်တော် မအေးမေကို လာတွေ့ချင်လွန်းလို့ ကြိုးစားနေခဲ့တာ ကြာပါပြီ။ မနက်ဖြန် တရုတ်ဖြူ ဆန့်ကျင်ရေးပွဲအတွက် အလုပ်များနေတာရော၊ မအေးမေနဲ့ လွဲ လွဲ နေတာရော၊ ပြီးတော့ မအေးမေက ရှောင်နေတာရော ကြောင့်ပါ .."

အေးအေးမေသည် ဆက်လက်သည်းခံစကား မပြောနိုင်သော အမူအရာဖြင့် ဇလကိုဖြတ်ကနဲ တချက်စိုက်ကြည့်လိုက်သည်။

သို့ရာတွင် သူ့မျက်နှာထားသည် ဓာတ်ချင်းမှာပင် မီးဖိုပေါ်တင်လိုက်သော ရေခဲကဲ့သို့ ပြေလျော့ကျသွားလေသည်။ အကြောင်းမှာ ဇလသည်အသံမှလွဲ၍ မမှတ်မိနိုင်လောက်အောင် ရုပ်အဆင်း သေးသိမ်ကြုံလို့ နေသောကြောင့် ဖြစ်သည်။

ပါးရိုးကြီးများမှာ အရိုးထက်ပို၍ ငေါထွက်နေသယောင် ထင်ရသည်။ တမျက်နှာလုံးတွင် ပြူးကျယ် ဝန်းလျားသော စူးရှသည့် မျက်လုံးများသာ ကျန်တော့သည်။

မရိုတ်မသင်ပဲထားသော ဆံပင်၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေး ဖေါ်ဖေါ်စွုံးစွုံးနှင့် အကြည့်ရဆိုးလှသည်။

သူဝတ်နေကျ တိုက်ပုံအင်္ကျီသည်လည်း လူဝကြီးတယောက်ထံမှ ငှားဝတ်နေဘိ သကဲ့သို့ ပွရောင်းရောင်း ဖြစ်နေသည်။

ရင်တွင်းဆီမှ ပျံ့၍တက်လာသော ကရုဏာတရားကို အနိုင့်ထက်အလွန် မျိုသိပ်၍ မျက်နှာလွှဲလိုက်ရသည်။ လျှောက်လက်စ ခြေလှမ်းကိုလည်း မူလထက် သွက်လိုက်သည်။

သို့သော် ဇလကမူ ညှိုမှိုင်းမဲ့ ခြေလှမ်းကို အမီလိုက်နေရသည်ကိုပင် မောပန်း နေရှာသလို အရှုးသံပြင်းပြင်းကြီးဖြင့် တကောက်ကောက် လိုက်နေပါသည်။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ ကျွန်တော့်ကို ရှောင်နေတာလဲ မဒေးမေ။"

အနီးပတ်ဝန်းကျင်မှ ကျောင်းသား ကျောင်းသူများကို တချက်အကဲခတ်လိုက်ပြီး ဒေးဒေးမေသည် သူ့ခြေလှမ်းများကို ရပ်တန့်လိုက်ပြန်သည်။

ပျို့အန်နေသော မျက်ရည်များကြားမှပင် ဇလကို စူးစူးရဲရဲကြည့်လိုက်ပြီး ချစ်သူအပေါ် တကြိမ်တခါမျှ အသုံးမပြုဘူးသေးသော လေသံဖြင့် စကားဆိုလေသည်။

"တက္ကသိုလ်က အလွန်မွန်မြတ်သန့်စင်တဲ့ ကျောင်းသားတယောက်ရယ်လို့ ရှင့်ကိုယ်ရှင် သတ်မှတ်တယ်ဆိုယင် ကျွန်မနောက်ကို နောက်ထပ် ခြေတလှမ်းမှ လိုက်မလာသင့်ဘူးလို့ ထင်ပါတယ်။"

သူမောင်

သူ၏နောက်သို့ ခြေဘယ်နှစ်လှမ်းအထိ ဇလလိုက်လာသည်ကို မသိရသော်လည်း အင်းလျှားလမ်းထိပ်သို့ ရောက်သောအခါတွင်မူ နောက်သို့ သမင်လည်ပြန်တချက်မျှ လှည့်ကြည့်မိလေသည်။ ဇလကိုကား စိုးစဉ်းမျှ မမြင်ရတော့ချေ။

ဆရာ့အိမ်ခြံဝင်းအတွင်းသို့ ဝင်ခဲ့သည်ဆိုလျှင်ပင် ငြိမ့်ညောင်းသာယာသော စန္ဒယားလက်သံကို ဆရာ၏ကိုယ်စား ဆရာ့အငွေ့အသက်အဖြစ် ခံစားနားပျော် လိုက်ရပေသည်။

အိမ်ရှေ့သံတံခါးဝတွင် ရပ်လျက် မိမိအားကျောပေးပြီး ဝေဒနာတစုစုအတွက် ငေးမောယင်း စန္ဒယားတီးနေသူ ဆရာအား ခဏမျှ ငေးကြည့်နေမိပါသေးသည်။

လူခေါ် ခေါင်းလောင်းကလေးကို မတို့ရဲ တို့ရဲ တို့လိုက်သောအခါတွင်မူ ဆရာက စန္ဒယားခလုပ်များကို စုံကန်လွှတ်လိုက်ပြီး လည်ပြန်လှည့်ကြည့်၏။

ဆရာသည် သူ၏ပင်ကိုယ်ဟန်ပန်အတိုင်း ဖြည်းကန်စွာ နေရာမှ ထလာ၍ သံတံခါးသော့ကို ဖွင့်ယင်းနွဲ့ပါးလျစွာ အပြုံးလေးကို လုပ်ပြလေသည်။

"တကယ်တန်းကျတော့ အခုဆရာပြောမဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဆရာကသာ အေးမေဆီကို လာရမယ်မှန်း သိပါတယ်ကွယ်။ ဒါပေမယ့် အခုရက်ပိုင်းတွေမှာ ဆရာ အိမ်ထဲက အိမ်ပြင်ကိုလည်း မထွက်ချင်ဘူး။ ကျောင်းဘက်မှာလည်း ရှုပ်ရှုပ် ရှက်ရှက်နဲ့မို့ တသင်ချိန်ကလွဲပြီး တယ် မလာချင်လှဘူး။"

အေးအေးမေသည် ဆရာ့စကား၌ စိတ်မဝင်စားသလို ငေးကြောင်ကြောင် လုပ်နေရှာသည်။ ဆရာကမူ နာမည်နှင့် လိုက်အောင် နှင်းများ ဖွဲဖွဲဝေသော ဒီဇင်ဘာလ၏ နံနက်ခင်းကဲ့သို့ အေးအေးစက်စက် မှန်သီသီစကားများကို ဆက်၍ ပြောနေပေသည်။

"ဆရာပြောချင်တဲ့စကားတွေကို အေးမေ နည်းနည်းပါးပါးများ ရိပ်မိရဲ့လား"

အေးမေကတော့မူ ခေါင်းကလေးငုံ့လျက် ညင်သာစွာခါယမ်းပြလိုက်လေသည်။

"အေးမေရဲ့အိမ်က ဘာမှ မပြောကြဘူးလား"

"မပြောကြဘူး ဆရာ"

ဆရာသည် အေးအေးမေ၏ ငယ်ထိပ်ပေါ်မှ ရှပ်၍ အိမ်အပြင်ဘက် ကုက္ကိုပင်တန်းကြီးများ ဆီသို့ ငေးမောကြည့်လိုက်သည်။

"အခု ဆရာ ပြောမယ့်စကားတွေဟာ ဆရာတပည့်နှစ်ယောက် အနေနဲ့မဟုတ်ပဲ ရင်းနှီးတဲ့ မိတ်ဆွေအနေနဲ့ ပြောတာလို့ ပထမဆုံးနားလည် သက်မှတ်ထားစေချင်တယ်။"

"ပြောပါ ဆရာ၊ ပြောစရာရှိတာကိုသာ ပွင့်ပွင့်လင်းလင်းပြောပါ။"

"ပြောမှာပါ အေးမေ၊ ပြောမှာပါ။ ခုချိန်ဟာ အလွန်အရေးကြီးတဲ့ အချိန်ရောက်နေကြပြီ ဆိုတာ ဆရာနားလည်ပါတယ်။"

အေးအေးမေက ဆရာ့ကို တအံ့တသြ ကြည့်လိုက်သည်။

"အံ့ဩသွားသလား အေးမေ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ဆရာပြောချင်နေတာကြာပါပြီ။ အေးမေရဲ့အိမ်က ဆရာ့ကို တိတိကျကျဘာမှ မပြောသေးလို့သာ ဆရာစောင့်နေတာပါ။"

"ဘာကိစ္စလဲ ဆရာ"

"နေအုံးလေ ဆရာဆုံးအောင် ပြောပါရစေအုံး။ ဆရာ .. အေးမေကိုတခုမေးမယ် မှန်မှန်ဖြေနော် .."

အေးအေးမေ ခေါင်းညိတ်ပြသည်။ ခေါင်းညိတ်လိုက်ခြင်းထက် အဆပေါင်း သန်းနှင့်ချီ၍ သူနှလုံးသား လှုပ်ရှားသွားသည်။ ဆရာဘာပြောတော့မည်ကို အလိုလို သိနေသယောင်ရှိသည်။ ထင်သည့်အတိုင်းပင် ဆရာက ပြောလေ၏။

"အေးမေ ဆရာ့အပေါ်မှာ ဘယ်လိုသဘောထားသလဲ"

"ဆရာ့ကို ဆရာလိုပဲ သဘောထားပါတယ် ဆရာ"

ဆရာသည် သူ၏ သွားတက်ကလေးများ ပေါ်သည့်တိုင်အောင် ရယ်မော လိုက်လေသည်။

"ဆရာကလည်း မင့်ကို တပည့်ကလေးလိုပဲ သဘောထားပါတယ်ကွယ်"

ဆရာသည် ခဏတာမျှ စကားရပ်လျက် စဉ်းစားလိုက်သည်။ အေးအေးမေကမူ ဆက်လာမည့် ဆရာ့စကားကို ငံ့လင့်ချက်ရှိသည်။ ဆရာက စကားဆက်လေသည်။

"ဒါပေမယ့် တပည့်ရယ် မင်းနဲ့ဆရာ့ကို မိဘချင်းက သဘောတူထားပြီ ဖြစ်နေပြီကွယ်။ မကြာမတင်မှာပဲ ရေစက်ဖို့ စီစဥ်ကြလိမ့်မယ်။"

နှစ်ဦးသားစလုံး တိတ်ဆိတ်သွားကြ၏။ ကိစ္စနှင့်ပတ်သက်၍ အေးအေးမေ

ကိုယ်တိုင်ပင်ကလည်း အရိပ်အမြွက်သိထားပြီး ဖြစ်လေသည်။

"ဒီတော့ အေးအေးမေ ဘယ်လိုသဘောရလဲ"

အေးအေးမေ၏ စိတ်သည် ရာဇဝတ်မှုကြီးတခုကို ကျူးလွန်ထားသော တရားခံသည် တဖက်ရှေ့နေ၏ အလျှဉ်မပြတ် မေးခွန်းများကို စက္ကန့်ပိုင်းအတွင်း စဉ်းစား ဖြေကြားရတော့မည်ကဲ့သို့ ဦးနှောက်ဆူဝေမတတ် အဖြေရှာနေရလေသည်။

"အားမနာပါနဲ့ အေးမေ၊ ပွင့်ပွင့်လင်းလင်းဖြေပါ။ ဒီအချိန်ဟာ အရေးကြီးပါတယ်။ လူတယောက်ရဲ့ဘဝကို တခြားလူတယောက်က အဆုံးအဖြတ်ပေးဖို့ မလွယ်ဘူးဆိုတဲ့ အယူအဆကို ဆရာလက်ခံပါတယ်ကွယ်။ အေးမေရင်ထဲမှာရှိတဲ့ စကားကို ဆရာ ကြားချင်လှပါတယ်ကွယ် .. ။"

အေးအေးမေ ခေါင်းတဖြည်းဖြည်းမော့၍ လာသည်။ အိုင်ထွန်းနေသော မျက်ရည်များကို မျက်တောင်ကော့ကြီးများဖြင့် ပုတ်ခတ်ပုတ်ခတ်လုပ်ယင်း တလုံးချင်း ဖြေလေသည်။

"ဖေဖေ မေမေတို့ သဘောအတိုင်း ဖြစ်စေရမယ်လို့ အေး စဉ်းစားထားပါတယ် ဆရာ"

ဆရာသည် သက်ပြင်းရှည်ကြီးကို ချလျက် သောက်လက်စ စီးကရက်မှနေ၍ အသစ်တလိပ်ကို မီးကူးညှိလိုက်သည်။ မီးခိုးငွေ့များကို သွေးရင်ခွင်အတွင်းသို့ တရှိုက်မက်မက် သွင်းယူလိုက်ပြီး အေးအေးမေ အံ့သြသွားစေမည့် စကားကို ဆိုလေတော့သည်။

သုမောင်

"ကိုဗလကို အေးမေ စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီး ပြီလားကွယ်"

အေးအေးမေ ခေါင်းညိတ်ပြလိုက်သည်။ ဆရာသည် တအံ့တသြမျက်လုံးများဖြင့် အေးအေးမေကို ကြည့်လိုက်၏။

"တကယ်လား ကွယ်"

အေးအေးမေ ဒုတိယမွိ ခေါင်းညိတ်လိုက်ပြန်သည်။

"အသေအချာစဉ်းစားဆုံးဖြတ်တာလား အေးမေ.. ဒီအချိန်ဟာ အေးမေဘဝအတွက် အဆုံးအဖြတ်ဖြစ်ပါလိမ့်မယ် .. ပြီးတော့ .."

"ပြီးတော့ ဘာဖြစ်လဲ ဆရာ"

"ကိုဗလလို လူတယောက်အတွက်လည်း အရေးကြီးပါတယ် အေးမေ"

ဝေကျလာသော မျက်ရည်များနှင့်အတူ တုန်ခါနေသောအသံဖြင့် အေးအေးမေက တုံ့ပြန်လိုက်သည်။

"ကျွန်မ သူ့ကို မုန်းလိုက်ပြီ ဆရာ"

"ဘာဖြစ်လို့လဲ ကွယ် .. ချိုတို့ ကိစ္စကြောင့်လား"

ဝုန်းဝုန်းဒိုင်းဒိုင်း အသံများ မရှိပါပဲလျက်၊ ထိတ်လန့်ဖွယ်ရာ ရုပ်အင်္ဂါများ မရှိပါပဲလျက်၊ အေးအေးမေမှာမှာ ဆက်ကာနဲ လန့်ဖျပ်သွားရလေသည်။

"ဟင် ဆရာ ဒီကိစ္စတွေ ဘယ်လိုသိသလဲ"

ဆရာက ဆရာနှင့်တူသော အပြုံးကို ပြုံးလေသည်။

"ချိုတီ ပြောပြလို့ မင်း ဇလအပေါ်အထင်လွဲနေတာလည်း ဆရာသိပြီးပြီ..။ တကယ်တော့ မင်းထင်သလိုတားသလို ချိုတီနဲ့ဇလကို သူတို့မိဘချင်း စေ့စပ်ထားတာ မှန်ပေမယ့် သူတို့ချင်းဟာ တယောက်နဲ့တယောက် အချစ်ဆိုတဲ့အရာကို လုံးဝမပေးစွမ်းခဲ့ကြရှာပါဘူး။ စိတ်ဓါတ်ချင်း၊ အခြေအနေချင်း တူရုံတမယ်မျှသာ ရှိကြရှာပါတယ်ကွယ် .. တကယ်တမ်းကျတော့ ဇလချစ်တာ မင်းကိုပါ .. နောက်ပြီး .. "

ဆရာသည် သူ့မျက်နှာပေါ်တွင် တကြိမ်တခါမျှ မပေါ်ပေါက်ခဲ့ဖူးသေးသော ကလေးဆန်သည့် ရယ်ပြုံးကို စကားတဝက်နှင့် လုပ်ကာနဲ့ပြလိုက်၏။ ပြောရကောင်းအံ့နီးနီး တိုးလျှိုးသော အရှက်ကလေးတရှက်ဖြင့် မျက်လွှာချလိုက်သည်။

"နောက်ပြီးတော့ ဘာဖြစ်သလဲဆရာ။"

ရှက်ရွံ့ခြင်း၏ ဖိအားပေးမှုကြောင့် ကတုန်ကယင်နိုင်သော စကားများကို ဆရာ့နှုတ်ဖျားမှ တိုးညင်းစွာ ထုတ်ဖော်ရာလေသည်။

"နောက်ပြီးတော့ .. ချိုတီချစ်နေတဲ့သူဟာလည်း ဆရာပါကွယ်"

အေးအေးမေသည် အံ့သြခြင်းမှနေ၍ ကြည်နူးခြင်းအဖြစ်သို့ ပြောင်းလွဲခံစားလာရလေသည်။ သည့်ထက်ပို၍ တဖန်အံ့သြလွန်းမက အံ့သြခြင်းသို့ ရောက်စေသည့် စကားကို ဆရာက ပြောပြောလေသည်။

"ဆရာချစ်တာလည်း ချိုတီပါပဲကွယ်.."

"ရှင်"

"ဟုတ်ပါတယ် အေးမေ။ ဒါကြောင့်လည်း ဒီအချိန်ဟာ အရေးကြီးတယ်လို့ ဆရာပြောခဲ့တာပေါ့။ တကယ်တော့ ဆရာတို့ လေးဦးသားရဲ့ ဦးနှောက်က တွေးခေါ်နိုင်စွမ်းကို အခြေခံစဉ်းစား ဆုံးဖြတ်ကြမယ်ဆိုယင် ဘယ်သူ့ အယူအဆကိုမှ မလိုက်နာကြပဲ ကိုယ့်ဦးနှောက်နဲ့ကိုယ် ဆုံးဖြတ်တာဟာ အမှန်ကန်ဆုံး ဖြစ်ပါလိမ့်မယ်။ ဒီတော့ စောစောကပြောတဲ့ ကိုဗလကိုမှန်းလိုက်ပြီ ဆိုတဲ့စကားဟာ အထင်လွဲမှားမှုကြောင့် လက်လွှတ်စပယ် ပြောတာလို့ ဆရာယူဆတယ်။ ဟုတ်ကဲ့လား"

အေးအေးမေ၏ ကြည်နူးစိတ်သည် သူ၏ ဦးနှောက်မှတဆင့် သူ့တကိုယ်လုံးကို ထိုင်လျက်က ဆက်ကနဲမတ်တက် ထရပ်သွားစေလေသည်။

"ကျွန်မ သူ့ကို ချစ်တယ် ဆရာ"

ထိုဝါကျတိုတိုကလေးအတွင်းမှာပင် အေးအေးမေသည် ဆရာ့အိမ်အတွင်းမှ လှစ်ကနဲ ပြေးထွက်လာမိပါတော့သည်။ သူ့နောက်ကျောပြင်ကို ငေးကြည့်၍ ဆရာတို့၏ အပြုံးမျိုးဖြင့် ကြည်နူးစွာ ကျန်ရစ်သော ဆရာကိုနင်းဆွေကို အေးအေးမေတယောက် ရှိသည်ဟုပင် ထင်မှတ်လေဟန် မတူတော့ပါချေတကား။

ကျိုးကန်းတောင်းမှောက်ဟု ဆိုရမည်လား .. ကျီးကြည့် ကြောင်ကြည့်ဟု ဆိုရမည်လား တော့ဖြင့် မပြောတတ်ချေ။ အေးအေးမေသည် ဣန္ဒြေပျက်လုအထိ အင်းဝဆောင် အနီးတဝိုက်တွင် ဗလကိုရှာလေသည်။

"စောစောကတွင် ဆေးသိပ္ပံဘက်ကလူတွေ လာခေါ်လို့ တီတီစီဆိုလား မြို့ထဲကိုဆိုလား ကားတစင်းနဲ့ ပါသွားလေရဲ့ .."

ဟု ကျောင်းသားကြီးတယောက်က ပြောပြတော့မှ အေးအေးမေလည်း နောက်တနေ့ နံနက်ကျမှ ဇလထံလာတော့မည်ဟု စိတ်ကူးလျက် အိမ်သို့ ပြန်လေသည်။

၉။ ။

အေးအေးမေသည် ယနေ့နံနက် ကျောင်းသို့ စောစောစီးစီးပင် ထွက်လာခဲ့လေသည်။

သို့ရာတွင် သူတို့အိမ်မှ မော်တော်ကားကလေးလမ်းမှာ ဘီးပေါက်သောကြောင့် နာရီဝက်ခန့် အချိန်ကုန်ခဲ့ရလေသည်။ ကျောင်းအဝင် အဓိပတိလမ်းသို့ ရောက်သောအခါ ကျောင်းဘက်ဆီမှ အငှားဘက်စ်ကားများနှင့် အခြားကိုယ်ပိုင်ကားများပါ တစီစီ ထွက်ခွာသွားနေကြသည်ကို တွေ့ရသည်။

ဘယ်သို့သွားကြသည်ကိုမူကား အေးအေးမေမသိရာချေ။ ကားပေါ်တွင် အပြည့်အသိပ် လိုက်ပါလာကြသော ကျောင်းသူကျောင်းသား များမှာလည်း အမျိုးသားရေးနှင့် သက်ဆိုင်သော သီချင်းများကို ညီညွတ်စွာ သံပြိုင်သီဆိုသွားကြလေ၏။

အေးအေးမေသည် ထိုအရေးအခင်းကို စိတ်မဝင်စားပါ။ သူစိတ်ဝင်စားသည်မှာ သူချစ်သော ဇလပင်ဖြစ်ပါသည်။

ဇလကိုဘယ်မှာ ရှာရပါ အံ့နည်း။

သူမောင်

ကျောင်းတော်သူကြီး တယောက်ဖြစ်ပါလျက် မျက်စိသူငယ် နားသူငယ် ဖြစ်နေသော အေးအေးမေသည် အများသူငါတို့ ကိုယ့်အလုပ် ကိုယ်လုပ်နေကြချိန်တွင် ဘာလုပ်မှန်း မသိအောင် ယောင်နန ဖြစ်နေ၏။

အင်းဝဆောင်ဘက်သို့လည်းကောင်း၊ တခြား ဗလရှိတတ်သောနေရာများဘက်သို့ လိုက်လံရှာဖွေသော်လည်း ဗလနင့်တူသည်ဟူ၍ သစ်ခြောက်ပင် တပင်မျှပင်မတွေ့ရချေ။ နောက်ဆုံး မြန်မာစာဌာနရှေ့ ရောက်ချေမှ ခင်မောင်မြင့်ဟူသော 'ဦးဆောက်ပန်း' တအုပ် အရောင်းဆိုင် ပိုင်ရှင် ကျောင်းသားကလေးက ရှင်းပြလေသည်။

"ဒီနေ့ တရုတ်ဖြူကူမင်တန် ဆန့်ကျင်ရေး ဆန္ဒပြပွဲ၊ မဟာဗန္ဓုလပန်းခြံမှာ ရှိတယ်လေ မမရဲ့၊ အဲ့ဒီကို အစ်ကိုဗလတို့ ဦးဆောင်ပြီး သွားကြလေရဲ့၊ ကျွန်တော့်ကို တောင် ကျောင်း ဝေယျာဝစ္စအတွက် ထားပစ်ခဲ့တာ"

ဘတ်ကြွနေသော ကျောင်းသားကလေး၏ စကားသံနှင့်အတူ အေးအေးမေသည် အင်းလျားဆောင်ဘက်ဆီသို့ စိတ်ပျက်လက်ပျက် ထွက်လာခဲ့လေသည်။

သို့ရာတွင် အင်းလျားဆောင်သည်လည်း ခြောက်သွေ့လျက် ရှိချေ၏။ ကျောင်းမကြီးဆီသို့ ပြန်ရောက်သော အခါတွင်မူကား ဘတ်စ်ကားတစီး ဆိုက်ကပ် ထားသည်ကို အဆင်သင့်တွေ့ရပြီး ကျောင်းသားတဦးသည် ထိုဘတ်စ်ကား အနီးမှနေ၍ နယ်ချဲ့တရုတ်ဖြူဆန့်ကျင်ရေးအတွက် လှုံ့ဆော်စည်းရုံးနေသည်ကို တွေ့ရလေသည်။ အေးအေးမေလည်း အခြားဘာကိုမျှ စဉ်းစားမနေတော့ပဲ ထိုဘတ်စ်ကားပေါ်သို့ ခွေကာနဲ့ တက်လိုက်လေသည်။

မကြာခင်မှာပင် ကျောင်းသားကျောင်းသူ အတော်များများ ဘတ်စ်ကားပေါ် ရောက်လာသည်နှင့် ချွေးသံတတီးတီးကျနေသော ဘတ်စ်ကားဆရာသည် တက်ကြွစွာပင်

ကားကို ဝုန်းကနဲ ဆောင့်ထွက်လိုက်လေသည်။

တရုတ်ဖြူကျူးကျော်မှု တိုက်ထုတ်ပစ်

ကြွေးကြော်သံများသည် ဟိန်းဟန်းထလျက် နေလေသည်။

အေးအေးမေတို့ကား မဟာဗန္ဓုလပန်းခြံ အနီးသို့ ရောက်သောအခါ ကျောင်းသားထုနှင့်အတူ တရုတ်ဖြူဆန့်ကျင်ရေးကို အားတက်သရောရှိနေကြသော လူထုကြီးကိုပါ ပုရွက်အုံ တုတ်နှင့်ဆွထားသကဲ့သို့ တရှုရှုတစီစီ တမြည်မြည် တဟည်းဟည်း လှုပ်ရှားလျက် ရှိပေသည်။

အေးအေးမေသည် ဘတ်စ်ကားပေါ်မှ အလျင်အမြန်ခုန်ဆင်းလိုက်သည်။

တကြိမ်တခါမျှ မတိုးဘူးသေးသော လူအုပ်ကြီးအတွင်းသို့ မိန်းမတို့ ဣန္ဒြေ ဆိုသည်များကို နံဘေးချိတ်ပြီး ရဲဝံ့စွာ တိုးဝင်လိုက်သည်။ နီးရာလူတယောက်၏ လက်မောင်းကို ကိုင်ဆွဲလျက် မေးလိုက်သည်။

"ကျောင်းသားထု ဘယ်မှာလဲ ရှင်"

ထိုသူကလည်း 'တရုတ်ဖြူ ကျူးကျော်မှု တိုက်ထုတ်ပစ်' ဆိုသော ကြွေးကြော်သံကို အသံကုန်လုမတတ် အော်ဟစ်နေရာမှ တနေရာသို့ ညွှန်ပြလေသည်။

သည်လိုဖြင့် တဆင့်တဆင့် လူအုပ်ကြားထဲ တိုးသွားရာမှ ကျောင်းသားထုရှိရာသို့ အေးအေးမေရောက်လေသည်။ ထိုအခါ၌မှ ဗလကိုရှာရန် မခက်ခဲတော့ချေ။

အမိနိုင်ငံအပေါ် ကျူးကျော်ကြသူများကို ရှေ့ဆုံးတန်းမှနေ၍ လက်သီး လက်မောင်းတန်းကာ အောင်ဟစ်ဆန္ဒပြနေသော ဗလကို တွေ့ရလေပြီ။ အေးအေးမေသည် ဗလရှိရာသို့ တရွေ့ရွေ့တိုးဝှေ့လာခဲ့ရသည်။

အော်ဟစ်ဆူညံသံများ လှုပ်ရှားမှုများအကြားတွင် အေးအေးမေသည် ဗလရှိရာသို့သာ အားစိုက်လျက် တိုးဝှေ့လာနေပါသည်။

ကိုယ့်ကိုကိုယ် အနိုင်နိုင် ထိန်းနေရသည့်ကြားမှပင်၊ အေးအေးမေသည် သူချစ်သော ဗလကို အားရှိသမျှ အသံနှင့် လှမ်းခေါ်နေ၏။

"အစ်ကို .. အစ်ကို .. အစ်ကို"

သို့သော် ဗလကားမကြားချေ။ သူ့စိတ်မှာ အဆိုင်လိုက်ရှိသော စကားများကိုသာ ဟစ်အော်နေရှာသည်။ သို့ရာတွင် သူ၌ အသံဟူသောအရာသည် မရှိတော့ပြီတကား။ စကားအဖြစ်ဖွင့်ဟရန် နှုတ်က အောင်ဟစ်နေသော်လည်း အသံကား လုံးဝမထွက်ပါ တော့ချေ။ အမှုအရာသာ နှမ်းပါးလှစွာလျှင် သူ၌ ရှိနေပါသည်။

သို့ရာတွင် ဘယ်သောအခါမျှ သစ္စာမဖောက်တတ်သော မျက်ရည်တို့ကား ဗလ၏ မျက်နှာတခုလုံး ရေစီးကြောင်းနှယ် သွယ်တန်းနေပါသည်။

အေးအေးမေသည် အနိုင်နိုင်တိုးဝှေ့ယင်း ဗလအနီးသို့ သွားနေပေရာ လက်တကမ်းအကွာသို့ ရောက်လေလျှင် အသံမထွက်ပဲလျက် အော်ဟစ်နေသော ဗလသည် ကြက်လည်မြို့ကို လိမ်ညှစ်လိုက်ဘိသကဲ့သို့ အားပြတ်ခွေလဲပြီး သတိမေ့လျော့ သွားသည်ကို အေးအေးမေ မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရ၏။

တဆက်တည်းမှာပင် သူကိုယ်တိုင်လည်း လောကကြီးအလုံးအား ဘာမျှမမြင်ရ မသိရတော့ပဲ၊ လဲခွေပျော့ကျသွားရှာတော့သတည်း။

သူ့နားထဲတွင် နောက်ဆုံး ကြားလိုက်ရသည်ကတော့.. ..

တရုတ်ဖြူကျူးကျော်မှု တိုက်ထုတ်ပစ် ..

x x x x x x x x x

အပိုင်း (၃)

*တစ်။ ။*

ဒါနဲ့ စကားမစပ် ပြောရအုံးမယ်။

ကျွန်တော့်နံမည် ဝေလုအောင်မြင်။

ကျွန်တော့်အဖေက ဗိုလ်မှူးသူရဗလ တဲ့။

လူနာမည်ကတော့ ဦးဗလပေါ့။

ကျွန်တော့်အမေက ဒေါ်အေးအေးမေ။

ကျောင်းအုပ်ဆရာမကြီး။

ဟဲ .. ဟဲ .. ဒါတွေ ခေါက်ပါ။

အရေးမကြီးပါဘူး။

အရေးကြီးတာက ..

ဒီနေ့အိမ်မှာ ဖေဖေမရှိဘူး။

အရှေ့ပိုင်တိုင်းမှူးဆီကို အလုပ်ကိစ္စနဲ့သွားတယ် ဆိုလား ဘာလားပဲ။

ဒါလည်း ကျွန်တော်နဲ့မဆိုင်ပါဘူး။ မသိဘူး။

အရေးကြီးတာက အိမ်မှာ ဖေဖေမရှိဖို့ပဲ။

ဖေဖေရှိနေယင် ကျွန်တော်ဘာမှ လုပ်လို့မရဘူး။

ဘုရားကြီးက ကျွန်တော်လှုပ်တာနဲ့ ပြဿနာလုပ်တာပဲဗျ။ တကယ်ညစ်တယ်..။

ဖေဖေက စစ်တပ်ကလို့ မပြောရဘူး။ အရမ်း စည်းကမ်းကြီးတယ်။ တပ်က ပေးထားတဲ့ ကားပဲဗျာ၊ ကိုယ်သုံးချင်ရာ သုံးမှာပေါ့။ မသုံးရဘူး။ ကျွန်တော်တို့ဆိုယင် အိမ်ကကားနင့် သွားရတယ်။ ရုံးကားမသုံးရဘူး။ သူများတွေများ ရုံးကားသုံးနေတာပဲဗျ။ ကိုယ်သုံးချင်ရာ သုံးပေါ့။ မဟုတ်ဘူးလား။ ဒါပေမယ့် ဖေဖေက မရဘူး။

'ရှုံးကားကို ရှုံးကီစွပဲသုံးရမယ်' တဲ့။

ထားပါဗျာ။ အဘိုးကြီးအကြောင်း ပြောရယင် ဆုံးမှာမဟုတ်ဘူး။ သူ့ကို ပြောလိုက်ယင်လည်း ဘယ်တော့မှ အရှုံးမပေးဘူး။

'တို့နိုင်ငံက ဆင်းရဲတယ်။ တတ်နိုင်သမျှ တို့နိုင်ငံသားတွေက ချွေးခြံချွေတာ ရမယ်။.. ..' ဘာညာနဲ့ ကျွန်တော်နားမလည်တဲ့ စကားတွေကိုချည်း ပြောတတ်တယ်။

ကျွန်တော်ကတော့ ဒီလိုမထင်ဘူး။ ဘော်ဒါတို့ပဲ စဉ်းစားကြည့်လေ။ ကျွန်တော့်အဖေက သူရှာခဲ့ရထားတဲ့ ပိုလ်မှူးပဲ။ ကျွန်တော်တို့ နည်းနည်းပါးပါးတော့ ပျော်ချင်ပါးချင်တာပေါ့။ မရဘူး။

ဘုတ်ကြီးက ရည်ရည်လည်လည်ပြတ်တယ်။ မရဘူး။

မရပေမယ့် မရပါဘူးလေ။ သူ့ထက်လည်လို့ သူ့သားလုပ်နေတာပဲ။ ဟဲ.. ဟဲ သူမရှိတုန်း မေမေ့ကိုလိမ့်ပြီး ဖေဖေ့ကားကို အလစ်သုတ်ခဲ့တယ်။ ဘယ်ရမလဲ။

ဝေလုအောင်မြင်တဲ့ သိတယ်မှတ်လား။ မေမေကတော့ အလကားပါ။ ကျူရှင်လို့ တလုံးပြောလိုက်တာနဲ့ ပျော့သွားတာပဲ။ မုန့်ဘိုးတောင်မှ ပေးလိုက်သေးတယ်။

---

ကျွန်တော့်မှာ လိုင်စင်မရှိဘူး။ ကားမောင်းလိုင်စင်ကိုပြောတာ။ ဒါပေမယ့် ရပါတယ်။ ခု ကျွန်တော်သွားမှာက ဦးဝိစာရလမ်း။ လိုင်စင်စစ်တဲ့လမ်း မဟုတ်ဘူး။

ဒီနေ့ ကျွန်တော် မင်းသိခ်နဲ့ ချိန်းထားတယ်။

ဟား.. ဟား.. မှတ်ဘူးလေ။ စာရေးဆရာ မင်းသိခ် ပြောတာ မှတ်ဘူး။

ကျွန်တော့်သူငယ်ချင်းကို ပြောတာ။

သူနဲ့ ကျွန်တော်နဲ့ ဒီနေ့ ကားမောင်းပြိုင်ဖို့ ချိန်းထားတယ်။

ဦးဝိစာရလမ်း ရေကျော်ကနေ ဟံသာဝတီအဝိုင်းထိ။

အောင်မယ်။ လောင်းကြေးလည်းရှိတယ်။ ဟိုင်စွမ်မှာ တပွဲကြေး။

ဒီလိုပဲ ဖေဖေမရှိတုန်း ကားခိုးခိုးယူပြီး ပြိုင်တာများပြီ။ တခါမှကျွန်တော် မရှုံးသေးဘူး။ အဲဒီကပြန်ယင် ကျောင်းမှာ အစိုးကို ဝင်ခေါ်ရအုံးမယ်။ အော်.. ။ အစိုးဆိုတာ ဇာခြည်စိုးစိုးဝေကို ပြောတာ။ သူက ရှပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးကျင်ဟုတ်နဲ့ စိန်ကုန်သည် ဒေါ်ခတ္တမာဘီဘီတို့ရဲ့ သမီး။ ရည်ရည်လည်လည် သားနားတယ်ဗျာ။ ထောလည်း ထောတယ်။ ပိုက်ဆံပေါ်တာကို ပြောတာ။

ဒါနဲ့ စကားမစပ် ပြောရအုံးမယ်။

သူနဲ့ကျွန်တော် ချစ်နေတာကြာပြီ။

ဟဲ.. ဟဲ.. ကျွန်တော်ချစ်ခဲ့သမျှ ကောင်မလေးဆယ်ယောက်ထဲမှာ သူ့ကို ချစ်တာ အချိန်ကြာဆုံးပဲ။

၁၅ ရက် ကြီးများတောင် ရှိပြီ။

နှစ် ။ ။

တို့နာမည် ဇာခြည်စိုးစိုးဝေ။

တို့ အအိပ်ကြီးတယ်။ တို့အစောဆုံး ထတဲ့အချိန်ဟာ မနက် ၈ နာရီ။ ဘာကြောင့်မှန်းလည်းမသိပါဘူး။ ဘယ်အချိန် အိပ်အိပ်၊ ဘယ်လောက် စောစောအိပ်အိပ်၊ မနက်ကျယင် ၈ နာရီလောက်မှာချည်းပဲ နိုးတယ်။ ဒါပေမယ့် တို့က မဝ ပါဘူး။ လှတယ်။ လှတယ်တဲ့။ ကောင်လေးတွေက ပြောကြတာပဲ။ ကောင်လေးတွေဆိုတာ .. ဟီဟိ.. နောက်မှ ပြောပြမယ်နော်..။

ဒီနေ့ တို့အစောကြီးနိုးနေတယ်။ ဘာကြောင့်မှန်းလည်း သိပါဘူး။

သရေကျတယ်။ မှတ်ဖူးလေ။ ဘောလုံးပွဲ သရေကျတာ ပြောတာမှတ်ဖူး။ အိပ်ရာနိုးခါစဆိုတော့ ခေါင်းအုံးပေါ်ကို သွားရည်ကျနေတာကို ပြောတာ။ ရှက်လိုက်တာလေ။ ခုနေ ကိုကိုသာတွေ့သွားယင် ဘယ်လောက် ရှက်စရာကောင်းမလဲ..။ ကိုကိုဆိုတာက ဝေါ်ဇီလာ ဆေးလိပ်ခုံပိုင်ရှင်ရဲ့သား ကိုညက်ကျယ်ကို ပြောတာ။ ဒါပေမယ့် အရေးမကြီးပါဘူး။ ဒီနေ့ ကိုကိုနဲ့ချိန်းထားတာမှ မဟုတ်ပဲ။

ဒီနေ့ ချိန်းထားတာက အဝေ။

အဝေဆိုတာက ဝေလှအောင်မြင်ဆိုတဲ့ ကောင်လေးကိုပြောတာ။ သူက တို့ကို ကားမောင်ပြိုင်ပွဲနိုင်တိုင်း ထမင်းကျွေးတယ်။ အင်း ..။ ဒီတခါ ဘာနဲ့စားယင်ကောင်းမလဲ။ ကကန်းလက်မနဲ့ ကြက်ဥမွှေကြော်စားချင်နေတာ ကြာလှပြီ။

မျက်နှာမသစ်သေးပဲနဲ့ အိမ်ရှေ့ဝရံတာဘက်ကို ထွက်လာခဲ့တယ်။

ဟင် ...။ ကြည့်စမ်း ကြည့်စမ်း။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်ကြီး။

တို့အိမ်ရှေ့ဝရံတာကိုဖွင့်ဖွင့်ချင်း လိပ်ပြီးတော့မှ ထိပ်ကလေးခေါက်ချိုးထားတဲ့ သတင်းစာလိပ်ကလေးတခု တို့ရင်ပတ်ကို လာမှန်တယ်။

သိတော့ သိသားပဲ။

သတင်းစာပို့သမားတွေဟာ ဒီလိုပဲ သတင်းစာတွေကိုလိပ်ပြီး ထိပ်စကလေးချိုးလို့ တိုက်အပေါ်ထပ်တွေကို စက်ဘီးနင်းယင်းက ပစ် ပစ်တင်တတ်တယ်ဆိုတာ။ သူတို့ဟာ သိပ်လက်တည့်တာပဲ။ ပြတင်းပေါက်ထဲကိုတောင်မှ ဝင်အောင် ပစ်တင်နိုင်တယ်။ ပြီးတော့ ကြည့်ပါအုံး စက်ဘီးစီးယင်း တန်းလန်းကြီးနဲ့။ ကဲလေ။

ဒါပေမယ့်ကွယ်။ တိုက်တိုက်ဆိုင်ဆိုင်ကြီး။ တို့ရင်ပတ်တည့်တည့်ကိုမှ လာထိရတယ်လို့။ ရင်နာသွားတယ်။ အို့ ဘယ်ကလာ ဟုတ်ရမှာလဲ။ ဟိုစာရေးဆရာ ညစ်ကျော် ပြောသလို ရင်ထဲက နာတာကို ပြောတာ မှုတ်ပါဘူး။ တကယ့်ကို ရင်ပတ်တည့်တည့် ထိလာလို့ နာသွားတယ် ပြောတာပါ။

ဒါနဲ့ အဲ့ဒီ သတင်းစာပို့သမားကို ကြည့်လိုက်မိတယ်။

ဟိုက်။ အလယ်လယ် .. ဘယ်သူများလဲ မှတ်တယ် လက်စသတ်တော့ လတ်စသက်ကိုး။ ဟီဟိ။ တို့အတန်းထဲက စာအခေတ်ဆုံး ကျောင်းသားရွှေသီးကိုး။

ဟင်း၊ သူက သတင်းစာပို့ယင်း ကျောင်းတက်ရတယ်တဲ့လား။ ဘယ့်နှယ့်ဟာတုန်း။ ကြားကြားဘူးပေါင်တော်။

ဒါနဲ့စကားမစပ် ပြောရအုံးမယ်၊ တို့ကို အတန်းထဲကရော အခြားအတန်းတွေကရော ရပ်ကွက်ထဲမှာပါ လိုက်ပြီးစကားမပြောဘူးတဲ့ ကောင်တွေ မရှိဘူး သိလား။ ထားပါ ကြွားတာပေါ့လေ။

ဒါပေမယ့် ကျောင်းမှာတော့ အဲ့ဒီကောင် ရွှေသီးတယောက်ပဲ တို့ကို လုံးဝအဖတ် မလုပ်တာ။ ..

ဟင်း .. သူကများ။ ရယ်တောင် ရယ်ချင်သေးတယ်။ ဟီဟိ။

သုံး ။ ။

ကျွန်တော့်နာမည် မောင်ရွှေသီးဖြစ်ပါသည်။

မွေးဇာတာတွင် ဗုဒ္ဓဟူးသားဖြစ်သောကြောင့် အဖေက မောင်ရဲတင့်ဟု အမည် ပေးသော်လည်း ရွာဦးဘုန်းကြီးကျောင်း ဆရာတော်က တွက်ချက်ပြီး ဗုဒ္ဓဟူးနံနှင့် မတွဲသင့်ဘူးဟူ၍ မောင်ရွှေသီးဟု ပြောင်းခဲ့ပါလေ၏။ ပြောင်းသွားရာ ဓာတ်သက်ပါ ဟူသော စကားပုံအတိုင်း ကျွန်တော့်မှာ ငယ်စဉ်ကပင် မိဘနှစ်ပါးဆုံးပါးခဲ့ရပြီး မွဲပြာကျဘဝနှင့် လူလားမြောက်ခဲ့ပါရသည်။

သုမောင်

ပါရမီအကျိုးပေး ညံ့လွန်းသဖြင့် ကျွန်တော်သည် ဉာဏ်အလွန်ကောင်းခဲ့သည် ဖြစ်ရာ ဆရာတော်၏ မွေးစားသား ဘုန်းကြီးကျောင်းသား ဘဝမှ ယခုကဲ့သို့ အဆင့်ဆင့် ကြိုးစားယင်း တက္ကသိုလ်ကျောင်းသား ဖြစ်ခဲ့ရပါသည်။

သို့ရာတွင် ကျွန်တော်သည် ရန်ကုန်မြို့ရှိ နီးစပ်ရာဘုန်းကြီးကျောင်း တကျောင်းမှာပင် တည်းခိုစားသောက်ယင်း နံနက်တိုင်း သတင်းစာပို့သော လုပ်ငန်းကို လုပ်ကိုင်၍ ကျောင်းစရိတ်ရှာနေရသူ ဖြစ်ပါသည်။

ယနေ့နံနက်တော့ဖြင့် တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ဟိုမိန်းမနှင့်မှ တွေ့ပဲ တွေ့ရလေသည်။

ကျွန်တော်ပစ်တင်လိုက်သော သတင်းစာ သူ့ရင်ပတ်ကို မှန်သွားလေ၏။ ဟိုမိန်းမဆိုသည်မှာ ကျွန်တော်နှင့် တတန်းတည်းသား ကျောင်းသူ ဇာခြည် ဘာဆိုလဲ .. အဲ .. ဇာခြည်စိုးစိုးဝေ ဖြစ်ပါသည်။ အတန်းသားအားလုံးကို ညီအစ်ကိုမောင်နှမလို ချစ်သော်လည်း သူ့ကိုတော့ဖြင့် ကျွန်တော်လုံးဝ ကြည့်မရပါ။

လမ်းစဉ်လူငယ်၊ လုပ်အားပေး၊ အသုံးလုံးစသည့် ကျောင်း၏ သာရေး နာရေး ကိစ္စများတွင် လျစ်လျူရှုထားသည်ကို အပထား။ ပျံလွန်း နံ့လွန်းသဖြင့်ကို ကျွန်တော်က ကြည့်လို့မရခြင်း ဖြစ်ပါသည်။

သို့ရာတွင်။

ထိုသို့ရာတွင်လည်း အရေးအလွန်ကြီးသော သို့ရာတွင် ဖြစ်ပါသည်။

သုမောင်

တစ်နေ့သ၌ သူသည် ကျွန်တော့်ကို ထူးထူးခြားခြား ရည်းစားစာတစ်စောင် ပေးဖူးသောကြောင့်ပင် ဖြစ်ပါသည်။

ထိုနေ့က ကျွန်တော် ဗျားသွားပါသည်။

x x x x x x x x x

သုမောင်

၂၈၈၅၁၉၈၀